www.dhammaarchive.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

အဘိဓမ္မပိဋကတ



ပဋ္ဌာနပါဠိ

ကုသလတ္တိက၊ ပစ္စယနိဒ္ဒေသ+

ပဉ္စဝါရ ပစ္စယာနုလောမ ဝိဘင်္ဂဝါရ

ပဌာန်း

ပဉ္စဝါရဝိဘင်္ဂ +

ပစ္စယနိဒ္ဒေသ မှတ်စု

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ရန်ကုန်မြို့၊ **အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ** ကြီးမှူးကျင်းပသော၊
၂၀၀၉ ခုနှစ် အဘိဓမ္မာ(ညဝါ)သင်တန်းများ၊
ပစ္စယနိဒ္ဒေသ နှင့် ပဉ္စဝါရဝိဘင်္ဂသင်တန်း
အခြေခံမှစ၍ လေ့လာ ဆည်းပူးခဲ့သော သင်တန်းသားမှတ်စု ဖြစ်ပါသည်။
(အဘိဓမ္မာစာတော်ပြန်ပွဲ၊ သဘောအဓိပ္ပါယ်ရေးဖြေအတွက်၊)

(မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မစာပေသင်တန်းတွင်သုံးရန်။)

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၁

ယေ ဓမ္မာ ဂါထာတော်



ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
စဝံ ဝါဒီ မဟာသမဏော။

(အရှင်အဿဇိ က အရှင်သာရိပုတ္တြာအလောင်းအား ဟောတော်မူသော တရားဂါထာတော်။)

ယေ ဓမ္မာ = အကြင် ဒုက္ခသစ္စာတရားတို့သည်၊ **ဟေတုပ္ပဘဝါ** = အကြောင်း သမုဒယသစ္စာလျှင် အမွန်ပဘဝ အကြောင်းအရင်း ရှိကြကုန်၏။ **တေသံ** = ထို ဒုက္ခသစ္စာတရားတို့၏၊ **ဟေတုံ စ** = အကြောင်းဖြစ်တဲ့ သမုဒယသစ္စာ တဏှာ လောဘ တရားကိုလည်းကောင်း၊ **တထာဂတော** = ရှေး ဘုရားတို့အတူ လာခြင်းကောင်း တော်မူသော မြတ်စွာဘုရားသည်၊ **အာဟ** = စိတ်ဖြာခွဲခြားဟောကြားတော်မူ၏။

တေသံ = ထို ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏၊ **ယော နိရောဓော** = အကြင်ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်တရားသည်၊ **အတ္ထိ** = ရှိ၏။ **တဉ္စ** = ထို နိရောဓသစ္စာ နိဗ္ဗာန်တရားကိုလည်းကောင်း၊ (နိရောဓဂါမိနိဉ္စ ပဋိပဒံ= နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာကို လည်းကောင်း၊)၊ **အာဟ** = စိတ်ဖြာခွဲခြားဟောကြားတော်မူ၏။ **မဟာသမဏော** = ငါတို့ဆရာ မြတ်စွာဗုဒ္ဓဘုရားသည်၊ **စဝံ ဝါဒီ** = ဤသို့ ဒုက္ခ+သမုဒယ+နိရောဓ+မဂ္ဂ အားဖြင့် သစ္စာလေးပါး အမှန်တရားကို ဟောကြားတော် မူလေ့ ရှိပါ၏။

ပဌာန်းဒေသနာတော် ရွတ်ဖတ် ပူဇော်ရခြင်းအကျိုး

★ ဤဘဝ နောင်ဘဝ ဘဝအဆက်ဆက်
ထူးချွန်ထက်မြက်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊

★ ကြုံတွေ့ဆဲ ကြုံတွေ့လတ္တံ့ ဘေးအန္တရယ်
အသွယ်သွယ်တို့ကို လွန်မြောက်နိုင်ခြင်း၊

★ ဆောင်ရွက်သမျှ ကောင်းကျိုးအဝဝတို့ ပြီးစီးအောင်မြင်နိုင်ခြင်း၊

★ မကောင်းကျိုးဖြစ်စေမည့် အပြစ်ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်ခြင်း၊

★ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ကို လွယ်ကူလျှင်မြန်စွာ မျက်မှောက်ပြုရခြင်း၊
စသည့် အကျိုးတရားတို့ကို ရရှိနိုင်ပါသည်။

2015

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

အဘိဓမ္မပိဋကံ၊ ပဋ္ဌာနပါဠိ
ကုသလတ္တိက၊ ပစ္စယနိဒ္ဒေသ+
ပဥ္စာဝါရ ပစ္စယာနုလောမ ဝိဘင်္ဂဝါရ

ပဋ္ဌာန်း

ပဥ္စာဝါရဝိဘင်္ဂ +
ပစ္စယနိဒ္ဒေသ မှတ်စု

ဦးတင်ဝင်း(ဒိုက်ဦး--သုံးခွ)

ရန်ကုန်မြို့၊ **အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး**မှ ကြိုးမှူးကျင်းပသော၊
၂၀၀၉ ခုနှစ် အဘိဓမ္မာ(ညဝါ)သင်တန်းများ၊
ပစ္စယနိဒ္ဒေသ နှင့် ပဥ္စာဝါရဝိဘင်္ဂသင်တန်း
အခြေခံမှစ၍ လေ့လာဆည်းပူးခဲ့သော သင်တန်းသားမှတ်စု ဖြစ်ပါသည်။
(အဘိဓမ္မာစာတော်ပြန်ပွဲ၊ သဘောအဓိပ္ပါယ်ရေးဖြေအတွက်၊)

(မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မစာပေသင်တန်းတွင်သုံးရန်။)

ယောဆရာတော်ကြီးအား ပူဇော်သောအားဖြင့်၊ ယောနယ်အသင်းဓမ္မာရုံ
ဓမ္မစာပေသင်တန်းဖွင့်ပွဲ(၁.၁.၂၀၁၂)နေ့တွင် ဤစာအုပ် အောင်မြင်ပါသည့်။

သာသနာ – ၂၅၅၅ ကောဇာ – ၁၃၇၃ ခရစ် – ၂၀၁၂

ပုဂံကံကန်တော့ပါသည်

*** *** ***

ဗုဒ္ဓမြတ်စွာဘုရားသည် ဤတရားတော်တို့ကို စတင်ဟောကြား တော်မူသော **မူရင်းဆရာ** ဖြစ်ပါသည်။

အဋ္ဌကထာဆရာ, ဋီကာဆရာ, အရကောက်ဆရာ စသည်တို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ မူရင်းတရားတော်တို့ကိုယူ၍ ဖွင့်ဆိုခဲ့ကြသည်။ ဆရာအစဉ်အဆက်တို့ကလည်း ထိုဖွင့်ဆိုချက်များကိုယူ၍ တပည့်များကိုသင်ကြားပေးပြီး၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အဆက်ဆက် ဆောင်ရွက်ခဲ့ကြ၊ ဆောင်ရွက်နေကြပါသည်။ ကျွန်ုပ်သည်လည်း ထိုထိုကျမ်းစာများနှင့် ပညာရှင်ဆရာများထံမှ သင်ယူဆည်းပူး မှတ်သားခဲ့သမျှကို ပဋ္ဌာန်း ပဉ္စာဝါရဝိဘင်္ဂ် လေ့လာသော ဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုရာတွင် သိလွယ်, ထင်လွယ်, မြင်လွယ် စေခြင်းအကျိုးငှာ အလျဉ်းသင့်သလို ရေးသားမှတ်စုထုတ် စီစဉ်ပေးနိုင်ခြင်းဖြစ်ပါသည်။

ထိုအားထုတ်မှု အစုစုတို့ဖြင့် ကျေးဇူးကြီးမားတော်မူသော မူရင်းဆရာ ဗုဒ္ဓမြတ်စွာဘုရား၊ အဆင့်ဆင့်သော ဆရာမြတ်တို့အားလည်းကောင်း၊ အဘိဓမ္မာ (ဓမ္မတရားစာပေများ)ကို ကျွန်ုပ်အား စတင်၍ သင်ကြားပေးခဲ့သော ဆရာတော် **ဘဒ္ဒန္တဝါယာမသာရ** (သင်တန်းမှူးဆရာတော်)နှင့် **ဆရာဦးစိုးသန်း** (မဂ်လာဗျူဟာအသင်း၊) တို့အားလည်းကောင်း၊ အနန္တကျေးဇူးရှင်များဖြစ်သော (အဘ)**ဦးလှအောင်**၊ (အမိ)**ဒေါ်တင်လှ**၊ နှင့်မိသားစု၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် **များစွာအကူအညီများပေးခဲ့ကြသော** ဓမ္မမိတ်ဆွေအပေါင်း, ကျေးဇူးတင်ထိုက်သူ အပေါင်းတို့အား ဦးခိုက်ကော်ရော်ပူဇော်ကန်တော့အပ်ပါသည်။

မဂ်လာအပေါင်းနှင့် ပြည့်စုံကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ၊

+

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

'ပဋ္ဌာန်းရောင်တော်ပွင့်အမွှမ်း'

နီလာ နီလာ နီစွဆရန္တီ၊ ပီတာ ပီတာ စ ရံသီယော။
လောဟိတာ လောဟိတာ စာဘာ၊ သြဒါတော ဒါတရံသီယော။
တမှာ တမှာ စ မဋ္ဌိဒ္ဓာ၊ ပဘာသန္တီ ပဘာသရာ။
ဧဝံ ဆဗ္ဗဏ္ဏာရံသီယော၊ ဌာတု မေ ဘဂဝါ သိရေ။

(ဘဂဝန်ဘုန်းလိုင် နှုန်းပြုံင်တုကင်း အဘက်ကွာ၍ စကြာမင်းအစစ် ဖြစ်ကြီးဖြစ် တော်မူသော တိဘဝပါရဂူ သယမ္ဘူ ရှင်တော်မြတ်ဘုရားသည် ငါးပါးမာရ်နှင် ပလွင်ဘွေထွတ် မြေတမွတ်ဝယ် ရွှေဝတ်လွှာမှုန် ကြာပဒုံသို့ အစုံလေးလီ ခိုင်နှင်းဆီကို လှမ်းမှိုဆွတ်ချွေ၍ ကရွတ်ခွေဝင့်စက်မှ လွတ်ထွက် တော်မူပြီးနောက် သတ္တာသတ္တာ နဝတာလီ ကိန်းယာယီဖြင့် ခိုမှီပြောင်းစံတော်မူဆဲအခါ **ရတနာဃရ** သတ္တာဟဝယ် ဓမ္မနက်ကျယ် သမုတ်နယ်သို့ ဆန်းကြယ်နက်ဝှမ်း ပဋ္ဌာန်းကျမ်းကို ထောက်လှမ်းမြွေးကွန့်. ရွှေဉာဏ်တော်လွန့်လေသော် ရောင်ညွန့်. ရောင်စွယ် ရွှေဘုန်းတော်ခြယ်သောကြောင့် သပွါယ်လို့ရှုမဆုံး မိုးလုံးတစ်ပြင် ဝေဟင်အပြန့်. မရုပ်တန့်ဘဲ မဆန့်နိုင်တဝေဝေ ညို,ရွှေ,နီ,ဖြူ အဆူဆူထွေးယှက်လျက် နီမောင်းရောင်ထွက် လျှပ်စီးတွေလက်သလို ပြိုးပြိုးပြက် တစ်ဝါးငါး ရောင်ခြောက်စုံ ကစားလျက် လောကဓာတ်တိုက်အများကို ဖြန့်လွှားအုပ်ခြုံတော်မူ ကြလေကုန်သတည်း။

ရောင်ခြည်တော်ဖူးညွန့်. ထွေးယှက်လိမ်လူးလွန့်လျက် မြွေးကွန့်တော်မူစေရန် အကြောင်းရင်းသမုဒ္ဒာန် ဧကန်ဧက **ပဋ္ဌာန**ဟု နယထူးဆန်း မြတ်ပဋ္ဌာန်းကို ရွှင်လန်းသောဉာဏ်ကသိုင်း သမာဓိဖန်တံတိုင်းဖြင့် ဌာန်ကရိုင်းပိသစွာ စေတနာထွတ်အမြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြပါကုန်လော့။ ။) (လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)

ပဋ္ဌာန်းရွတ်ဆို ပူဇော်ရန် သမ္မာဒေဝ နတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း၊

(မြတ်ပဋ္ဌာန်းရွတ်ဆို ပူဇော်ခြင်းကို ချမ်းမြေ့နှလုံး ကြည်ရွှင်ပြုံးဖြင့် စုရုံးရောက်မည် စိတ်စေရည်လျက် ကြားသည့်ဖိတ်မန် ပန်လျှောက်သံကို နာခံမျှော်ညောင်း၊ နတ်,ဗြဟ္မာအပေါင်းတို့အား **သဂါရဝါ** - သူတော်ချင်းချင်း သတင်းလွှဲ.လွှဲ. ပေါင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်စစ်ဟူ၍ ကြည်ဖြူစိတ်ရင်း ရိုသေခြင်းရှိကြပါကုန်လျက်၊ လက်တွဲရွှင်ပြုံး တူနှလုံးဖြင့် ဖိတ်ကြားနိမန်ကြပါကုန်၏။ **ဓမ္မံ**- ဂမ္ဘီရဂမ္ဘီရာ ပဋ္ဌာန်းမြတ်ဒေသနာ နည်းသမုဒ္ဒရာကို၊ သုဏန္တု-သမွဇ္ဈဲသတိကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတပါး စိတ်မသွားဘဲ ထောင်နား စိုက်တော်မူကြပါစေကုန်သတည်း။)

ခွင့်ပန်လွှာ

ဆရာမြတ် အသီးသီးတို့၏ နည်းစနစ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ပြင်ဆင်၍သော်လည်းကောင်း၊ သနားခြီးမြှောက်သောအားဖြင့် ဤ'ပဥ္စာဝါရဝိဘင်္ဂ်မှတ်စု'ဌ်ဌ သုံးခွင့်ပြု့တော်မူပါရန် ဆရာမြတ်အပေါင်းအား ရိုသေစွာ ရှိခိုးဦးညွှတ်ပန်ကြားအပ်ပါသည်။

* ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ သင်ရိုး, သင်တန်းသားကိုင်ဖြစ်သော **မူလပဋ္ဌာန်းဆရာတော်** ပို့ချအပ်သော **'ပဋ္ဌာန်း ပဥ္စာဝါရဝိဘင်္ဂ် အသံဖမ်း ပို့ချစဉ်ကျမ်း'**ကို မဏ္ဍိုင်ပြုပါသည်။
* ကျေးဇူးရှင် မူလပဋ္ဌာန်းဆရာတော်၏ **'ပဋ္ဌာန်းပါရဂူကျမ်း'**။
* အဘိဓဇမဟာရဋ္ဌဂုရု၊ မစိုးရိမ်ဆရာတော်၏ **'ပဋ္ဌာန်းသင်နည်းအကျဉ်းချုပ်'**။
* ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကမဟာထေရ် ၏ **'ပဋ္ဌာန်းသိပ္ပံနည်းပြ'**။
* ပုသိမ်မြို့၊ ပစ္စိမာရုံကျောင်းတိုက်၊ အရှင်ဓမ္မိန္ဒ ၏ **'ပဋ္ဌာန်းသင်ကြားနည်း'**။
* ဟိတေသီနေလ အရှင်နိပုဏ ၏ **'ပဋ္ဌာန်းကုသလတိက် အရကောက်'**။
* မော်ဘီ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ အရှင်ကုမာရ၏ **'ပဋ္ဌာနပန်းကုန်း'**။
* ရှင်တစ်ရာကျောင်းတိုက်၊ ဘဒ္ဒန္တဇေဝနမဟာထေရ်၏ **'ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်'**။
* အရှင်ဉာဏသာမိ(မြစ်သား) ၏ **'ပဋ္ဌာန်းအောင်ပန်း'**။
* ရန်ကုန်မြို့ ဗဟန်း၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ အရှင်တေဇနိယ ၏ **'ပဋ္ဌာန်းအလင်းရောင်'**။
* ဆရာမဒေါ်မြသီ(မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ၊) သင်တန်းမှတ်စု၊
* ဆရာ Dr. ဦးဝင်းရွှေ(မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ၊)၏ 'ပဋ္ဌာန်း ပဥ္စာဝါရ(ပစ္စယနိဒ္ဒေသ) မေးခွန်းဟောင်းနှင့် အဖြေများ'။

စသည့်ပညာရှင်တို့၏ အဆိုအမိန့်များကို ပဋ္ဌာန်း ပဥ္စာဝါရဝိဘင်္ဂ် လေ့လာလိုသော ဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုရာတွင် သိလွယ်, ထင်လွယ်, မြင်လွယ်စေခြင်း အကျိုးငှာ အလျဉ်းသင့်သလို ရေးသားဖော်ပြအပ်ပါသည်။

ဤ'ပဥ္စာဝါရဝိဘင်္ဂ် မှတ်စု'ကို အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် စာရေးသူ အတတ်နိုင်ဆုံး အားထုတ်ခဲ့ပါသော်လည်း ချွတ်ယွင်းချက် အမှားများကို ရှုမြင်မိသော် ပြင်တော်မူပါ၊ မသင့်မြင်သော် အသင့်ဆင်ပါဟု ပန်ကြားအပ်ပါသည်။

မာတိကာ

* * * * * * * *

	စာမျက်နှာ
အကြောင်းအရာ	
ပဋ္ဌာန်းမည်ပုံ	၁
အကြောင်းအကျိုးဟောသောဒေသနာသုံးပါး	၂
မျိုးစဉ်အားဖြင့်လေ့လာခြင်း	၄
(၁) အာရမ္မဏမျိုး (၈)ပစ္စည်း	၉
၁။ အာရမ္မဏပစ္စည်း	၁၀
၂။ အာရမ္မဏာဓိပတိ၊ ၃။ အာရမ္မဏူပနိဿယ	၄၈
၅။ အာရမ္မဏပုရေဇာတ၊ ၇။ အာရမ္မဏပုရေဇာတတ္ထိ	၆၅
၈။ အာရမ္မဏပုရေဇာတ အဝိဂတ	
၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ(ဝတ္ထာ)	၇၄
၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပွယုတ္တ	
အာရမ္မဏပုရေဇာတာဓိပတိ	၇၉
ဝတ္ထာရမ္မဏာဓိပတိ	၈၀
အာရမ္မဏမျိုးပစ္စည်းများ မှတ်ဖွယ်	၈၁
(၂) သဟဇာတမျိုး (၁၅)ပစ္စည်း	၈၅
၁။ ဟေတု	၉၀
၂။ သဟဇာတာဓိပတိ	၁၀၅
၃။ သဟဇာတကမ္မ	၁၁၅
၄။ နာမ်အာဟာရ	၁၂၅
၅။ သဟဇာတိန္ဒြိယ	၁၃၅
၆။ ဈာနပစ္စည်း	၁၅၀
၇။ မဂ္ဂပစ္စည်း	၁၆၀
၈။ သဟဇာတအကြိုး ၄ ပစ္စည်း	၁၇၂
သဟကြိုး(၄)ပစ္စည်း မှတ်ဖွယ်	၁၈၅
၉။ သဟဇာတအလတ် ၄ ပစ္စည်း၊ အညမညပစ္စည်း..... ...	၁၈၉
ဝိပါကပစ္စည်း	၁၉၄
သမ္ပယုတ္တပစ္စည်း	၁၉၈
သဟဇာတဝိပွယုတ္တပစ္စည်း	၂၀၂
သဟဇာတမျိုး မှတ်ဖွယ်	၂၀၆

မာတိကာ

* * * * * * * *

အကြောင်းအရာ	စာမျက်နှာ
(၃) **အနန္တရူပနိဿယမျိုး** (၇)ပစ္စည်း	၂၀၇
၁။ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ	၂၀၉
၂။ အနန္တရမျိုး အာသေဝနပစ္စည်း	၂၂၄
၃။ အနန္တရမျိုး ကမ္မပစ္စည်း	၂၂၈
(၄) **ပကတူပမျိုး**	၂၂၉
၁။ ပကတူပနိဿယ	၂၂၉
၂။ ဗလဝနာနာက္ခဏိကကမ	၂၅၂
(၅) **ဝတ္ထုပုရေဇာတမျိုး**	၂၅၅
၁။ ဝတ္ထုပုရေဇာတ	၂၅၆
ပုရေဇာတဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ	
၂။ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း	၂၆၃
(၆) **ပစ္ဆာဇာတမျိုး**	၂၆၅
၁။ ပစ္ဆာဇာတ	၂၆၅
ပစ္ဆာဇာတဝိပွယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ..	၂၇၀
(၇) **ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ**	၂၇၁
(၈) **ရုပ်အာဟာရ**	၂၇၇
(၉) **ရူပဇီဝိတိန္ဒြိယပစ္စည်း**	၂၈၀
(၁၀) **မိဿက(၃)ပစ္စည်း**	၂၈၄
၁။ သဟာဇာတပုရေဇာတမိဿကပစ္စည်း	၂၈၄
၂။ ပစ္ဆာဇာတာဟာရမိဿကပစ္စည်း	၂၈၈
၃။ ပစ္ဆာဇာတိန္ဒြိယမိဿက	၂၉၂
(၁၁) **ဓနဝါဒရ**	၂၉၆

မာတိကာ

* * * * * * * *

အကြောင်းအရာ		စာမျက်နှာ
	ပစ္စယနိဒ္ဒေသ	၃၀၁
၁။	ဟေတုပစ္စည်း	၃၀၁
၂။	အာရမ္မဏပစ္စည်း	၃၀၈
၃။	အဓိပတိပစ္စည်း	၃၁၈
၄။	အနန္တရပစ္စည်း၊ ၅။ သမနန္တရပစ္စည်း.....	၃၂၇
၆။	သဟဇာတပစ္စည်း	၃၃၅
၇။	အညမညပစ္စည်း	၃၄၃
၈။	နိဿယပစ္စည်း	၃၄၅
၉။	ဥပနိဿယပစ္စည်း	၃၅၁
၁၀။	ပုရေဇာတပစ္စည်း	၃၆၁
၁၁။	ပစ္ဆာဇာတပစ္စည်း	၃၆၈
၁၂။	အာသေဝနပစ္စည်း	၃၇၂
၁၃။	ကမ္မပစ္စည်း	၃၇၇
၁၄။	ဝိပါကပစ္စည်း	၃၇၉
၁၅။	အာဟာရပစ္စည်း	၃၈၂
၁၆။	ဣန္ဒြိယပစ္စည်း	၃၈၆
၁၇။	ဈာနပစ္စည်း	၃၉၀
၁၈။	မဂ္ဂပစ္စည်း	၃၉၂
၁၉။	သမ္ပယုတ္တပစ္စည်း	၃၉၄
၂၀။	ဝိပ္ပယုတ္တပစ္စည်	၃၉၅
၂၁။	အတ္ထိပစ္စည်း	၄၀၀
၂၂။	နတ္ထိပစ္စည်း	၄၀၈
၂၃။	ဝိဂတပစ္စည်း	၄၀၉
၂၄။	အဝိဂတပစ္စည်း	၄၁၀
ပစ္စယနိဒ္ဒေသ၌ အထွေထွေမှတ်ရန်		၄၁၀
နိဂုဿန်		၄၁၃
မေးခွန်းဟောင်းများ		၄၁၇

ပဋ္ဌာန်းမြတ်ဒေသနာ

ပဋ္ဌာန်းကျမ်းသည် ကြီးမားလှ၏၊ ကျယ်ပြန့်လှ၏။ နက်နဲလှ၏။ ခက်ခဲလှ၏။ အဆုံးအပိုင်းအခြားမရှိသောနည်းတို့ဖြင့် တန်ဆာဆင်ကာ ဝေဝေဆာဆာကြီးဟော ကြားတော်မူထားသောကြောင့် "အနန္တနယ"ဟူသောဂုဏ်နှင့်လည်း ပြည့်စုံလှပေသည်။ ဤသို့ အဆုံးအပိုင်းအခြားမရှိသော နည်းတို့ဖြင့် တန်ဆာဆင်ထားသဖြင့်လည်း ပဋ္ဌာန်းနည်းကို အပြီးတိုင်မဟုတ်စေကာမူ မိမိတို့ပါရမီအလျောက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဉာဏ်သက်ဝင်လာသောအခါတွင် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးကို အံ့လို့မပြီးချီးလို့မကုန်ဆိုသလို ကြည်ညိုလို့မဝနိုင်အောင်ဖြစ်၍ သဗ္ဗညုတဉာဏ်တော်၏ အမျှားဆုံးကျက်စားရာ ပဋ္ဌာန်းကျမ်းတော်ကြီးသည်လည်း "သမန္တပါသာဒိက"ဟူသော ဂုဏ်နှင့်လည်းပြည့်စုံပေ၏။

သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်သည် ဤပဋ္ဌာန်းကျမ်းကြီးကိုဟောတော်မူရာ၌ သတ္တဝါဝေနေယျတို့၏ (ဉာဏ်အနုအရင့်)ဉာဏ်အားလျော်စွာ ဉာဏ်သက်ဝင်နိုင်စေရန် အစီအစဉ်ဖြင့် ဟောတော်မူခဲ့ပါသည်။

၁။ **ပစ္စယုဒ္ဒေသ** — သတ္တလောက,သင်္ခါရလောက,သြကာသလောဟူသော ကမ္ဘာလောကကြီး တစ်ခုလုံး၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပုံဟူသမျှသည် အကြောင်းနှင့်မကင်း၊ အကြောင်းကြောင့်သာဖြစ်ပေါ်လာရသော အကျိုးတရားများသာဟု ဟောတော်မူခဲ့သည်။ ယင်း အကြောင်းတရားများကို ဤပဋ္ဌာန်းကျမ်းကြီး၌ ဦးစွာပထမ အကျဉ်းနည်းအားဖြင့် "ဟေတု ပစ္စယော။ ပ။ အဝိဂတပစ္စယော"ဟု "ပစ္စယုဒ္ဒေသ"ကို ဟောတော်မူ၏။

အဋ္ဌကထာဆရာတို့က "ပစ္စယဝိဘင်္ဂဝါရ"ဟုလည်း ညွှန်ပြတော်မူပါသည်။

၂။ **ပစ္စယနိဒ္ဒေသ**– ပစ္စယုဒ္ဒေသတွင် အကျဉ်းနည်းအားဖြင့်ဟောတော်မူခဲ့သော ဟေတုစသော (၂၄)ပါးသောအကြောင်းပစ္စည်းတရားတို့ကို "ဤကား အကြောင်းပစ္စည်း၊ ဤကားအကျိုး ပစ္စယုပ္ပန်"ဟု အသီးသီးဝေဖန်ကာ မကျဉ်းမကျယ်ဟောတော်မူခဲ့သည်။ ဤဒေသနာကို "ပစ္စယနဒ္ဒေသ"ဟု သိမှတ်ရပါသည်။

၃။ **ပုစ္ဆာဝါရ** – ဤဝါရတွင် မြတ်စွာဘုရားရှင်သည် ဒေသနာတော်နည်းအရ ပုစ္ဆကအနေအားဖြင့် ကုသလတိက်ပဋ္ဌာန်းကျမ်းမှာပင် ကုသိုလ်ကြောင့်ကုသိုလ်ဖြစ်နိုင်သလို ကုသိုလ်ကြောင့် အကုသိုလ်, အဗျာကတ ဖြစ်နိုင်ပါမည်လောစသည်ဖြင့် ဟော တော်မူခဲ့ပါသည်။ ဤသည်ကိုပင် "ပုစ္ဆာဝါရ"ဟု သိမှတ်ရပါသည်။

၄။ **ဝိသဒ္ဓနာဝါရ** – ပုစ္ဆာဝါရအားလျော်စွာ ရသင့်ရထိုက်သောအဖြေကို ဝိသဒ္ဓနာဝါရကြီး (၇) မျိုးဖြင့် ဝါရအားလျော်စွာ ဖြေကြားဟောမိတ်တော်မူခဲ့ပါသည်။ ဤဒေသနာကို "ဝိသဒ္ဓနာဝါရ"ဟု သိမှတ်ရပါသည်။ **(ဝါရ= အလှည့်,အစဉ်)**

ဝိသဒ္ဓနာဝါရကြီး (၇)မျိုး

၁။ ပဋိစ္စဝါရ ကိုစွဲ၍ဖြစ်သော၊
၂။ သဟဇာတဝါရ နှင့်တကွဖြစ်သော၊
၃။ ပစ္စယဝါရ သဟ-နိ ပစ္စည်းပြု၍ဖြစ်သော၊
၄။ နိဿယဝါရ မှီ၍ဖြစ်သော၊
၅။ သံသဋ္ဌဝါရ နှီးနှော၍ဖြစ်သော၊
၆။ သမ္ပယုတ္တဝါရ ယှဉ်၍ဖြစ်သော၊

ကံနှင့်ကတ္တား နှစ်ပုဒ်ကြားဝယ် ဝါရခြင်း မှတ်ဖွယ် **ဆဝါရ**။

၇။ ပဉ္ဉာဝါရ တို့ဖြစ်ပါသည်။ (ပဉ္ဉ – အမေး၊ မေးခြင်း)

(ပဉ္ဉာဝါရ- ထိုထို ပဉ္ဉာတို့ကို ထုတ်ဆောင်၍ အရှုပ်အထွေးမရှိအောင် ဝေဖန်ဟောကြား)

ဝိသဒ္ဓနဝါရ (၇)ဝါ၇		ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိ
၁။	ဆဝါရ	ကံ	ကတ္တား	ဟိတ်ပါဋ္ဌသတ္တိ
၂။	ပဉ္ဉာဝါရ	ကတ္တား	သမ္ပဒါန်	ကရိဏ်းသတ္တိ

? ဆဝါရနှင့်ပဉ္ဉာဝါရတို့ ဟောကြားပုံ မည်သို့ထူးခြားကြပါသနည်း၊ အချက်(၅)ချက်မျှ ဖော်ပြပါ။

	ဆဝါရ	ပဉ္ဉာဝါရ
၁။	ပဋိစ္စဝါရစသဖြင့် (၆)ဝါရဟောသည်။	အာရမ္မဏစသဖြင့် မျိုးစဉ်အလိုက်ဟောသည်။
၂။	ပဉ္ဉာဝါရမှ ဇနကသတ္တိရသော ပစ္စည်းများ၏ ပစ္စယုပ္ပန်တရားများကို ဤဝါရ အနုလုံ၌ ဟောသည်။	ဇနကသတ္တိရသည့် ပစ္စည်းများကို အဓိက ထား၍ဟောသည်။
၃။	ကံ၊ ကတ္တား၊ ဟိတ်ပါဋ္ဌဟောသည်။	ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်းဟောသည်။
၄။	ဟိတ်ပါဋ္ဌသတ္တိ ကောက်သည်။	ကရိဏ်းသတ္တိ ကောက်သည်
၅။	ဝိဘင်္ဂ အနုလုံနှင့် ပစ္စနိက်ဟောသည်။	ဝိဘင်္ဂ အနုလုံဟောသည်။

ဝိသဇ္ဇနာဝါရတိုင်းမှာပင် နယ, ဂါရ, တိက်ပုဒ်, ကံ ကတ္တား(...ဟတ္တား သမ္ဗဒါန်) တို့ကိုလိုက်၍ နည်းများစွာဖြင့် ဖြေဆိုမိတ်ကြားဟောတော်မူခဲ့ပါသည်။

ဤသို့ဖြေဆိုရာတွင်လည်း

(၁) ဝိဘင်္ဂဝါရ ဖြေဆိုနည်း၊ (ဝိဘင်္ဂ = အကျယ်အားဖြင့် ပိုင်းခြားပြဆိုခြင်း၊)

(၂) သန်္ဓိဝါရ ဖြေဆိုနည်းဟု နှစ်မျိုး ခွဲထားပါသည်။

ဝိဘင်္ဂဝါရဖြေဆိုနည်းမှာ ပစ္စည်းအားလျော်စွာ ရသင့်ရထိုက်သော ရုပ်,နာမ် ဓမ္မများကို ပဒ,ပဒါဝသန အားလျော်စွာရသင့်သလို "ဤအကြောင်းပစ္စည်းကြောင့် ဤအကျိုးပစ္စယုပ္ပန်တရားမျိုးသာ ဖြစ်နိုင်သည်, ဖြစ်ရမည်"ဟု တိတိပပမှု၍ အနေအားဖြင့် ဖြေဆိုဟောကြားတော်မူသော ဒေသနာတော်ဖြစ်သောကြောင့် ကြည်ညိုဖွယ်ရာလည်းကောင်းလှပါသည်။

ဥပမာအားဖြင့် သတ္တဝါတို့၏သန္တာန်မှာ ဤရုပ် ဤနာမ် အကောင်းအဆိုးဖြစ်မှုမျိုး မှန်သမျှသည် ဤအကြောင်း ဤပစ္စည်းကြောင့်သာ ဖြစ်ရသည်။ အကြောင်းမရှိ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာသော ရုပ်တရား,နာမ်တရားး အကောင်း,အဆိုးဟူ၍ တစ်ခုတစ်လေမျှမရှိနိုင် မဖြစ်နိုင်ကြပေ။ ဤ ဝိဘင်္ဂဝါရနှင့်ကင်း၍ သန်္ဓိဝါရကို မရအပ်ပါ။ ဝိဘင်္ဂဝါရကိုမှီ၍သာ နားလည်အပ်ပြုလုပ်အပ်၏။

သန်္ဓိဝါရဖြေဆိုနည်းမှာလည်း အလွန်သိမ်မွေ့ နက်နဲခက်ခဲလှတော့၏။ အဆက် ဆက်သောဆရာမြတ်များ၏ နည်းကောင်းရပါလျှင် စိတ်ရှင်ကိုယ်ပျော်ဆိုသလို ဒေသနာတော်ကိုလည်းကြည်ညို၊ ဒေသကဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကိုလည်း အားပါးတရ ကြည်ညိုလေးစားကာ ပဋ္ဌာန်းပညာသင်ယူနေရသည်ကိုပင် ကြည်ရွှင်အေးမြကာ ဝမ်းသာမဆုံးဖြစ်ရတော့၏။ ဟောကြားတော်မူပုံမှာ-

(က) ၂၄-ပစ္စည်းလုံးကိုပင် တစ်ပစ္စည်း တစ်ပစ္စည်း၌ ရသင့်ရထိုက်သော ရုပ်တရား, နာမ်တရားတို့ကို ပစ္စည်းအားလျော်စွာ သန်္ဓိဏ်ထုတ်၍ "သုဒ္ဓသန်္ဓိ"ဟုဟော တော်မူပါသည်။

(ခ) တစ်ပစ္စည်းကိုမူတည်၍ ကြွင်းသောပစ္စည်းတို့ကို တစ်ပစ္စည်းစီ အလှည့်ကျ တရားသဘောတူရာပေါင်းပြီး မူလိသွတ်သွင်းကာသန်္ဓိဏ်ထုတ်၍ "သဘာဂသန်္ဓိ" ဟု ဟောတော်မူပါသည်။

(ဥပမာ- ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ၊ သဟဇာတေ သတ္တ၊ ...)ဟော၏။

(ဂ) တစ်ပစ္စည်းကိုပင် မူတည်၍ ကြွင်းသော သဘာဂဖြစ်ပြီးသော ပစ္စည်းတို့ကို ၁-ပစ္စည်း, ၂-ပစ္စည်း မှစ၍ ၁၀-ပစ္စည်း တိုင်အောင်ပေါင်း၍ မူလသွတ် သွင်းကာ ရလာသောတရားများကို သင်္ချာထုတ်၍ "ဃဋ္ဋနာသင်္ချာ"ဟုဟော တော်မူပါသည်။

(ဥပမာ- ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တာ။)

ဤမျှဆန်းကြယ် နက်နဲခက်ခဲသော ပဋ္ဌာန်းဒေသနာတော်ကြီးကို ဗုဒ္ဓပွါဒ ဒုလ္လဘငါးဖြာ ကြုံခိုက်ခါတွင် သူငါမဟူ ရှင်လူရဟန်း အမျိုးသမီး,အမျိုးသား မခွဲခြားဘဲ ဤကားရပ် ဤကားနာမ် ဝေဘန်ခွဲခြားသော(နာမရူပပရိစ္ဆေဒ)ဉာဏ် အရင်းခံတည် ထားကာ သံသရာဝဋ်စက်မှ လွတ်ထွက်ရန် အခြေခံအုတ်မြစ်မှ မဆုတ်နစ်သော သဒ္ဓါတရား+ဉာဏ်+ဝီရိယ စွမ်းအား တို့ဖြင့် ကြိုးစားသင့်လှသည်။

အမြို့မြို့ အရွာရွာရှိ မိမိတို့နှင့်နီးစပ်ရာ ရဟန်းပညာရှိ လူပညာရှိများထံ ဆည်းကပ်၍ ပညာပါရမီမြတ်ကို ဖြည့်ဆည်းသင်ယူ အားထုတ်နိုင်ကြရန် တိုက်တွန်း အပ်ပါသည်။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။
လူနတ်များစွာ ချမ်းသာရေးမို့၊ အသက်ပေး၍ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊ ငါပါအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(ဆရာတော် အရှင်ဇနကာဘိဝံသ)

သင်မှသိ သိမှကျင့် ကျင့်မှရ မြတ်ဗုဒ္ဓ၏ ဩဝါဒ

ကျေးဇူးရှင်အပေါင်းအား ကျေးဇူးဆပ်သောအားဖြင့်

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ပဋ္ဌာန်း ဓမ္မတ္တာပို့

၁။ **ဟေတုပစ္စယော** ။ သတ္တဝါအားလုံး မကောင်းသော လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်ဟိတ်တရားတို့ကို ပယ်ရှားနိုင်ကြ၍၊ ကောင်းမြတ်သော အလောဘ၊ အဒေါသ(မေတ္တာ)၊ အမောဟ(ပညာ) ကုသိုလ်ဟိတ်တရားတို့သာ အမြစ်သဖွယ်ကိန်းတည်ကြပြီး၊ ကောင်းမြတ်သော စိတ် စေတသိက် ရုပ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက် ဖြစ်ထွန်းနိုင်ကြပါစေ။

၂။ **အာရမ္မဏပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့နှင့် မတွေ့ကြုံကြဘဲ၊ ကောင်းမြတ်သော အာရုံများနှင့်သာ တွေ့ကြုံကြ၍၊ ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

၃။ **အဓိပတိပစ္စယော**။ သတ္တဝါအားလုံးတို့၏ သန္တာန်၌ မထက်မြတ်သော ညံ့သော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ တရားတို့ အကြီးအမှူး ဦးစီးဦးဆောင် မပြုကြဘဲ၊ ထက်မြတ်သော ကောင်းသော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့သာ အကြီးအမှူးဦးစီး ဦးဆောင်ပြုကြလျက် အလွန်အကြူး အထူးကြီးကျယ်မြင့်မြတ်သော အကျိုးတရားတို့သာ ရရှိခံစားနိုင်ကြပါစေ။

၄။ **အနန္တရပစ္စယော** ။ သတ္တဝါအားလုံး မကောင်းသော စိတ် + စေတသိက်= (နာမ်) တရားတို့ အကြားအလပ်မရှိ၊ ဆက်ကာ ဆက်ကာ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော စိတ်+စေတသိက်=(နာမ်)တရားတို့သာ အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်နိုင်ကြပါစေ။

၅။ **သမနန္တရပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော စိတ်+ စေတသိက်=(နာမ်)တရားတို့ (ကောင်းစွာ) အကြားအလပ်မရှိ ဆက်ကာဆက်ကာ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော စိတ်+ စေတသိက်=(နာမ်)တရားတို့သာ အကြားအလပ်မရှိ၊ စဉ်ဆက်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပွားနိုင်ကြပါစေ။

၆။ **သဟဇာတပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားများ အတူအကွ မဖြစ်ကြဘဲ၊ ကောင်းသောရုပ်,နာမ်တရားများသာ အတူအကွဖြစ်နိုင် ကျေးဇူးပြုနိုင်ကြပါစေ။

၇။ **အညမညပစ္စယော** ။ သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားများနှင့် အချင်းချင်းယှဉ်တွဲ၍ အပြန်အလှန် ကျေးဇူးမပြုကြဘဲ၊ ကောင်းမြတ်သော ရုပ်,နာမ်တရားများတို့နှင့်သာ အချင်းချင်းယှဉ်တွဲ၍ အပြန်အလှန် ကျေးဇူးပြုမှုကို ခံစားနိုင် ကြပါစေ။

၈။ **နိဿယပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ် တရားတို့၌ မှီ၍မဖြစ်ကြဘဲ၊ ကောင်းမြတ်သော ရုပ်,နာမ်တရားတို့၌သာ အမှီပြု၍ ကောင်းကျိုးအမျိုးမျိုးတို့ကိုသာ ခံစားရရှိ နိုင်ကြပါစေ။

၉။ **ဥပနိဿယပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော ပညာ၊ နာမ၊ ရုပ်တရားတို့နှင့် မကောင်းသော မိဘ၊ မကောင်းသော ဆရာ၊ မိတ်ဆွေ၊ ရာသီဥတု၊ နေရာထိုင်ခင်း၊ အစားအသောက်တို့၌ အားကြီးသောမှီရာအဖြစ် အမှီမပြုကြရာဘဲ၊ ကောင်းမြတ်သော ပညာ၊ နာမ်၊ ရုပ်တရားများနှင့် ကောင်းမြတ်သော မိဘ၊ ဆရာ၊ မိတ်ဆွေ၊ ရာသီဥတု၊ နေရာထိုင်ခင်း၊ အစားအသောက်တို့၌သာ အားကြီးသောမှီရာအဖြစ် မှီကြရ၍၊ ကောင်းကျိုး အမျိုးမျိုး တို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

၁၀။ **ပုရေကတပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော အာရုံငါးပါး၊ ရုပ်တရား၊ ဝတ္ထုရုပ်တရားများ ရှေးဦးကြိုတင် မဖြစ်ကြဘဲ၊ ကောင်းမြတ်သော အာရုံငါးပါး၊ ရုပ်တရားများ၊ ဝတ္ထုရုပ်တရားများသာ ရှေးဦးကြိုတင် ဖြစ်နှင့်ကြ၍၊ ကောင်းမြတ်သော ကုသိုလ်တရား၊ အကျိုးဝိပါက်တရားတို့သာ တိုးပွား ဖြစ်ထွန်းနိုင်ကြပါစေ။

၁၁။ **ပစ္ဆာကတပစ္စယော**။ သတ္တဝါအားလုံးတို့၏ ဖြစ်နှင့်ပြီးသော ရှေးရှေးရုပ်တရားအား နောက်နောက်မှဖြစ်သော နာမ်တရားများက ကျေးဇူးပြုရာတွင် မကောင်းသော အကုသိုလ် နာမ်တရားတို့၏ ကျေးဇူးပြုမှုကို မခံကြရဘဲ၊ ကောင်းမြတ်သော ကုသိုလ်အဗျာကတ နာမ်တရားတို့၏ ကျေးဇူးပြုမှုကိုသာ ခံယူနိုင်ကြရပါစေ။

၁၂။ **အာသေဝနပစ္စယော** ။ သတ္တဝါအားလုံး မကောင်းသော အကုသိုလ်တရားများ အဖန်တလဲလဲ ထုံခြင်းသဘောဖြင့် ထပ်ကာထပ်ကာ မဖြစ်ပွားကြရဘဲ၊ ကောင်းမြတ်သော ကုသိုလ်တရား ကြိယာအဗျာကတတရားတို့သာ မဂ်ဖိုလ်နိဗ္ဗာန်တိုင်ထိ အဖန်တလဲလဲ ထုံခြင်းဖြင့် ထပ်ကာထပ်ကာ ဖြစ်ပွား နိုင်ကြပါစေ။

၁၃။ **ကမ္မပစ္စယော**။ သတ္တဝါအားလုံး မကောင်းသော စေတနာက် တရားတို့ကို မပြုလုပ်ဖြစ်ကြဘဲ၊ ကောင်းမြတ်သော စေတနာက်တရားတို့ကိုသာ ပြုလုပ်ဖြစ်ကြ၍ ယခုဘဝ နောင်ဘဝ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုး အဆက်ဆက်တို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

၁၄။ **ဝိပါကပစ္စယော**။ သတ္တဝါအားလုံး ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ အဆက်မပြတ် ရရှိပိုင်ဆိုင်ကြ၍ ကိုမှတဆင့် ကောင်းမြတ်သော အကျိုးတရားအမျိုးမျိုးတို့ကိုသာ နိဗ္ဗာန်တိုင်ထိ ထပ်ကာထပ်ကာ ရရှိခံစားနိုင်ကြပါစေ။

၁၅။ **အာဟာရပစ္စယော**။ သတ္တဝါအားလုံး ရရှိထားကြသော ရုပ်,နာမ် ခန္ဓာကြီးအား မကောင်းသော ရုပ်အာဟာရသြဇာဓာတ်များ မကောင်းသော နာမ်အာဟာရဓာတ်များဖြင့် အထောက်အပံ့ မပြုကြဘဲ၊ ကောင်းမြတ်သော ရုပ်,နာမ်အာဟာရဓာတ်တို့ဖြင့်သာ အထောက်အပံ့ပြုဖြစ်ကြ၍ နိဗ္ဗာန်ကို လွယ်ကူစွာ မျက်မှောက် ပြုနိုင်ကြပါစေ။

၁၆။ **ဏ္ဏန္ဒြိုပန္ဓေယျာ**။ သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ် တရားတို့၏ လွှမ်းမိုးအုပ်ချုပ်ချယ်လှယ်မှုကို မခံကြရဘဲ ကောင်းမွန်သော ရုပ်,နာမ်တရားတို့၏ လွှမ်းမိုးအုပ်ချုပ်ချယ်လှယ်မှုတို့ကိုသာ နိဗ္ဗာန်တိုင်ထိ ရရှိခံစားရရှိနိုင်ကြပါစေ။

၁၇။ **ဈာနပန္ဓေယျာ**။ သတ္တဝါအားလုံး မကောင်းသော အကုသိုလ်တရားတို့၌ စူးစူးစိုက်စိုက် အာရုံမပြုဖြစ်ကြဘဲ၊ ကောင်းမြတ်သော ကုသိုလ်တရားတို့၌သာ စူးစူးစိုက်စိုက် အာရုံပြုနိုင်ကြ၍၊ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုးတရားတို့ကို ရရှိနိုင်ကြပါစေ။

၁၈။ **မဂ္ဂပန္ဓေယျာ**။ သတ္တဝါအားလုံး ဒုဂ္ဂတိဘုံသို့ ရောက်စေတတ် သည့်မကောင်းသော အကုသိုလ် မဂ္ဂင်ခရီး လမ်းကြောင်းကို မလျှောက်ဖြစ်ကြဘဲ၊ သုဂတိဘုံ၊ နိဗ္ဗာန်ဘုံတို့သို့သာ ရောက်စေနိုင်သော ကောင်းမြတ်သော ကုသိုလ် မဂ္ဂင်လမ်းကြောင်း ကိုသာ လျှောက်လှမ်းနိုင်ကြပါစေ။

၁၉။ **သမ္မယုတ္တာပန္ဓေယျာ**။ သတ္တဝါအားလုံး မကောင်းသော စိတ်၊ စေတသိက် နာမ်တရား အချင်းချင်း အညီအညွတ်ယှဉ်တွဲ ပေါင်းစပ်ခြင်း မပြုကြဘဲ၊ ကောင်းသော စိတ်၊ စေတသိက် နာမ်တရား အချင်းချင်းတို့သာ အညီအညွတ်ယှဉ်တွဲ ပေါင်းစပ်၍ နိဗ္ဗာန်တိုင်ထိ သွားနိုင်ကြပါစေ။

၂၀။ **ဝိပ္ပယုတ္တာပန္ဓေယျာ**။ သတ္တဝါအားလုံး အချင်းချင်းအညီအညွတ် မယှဉ်တွဲသောအားဖြင့် ရုပ်နာမ်တရားတို့ ကျေးဇူးပြုရာ၌၊ မကောင်းသော ရုပ်,နာမ်တရားတို့ မယှဉ်တွဲသောအားဖြင့် ကျေးဇူးမပြုကြဘဲ၊ ကောင်းမြတ်သော နာမ်တရားတို့က ကောင်းမွန်သော ရုပ်တရားတို့ကို၊ ကောင်းမွန်သော ရုပ်တရားတို့က ကောင်းမြတ်သော နာမ်တရားတို့ကို ကျေးဇူးပြုနိုင်ကြ၍ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုး အမျိုးမျိုးတို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

၂၁။ **အတ္ထိပန္ဓေယျာ**။ သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ် တရားတို့ထင်ရှားစွာ မဖြစ်ပေါ်ကြဘဲ၊ ကောင်းသောရုပ်,နာမ် တရားတို့သာထင်ရှားစွာဖြစ်ပေါ်ကြ၍ ကောင်းကျိုး အမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

၂၂။ **နတ္ထိပန္ဓေယျာ**။ သတ္တဝါအားလုံး ကောင်းမြတ်, ကောင်းမြတ်သော ရှေးရှေးနာမ်တရားတို့ ချုပ်ပျက်,ချုပ်ပျက်သွားကြပြီး၊ ကောင်းမြတ်, ကောင်းမြတ်သော နောက်နောက် နာမ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ အစားထိုးကာ ဆက်လက်ဖြစ်ပွား နိုင်ကြပါစေ။

၂၃။ **ဒိဂတာပန္ဓေယျာ**။ သတ္တဝါအားလုံး ကောင်းမြတ်, ကောင်းမြတ်သော ရှေးရှေးနာမ်တရားတို့ ကင်း၍,ကင်း၍သွားကြပြီး၊ ကောင်းမြတ်, ကောင်းမြတ်သော နောက်နောက် နာမ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ အစားထိုးကာ ဆက်လက်ဖြစ်ပွား နိုင်ကြပါစေ။

၂၄။ **အဒိဂတာပန္ဓေယျာ**။ သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားတို့ မကင်းသော အားဖြင့် မဖြစ်ပေါ်ကြဘဲ၊ ကောင်းသော နာမ်တရားတို့သာ မကင်းကွာသောအားဖြင့် ဖြစ်ပေါ်ကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ပဉ္စာဝါရဝိဘာဂ်

ပဌာန်းမည်ပုံ-

နာနုပ္ပကာရ ပစ္စယဌေန-

အထူးထူးအပြားပြားများပြားသော ပစ္စည်းရှိသည်၏အဖြစ်ဟူသော အနက်ကြောင့် ပဌာန်း မည်၏။ တရားတစ်ခုတည်းကို ဟေတုအစရှိသောပစ္စည်းများနှင့် ဝေဖန်လိုက်လျှင် ပစ္စည်းအရေအတွက်အများကြီး ဖြစ်လာပါသည်။ ထို့ကြောင့် "ပဌာန်း"ဟု ခေါ်ပါသည်။

(တစ်နည်း)ပစ္စည်းတစ်ခုမှာ တရားကိုယ်တွေအများကြီးရနိုင်သောကြောင့် ပဌာန်း မည်၏။ ဥပမာ- ဟေတုပစ္စည်းတွင် ဟိတ်(၆)ပါး ရှိပါသည်။ ကမ္မပစ္စည်း တစ်ခုဌိသာလျှင် ပစ္စည်းကလည်းတစ်ခု၊ တရားကလည်း ဧတနာတစ်ခုသာ ရှိပါသည်။ ကြွင်းသောပစ္စည်း (၂၃)ပါးတို့သည် ပစ္စည်းတစ်ခုတွင် တရားပေါင်းများစွာ ရှိပါသည်။ ထို့ကြောင့် ပဌာန်းဟု ခေါ်ပါသည်။

(**အဋ္ဌကထာ** ဖွင့်ဆိုချက်များ။) ဖြစ်ရာ၏ အဖြစ်ဟူသော အနက်ကြောင့် ပဌာန်းဟု ခေါ်သည်။ ဓမ္မသင်္ဂဏီစသောကျမ်းများမှာ နည်းနာနယ မကျယ်ဝန်းလှသောကြောင့် သဗ္ဗညုတ ဉာဏ်တော်မှာ ငြိစွန်းသယောင် ရှိနေပါသည်။ ဟေတု, အာရမ္မဏစသော (၂၄)ပစ္စည်းနှင့် ကုသိုလ်စသောတရားများကို အကျယ်ချဲ့ဖို့ရာ နည်းရသောအခါ သဗ္ဗညုတဉာဏ်တော်မှာ ငြိစွန်းခြင်းမရှိဘဲဖြစ်၍ ပဌာန်းဟု ခေါ်ပါသည်။

ဓမ္မသင်္ဂဏီစသောကျမ်းများမှာ သဗ္ဗညုတဉာဏ်တော်သည် ကျယ်ကျယ်ပြန့်ပြန့် မကွန့်မြူးနိုင်ပါ။ ပဌာန်းကျမ်းမှာသာ ကျယ်ကျယ်ပြန့်ပြန့်ကွန့်မြူးနိုင်ပါသည်။

(**မူလဋီကာ**က) ငြိစွန်းခြင်းရှိသည် မရှိဘူးဆိုသည်ကို ဥဒါဟရဏ် ထုတ်ပြပါသည်။ အားသွန်ခွန်စိုက် ပြင်းထန်သောအရှိန်အဟုန်ဖြင့် ပြေးသွားသောယောဂီများအတွက် ပြေး ရမည့်ခရီးလမ်းသည် အလွန်မတ်စောက်သော ချောက်ကမ်းပါးပြတ်ကြီးနှင့် နီးနေလျှင် ဆိုးလမ်းသည် ငြိစွန်းခြင်းနှင့်တကွ ပြေးသွားရာဖြစ်၏။ ပြေးသွားရမည့် လမ်းမကြီးသည် ကုယဉ်ဝန်းသော လမ်းမကြီးဖြစ်နေလျှင် တစ်စုံတရာငြိစွန်းခြင်းမရှိ ငြိစွန်းခြင်းကင်းသော ပြေးသွားရာဖြစ်သည်။

ပဌာန်းကျမ်းကြီးသည် သဗ္ဗညုတဉာဏ်တော်၏ ငြိစွန်းခြင်းကင်းရာ ဖြစ်ပါသည်။

ပဋ္ဌာန်းဟောပုံ

အလုံးစုံသော ပရမတ္ထဝါဒများကို ဟောတော့, အာရမ္မဏစသော (၂၄) ပစ္စည်းတို့ဖြင့် ခွဲဝေ၍ အကြောင်းအကျိုးဆက်ပုံကို ဟောပါသည်။

အကြောင်းအကျိုးဟောသော ဒေသနာတော်သုံးပါး

(၁) အရိယသစ္စ ဒေသနာ
(၂) ပဋ္ဌာန ဒေသနာ ဟူ၍ (၃)ပါးရှိပါသည်။

(၁) **အရိယသစ္စ**ဒေသနာတော်သည် တရားဟူသမျှကို သစ္စာလေးပါးနှင့် အကြောင်းအကျိုးဆက်ပုံကို ဟောပါသည်။ သစ္စာလေးပါးမှာ-

(လောဘ)တဏှာဟူဆိုသော**သမုဒယသစ္စာ**သည် အကြောင်းတရား ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါများ သုခဝေဒနာကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်စွဲလမ်းနေကြ၏။ ဤစွဲလမ်းမှုသည် တဏှာရှိသောကြောင့် ဖြစ်ရသည်။ တဏှာသည် ဝဋ်ဆင်းရဲအားလုံးကိုထူထောင်နေသောကြောင့် ဘေးဒုက္ခအမျိုးမျိုး၏ အကြောင်းတရားဖြစ်ပါသည်။ ထို့ကြောင့် **သမုဒယသစ္စာ**သည် အကြောင်းတရား၊ **ဒုက္ခသစ္စာ**သည် အကျိုးတရား ဖြစ်၏။

မဂ်စိတ်လေးခုရှိ မဂ္ဂင်တရားကိုယ်(၈)ပါးသည် **မဂ္ဂသစ္စာ** အကြောင်းတရား၊ နိဗ္ဗာန်သည် **နိရောဓသစ္စာ** အကျိုးတရား ဖြစ်ပါသည်။

(၂) **ပဋ္ဌာန်းဒေသနာ**တော်သည် တေဘူမကတရားများကို ဘဝတစ်ခုအတွက် အပြည့်အစုံ(၁၂)ပါးသောအဝိဇ္ဇာစသည့် သဘောတရားများဖြင့် အကြောင်းအကျိုးဆက်ပုံကို ဟောပါသည်။ အဝိဇ္ဇာစသည်က အကြောင်းတရား၊ သင်္ခါရစသည်က အကျိုးတရားများ ဖြစ်ပါသည်။

(၃) **ပဋ္ဌာန်း**ဒေသနာတော်သည် ဟောတော့၊ အာရမ္မဏ...စသော (၂၄)ပစ္စည်းတို့ကိုဟောပါသည်။ ဟောတဲ့အခါ အကြောင်းတရား၊ အကျိုးတရားစသည်ဖြင့် အကြောင်း၊ အကျိုး ဆက်စပ်ပုံကို ဟောခြင်းဖြစ်၏။

ဤအကြောင်းအကျိုးဟောသော ဒေသနာသုံးမျိုးတွင် ပဋ္ဌာန်းဒေသနာတော်၏ အကြောင်းအကျိုး ဆက်သွယ်ပုံသည် အသိမ်မွေ့ဆုံး ဖြစ်ပါသည်။

ဒေသနာတော်သုံးမျိုးမှာ- အကြောင်းအကျိုးဆက်နည်းများသည် သူ့နည်းနှင့်သူ အကြောင်းအကျိုးဆက်ပုံကိုသာ ကြံဆရပါမည်။ တစ်နည်းနှင့်တစ်နည်းရောနှောကြံဆလျှင် ဉာဏ်ရှုပ်ထွေးရုံသာမက ယုံမှားခြင်းသို့ပင်ရောက်နိုင်ပါသည်။ ဥပမာ-

* အရိယသစ္စာနည်းအရ- **တဏှာ**သည် သမုဒယသစ္စာ အကြောင်းတရား၊ တဏှာမှကြွင်းသော လောကီစိတ်,စေတသိက်, ရုပ်တို့သည် ဒုက္ခသစ္စာ အကျိုးတရား ဖြစ်ပါသည်။

* ပဋိစ္စသမုပ္ပါဒ်နည်းအရ - ဝေဒနာပစ္စယာ တဏှာမှာ ဝေဒနာက အကြောင်းတရား၊ **တဏှာ**သည် အကျိုးတရား ဖြစ်ပါသည်။

* ပဋ္ဌာန်းနည်းအရ- အာရမ္မဏပစ္စည်းမှာ- 'စက္ခုံ အသာဒေတိ အဘိနန္ဒတိ'ဟောရာတွင် စက္ခုပသာဒက အကြောင်းတရား၊ သာယာနှစ်သက်သော (လောဘ)**တဏှာ**က အကျိုးတရား ဖြစ်သည်။

သစ္စာနည်းဖြင့်ဟောလျှင် (လောဘ)တဏှာကအကြောင်း၊ စက္ခုပသာဒက အကျိုး ဖြစ်၏။ ဉာဏ်မရှုပ်ထွေးရအောင် သူ့နည်းနှင့်သူ ယူရပါမည်။

သုဒ္ဓသင်္ကာ ၂၄ပစ္စည်း

၁။ ဟေတုပစ္စယော	၁၃။ ကမ္မပစ္စယော
၂။ အာရမ္မဏပစ္စယော	၁၄။ ဝိပါကပစ္စယော
၃။ အဓိပတိပစ္စယော	၁၅။ အာဟာရပစ္စယော
၄။ အနန္တရပစ္စယော	၁၆။ ဣန္ဒြိယပစ္စယော
၅။ သမနန္တရပစ္စယော	၁၇။ ဈာနပစ္စယော
၆။ သဟဇာတပစ္စယော	၁၈။ မဂ္ဂပစ္စယော
၇။ အညမညပစ္စယော	၁၉။ သမ္မယုတ္တပစ္စယော
၈။ နိဿယပစ္စယော	၂၀။ ဝိပ္ပယုတ္တပစ္စယော
၉။ ဥပနိဿယပစ္စယော	၂၁။ အတ္ထိပစ္စယော
၁၀။ ပုရေဇာတပစ္စယော	၂၂။ နတ္ထိပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော	၂၃။ ဝိဂတပစ္စယော
၁၂။ အာသေဝနပစ္စယော	၂၄။ အဝိဂတပစ္စယော

* ခေါင်းဆောင်ပစ္စည်းများကို "ရှစ်ပစ္စည်း"ဟု ခေါ်ကြပါသည်။
* သုဒ္ဓသခ်ၤာများကို မျိုးပစ္စည်း(အခန်းနံပါတ်အစဉ်)အားဖြင့် လေ့လာကြပါမည်။ မျိုးပစ္စည်းမှာ ကိုးပါးတို့ဖြစ်သောကြောင့်၊

"ရှစ်ပစ္စည်း ကိုးမျိုး"အစဉ်အားဖြင့် သုဒ္ဓသခ်ၤာကို လေ့လာကြပါမည်။

ခေါင်းဆောင် ၈ ပစ္စည်း			မျိုးပစ္စည်း ၉ ပါး		
၁။	အာရမ္မဏာ		၁။	အာရမ္မဏာ	၈
၂။	သဟဇာတ		၂။	သဟဇာတ	၁၅
၃။	ဥပနိဿယ		၃။	အနန္တရ	၇
			၄။	ပကတူပ	၂
၄။	ဝတ္ထုပုရေဇာတ		၅။	ဝတ္ထုပုရေဇာတ	၆
၅။	ပစ္ဆာဇာတ		၆။	ပစ္ဆာဇာတ	၄
၆။	ကမ္မ		၇။	ကမ္မ (ဗလဝဒုဗ္ဗလနာနာက္ခဏိကမ္မ)	၁
၇။	ရုပ်အာဟာရ		၈။	ရုပ်အာဟာရ	၃
၈။	ရူပဇီဝိတိန္ဒြိယ		၉။	ရူပဇီဝိတိန္ဒြိယ	၃

မိသက(၃)	သဟဇာတာဟာရမိသက ပစ္ဆာဇာတာဟာရမိသက ပစ္ဆာဇာတိန္ဒြိယမိသက

ဆယ့်ငါးသဟာ၊ ရှစ်ဝအာနှင့်၊ ခုနစ်ဖြာနန်၊ ခြောက်တန်ဝတ္ထု၊ လေးခုပစ္စာ၊ သုံးဖြာဟာရ္ပေ၊ တယောဏ္ဍန္ဒြေ၊ ဩဇာပကတူ၊ တစ်ခုမူကမ်၊ မျိုးကိုးတန်၊ ဆောင်ရန် နှုတ်တက်အာဂုံတည်း။

"ရှစ်ပစ္စည်း ကိုးမျိုး"နှင့်တကွ မိသကပါ တစ်ဆယ့်နှစ်မျိုးတို့အပြင် (၂၄)ပစ္စည်းတွင် မျိုးကွဲရှိသောပစ္စည်း၊ မျိုးကွဲမရှိသောပစ္စည်းနှင့် သခ်ၤာတို့ကိုခွဲခြားသိရှိထားရပါမည်။

မျိုးစဉ်အားဖြင့်လေ့လာခြင်း

မျိုးစဉ်အားဖြင့် လေ့လာရခြင်းအကျိုးမှာ– အာရမ္မဏ(၈)မျိုးတွင် အာရမ္မဏပစ္စည်းသည် ခေါင်းဆောင်ဖြစ်သောကြောင့် အာရမ္မဏပစ္စည်းကိုလေ့လာလိုက်လျှင် နောက်ပိုင်းဖြစ်သော အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယစသည် များကို တစ်စုံတရာကျက်မှတ်ရမှုမရှိတဲ့နှင့် အလိုအလျောက်ရနိုင်ပါသည်။ အလွန် အကျိုးများပါသည်။

မျိုးစဉ်အားဖြင့်လေ့လာပြီးသောအခါ ဟေတုစသော ပစ္စည်းတစ်ခုချင်းစီကိုပင် ပဉ္စာဝါရအားဖြင့် လေ့လာပါမည်။ **သရပ်ကြွေ့၊ ဆိပ်ရိုးရပ် ကြံဆ၊ မုန့်မုန့်ရွတ်။**

မျိုးကွဲရှိသော ၁၀ ပစ္စည်း

မျိုးကွဲပစ္စည်း	ဝိသေသန	သန့်ရာ	ပေါင်း
အဓိပတိ	အာရမ္မဏာဓိပတိ	၁	၁၀
	သဟဇာတာဓိပတိ	၁	
နိဿယ	သဟဇာတနိဿယ	၉	၁၃
	ဝတ္ထုပုရေဇာတနိဿယ	၃	
	သဟ.ပုရေ.မိဿက	၂	
ဥပနိဿယ	အာရမ္မဏူပနိဿယ	၁	၉
	အနန္တရူပနိဿယ	၁	
	ပကတူပနိဿယ	၉	
ပုရေဇာတ	အာရမ္မဏပုရေဇာတ်	၃	၃
	ဝတ္ထုပုရေဇာတ်	၃	
ကမ္မ	သဟဇာတာ	၁	၁
	နာနာက္ခဏိကာ	၂	
အာဟာရ	နာမ်အာဟာရ	၁	၁
	ရုပ်အာဟာရ	၁	
ဣန္ဒြိယ	သဟဇာတိန္ဒြိယ	၁	၁
	ဝတ္ထုပုရေဇာတိန္ဒြိယ	၁	
	ရူပဇီဝိတိန္ဒြိယ	၁	
ဈာန	သဟဇာတ်	၃	၅
	ပုရေဇာတ်	၃	
	ပစ္ဆာဇာတ်	၃	
မဂ္ဂင်	သဟဇာတ်	၉	၁၃
	အာပု ဝတ်ပု } ပုရေဇာတ်	၃ ၃	
	ပစ္ဆာဇာတ်	၃	
	အာဟာရ်	၁	
	ဣန္ဒြိယ်	၁	
	သဟဇာတ်-ပုရေဇာတ်	၂	
	ပစ္ဆာဇာတ်-အာဟာရ်	၂	
	ပစ္ဆာဇာတ်-ဣန္ဒြိယ်	၂	
ဖလ	သဟဇာတ်	၉	၁၃
	အာပု ဝတ်ပု } ပုရေဇာတ်	၃ ၃	
	ပစ္ဆာဇာတ်	၃	
	အာဟာရ်	၁	
	ဣန္ဒြိယ်	၁	
	သဟဇာတ်-ပုရေဇာတ်	၂	
	ပစ္ဆာဇာတ်-အာဟာရ်	၂	
	ပစ္ဆာဇာတ်-ဣန္ဒြိယ်	၂	

မျိုးကွဲမရှိသော ၁၄ ပစ္စည်း

စဉ်	ပစ္စည်း	သန့်ရာ
၁။	ဟေတုယာ	သတ္တ
၂။	အာရမ္မဏော	နဝ
၃။	အနန္တရော	သတ္တ
၄။	သမနန္တရော	သတ္တ
၅။	သဟဇာတော	နဝ
၆။	အညမညော	တိဏ်
၇။	ပစ္ဆာဇာတော	တိဏ်
၈။	အာသေဝနော	တိဏ်
၉။	ဝိပါကော	ဧက်
၁၀။	ဈာနော	သတ္တ
၁၁။	မဂ္ဂေ	သတ္တ
၁၂။	သမ္မယုတ္တေ	တိဏ်
၁၃။	နတ္ထိယာ	သတ္တ
၁၄။	ဝိဂတေ	သတ္တ

၄၃၉။(သုဒ္ဓသရ်ာ) ဟေတုယာ သတ္တ၊ အာရမ္မဏော နဝ၊ အဓိပတိယာ ဒသ၊ အနန္တရော သတ္တ၊ သမနန္တရော သတ္တ၊ သဟဇာတော နဝ၊ အညမညော တိဏ်၊ နိဿယေ ဆာရသ၊ ဉာနိဿယေ နဝ၊ ပုရေဇာတော တိဏ်၊ ပစ္ဆာဇာတော တိဏ်၊ အာသေဝနေ တိဏ်၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧက်၊ အာဟာရေ သတ္တ၊ ဣန္ဒြေယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္မယုတ္တေ တိဏ်၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အဝိဂတေ တေရသ။

(၉)မျိုး		မျိုးအလိုက်ပါဝင်သောပစ္စည်းများ	
၁။	အာရမ္မဏ	၈	အာရမ္မဏ, အာမိ, ဝတ္ထာရမ္မဏပုရေဓာတနိဿယ, အာရမ္မဏူပနိ, အာ.ပု, ဝတ္ထာရမ္မဏ.ပု.ပိပွယုတ္တ, အာရမ္မဏပုရေဓာတတ္ထိ, အာ.ပု.အဝိဂတ။ (အာရမ္မဏပုရေဓာတာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဓာတာဓိပတိ၊)
၂။	သဟဇာတ	၁၅	(ငယ်.၇) ဟေ,ဓိ,ကံ,ဟာ, ဣ္ဆာ,စျာ,မဂ်။ (လတ်.၄) ဣ, ဝိ, သမ်, ဝိပ်။ (ကြီး.၄) သဟ, နိ, အတ်, အဝိဂတ။
၃။	အနန္တရူပ	၇	အနံ,သမနန္တရ, အနန္တရူပနိဿယ, အာသေနဝ, အနန္တရကမ္မ, နတ္ထိ, ဝိဂတ။
၄။	ပကတူပ	၂	ပကတူပနိဿယ, နာနာကမ္မ။
၅။	ဝတ္ထုပုရေဓာတ	၆	ဝတ်.ပု.နိ, ဝတ်.ပု, ဝတ်.ပု.တိဋ္ဌိယ, ဝတ်ပုဝိပ်, ဝတ်.ပုရေဓာတတ္ထိ, ဝတ်.ပု.အဝိ။
၆။	ပစ္ဆာဇာတ	၄	ပစ္ဆာ, ပစ္ဆာဇာတဝိပွယုတ္တ, ပစ္ဆာဇာတတ္ထိ, ပစ်.အဝိဂတ။
၇။	ကမ္မ(၎.နာနာက္ခဏိကကမ္မ)	၁	ဇလဝဒုဇ္ဇလနာနာက္ခဏိက ကမ္မ
၈။	ရုပ်အာဟာရ	၃	ရူပအာဟာရ, ရူပအာဟာရတ္ထိ, ရူ.ဟာ.အဝိ။
၉။	ရူပဇီဝိတိန္ဒြိယ	၃	ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယ အဝိဂတ။

(အာ.ပု.ဓိ = အာရမ္မဏပုရေဓာတ်နှင့် အာရမ္မဏာဓိပတိ ပစ္စည်းနှစ်မျိုးတို့၏ ပစ္စည်း, ပစ္စယပွန်တရားများ၊)
(ဝတ္ထာ.ဓိ = ဝတ္ထာရမ္မဏပုရေဓာတ နိဿယနှင့် အာရမ္မဏာဓိပတိ တို့၏ ပစ္စည်း, ပစ္စယပွန်တရားများ၊)

ပဉ္စဝါရ၌ ရုသင့်သောသန်ဿများ

ကုဗဒ (၄)	အကုဗဒ(၄)	ဗျာဗဒ(၃)	ကုဗျာဗဒ(၂)	အကုဗျာဗဒ(၂)
ကု-ကု	အက-အက	ဗျာ-ဗျာ	ကုဗျာ-ကု	အကုဗျာ-အက
ကု-အက	အက-ကု	ဗျာ-ကု	ကုဗျာ-ဗျာ	အကုဗျာ-ဗျာ
ကု-ဗျာ	အက-ဗျာ	ဗျာ-အက		
ကု-ကုဗျာ	အက-အကုဗျာ			

မှတ်ချက်။ ။(အနုလောမ၌) ပစ္စည်းတစ်ခုမှာ သန်ဿ တေရသ(၁၃)ထက်ပို၍ မရနိုင်။

ဦးတင်ဝင်း(ဖိုက်ဦး-သုံးခွ)

သရဏ်ဂုဏ် ပစ္စည်းများ (ဂဏနပရိစ္ဆေဒနည်း)

၁။	သရဏ်ဂုဏ် ဇကံ ထွက်သောပစ္စည်း	ဝိပါက	၁
၂။	သရဏ်ဂုဏ် တီဏိ ထွက်သောပစ္စည်း	အညမညာ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန၊ သမ္ပယုတ္တ	၅
၃။	သရဏ်ဂုဏ် ပဉ္စ ထွက်သောပစ္စည်း	ဝိပ္ပယုတ္တ	၁
၄။	သရဏ်ဂုဏ် သတ္တ ထွက်သောပစ္စည်း	ဟေတု၊ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြေယ၊ ဈာန၊ မဂ္ဂ၊ နတ္ထိ၊ ဝိဂတ	၁၀
၅။	သရဏ်ဂုဏ် နဝ ထွက်သောပစ္စည်း	အာရုံမွေဇာ၊ သဟဇာတ၊ ဥပနိဿယ၊	၃
၆။	သရဏ်ဂုဏ် **ဒသ** ထွက်သောပစ္စည်း	အဓိပတိ	၁
၇။	သရဏ်ဂုဏ် တေရသ ထွက်သောပစ္စည်း	နိဿယ၊ အတ္ထိ၊ အဝိဂတ	၃

ကုသလတိက်

ကုသလတိက်ကို ဟောနေခြင်းဖြစ်သောကြောင့် သုဒ္ဓသရဏ်ဂုဏ်ပါဝင်သောတရားများကို ကုသိုလ်, အကုသိုလ်, အဗျာကတအားဖြင့် ပစ္စည်း, ပစ္စယုပ္ပန်တရားအလိုက်ခွဲခြားယူရပါသည်။

ပဥ္စဝါရဋ္ဌ ပရမတ္ထအစစ်ကို ဟောခြင်းကြောင့် ပညတ်ကိုဇကန်အာရုံပြုသော ရူပါဝစရစိတ်(၁၅), အာကာ(၃), အာကိဉ္စည(၃)ဟုဆိုအပ်သော ပညတ်ဇကန်(၂၁)တို့ မရပါ။ (အဘိညာဉ်ဒွေ ရပါသည်။) (တစ်နည်းကားအကောက်တွင် ကောက်နိုင်၏) **ဆိုရိုး**ဋ္ဌ ပစ္စည်း, ပစ္စယုပ္ပန်တရားတို့တွင် ပစ္စယုပ္ပန်တရားများကို ဦးစွာဖော်၍ ဆိုရပါသည်။ **အရကောက်**ဋ္ဌ ကတ္တားပုဒ်, သမ္ပဒါန်ပုဒ်, ကရိဏ်းပါဠိ၏အရတို့ကို အစဉ်တိုင်းကောက်၏။

အရကောက် စီစစ်ချက်

ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိ
ကုသလော ဓမ္မော	**ကုသလဿ ဓမ္မဿ**	**အာရုံမွေဇာ ပစ္စယေန**
ကတ္တားပုဒ်	သမ္ပဒါန်ပုဒ်	ကရိဏ်းပါဠိ
ကတ္တားပါဠိဖြင့် (X)ပစ္စည်း တရားကို ပြတော်မူ၏။ (X) = အကျယ်ဖွင့်ရန်။	သမ္ပဒါန်ပါဠိဖြင့်(X)ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။	ကရိဏ်းပါဠိဖြင့် (XXX) ပစ္စယသတ္တိတို့တွင် .... သတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကိုပြတော်မူ၏။

သုဒ္ဓသန်္ဂါထုတ်ရန်

* သုဒ္ဓသန်္ဂါများ၌ **'အား'**တိုင်အောင်သော ပထမစကားရပ်ဖြင့် ပစ္စယုပ္ပန်တရားကို ပြ၍ **'တပ်သော'**အစရှိသော ဒုတိယစကားရပ်ဖြင့် ပစ္စည်းတရားကို ပြပါသည်။ (**တပ်သော**=ပစ္စည်း-**ပစ္စယုပ္ပန်**တို့ ယှဉ်တွဲခြင်းကို ပစ္စည်း**တပ်**သည်ဟု ညွှန်း၏။)
* ပစ္စည်းတရားကို ရှေ့မှာထား၍ ပစ္စယုပ္ပန်တရားကို နောက်မှာထားပါသည်။
* ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို ကုသလပဒစသည် ပဒအလိုက် ခွဲ၍ တွဲစပ်ပါသည်။
* ထိုသို့တွဲစပ်၍ အရတရားများကို သန်္ဂါထုတ်ပါသည်။

သဘာဂပစ္စည်း ရှာရန်

* မူ-မူလီပစ္စည်းနှစ်ပါး၏ ပစ္စည်း,ပစ္စယုပ္ပန်တရားများကို တိုက်ဆိုင်ကြည့်ပါသည်။
* မူပစ္စည်း၏ ပစ္စည်း,ပစ္စယုပ္ပန်တရားက မူလီပစ္စည်း၏ ပစ္စည်း,ပစ္စယုပ္ပန်တရားထက် အရေအတွက် နည်းလျှင်သော်လည်းကောင်း၊ လုံးဝ အရတူလျှင်သော်လည်းကောင်း သဘာဂ ထုတ်ပါသည်။

တစ်ပြိုင်နက်, ယထာရဟထုတ်ပုံ

* ဟောဆဲမူပစ္စည်းထက် မူလီပစ္စည်းများက တရားအရသာလွန်လျှင်သော်လည်းကောင်း၊ တူမျှလျှင်သော်လည်းကောင်း၊ "တစ်ပြိုင်နက် တတ်ကောင်းသော"ဟုဆိုပါသည်။
* ဟောဆဲမူပစ္စည်းအောက် မူလီပစ္စည်းများက တရားအရနည်း၍ တစ်စိတ်တစ်ပိုင်းမျှ ရနေလျှင် "ယထာရဟတတ်ကောင်းသော"ဟုဆိုပါသည်။
* အထက်ပါနှစ်မျိုးလုံးရော၍ ပစ္စည်းပြိုင်ပါက "တစ်ပြိုင်နက် ယထာရဟတတ်ကောင်းသော" ဟုဆိုပါသည်။ (**တတ်**သော= (ကရိုဏ်း၌)ကျေးဇူးပြုတတ်သော..။ ဖြစ်စေ,တည့်စေ)

မျိုးအားလျော်စွာ ပဋ္ဌာန်းပစ္စည်းများကိုလေ့လာမည်ဖြစ်သောကြောင့် စွမ်းအင်သတ္တိ (၂၄)ပါးကို သဘောတူရာအုပ်စုပြု၍ (အခန်းအနေအားဖြင့်) လေ့လာပါမည်။

၁။ အာရမ္မဏမျိုး = အာရုံသတ္တိ = ၈ မျိုး
၂။ သဟဇာတမျိုး = သဟဇာတသတ္တိ = ၁၅ မျိုး
၃။ အညမညမျိုး = အကြားမဲ့သတ္တိ = ၇ မျိုး
၄။ ပကတူပမျိုး = ပင်ကိုယ်မှီရာသတ္တိ = ၂ မျိုး
၅။ ဝတ္ထုပုရေဇာတမျိုး = ရှေးက မှီရာသတ္တိ = ၆ မျိုး
၆။ ပစ္ဆာဇာတမျိုး = နောက်ကဖြစ်သောသတ္တိ = ၄ မျိုး
၇။ ဗလဝ,ဒုဗ္ဗလနာနာကမ္မမျိုး = အတိတ်စေတနာကံသတ္တိ = ၁ မျိုး
၈။ ရူပအာဟာရမျိုး = ရုပ်အာဟာရသတ္တိ = ၃ မျိုး
၉။ ရူပဇီဝိတိန္ဒြိယမျိုး = ရုပ်ဇီဝိတိန္ဒြိယသတ္တိ = ၃ မျိုး တို့ဖြစ်၏။

အခန်း(၁)

၁။ အာရမ္မဏာမိုး

အာရမ္မဏာသည် အာရုံတရား ဖြစ်ပါသည်။ အာရုံ၏အစွမ်း, အာရုံ၏အဖြစ်ဖြင့် အာရမ္မဏိကတရားများကို ကျေးဇူးပြုတတ်သောတရားသည် အာရမ္မဏာပစ္စည်း ဖြစ်၏။ အာရုံ ၆ ပါး(ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ)၊ အကျဉ်း စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန် အာရုံသည် စိတ်,စေတသိက်တို့၏ မွေ့လျော်ရာဖြစ်၏။ စိတ်သည် တစ်မိနစ်, တစ်စက္ကန့်မျှပင် အာရုံနှင့်ကင်းလျှက် မဖြစ်နိုင်ပါ။ အိပ်ပျော်နေစဉ် ဘဝင်ကျနေလျှင်လည်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၏။

အာရမ္မဏာ = စွဲကိုင်အပ်သော အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

အားနည်းသောယောက်ျားသည် တောင်ဝှေး၊ ကြိုးတန်းတို့ကို ဆွဲကိုင်၍သာ ထနိုင်, ရုပ်နိုင်သကဲ့သို့ အာရမ္မဏိက စိတ်၊ စေတသိက်တို့က ဆွဲကိုင်၍သာဖြစ်ရသော အာရုံတရားတို့သည် အာရမ္မဏာပစ္စည်း မည်၏။

အာရမ္မဏာသတ္တိ= သီးပွင့်ယှက်ရုံ မျိုးပေါင်းစုံသော ဥယျာဉ်သည် လူသားတို့၏ အကြိုက် နှစ်ခြိုက်ဖွယ်ရာ ဖြစ်၏။ မွေ့လျော်ဖွယ်ကို ဆောင်၏။ ထိုနည်းတူစွာ ရူပါရုံစသော အာရုံ(၆)ပါးတရားတို့သည်လည်း စိတ်,စေတသိက်တို့၏ နှစ်ခြိုက်ဖွယ်ရာ ဖြစ်၏။ အာရုံနှင့်ကင်းကွာ၍ဖြစ်နိုင်သော စိတ်,စေတသိက်ဟူ၍ မရှိ။ စိတ်,စေတသိက်သာမှန်ပါက အာရုံတစ်ခုခုကို အာရုံပြု၍ ဖြစ်ကြရပါသည်။

ယင်းသို့ စိတ်,စေတသိက်တို့က မခွဲနိုင်မခွာရက်လောက်အောင် မွေ့လျော်ဖွယ်ကိုဆောင်သော သတ္တိထူးသည် "အာရမ္မဏ သတ္တိ"မည်၏။

(ကောင်းသော အာရုံ၊ မြို့တွေ့ကြုံ၊ အစဉ်ဆုံစည်းရုပါစေသော်။)

အာရမ္မဏာမျိုး ၈ ပစ္စည်း (ပစ္စယုပ္ပန်=သမ္မဒါန်ဦ အာရုံပြုတတ်သော နာမ်သာရှိ။)

၁။ အာရမ္မဏ = အာရမ္မဏ
၂။ အဓိပတိ = အာရမ္မဏာဓိပတိ
၃။ နိဿယ = ဝတ္ထာရမ္မဏပုရေဇာတနိဿယ(ဝတ္ထာ)
၄။ ဥပနိဿယ = အာရမ္မဏူပနိဿယ
၅။ ပုရေဇာတ = အာရမ္မဏပုရေဇာတ
၆။ ဝိပ္ပယုတ္တ = ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၇။ အတ္ထိ = အာရမ္မဏပုရေဇာတတ္ထိ
၈။ အဝိဂတ = အာရမ္မဏပုရေဇာတ အဝိဂတ

ဤ(၈)မျိုးတို့သည် အာရုံသတ္တိနှင့် သဘောတူရာ ဖြစ်နိုင်ခွင့် ရှိပါသည်။

အာ-အဓိ-နိသ်၊ ဥ-ပ-ဝိပ်၊ နောကိ်ပိတ် အတ်-အဝိ၊ အာရမ္မဏပစ္စယ ၍စ်ဝရစေဘိ။

အာရမ္မဏ ၈ မျိုး အနုလုံ သုဒ္ဓသရိုးဇယား

↓ အားတပ်သော ←

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သရုံး	ပစ္စည်းရေ
၁	အာရမ္မဏ	စိတ် ၈၉၊ စေ ၅၁၊ ရုပ် ၂၈၊ နိဗ္ဗာန်၊	ကာမ ၅၄၊ ဝိညာ ၃၊ နေဝ ၃၊ အဘိ ၂၊ ကုတ် ၈၊	၉	၁
၂	အာဓိ(အဓိပတိ) အာရမ္မဏ္ဏ (ဥပနိဿယ)	အလေးအမြတ်ပြု**အပ်**သော ကုသ ဖြစ်သော နိဗ္ဗုန္နရုပ် ၁၈၊ ဒေါ ၂၊ မော ၂၊ ဒုက္ခ.ကာဝိညာဉ်ကြဉ် ၈၄၊ ဒေါစတုက်,ဝိစိကြဉ်စေ ၄၇၊ နိဗ္ဗာန်၊	အလေးအမြတ်ပြု**တတ်**သော လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိုသ် ၄၊ ကုတ် ၈၊ **8848**	၇	၃
၃	**အာပု** အတ္ထိ, အဝိ	ပစ္စုပ္ပန် နိဗ္ဗုန္နရုပ် ၁၈၊	ကာမ ၅၄၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအာဘိညာဉ်၊	၃	၄
၄	**ဝတ္ထာပုနိ** ဝတ္ထာပု,ဝိပ် အတ္ထိ, အဝိ	စုတိစိတ်မှပြန်၍ရသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု	မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊	၃	၆ (ဓိဉ X)
၅	အာပုဓိ	အလေးအမြတ်ပြုအပ်သော ကုသ ဖြစ်သော နိဗ္ဗုန္နရုပ် ၁၈၊	အလေးအမြတ်ပြုတတ်သော လော ၈၊	၁	၆ (နိဝိဝ် X)
၆	ဝတ္ထာဓိ	အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်ရသော် ၁၇ စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု	အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅ ချက်၊	၁	၈

၁။ အာရမ္မဏ

သုဒ္ဓသရိုးဆိုရိုး။ ။ အာရမ္မဏ ပစ္စည်း၏ သုဒ္ဓသရိုးဝါရ၌ "ကာမစိတ် စတုပညာသ၊ ဝိညာနဉ္စာယတနစိတ် ၃ ခု၊ နေဝသညာနာသညာယတနစိတ် ၃ ခု၊ အဘိညာဉ်ဒွေ၊ လောကုတ္တရာစိတ် ၈ ခု **အားတပ်သော** စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်" ဤတရားတို့သည် အာရမ္မဏ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နယသို့လိုက်၍လည်းကောင်း၊ ဝါရသို့လိုက်၍လည်းကောင်း၊ တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း၊ ကတ္တားသမ္မဒါန် နေဟန်သို့လိုက်၍လည်းကောင်း **အာရမ္မဏော-"နဝ"**ဟု သရုံးတတ်၍ ဟောအပ်ကုန်၏။

နဝဟူသော်ကား-

ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊
အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊
အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊
ဟူသည်တည်း။ ။ **ပစ္စည်းရေ ၁** ဟူသည်ကား အာရမ္မဏ တည်း။
(ကြွင်းသော ပစ္စည်းများ၏ သုဒ္ဓသင်္ခါများကိုလည်း နည်းတူဆိုရန်၊)

အာရမ္မဏော – "နဝ" (သင်္ခါ အရကောက် စီစစ်ပုံ)

ပစ္စည်း၊ ပစ္စယုပ္ပန်များကို သရုပ်ခွဲယူရပါသည်။ ပဥ္စဝါရ၌ ပရမတ္ထတရား အစစ် (စိတ်,စေ,ရုပ်,နိဗ္ဗာန်)ကို ဟောပါသည်။ ဤတွင် အာရုံပြုတတ်သောတရားသည် စိတ်, စေတသိက် ဖြစ်ပါသည်။ ရုပ်တရားသည် အာရုံမပြုတတ်။ နိဗ္ဗာန်သည် အသင်္ခတ, အပွစ္စယတရားဖြစ်သောကြောင့် မိမိသည်သာ အာရုံအနေမျိုးဖြစ်ပြီး၊ မည်သည့်တရားကိုမျှ နိဗ္ဗာန်က အာရုံမပြုပါ။ (ပဥ္စဝါရ၌ ပညတ်ကို မဟော။)

ပဥ္စဝါရ၌ ပရမတ္ထအစစ်ကို ဟောခြင်းကြောင့် **ပညတ်ကို ဧကန်အာရုံပြု**သော ရူပါဝစရစိတ်(၁၅), အာကာ(၃), အာကိဉ္စည(၃)ဟုဆိုအပ်သော ပညတ်ဧကန်(၂၁)တို့ မရုပါ။ (အဘိညာဉ်ဒွေ ရပါသည်။) (တစ်နည်းကားအကောက်တွင် ကောက်နိုင်၏)

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သင်္ခါ	ပစ္စည်းရေ
၁	အာရမ္မဏ	စိတ် ၈၉၊ စေ ၅၁၊ ရုပ် ၂၈၊ နိဗ္ဗာန်၊	ကာမ ၅၄၊ ဝိညာ ၃၊ နေဝ ၃၊ အဘိ ၂၊ ကုတ် ၈၊	၉	၁

၁။ (**ကု–ကု**) ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။
ပစ္စည်းတရား စိတ် ၈၉ တွင် *အရဟာတ္တမဂ်ကြဉ် ကုသိုလ်စိတ်ဝိသ၊ စေတသိက် အင္ဂတိံသ ရပါသည်။ သမ္မဒါန်ဘက်မှ ကာမစိတ် ၅၄ တွင် ကာမကုသိုလ် ၈, ဝိညာတွင် ဝိညာကု, နေဝတွင်နေဝကု, အဘိညာဉ်တွင် ကုဘိံ(၅), ဝိရတီ,အပွ ကြဉ်စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်တရား ရပါသည်။
(*အရဟာတ္တမဂ်ကြဉ် အာရမ္မဏိက-ပစ္စယုပ္ပန်-လောကီကုများက အာရုံ–အရ.မဂ်ကုကို အာရုံမပြုနိုင်၍ ကြဉ်ရပါသည်။ ထို အရ.မဂ်ကို မဟာကြီကသာ အာရုံပြု။ ကု-ဗျာမှာ ✓)
(သမ္မဒါန်၌– ဒိဗ္ဗစက္ခု,သော–ကုဘိံတို့သည် ဗျာ(ရူပါရုံ,သဒ္ဒါရုံ)ကို၊ ဝိရတီသည် ဝိတိက္ကမိတဗ္ဗကို၊ အပွသည် သတ္တဝါပညတ်ကို၊ မဂ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ကြဉ်။)
ကု–ကုတွင် မိမိကလည်း ကုဖြစ်ရ၊ ကုကိုအာရုံပြုနိုင်သောတရားလည်းဖြစ်ရ။

၂။ (**ကု–အကု**) ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္စည်းတရား၌ လောကီကုသိုလ် သတ္တရသ၊ စေတသိက် အဋ္ဌတိံသ ရပါသည်။ ပစ္စယုပ္ပန်ဘက်မှ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရပါသည်။

၃။ (**ကု–ဗျာ**) ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္စည်းတရား၌ ကုသိုလ်စိတ် ၈ကဝီသ၊ စေတသိက် အဋ္ဌတိံသ ရပါသည်။ ပစ္စယုပ္ပန်(သမ္မဒါန်)ဘက်မှ တဒါရုံ ၈ကာဒသ၊ ပဋ္ဌဒွါရာဝဇ္ဇန်းကြဉ် ကာမကြိယာ ၁၀ ခု၊ ဝိညာဏဉ္စာယတနဝိပါက်,ကြိယာ၊ နေဝသညာနာသညာယတနဝိပါက်,ကြိယာ၊ စတော, ပုဗ္ဗေ,ယထာ,အနာ ကြိယာအဘိညာဉ်၊ ဝိရတီ,အပ္ပ ကြဉ်စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်တရား ရပါသည်။

(ပစ္စယုပ္ပန်ဘက်–အဗျာကတများတွင် ဒွေပဉ္စဝိညာဉ် ၁၀ နှင့် မနောဓာတ် ၃ ခုသည် ရုပ်တွေကိုသာအာရုံပြု၊ *ပဋ္ဌဒွါရာဝဇ္ဇန်းသည် မနောဓာတ်ဖြစ်၍ ရုပ်ကိုသာအာရုံပြု* **အဘိညာဉ်(၇)**မျိုး၌ ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတသည် ရုပ်အာရုံ၊ ဣဒ္ဓိဝိဓသည် ကြိဘိံ ဖြစ်သော်လည်း ပစ္စည်းတရားက ကုသိုလ်ဖြစ်၍ မရ။)

ကုသလပဒ ၃ ခု ကရိဏ်း –

အာရုံအကြောင်းက အကျိုးဖြစ်သော အာရမ္မဏိကတရားကို ကျေးဇူးပြုသောအခါ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယဟူ၍ ပစ္စည်းရေ ၃ ခုရပါသည်။ ဤပစ္စည်းရေ ၃ တွင် အာရမ္မဏက တစ်ပြိုင်နက်ရ၍၊ အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယသည် ပစ္စည်း,ပစ္စယုပ္ပန် အပြည့်အစုံမရသဖြင့် ယထာရဟ ဝင်ပါသည်။ အာရမ္မဏပစ္စည်းကို ဟောနေခြင်းဖြစ်သောကြောင့် **"အာရမ္မဏသတ္တိ"**ရ၏ဟု သတ္တိဝိသေသရုပ်ကို ထုတ်ဖော်၍ ဆိုရပါသည်။ (ပစ္စည်း၌နာမ်ရှိသောကြောင့် ဤသုံးပစ္စည်း ရပါသည်။)

၄။ (**အကု–အကု**) အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္စည်းတရားကလည်း အကုသိုလ်၊ ပစ္စယုပ္ပန်တရားကလည်း အကုသိုလ်ဖြစ်သဖြင့် အကုသိုလ်စိတ် အပြည့်အစုံ ရကြပါသည်။

(**ကရိဏ်း**တွင် **အာရမ္မဏ**၊ အဓိပတိ၊ ဥပနိဿယ၊ ဤသုံးပစ္စည်း ရပါသည်။)

၅။ (**အကု–ကု**) အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္စည်းတရားက အကုသိုလ် ၁၂၊ စေတသိက် ၂၇၊ ရပါသည်။ ပစ္စယုပ္ပန်(သမ္မဒါန်) ဘက်မှ မဟာကုသိုလ် စိတ် ၈ ခု၊ စတော,ပုဗ္ဗေ,ယထာ,အနာ ကုသိုလ်အဘိညာဉ်၊ အပ္ပကြဉ်စေ ဆတ္တိံသ ပစ္စယုပ္ပန်တရား ရပါသည်။

(ဝိညာ,နေဝတို့သည်အကုသိုလ်ကို အာရုံမပြုနိုင်=မဟဂ္ဂုတ်ဖကန်။
ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတသည် ရုပ်အာရုံ၊ ကွဒ္ဒိဝိဓနှင့်လည်း မဆိုင်။)
ကရိဏ်းတွင် အကုသိုလ်ကို ကုသိုလ်ကအာရုံပြုသောအခါ အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ မရပါ။ အဘယ်ကြောင့်ဆိုသော် အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယတို့သည် အလေးအမြတ် အာရုံပြုရပါသည်။ မိမိတို့သန္တာန်မှာဖြစ်နေသောမဟာကုသိုလ်စိတ် ၈ ခုသည် မိမိပြုခဲ့ပြီးသော အကုသိုလ်ကို အလေးအမြတ် အာရုံမပြုနိုင်၍ မရတော့ပါ။ အာရမ္မဏပစ္စည်း တစ်ခု**သာ**ရပါသည်။

၆။ (**အကု–ဗျာ**) အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။
ပစ္စည်းတရားက အကုသိုလ် ရပါသည်။ သမ္မဒါန်တွင် ပစ္စည်း အကုသိုလ်ဖြစ်နေသောကြောင့် ဝိညာ,နေဝတွေ မရတော့ပါ။ ကာမဆိုင်ရာ တဒါရုံ ၈ကာဒသနှင့် ပဉ္စဒ္ဒါရာဝဇ္ဇန်းကြဉ် ကာမကြိယာ ၁၀ ပါး ရပါသည်။ စေတော,ပုဗ္ဗေ,ယထာ,အနာကြိယာအဘိညာဉ်၊ တီ,အပွကြဉ်စေ တေတို့သ ပစ္စယုပ္ပန်တရား ရပါသည်။
ကရိဏ်းတွင် အကုသိုလ်,တဒါရုံစသည်တို့သည် အာရမ္မဏာဓိပတိ၏ပစ္စယုပ္ပန်တွင် မရှိ။ အာရမ္မဏာဓိပတိ မရ၍ အာရမ္မဏူလည်း မရ။
ထို့ကြောင့် အာရမ္မဏ**သာ** ရပါသည်။

၇။ (**ဗျာ–ဗျာ**) အဗျာကတဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။
ပစ္စည်းတရားက အဗျာကတမည်သော ဝိပါက်စိတ် ဆတို့သ၊ ကြိယာစိတ် ဝိသ၊ စေတသိက် အဌတိသ၊ ရုပ် အဌဝိသ၊ နိဗ္ဗာန် အကုန်ရပါသည်။ သမ္မဒါန်ဘက်တွင် ကာမစိတ် ၅၄ မှ ကာမဝိပါက် တေဝိသ၊ ကာမကြိယာ ၈ကာဒသ၊ ဝိညာဏ္စာယတနကြိယာ၊ နေဝသညာနာသညာယတနကြိယာ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ကွဒ္ဒိဝိဓ, စေတော, ပုဗ္ဗေ, အနာ ကြိယာအဘိညာဉ်၊ ဖိုလ်စိတ် ၄ ပါး၊ အပွကြဉ်စေတသိက် ဆတို့သ ပစ္စယုပ္ပန်တရား ရပါသည်။
(ဝိညာနှင့် နေဝတို့သည် ဆိုင်ရာ အာကာ, အာကိ သို့ကိုအာရုံပြုနိုင်။ ပစ္စည်းဘက်က ရုပ်ရှိလာသဖြင့် ဒိဗ္ဗစက္ခု,သောတ ရလာပါသည်။ **ယထာကမ္မူပဂအဘိညာဉ်**သည် အတိတ်ဖြစ်သော လောကီကုသိုလ်,အကုသိုလ်ကိုသာ အာရုံပြုသောကြောင့် **ဗျာ–ဗျာ**တွင် မဟောပါ။ ဖိုလ်စိတ် ၄ ပါးသည် ပစ္စည်းဘက်မှ နိဗ္ဗာန်ကို အာရုံပြုပါသည်။)
ကရိဏ်းတွင် အာရမ္မဏ(၈)မျိုးနှင့် အကုန်လုံးဆိုင်ပါသည်။ အာရမ္မဏပစ္စည်းသည် တစ်ပြိုင်နက်၊ ကြွင်း ၇ ပစ္စည်းသည် ယထာရဟ ဖြစ်ပါသည်။

၈။ (**ဗျာ–ကု**) အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။
ပစ္စည်းတရားတွင် **အရဟတ္တဖိုလ်ကိုကြဉ်**ရပါသည်။ အရဟတ္တဖိုလ်ကြဉ် ဝိပါက်စိတ် ပဉ္စတိသ၊ ကြိယာစိတ် ဝိသ၊ စေတသိက် အဌတိသ၊ ရုပ် အဌဝိသ၊ နိဗ္ဗာန် ရပါသည်။

သမ္မဒါန်ဘက်တွင် ကာမ ၅၄ မှ မဟာကုသိုလ်စိတ် ၈ ခုရပါသည်။ **ဝိညာ,နေဝ**တွေ့ မရတော့ပါ။ ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ,ဣဒ္ဓိဝိဓ, စေတော, ပုဗ္ဗေ, အနာ ကုသိုလ်အဘိညာဉ်၊ မဂ်စိတ် ၄ ပါး၊ အပွဂြိဉ်စေတသိက် ဆတ္တိံသ ပစ္စယုပ္ပန်တရား ရပါသည်။

အရဟတ္တဖိုလ်ကိုကြဉ်= ပစ္စယုပ္ပန်က ကုသိုလ် ဖြစ်နေ၍၊ သေက္ခ/ပုထုဇဉ်တို့၏ သန္တာန်မှာဖြစ်သော မဟာကုသိုလ်စိတ် ၈ ခုသည် အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို အာရုံ မပြုနိုင်ပါ။ (မရဘူး/မရောက်ဘူးသေးသောကြောင့်)

ပစ္စယုပ္ပန်ဘက်မှ**ဝိညာ,နေဝ**များတွင် ကုသိုလ်ကိုသာကောက်ရမည်ဖြစ်၍ ၎င်းတို့က အာရုံကြိယာ(အဗျာကတ)ကို အာရုံမပြုနိုင်။ ပစ္စည်းကုသိုလ်မဟုတ်၍ ယထာ မရပါ။ မဂ်စိတ် ၄ ပါးသည် ပစ္စည်းဘက်မှ နိဗ္ဗာန်ကို အာရုံပြုပါသည်။

ကရီဏ်းတွင် အာရမ္မဏ(၈)မျိုးနှင့် အကုန်လုံးဆိုင်ပါသည်။ အာရမ္မဏပစ္စည်းသည် တစ်ပြိုင်နက်၊ ကြွင်း ၇ ပစ္စည်းသည် ယထာရဟ ဖြစ်ပါသည်။

၉။ (**ဗျာ–အကု**) အဗျာကတမ္မသည် အကုသိုလ်မမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္စည်းတရားတွင် (ပစ္စယုပ္ပန် အကုဖြစ်၍) လောကီဆိုင်ရာ အဗျာကတများသာ ကောက်ရပါမည်။ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာ ဝီသ၊ စေတသိက် ပဉ္စတိံသ၊ ရုပ် အဋ္ဌဝီသ တရားရု၏။ သမ္မဒါန်ဘက်တွင် အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရပါသည်။

ကရီဏ်းတွင် အာရမ္မဏ(၈)မျိုးနှင့် အကုန်လုံးဆိုင်ပါသည်။ အာရမ္မဏပစ္စည်းသည် တစ်ပြိုင်နက်၊ ကြွင်း ၇ ပစ္စည်းသည် ယထာရဟ ဖြစ်ပါသည်။

အာရမ္မဏ သင်္ချာ(၉)ချက်အရကောက် စီစစ်ပြီးလျှင် ဆိုရိုးဆိုရန်ဖြစ်ပါသည်။ ဆိုရိုးအား (**ကုပဒ–၃**)အတွက်သာ နမူနာဆိုပြ၍ ကြွင်းသင်္ချာများကို နည်းမှီ၍ ဆိုရန်ဖြစ်ပါသည်။

❁ ဆိုရိုးနှင့် အရကောက် မှတ်ရန် ❁

* **ဝိဓိ, အနုဝါဒ** = အကောက်ဆိုရိုးဌ ဝိဓိပါဠိတော်ပါဌ်, အနုဝါဒပါဠိတော်ပါဌ်ဟု ဆိုရာဌ် က-က စသော ကတ္တား,သမ္မဒါန်ပါဌ်တို့သည် 'ဝိဓိ' မည်၏။ 'ဒါနံ ဒတ္တာ'စသောပါဌ်သည် 'အနုဝါဒ'ပါဠိတည်း။

* **ပဒ, ပဒါဝသာန** = က-က စသည်တို့ဌ် ပထမ 'က'သည် 'ပဒ' မည်၏။ ဒုတိယ 'က'သည် 'ပဒါဝသာန' မည်၏။

* ပစ္စည်း, အကြောင်း, အာရုံ, **ကတ္တား** = ပထမ က အရ။

* ပစ္စယုပ္ပန်, အကျိုး, အာရမ္မဏိက, **သမ္မဒါန်** = ဒုတိယ က အရ။

အာရမ္မဏာ သရုပ်ခွဲ

၁။	ကုသလဝဒ(၃)ချုပ်	ကု	ကု	ကတ္တား:	**အရဟတ္တမဂ်ကြဉ်** ကု ၂၀၊ စေ ၃၈၊ **တပ်သော**
				သမ္မဒါန်:	မဟာကု ၈၊ ဝိညာကု၊ နေဝကု၊ ဣ,စေ,ပု, ယထာ,အနာ ကုတိ် ဝိရတိ,အပ္ပဏြဉ် စေ ၃၃၊ (ရှေ. ၂×) **အား:**
				ကရိယာ:	**အာရမ္မဏ**၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၂။		ကု	အက	ကတ္တား:	ကိဳကု ၁၇၊ စေ ၃၈၊
				သမ္မဒါန်:	အကု ၁၂၊ စေ ၂၇၊
				ကရိယာ:	**အာရမ္မဏ**၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၃။		ကု	ဗျာ	ကတ္တား:	ကု ၂၁၊ စေ ၃၈၊
				သမ္မဒါန်:	ရုံ ၁၁၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းကြဉ် ကာမကြိ် ၁၀၊ ဝိညာ.ဝိကြိ်၊ နေဝ.ဝိကြိ်၊ စေတော,ပုဗ္ဗေ,ယထာ,အနာ ကြိဘိ်၊ တိ,အပ္ပဏြဉ်စေ ၃၃၊ (ရှေ. ၃×)
				ကရိယာ:	**အာရမ္မဏ**၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၄။	အဗျာကတဝဒ(၃)ချုပ်	အက	အက	ကတ္တား:	အကု ၁၂၊ စေ ၂၇၊
				သမ္မဒါန်:	အကု ၁၂၊ စေ ၂၇၊
				ကရိယာ:	**အာရမ္မဏ**၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၅။		အက	ကု	ကတ္တား:	အကု ၁၂၊ စေ ၂၇၊ (ရှေ. ၃×)
				သမ္မဒါန်:	မဟာကု ၈၊ စေတော,ပုဗ္ဗေ,ယထာ,အနာ ကုဘိ်၊ အပ္ပဏြဉ် စေ ၃၆၊
				ကရိယာ:	**အာရမ္မဏ**၊ ၁
၆။		အက	ဗျာ	ကတ္တား:	အကု ၁၂၊ စေ ၂၇၊
				သမ္မဒါန်:	ရုံ ၁၁၊ ပဋ္ဌဒ္ဓါကြဉ်ကာမကြိ် ၁၀၊ စေတော,ပုဗ္ဗေ,ယထာ,အနာ ကြိဘိ်၊တိ,အပ္ပဏြဉ်စေ ၃၃၊ (ရှေ. ၃×)
				ကရိယာ:	**အာရမ္မဏ**၊ ၁
၇။	အဗျာကတဝဒ(၃)ချုပ်	ဗျာ	ဗျာ	ကတ္တား:	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
				သမ္မဒါန်:	ကာမဝိ ၂၃၊ ကာမကြိ် ၁၁၊ ဝိညာကြိ်၊ နေဝကြိ်၊ ဒိဗ္ဗစက္ခု,သော ဣ,စေ,ပုဗ္ဗေ,,အနာ ကြိဘိ်၊ ဖိုလ် ၄၊ အပ္ပဏြဉ်စေ ၃၆၊ ⬇(ယထာ×)
				ကရိယာ:	**အာရမ္မဏ**၊ အဓိ၊ နိဿယ၊ ဥပ၊ ပု၊ ဝိပ်၊ အတ်၊ အဝိဂတ၊ ၈
၈။		ဗျာ	က	ကတ္တား:	အရ,ဖိုလ်ကြဉ် ဝိ ၃၅၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
				သမ္မဒါန်:	မဟာကု ၈၊ ဒိဗ္ဗစက္ခု,သော,ဣ,စေ,ပုဗ္ဗေ,,အနာ ကုဘိ်၊ မဂ်၄၊ စေ ၃၆၊
				ကရိယာ:	**အာရမ္မဏ**၊ အဓိ၊ နိဿယ၊ ဥပ၊ ပု၊ ဝိပ်၊ အတ်၊ အဝိဂတ၊ ၈
၉။		ဗျာ	အက	ကတ္တား:	လောကီဝိပါက် ၃၂၊ ကြိယာ ၂၀၊ စေ ၃၅၊ ရုပ် ၂၈၊
				သမ္မဒါန်:	အကု ၁၂၊ စေ ၂၇၊
				ကရိယာ:	**အာရမ္မဏ**၊ အဓိ၊ နိဿယ၊ ဥပ၊ ပု၊ ဝိပ်၊ အတ်၊ အဝိဂတ၊ ၈

အာရမ္မဏပစ္စည်း ကုသလပဒ(၃)ခု အရကောက်ဆိုရိုး

၁။ **ကုသလော ကုသလသဿ** ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် ဝီသ၊ စေတသိက် အဌတိံသ ပစ္စည်းတရား ရ၏။ ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား- မဟာကုသိုလ်စိတ် ၈ ခု၊ ဝိညာဏဉ္စာယတနကုသိုလ်၊ နေဝသညာနာသညာယတနကုသိုလ်၊ ဣဒ္ဓိဝိဓ,စေတော, ပုဗ္ဗေနိဝါသာနုဿတိ,ယထာကမ္မုပဂ,အနာဂတံသ ကုသိုလ်အဘိညာဉ်၊ ဝိရတိ, အပ္ပမညာကြဉ်စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်တရား ရပါသည်။
အာရမ္မဏပစ္စယေနဟူသော **ကရိဏ်းပါဠိ**၏အရကား- တစ်ပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံး ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

၂။ **ကုသလော အကုသလသဿ** ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- လောကီကုသိုလ်စိတ် သတ္တရသ၊ စေတသိက် အဌတိံသ ပစ္စည်းတရား ရ၏။ အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား- အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရပါသည်။
အာရမ္မဏပစ္စယေနဟူသော **ကရိဏ်းပါဠိ**၏အရကား- တစ်ပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံး ပစ္စယ သတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

၃။ **ကုသလော အဗျာကတဿ** ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- ကုသိုလ်စိတ် ဇကဝီသ၊ စေတသိက် အဌတိံသ ပစ္စည်းတရား ရ၏။ အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား- တဒါရုံ ဇောဒသ၊ ပဋ္ဌာနဂါရဝဓုနိုးကြဉ် ကာမကြိယာ ၁၀ ခု၊ ဝိညာဏဉ္စာယတနဝိပါက်,ကြိယာ၊ နေဝသညာ-နာသညာယတနဝိပါက်,ကြိယာ၊ စေတော, ပုဗ္ဗေ,ယထာ,အနာ ကြိယာအဘိညာဉ်၊ ဝိရတီ,အပ္ပ ကြဉ်စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်တရား ရပါသည်။
အာရမ္မဏပစ္စယေနဟူသော **ကရိဏ်းပါဠိ**၏အရကား- တစ်ပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံး ပစ္စယ သတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* ကြွင်းသောသင်္ခါရများ၏ အရကောက်ဆိုရိုးများကို ဤနည်းမှီ၍ ဆိုနိုင်ပါသည်။
* အာရမ္မဏ သင်္ခါရ(၉)ချက်အား ရှင်းလင်းတင်ပြပြီးနောက် ပဥ္စာဝါရ-အာရမ္မဏမျိုး အာရမ္မဏပစ္စည်းကို **ပါဠိတော်+အရကောက်+အဓိပ္ပါယ်**တို့ကို စီစဉ်တင်ပြပါမည်။

အာရမ္မဏာပစ္စည်း ၁။ (က္-က္) (ပါဠိတော်၊ တရား၊ အနက်)

၄၀၄။ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** (ပဋိပါဠိ)
ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

၁။	က္	က္	ကတ္တား:	**အရဟတ္တမဂ်ကြဉ်** က္ ၂၀၊ စေ ၃၈၊ **တပ်သော**
			သမ္မဒါန်:	မဟာက္ ၈၊ ဝိညာက္၊ နေဝက္၊ က္က,စေ,ပု, ယထာ,အနာ ကုဘိ ဝိရတိ,အပ္ပကြဉ် စေ ၃၃၊ (ရှေ. ၂ x) **အား**
			ကရိဏ်:	**အာရမ္မဏာ**၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(က္)	ကတ္တား	အာရုံ	အာရမ္မဏိက **သမ္မဒါန်** (က္)
၁။	**ဒါနံ ဒတ္တာ, သီလံ သမာဒိယိတ္တာ, ဥပေါသထကမ္မံ ကတ္တာ တံ** ဒါန်-လှူအပ်သော ဒါနဝတ္ထုကို ဒတ္တာ-စွန့်၍၊ သီလံ-ပဉ္စင်္ဂ်, ဒသင်္ဂ်သီလစသည်တို့အစွမ်းအားဖြစ်သော နိစ္စသီလကို သမာဒိယိတ္တာ-ဆောက်တည်၍၊ ဥပေါသထကမ္မံ- အဋ္ဌင်္ဂုပသ်ကို ကတ္တာ-ဆောက်ပြီး၍ တံ- ထို ဒါန,သီလ,ဥပုသ် **ကာမာဝစရကုသိုလ်**			**ပစ္စယေက္ခတိ။** ဆင်ခြင်သော (ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော) **ကာမာဝစရကုသိုလ်** ကာမကုစော နဒ၊ မ -၈ ၈၈၈၈၈ ၈ ရုံရုံ
၂။	**ပုဗ္ဗေ သုစိဏ္ဏာနိ** ပုဗ္ဗေ-ရှေးဦး သုစိဏ္ဏာနိ-ကောင်းစွာအလေ့အကျက်ပြုအပ်ပြီး ကုန်သော ဒါန,သီလ,ဥပေါသထစေတနာပြဋ္ဌာန်းသော **ကာမာဝစရကုသိုလ်**			**ပစ္စယေက္ခတိ။** ဆင်ခြင်သော **ကာမာဝစရကုသိုလ်**
၃။	**စျာနာ ဝုဋ္ဌဟိတ္တာ စျာနံ** စျာနာ-စျာန်မှ ဝုဋ္ဌဟိတ္တာ-ထ၍၊ စျာနံ-စျာန်ကို နဒ၊မ ပ ဥ နု ဂေါ စျာန်အကြိမ်များစွာ..ဘွင် **မဟဂ္ဂုတ်ကုသိုလ်စျာန် ၉ ပါး**			**ပစ္စယေက္ခတိ။** ဆင်ခြင်သော (မြတ်မြတ်ရသောစျာန်ကိုဆင်ခြင်) **ကာမာဝစရကုသိုလ်**
၄။	**သေက္ခာ ဂေါတြဘုံ** သေက္ခာ-ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည်၊ ဂေါတြဘုံ-သောတာပတ္တိ မဂ်၏ ရှေ့, ဂေါတြဘူကို သောတာပတ္တိမဂ်ရှေ့, ဂေါတြဘူကိုစွဲတပ်သော **မဟာကုသိုလ် ပထမဒွေ, တတိယဒွေ၊** နဒ၊ မ ပ ဥ နု **ဂေါ** မဂ် ဖိုလ် ဖိုလ် ဘွင် သခ်ါရအာရုံ ⇐⇒ နိဗ္ဗာန်အာရုံ (သောမဂ်ဝိထိ)			**ပစ္စယေက္ခန်္တိ။** သောတာပန်သကၠာန်ဦးဖြစ်သော ဆင်ခြင်သော **ကာမာဝစရကုသိုလ်**

စဉ်	ပစ္စည်း(ကု) ကတ္တား အာရုံ	အာရမ္မဏိကသမ္ပယုဒါန် (ကု)
၅။	**ဝေါဒါနံ** သေက္ခာ-ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည် ဝေါဒါနံ-သကဒါဂါမိ/အနာဂါမိမဂ်၏ ရှေ့. ဝေါဒါန်ကို သကဒါဂါမိ/အနာဂါမိမဂ်ရှေ့. ဝေါဒါန်ကိစ္စတပ်သော **မဟာကုသိုလ် ပထမဒွေ့, တတိယဒွေ့၊** နဒ၊ မ ပ ဥ နု **ဝေါ** မဂ် ဖိုလ် ဖိုလ် ဘွင် သန်ဒိဋ္ဌအာရုံ ⇐⇒ နိဗ္ဗာန်အာရုံ (သ/နမဂ်ဝိထိ)	**ပစ္စဝေက္ခဏ်္ဍိ။** သ/အနာ-သန္တာန်၌ဖြစ်သော ဆင်ခြင်သော **ကာမာဝစရကုသိုလ်**
၆။	**သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ်ံ** သေက္ခာ-ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည် မဂ္ဂါ-မိမိဆိုင်ရာ သောတာပတ္တိမဂ်,သကမဂ်,အနာဂါမိမဂ်မှ ဝုဋ္ဌဟိတွာ-ထမြောက်၍၊ မဂ်ံ- မိမိဆိုင်ရာမဂ်ကို **အောက်မဂ် ၃ ပါး**	**ပစ္စဝေက္ခဏ်္ဍိ။** သောတာပန်/သက/အနာဂါမ် သန္တာန်၌ဖြစ်သော ဆင်ခြင်သော **မဟာကု ဉာဏ် ၄ ပါး**
၇။	**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ** သေက္ခာ ဝါ-ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည်၎င်း၊ ပုထုဇ္ဇနာ ဝါ-ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့သည်၎င်း၊ ကုသလံ-ကုသိုလ်ကို တဘူမက **လောကီကုသိုလ် ၁၇ ပါး**	**အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊** **ဝိပဿဏ်္ဍိ။** သေက္ခ/ပုထုဇ္ဇဉ်.တို့ သန္တာန်၌ ဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုသော **ကာမာဝစရကုသိုလ်**
၈။	(၂) **ကုသလစိတ္တာသမ်ဂ်ိဿ စိတ္တံ** (၂)ကုသိုလ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ လွန်လေပြီးသော (၇)ရက်မှစ၍ လာလတ္တံ့သော (၇)ရက်တိုင်အောင် ကာလ သုံးပါး ၌တည်သော သုတစ်ပါးတို့၏ စိတ္တံ- အရဟတ္တမဂ်ကြွင်သော **ကုသိုလ်စိတ် ၂၀၊ ကို**	(၁) **စေတောပရိယဉာဏေန** (၃) **ဇာနန်္ဍိ။** (၁)သေက္ခ/ပုထုဇ္ဇဉ်.တို့ သန္တာန်၌ ဖြစ်သောစေတောပရိယ **ကု.အဘိ** ထိုဘိုးနောက်၌ဖြစ် **ကာမ.ကုသိုလ်** (၃) ဇာနန်္ဍိ- သိကြောင်း။
၉။	**အာကာသာနဉ္စာယတနကုသလံ** ဤဘဝ/ရွှေဘဝ မိမိအဖွဲ့တွင်သန္တာန် ၌ဖြစ်ဘူးသော **အာကာသာနဉ္စာယတနကုသိုလ်**	**ဝိညာဏဉ္စာယတနကုသလသဟ** ဖြစ်ဆဲသော **ဝိညာဏဉ္စာယတနကုသိုလ်**
၁၀။	**အာကိဉ္စညာယတနကုသလံ** ဤဘဝ/ရွှေဘဝ မိမိအဖွဲ့တွင်သန္တာန် ၌ဖြစ်ဘူးသော **အာကိဉ္စညာယတနကုသိုလ်**	**နေဝသညာနာသညာယတနကုသလသဟ** ဖြစ်ဆဲသော **နေဝ.ကုသိုလ်**

အဘိ (ဂ)မ်ိဳး–ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ,ဣဒ္ဓိဝိဓ,စေတောပရိယ,ပုဗ္ဗေနိဝါသာနုဿတိ,ယထာကမ္မူပဂ,အနာဂတံသ
အာဘိညာဉ်များမှာ သဒ္ဒသဒ္ဒါတွင် ပြဆိုခဲ့သည့်အတိုင်း ဖြစ်ပါသည်။

စဉ်	ပစ္စည်း(က္ရု) ကတ္တား အာရုံ	အာရမ္မဏိက သမ္မဒါန် (က္ရု)
၁၁။	**ကုသလာခန္ဓာ** ပါဒကဖြစ်သော **ရူပကုသိုလ် ပဉ္စမစျာန်**	**ဣဒ္ဓိဝိဓဉာဏသဟ၊** ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်
	ကုသလာခန္ဓာ လွန်လေပြီးသော (ဂ)ရက်မှစ၍ လာလတ္တံ့သော (ဂ)ရက်တိုင်အောင် ကာလသုံးပါး ဦးတည်သော သူတစ်ပါးတို့၏ အရုပ္ပာတ္တမဂ်ကြဉ်သော **ကုသိုလ်စိတ် ၂၀**	**စေတောပရိယဉာဏသဟ၊** စေတောပရိယကုသိုလ်အဘိညာဉ်
	ကုသလာခန္ဓာ ပုဗ္ဗေနိဝုဿ ဖြစ်သော အရုပ္ပာတ္တမဂ်ကြဉ်သော **ကု ၂၀**	**ပုဗ္ဗေနိဝါသာနုဿတိဉာဏသဟ၊** ပုဗ္ဗေနိဝါသာနုဿတိ ကု.ဘိ
	ကုသလာခန္ဓာ အတိတ်ဖြစ်သော **လောကီ ကုသိုလ်က်**	**ယထာကမ္မူပဂဉာဏသဟ၊** ယထာကမ္မူပဂ ကု.အဘိညာဉ်
အာရမ္မဏ (ကု-အကု) စျာနာ ဝုဋ္ဌဟိတ္တာ စျာနံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ (အကုဖြစ်.. သို့သော် ဒေါသ မဖြစ်)

? စျာန်ရုပ္ဂိုလ်များ ဒေါသဖြစ်ပါသလား၊ ဘယ်အခါ၌ ဒေါသ ဖြစ်ပါသနည်း။
အာရမ္မဏ (ကု-အကု) စျာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမဿ ဥပ္ပဇ္ဇတိ၊
စျာန်ရုပ္ဂိုလ်များ ဒေါသ မဖြစ်ပါ။ စျာန်ကွယ်သည့်အခါ- ငါ့အားမြတ်သောတရားသည် ပျောက်ခဲ့ပြီဟု နှလုံးမသာယာသူအား ဒေါမနဿသဟဂုတ် (ဒေါဒွေ)။

? လောကီစိတ်များသည် နိဗ္ဗာန်ကို အာရုံပြုကြောင်း ပဉ္စာဝါရ-အာရမ္မဏပစ္စည်း ပါဠိတော်မှဖြေဆိုပါ။
(၁) 'အရဟာ နိဗ္ဗာနံ ပစ္စဝေက္ခတိ'ဟူသော ပါဠိတော်အရ - ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်(၄)ခုတို့သည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။
(၂) 'နိဗ္ဗာနံ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော'ဟူသော ပါဠိတော်အရ-မနောဒွါရာဝဇ္ဇန်းစိတ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။
(၃) 'သေက္ခာ နိဗ္ဗာနံ ပစ္စဝေက္ခတိ'ဟူသော ပါဠိတော်အရ- သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ခုတို့သည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။
(၄) 'နိဗ္ဗာနံ ဂေါတြဘူဿ အာရမ္မဏပစ္စယေန ပစ္စယော'ဟူသော ပါဠိတော်အရ- ဂေါတြဘူကိစ္စတတ်သော မဟာကုသိုလ် ပထမဒွေ, တတိယဒွေသည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။
(၅) 'နိဗ္ဗာနံ ဝေါဒါနဿ အာရမ္မဏပစ္စယေန ပစ္စယော'ဟူသော ပါဠိတော်အရ- ဝေါဒါန်ကိစ္စတတ်သော မဟာကုသိုလ် ပထမဒွေ, တတိယဒွေသည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။
နိဗ္ဗာန်ကို ဂေါတြဘူ၊ ဝေါဒါန်၊ မဂ်၊ ဖိုလ်၊ အာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာဇောတို့က အာရုံပြုကြပါသည်။

? မည်သည့်ကုသိုလ်စိတ်တို့သည် အဘယ်အခါနိဗ္ဗာန်ကိုအာရုံပြုကြသနည်း။
ပဌာန်းဒေသနာအရ ပါဠိတော်နှင့်တကွ ဖြေဆိုပါ။ (အထက် အမေး-ဖြေမှ ဗျာ-ကု ကိုရွေးဖြေ၊)

? သောတာပတ္တိမဂ္ဂဝီထိတွင် "ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်"ဟုရှိရာ ဂေါတြဘူသည် အဘယ်ကို အာရုံပြု သည်ကို ပါဠိတော်ကိုးကားဖြေဆိုပါ။
အာရမ္မဏပစ္စည်း၌ 'နိဗ္ဗာနံ ဂေါတြဘုဿ အာရမ္မဏပစ္စယေန ပစ္စယော'ဟုဟောတော်မူသောကြောင့် သောတာပတ္တိ မဂ္ဂဝီထိ၌ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုပါသည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

? ဖလသမာပတ္တိဝီထိတွင် "အနုလုံ၊ နု၊ နု၊ နု၊ ဖိုလ်၊ ဖိုလ်များစွာ" ဟုရှိရာတွင် ဖိုလ်စိတ်ရှေ့၌ ကပ်နေသော အနုလုံသည် ဂေါတြဘူကဲ့သို့ အဘယ်ကြောင့် နိဗ္ဗာန်ကို အာရုံမပြုပါသနည်း။

ဖိုလ်စိတ်တို့သည် ဝဋ်မှထွက်မြောက်ကြောင်း နိယျာနိကတရားမဟုတ်သောကြောင့် ဂေါတြဘူ အမည်ရသော ဖိုလ်ရှေ့တွင် ကပ်၍နေသော အနုလုံစိတ်သည် နိဗ္ဗာန်ကို အာရုံမပြုခြင်း ဖြစ်ပါသည်။

? မဂ်ရှေ့ကဂေါတြဘူသည် နိဗ္ဗာန်ကိုအာရုံပြုသကဲ့သို့ ဖလသမာပတ်ဝင်စားရာ၌ ဖိုလ်ရှေ့က အနုလုံသည် အဘယ်ကို အာရုံပြုသနည်း၊ အဘယ်ကြောင့်နည်း။

မဂ်သည် သံသရာမှထွက်မြောက်ကြောင်း နိယျာနိကတရားဖြစ်၍ မရဖူးသေးသည့်ဧော ဖြစ်သောကြောင့် သူမျက်မှောက် ပြုရုမည့် နိဗ္ဗာန်အာရုံကို ဂေါတြဘူကယူ၍၊ အာဝဇ္ဇန်းကဲ့သို့ ညွှန်ပြသော်လည်း၊ ဖိုလ်သည် နိယျာနိကတရား မဟုတ်၊ ရောက်ဖူးရဖူးပြီးသည့် ဧောဖြစ်သောကြောင့် သူ၏အာရုံကို အလိုအလျောက် ယူနိုင်၏။ အနုလုံက ညွှန်ပြရန် မလို၊ ထို့ကြောင့် အနုလုံသည် နိဗ္ဗာန်ကိုအာရုံ မပြု၊ သခ်ါရ ရုပ်နာမ်ကိုသာ အာရုံပြုပါသည်။

? မဂ်,ဖိုလ်ရရန် ဝိပဿနာရှုရာဝယ် အဘယ်တရားကိုအာရုံပြု၍ အဘယ်သို့ရှုရပါမည်နည်း။

ပဥ္စဝါရပါဠိတော်ကို ကိုးကား ဖြေဆိုပါ။

ပဋ္ဌာန်းပဥ္စဝါရပါဠိတော်အာရမ္မဏာပစ္စည်း၌-

- သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊
- သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊
- သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊
- သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာဗျာကတေ၊ ကြိယာဗျာကတေ၊ ခန္ဓေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ-

ဟူ၍ဟောတော်မူသဖြင့် မဂ်,ဖိုလ်ရရန် ပုထုဇဉ်နှင့် သေက္ခ ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကိုလည်းကောင်း၊ အကုသိုလ်တို့ကိုလည်းကောင်း၊ စက္ခုစသောရုပ်တရားများနှင့် ဝိပါက်,ကြိယာနာမ်တရားတို့ကိုလည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲသည့်သဘော၊ ဆင်းရဲမှုသဘော၊ မိမိအလိုအကိုင်း မဖြစ်သည့်သဘောဟူ၍ အာရုံပြုလျက် ရှုဆင်ခြင်ရကြောင်း အာရမ္မဏာပစ္စည်း၌ ဟောတော်မူပါသည်။ (အဖြေသည် သေက္ခ/ပု အတွက်။ ရဟန္တာအတွက် ကြံဆနိုင်ပါသည်။)

? အာရမ္မဏာပစ္စည်း အဗျာကတော အဗျာကတသာ ၌ အဘယ်အဘိညာဉ်များ မရသည်ကို အကြောင်းပြ ဖြေဆိုပြီးလျှင် ဟောသောအဘိညာဉ်များ၏ တနည်းကားကို ပြည့်စုံစွာကောက်ပြပါ။

ယထာကမ္မူပဂအဘိညာဉ်သည် အတိတ်ဖြစ်သော လောကီကုသိုလ်,အကုသိုလ်ကိုသာ အာရုံပြုသောကြောင့် **ဗျာ-ဗျာ**တွင် မဟောပါ။

ဟောသော အဘိညာဉ်များမှာ- ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, စေတော, ပုဗ္ဗေ, အနာ ကြိယာအဘိညာဉ်၊(တစ်နည်းကားအကောက် စာ-၄၀)

၂။ အာရုံမဏာဓိပတိ၊ ၄။ အာရုံမဏုပနိဿယ

အာရုံမဏာဓိပတိ

အာရုံကို အကြီးအမှူးပြု၍ ကျေးဇူးပြုခြင်းသည် အာရုံမဏာဓိပတိပစ္စည်း ဖြစ်၏။ အကြီးအမှူးပြုသည်ဟူသည်ကား- အာရုံနောက်သို့ အာရုံမဏိက ပစ္စယုပ္ပန်နာမ်တရားများ ညွတ်ယိမ်းကိုင်းရှိုင်းသည်ကို ဆိုလိုသည်။

* အာရုံက အာရုံမဏိက နာမ်တရားများကို ဆွဲဆောင်သွားသောဘောလည်းဖြစ်သည်။
* အာရုံလည်းဖြစ်၊ ဇေဋ္ဌ(အကြီးအမှူး)သတ္တိလည်းရှိမှ အာရုံမဏာဓိပတိ ဖြစ်နိုင်သည်။ (အာရုံမဏ မတ္တာ=အာရုံပြုကာမျှသည် အာရုံမဏာသာ ဖြစ်သည်။)

မိမိလှူဒါန်းသော ဒါန၊ ဆောက်တည်သော သီလကို **လေးလေးနက်နက်** ရှုဆင်ခြင်သောအခါ ကုသိုလ်တွင် **"အာရုံမဏာဓိပတိ"** ဖြစ်နိုင်သည်။

* မရသေးသောအာရုံကိုရအောင်ရှာခြင်း၊ * ရပြီးသောအာရုံကို နှစ်နှစ်သက်သက် စွဲစွဲလန်းလန်း ဖြစ်ကာ မစွန့်ပစ်နိုင်ခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံလျှင် အာရုံမဏာဓိပတိပစ္စည်း တပ်သည်။ မပြည့်စုံလျှင် အာရုံမဏာဓိပတိပစ္စည်း မတပ်နိုင်။

အာရုံမဏာဓိပတိနှင့် အာရုံမဏုပနိဿယတို့သည် သုဒ္ဓသင်္ချာနှင့် အရကောက်များ အလုံးစုံ အရတရားများတူညီသောကြောင့် (တစ်စုတည်း)ပေါင်း၍ လေ့လာမှတ်သားပါမည်။

အာရုံမဏာဓိပတိ၊ အာရုံမဏုပနိဿယအထူး

* **အာရုံမဏာဓိပတိ**သည် မိမိနှင့်စပ်သည့်အာရုံမဏိကပစ္စုပ္ပန်နာမ်တရားတို့ကို အာရုံမပြုဘဲ မနေနိုင်အောင် ဆွဲဆောင်နိုင်သောသတ္တိ အုပ်စိုးလွှမ်းမိုးနိုင်သောသတ္တိ ဖြစ်ပါသည်။
* **အာရုံမဏုပနိဿယ**သည် အာရုံမဏိကနာမ်တရားတို့ဖြစ်စေရန်အတွက် အလွန်တရာ လွန်ကဲသောမှီရာဖြစ်သည့်သတ္တိ ဖြစ်ပါသည်။

အာရုံမဏာဓိပတိ၊ အာရုံမဏုပနိဿယ သုဒ္ဓသင်္ချာ

↓ အားတပ်သော ←

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သင်္ချာ	ပစ္စည်းရေ
၂။	အာဓိ(အဓိပတိ) အာရုံမဏ (ဥပနိဿယ)	အလေးအမြတ်ပြု**အပ်**သော ဣဋ္ဌ ဖြစ်သော နိပ္ပန္နရုပ် ၁၈၊ ဒေါ ၂၊ မော ၂၊ ဒုက္ခ.ကာဝိညာဉ်ကြဉ် ၈၄၊ ဒေါစတုက်,ဝိစိကြဉ်စေ ၄၇၊ **နိဗ္ဗာန်**၊	အလေးအမြတ်ပြု**တတ်**သော လောဘမူ ၈၊ မဟာကု ၈၊ ကြိယ ၄၊ ကုတ် ၈၊	?	?

* သတ္တဝါများသန္တာန်၌ ကုသိုလ်စိတ္တုပါဒ်ဖြစ်ချိန် အကုသိုလ်ကို အလေးအမြတ်အာရုံမပြု။ (အကု-ကု×)
* အဗျာကတဆိုင်ရာတရားများကလည်း အကုသိုလ်ကို အလေးအမြတ်အာရုံမပြု။ (အကု-ဗျာ×)

သုဒ္ဓသန်္ဂါဆိုရိုး။ ။ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယပစ္စည်း၏ သုဒ္ဓသန်္ဂါဝါရဉ် အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခု**အားတပ်သော** အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ,မောဟမူဒွေ,ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ် သောစိတ် ၈၄၊ ဒေါစတုက်,ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇၊ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။

သန်္ဂါ "သတ္တ"၊ ပစ္စည်းရေ "သုံး"ဟူသည်တည်း။

သန်္ဂါ "သတ္တ" ဟူသော်ကား-

* **ကု**-ကု၊ ကု-အကု၊ ကု-ဗျာ။ * **အကု**-အကု။ * **ဗျာ**-ဗျာ၊ ဗျာ-ကု၊ ဗျာ- အကု၊

ပစ္စည်းရေ "သုံး"ဟူသည်ကား-

အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဆိုသဖြင့် အဓိပတိ၊ ဥပနိဿယ နှစ်ပစ္စည်းထပ်ထည့်။

အာရမ္မဏာခေါင်းဆောင်ဖြစ်ခြင်းကြောင့် အာရမ္မဏာပစ္စည်း အမြဲလိုက်ရပါသည်။

အာရမ္မဏာ၊ အဓိပတိ၊ ဥပနိဿဟူ၍ ပစ္စည်းရေ "သုံး"ခု ရပါသည်။

သန်္ဂါ"သတ္တ" (သန်္ဂါ အရကောက် စီစစ်ပုံ)

အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ သရုပ်ခွဲပုံ **(အလေးအမြတ်အာရုံပြုခြင်း)**

ဆိုရိုး နမူနာ- အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအား၊တပ်သော အလေးအမြတ်ပြုအပ်သော-ဣဋ္ဌဖြစ်သောနိပ္ပန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ, မောဟမူဒွေ, ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆၊ ဒေါစတုက်,ဝိစိကြဉ်စေတသိက် ၄၇။

↓ အား၊တပ်သော ←

စဉ်	ပစ္စည်း	ကတ္တား			ပစ္စယုပ္ပန်	သမ္မဒါန်	
၁။	အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု	ဣဋ္ဌနိပ္ပန္နရုပ် ၁၈၊ ဒေါဒွေ,မောဒွေ,ဒုက္ခကြဉ် လောကီ ၇၆၊ ဒေါ ၄,ဝိစိကြဉ်စေ ၄၇၊	ကု အကု ဗျာ	အကု	အလေးအမြတ်ပြုတတ်သော လောကုတ္တရာစိတ်	လောဘမူ	၈
၂။		လောကီကုသိုလ် ၁၇၊	ကု	ကု		မဟာကုဝိပ်	၄
၃။		လောကီကုသိုလ် ၁၇၊ အောက်မဂ် ၃၊ အောက်ဖိုလ် ၃၊ **နိဗ္ဗာန်**	ကု ဗျာ	ကု		မဟာကုညံ	၄
၄။		အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ **နိဗ္ဗာန်**	ကု ဗျာ	ဗျာ		မဟာကြိယာဉာသံ	၄
၅။		**နိဗ္ဗာန်**	ဗျာ	ကု ဗျာ		လောကုတ္တရာစိတ်	၈

အာဓိပ္ပါ လောကုတ်ရစ်သည် အရိယာသန္တာန်၌သာဖြစ်သည့်အတွက် **နိဗ္ဗာန်**ကို အလေးအမြတ်(**ဇကန်**)ပြု၊ ကြွင်းသောတရားများသည် ဇကန်မဟုတ်။ အလေးအမြတ်ပြုသည့်အခါပြု၍, မပြုတဲ့အခါ မပြုပါ။

၁။ ပစ္စည်းဘက်တွင် နိပ္ဖန္နရုပ်သည် **ဗျာ**၊ ကီ ၇၆ တွင် **က, အက, ဗျာ** သုံးမျိုးလုံးရပါသည်။
ပစ္စယုပ္ပန်၌ လောဘမူ ၈ ရှိ၍ **အက** ဖြစ်ပါသည်။ ထို့ကြောင့် **ဗျာ-အက၊ အက-အက၊ က-အက၊**
၂။ ပစ္စည်းဘက်, ပစ္စယုပ္ပန် ကုသိုလ်များဖြစ်သောကြောင့်- **က-က၊**
၃။ ပစ္စည်းဘက်တွင် **က, ဗျာ** နှစ်မျိုး၊ ပစ္စယုပ္ပန်၌ **က** ၍ **က-က၊ ဗျာ-က၊**
၄။ ပစ္စည်းဘက်တွင် **က, ဗျာ** နှစ်မျိုး၊ ပစ္စယုပ္ပန်၌ **ဗျာ** ၍ **က-ဗျာ၊ ဗျာ-ဗျာ၊**
၅။ နိဗ္ဗာန်သည် **ဗျာ** ဖြစ်ပြီး၊ ပစ္စယုပ္ပန်၌ လောကုတ် ၈ သည် **က, ဗျာ** ဖြစ်၍ **ဗျာ-က၊ ဗျာ-ဗျာ၊**

ထို့ကြောင့် သန်္ဗာ'သတ္တ' = က. .က .အက အက. .အက ဗျာ. .က .ဗျာ .အက

အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်တွင် မပါသောတရားများ

* မဟဂ္ဂုတ်ကုသိုလ်သည် မိမိသည်မြတ်သောတရားဖြစ်သောကြောင့် တစ်ခုသောတရားကိုမျှ အလေးအမြတ်မပြု။ ဥပမာ– အထွတ်အမြတ်မင်းအဖြစ်ရောက်သောသူသည် တစ်စုံတစ်ယောက်ကိုမျှ အလေးမပြုသကဲ့သို့တည်း။
* မဟာကြီယာ ဉာဏဝိပ္ပယုတ်စိတ်(၄)ခုသည် ရဟန္တာသန္တာန်မှာလည်းဖြစ် ပစ္စဝေက္ခဏာဇော ကိစ္စလည်း တပ်နိုင်ပါလျက် ပစ္စယုပ္ပန်မှာ မပါ။ အဘယ်ကြောင့်ဆိုသော် ရဟန္တာဖြစ်လျှင် လောကီကုသိုလ်တရားကို အလေးအမြတ်အာရုံမပြု။ အလွန်မွန်မြတ်လှသော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကိုသာအာရုံပြု၍ မဟာကြီယာဉာဏသမ္ပယုတ်စိတ်(၄)ခု သာရသည်။
* ပြစ်မှား အမျက်ထွက်သောသူ၊ မိုက်မဲ တွေဝေသောသူ၊ ဆင်းရဲ,ပင်ပန်,ဒုက္ခခံစားနေရသူတို့သည် တစ်စုံတစ်ခုသောတရားကိုမျှ အလေးအမြတ်မပြုတတ်သောကြောင့် ဒေါဒွေ, မောဒွေ, ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်တို့သည် အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်မှ လွတ်ကြရသည်။

အာရဇ္ဇ နှင့် ဂရုကတွာ

အာရမ္မဏတွင် 'အာရဇ္ဇ'ဟုဆိုခဲ့ပါသည်။ ဤနေရာတွင် အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ နှစ်မျိုးနှင့်ဆိုင်လာသဖြင့် (အာရဇ္ဇနေရာတွင်) အဓိပတိအသံကလေးဖြင့် 'ဂရုကတွာ'ဟူ၍ **အလေးအမြတ်ပြုတာ**ကို ထည့်ပြီးဆိုရပါသည်။
(မူလပဋ္ဌာန်းဆရာတော်ကြီးစာအုပ်များတွင် 'လက်သဲကွင်း' ပြထားပါသည်။)

အဓိပတိပစ္စည်း

အဓိပတိပစ္စည်း **'အာရမ္မဏာဓိပတိ', 'သဟဇာတာဓိပတိ'**ဟူ၍ မျိုးကွဲရှိသောပစ္စည်းဖြစ်၏။ ယခု **အာရမ္မဏာမျိုး**ကိုသာ လေ့လာနေသောကြောင့် အာရမ္မဏာဓိပတိအတွက်သာဖြစ်ပါသည်။ သဟဇာတာဓိပတိအတွက် သဟဇာတ(၎ယ်)မျိုးရောက်မှ လေ့လာပါမည်။
**** အာရမ္မဏာဓိပတိ ဟုဆိုသဖြင့် အာရမ္မဏူပနိဿယ ကိစ္စလည်း(အတူတူ) ပြီး၏။ ****

အာရမ္မဏာမိပတိ၊ အာရမ္မဏူပနိဿယ သရုပ်ခွဲ

၁။	ကတ္တားလေ့ကျင့်ခန်း(၃)ချက်	ကု	ကု	ကတ္တား:	အလေးအမြတ်ပြုအပ်သော အရ.မင်္ဂကြွေ့ ကု ၂၀၊ စေ ၃၈၊
				သမ္မဒါန်	အလေးအမြတ်ပြုတတ်သော မဟာကု ၈ ခု၊ စေ ၃၃၊
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၂။		ကု	အကု	ကတ္တား:	အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် ၁၇၊ စေ ၃၈၊
				သမ္မဒါန်	အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၃။		ကု	ဗျာ	ကတ္တား:	အလေးအမြတ်ပြုအပ်သော **အရဟာတ္တမဂ်၊** စေ ၃၆၊
				သမ္မဒါန်	အလေးအမြတ်ပြုတတ်သော မဟာကြီယာဉာဏသမ် ၄၊ စေ ၃၃
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၄။		အကု	အကု	ကတ္တား:	အလေးအမြတ်ပြုအပ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				သမ္မဒါန်	အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၅။	ကတ္တားလေ့ကျင့်ခန်း(၃)ချက်	ဗျာ	ဗျာ	ကတ္တား:	အလေးအမြတ်ပြုတတ်သော အရဟတ္တဖိုလ်၊ နိဗ္ဗာန်၊ **(နိဗ္ဗာန်)**
				သမ္မဒါန်	အလေးအမြတ်ပြု**အပ်**သော မဟာကြီယာဉာဏသမ် ၄၊ စေ ၃၃ **(ဖိုလ် ၄ ပါး၊ စေ ၃၆)**
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၆။		ဗျာ	ကု	ကတ္တား:	အလေးအမြတ်ပြု**အပ်**သော အောက်ဖိုလ် ၃၊ နိဗ္ဗာန်၊ **(နိဗ္ဗာန်)**
				သမ္မဒါန်	အလေးအမြတ်ပြုတတ်သော မဟာကုဉာဏသမ် ၄၊ စေ ၃၃ **(မဂ် ၄ ပါး၊ စေ ၃၆)**
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၇။		ဗျာ	အကု	ကတ္တား:	အလေးအမြတ်ပြု**အပ်**သော ကုဋ္ဌနိပ္ပန္နရုပ် ၁၈၊ ဒုက္ခကြွင်း ကိုဝိ ၃၁၊ ကြီယာ ၂၀၊ စေ ၃၅၊
				သမ္မဒါန်	အလေးအမြတ်ပြု**တတ်**သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာမိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)

? အာရမ္မဏပစ္စည်းတွင် သခ်္ခါ နဝ၊ အာရမ္မဏာမိပတိတွင် သခ်္ခါ သတ္တ သာရ၏။

* သတ္တဝါများသန္တာန်၌ ကုသိုလ်စိတ္တုပါဒ်ဖြစ်ချိန် အကုသိုလ်ကို အလေးအမြတ်အာရုံမပြု။ (အကု–ကု ×)
* အဗျာကတဆိုင်ရာတရားများကလည်း အကုသိုလ်ကို အလေးအမြတ်အာရုံမပြု။ (အကု–ဗျာ ×)

အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ၁။ (က္-က္)

၄၁၃။ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။**
ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၁။	က္	က္	ကတ္တား	အလေးအမြတ်ပြု**အပ်**သော အရှမဂ်ကြဉ် ကု ၂၀၊ စေ ၃၈၊
			သမ္မဒါန်	အလေးအမြတ်ပြု**တတ်**သော မဟာကု ၈ ခု၊ စေ ၃၁၊
			ကရိဏ်း	အာရမ္မဏ: **အာရမ္မဏာဓိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်) ၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(က္) ကတ္တား အာရုံ	အာရမ္မဏိက သမ္မဒါန် (က္)
၁။	**ဒါနံ ဒတ္တာ, သီလံ သမာဒိယိတ္တာ, ဥပေါသထကမ္မံ ကတ္တာ တံ** ဒါနံ-လှူအပ်သော ဒါနဝတ္ထု၌ကို ဒတ္တာ-စွန့်၍၊ သီလံ-ပဉ္စင်္, ဒသင်္သီလစသည်တို့အစွမ်းအားဖြစ်သော နိစ္စသီလကို သမာဒိယိတ္တာ-ဆောက်တည်၍၊ ဥပေါသထကမ္မံ- အဋ္ဌင်္ဂဥပုသ်ကို ကတ္တာ-ဆောက်တည်ပြီး၍ တံ- ထို ဒါန,သီလ,ဥပုသ် **ကာမကု**	**ဂရုံ ကတ္တာ ပစ္စယော်ဘဝတိ။** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ ဆင်ခြင်သော (ပရိစ္စာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းသော) **ကာမာဝစရကုသိုလ်**
၂။	**ပုဗ္ဗေ သုစိဏ္ဏာနိ** ပုဗ္ဗေ-ရှေးဦး သုစိဏ္ဏာနိ-ကောင်းစွာအလေ့အကျင့်ပြုအပ်ပြီး ကုန်သော ဒါန,သီလ,ဥ. စေတနာပြဋ္ဌာန်းသော **ကာမကု**	**ဂရုံ ကတ္တာ ပစ္စယော်ဘဝတိ။** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ ဆင်ခြင်သော **ကာမကု**
၃။	**စျာနာ ဝုဋ္ဌဟိတ္တာ စျာနံ** စျာနာ-စျာန်မှ ဝုဋ္ဌဟိတ္တာ-ထ၍၊ စျာနံ-စျာန်ကို (နဒါမ ပဥ္စနေဂါ စျာန်အကြိမ်များစွာ..ဘွင်) **မဟဂ္ဂုတ်ကုစျာန် ၉ ပါး**	**ဂရုံ ကတ္တာ ပစ္စယော်ဘဝတိ။** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ ဆင်ခြင် (မြတ်မြဲသောစျာန်ကို) **ကာမကု**
၄။	**သေက္ခာ ဂေါတြဘုံ** သေက္ခာတို့သည်၊ ဂေါတြဘုံ-သေးမင်္၏ ရှေ့, ဂေါတြဘုကို သောတာပတ္တိမဂ်ရှေ့, ဂေါ.ကိစ္စတပ်သော **မဟာကုသိုလ် ပထမဇ္ဈေ, တတိယဇ္ဈေ၊** နဒါ မ ပ ဥ နေ **ဂေါ** မဂ် ဖိုလ် ဖိုလ် ဘွင် သခ်ါရအာရုံ ⇐⇒ နိဗ္ဗာန်အာရုံ (သောမဂ်မြဲထိ)	**ဂရုံ ကတ္တာ ပစ္စယော်ဘဝတိ။** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ သောတာပန်သန္တာန်၌ဖြစ်သော ဆင်ခြင်သော **ကာမကု**
၅။	**ဃေါဒါနံ** သေက္ခာ- ဃေါဒါနံ-သက/အနာဂါမိမဂ်၏ရှေ့. ဃေါဒါနံကို သကဒါဂါမိ/အနာဂါမိမဂ်ရှေ့. ဃေါဒါနံကိစ္စတပ်သော **မဟာကုသိုလ် ပထမဇ္ဈေ, တတိယဇ္ဈေ၊**	**ဂရုံ ကတ္တာ ပစ္စယော်ဘဝတိ။** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ သ/အနာ-သန္တာန်. ဆင်ခြင်သော **ကာမကု**

စဉ်	ပစ္စည်း(က္) **ကတ္တား** အာရုံ	အာရမ္ဘဏိက **သမ္ပဒါန်** (က္)
၆။	**သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတ္တာ မဂ္ဂံ** သေက္ခာ-ကျင့်ဆဲ မဂ္ဂါ-မိမိဆိုင်ရာ သောမဂ်,သမဂ်,အနာမဂ် မှ ဝုဋ္ဌဟိတ္တာ-ထမြောက်၍၊ မဂ္ဂံ- မိမိဆိုင်ရာမဂ်ကို **အောက်မဂ် ၃ ပါး**	**ဂရုံ ကတ္တာ ပစ္စဝေက္ခဏ်္ဍိ။** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ သောတာပန်/သက/အနာဂါမ် သန္တာန်၌ဖြစ်သော ဆင်ခြင်သော **မဟာကု ဉာသံ ၄ ပါး**

? ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံ၊

၁။ အန္နံ(စားဖွယ်)၊ ပါနံ(သောက်ဖွယ်)၊ ဃရံ(ကျောင်း,အိပ်ရာ,နေရာ)၊ ဝတ္ထံ(အဝတ်အစား,သင်္ကန်း)အစရှိသော ဒါနဝတ္ထုကိုလှူပြီးလျှင် ပရိစာဂစေတနာ,ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ပရိစာဂစေတနာ,ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

* ပဉ္စင်္သီလ(၎င်းပါးသီလ) ဒသင်္သီလ(ဆယ်ပါးသီလ)ကိုဆောက်တည်ပြီး၍ ပဉ္စင်္သီလ၊ ဒသင်္သီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

* အဋ္ဌင်္ဂ ဥပေါသထသီလ(ရှစ်ပါးသီလ) အဋ္ဌင်္ဂဥပုသ်ကိုဆောက်တည်ပြီး၍ အဋ္ဌင်္ဂ ဥပေါသထသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို အလေးအမြတ်ပြု၍ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ရှေးဦးအလှေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန,သီလ,အဋ္ဌင်္ဂ ဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ရှေးဦးအလှေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန,သီလ,အဋ္ဌင်္ဂ ဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၃။ မဟဂ္ဂုတ်ကုသိုလ်ဈာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို ဆင်ခြင်သောအခါ မဟဂ္ဂုတ်ကုသိုလ်ဈာန်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၄။ သေက္ခပုဂ္ဂိုလ် ဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်၏ ရှေ့ **ဂေါတြဘူ**ကို ဆင်ခြင်သောအခါ ဂေါတြဘူကိစ္စတပ်သော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၅။ သေက္ခပုဂ္ဂိုလ်ဟုဆိုအပ်သော သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၏ ရှေ့ **ဝေါဒါန်**ကို ဆင်ခြင်သောအခါ ဝေါဒါန်ကိစ္စတပ်သော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၆။ သေက္ခပုဂ္ဂိုလ်ဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိဆိုင်ရာမဂ်မှ ထမြောက်၍ မိမိဆိုင်ရာမဂ် အောက်မဂ် ၃ ပါးကို ဆင်ခြင်သောအခါ သေက္ခပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄ ပါးအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ကုသလော ကုသလသဿ်ဒ် ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ ပစ္စည်းတရားရ၏။ ကုသလသ ဓမ္မသဟူသော **သမ္ပဒါန်**ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်စိတ် ၈ ခု၊ စေတသိက် တတ္တိံသ(၃၃) ပစ္စယုပ္ပန်တရားရ၏။ အဓိပတိပစ္စယေနဟူသော **ကရိဏ်း**ပါဠိ၏အရကား- တစ်ပြိုင်နက်တတ်ကောင်းသော အာရမ္မဏ၊ **အာရမ္မဏာအဓိပတိ**၊ အာရမ္မဏူပနိဿယ ဤ(၃)ပစ္စယသတ္တိတို့တွင် **အာရမ္မဏာဓိပတိသတ္တိ** ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ကု-ကု) တနည်းကား အကောက်

↓ အားတပ်သော ↑

စဉ်	ပစ္စည်း(ကု) ကတ္တား အာရုံ	အာရမ္မဏိက သမ္ပဒါန် (ကု)
၁။	အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် ၁၇	အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄
၂။	အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် ၁၇၊ အောက်မဂ် ၃၊ ဈာ ၃၈၊	အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄

အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယနှင့် သုဒ္ဓသင်္ခါတူသောကြောင့်

အာရမ္မဏာဓိပတိနှင့် **အာရမ္မဏူပနိဿယ**=အာရုံအားဖြင့် အားကြီးသောမှီရာဟူသော သတ္တိတို့သည် သုဒ္ဓသင်္ခါတူညီကြသောကြောင့် အရကောက်များမှာလည်း တူညီကြ၏။ ထို့ကြောင့် **ဥပနိဿယ** ၄၂၃။ (**ကု-ကု**) ပါဠိတော်ရလျှင် အရကောက်နိုင်ပါမည်။ ကရိဏ်းတွင်သာ **အာရမ္မဏူပနိဿယသတ္တိ**ဟုဆိုအပ်သော **သတ္တိဝိသေသ သာထူး**၏။ ✓

⇨ ဤနည်းတူ မျိုးကွဲရှိသောပစ္စည်း/သင်္ခါများ၌ သတိပြု၍ မျိုးစဉ်ကို လေ့လာပါမည်။

(ဤစာအုပ် စာ-၁၀) မျိုးကွဲရှိ ၁၀ ၌ရှိသည့် အာဓိ, အာနံ နေရာများ၌ ဟောရန်။

စဉ်	ပစ္စည်း(ကု) ကတ္တား အာရုံ	အာရမ္မဏိက သမ္ပဒါန် (ကု)
၁။	ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥဃါသထကမ္ပံ ကတွာ တံ	ဂရုံ ကတွာ ပစ္စဝေက္ခတိ၊
၂။	ပုဗ္ဗေ သုစိဏ္ဏာနိ	ဂရုံ ကတွာ ပစ္စဝေက္ခတိ၊
၃။	ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ	ဂရုံ ကတွာ ပစ္စဝေက္ခတိ၊
၄။	သေက္ခာ ဂေါတြဘုံ	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊
၅။	ဝေါဒါနံ	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊
၆။	သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။

အာရမ္ဍကာမိုပတိ ၂။ (က္–အက္) (ပါဠိတော်၊ တရား၊ အနုက်)

၄၁၄။ **ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော**။ (ဝိဓပါဠိ)
ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၂။	**က**	**အက**	ကတ္တား	အလေးအမြတ်ပြု**အပ်**သော လောကီကုသိုလ် ၁၇၊ စေ ၃၈၊	၅
			သမ္မဒါန်	အလေးအမြတ်ပြု**တတ်**သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊	
			ကရိဏ်း	အာရမ္ဍကာ၊ **အာရမ္ဍကာဓိပတိ**၊ အာရမ္ဍကူပနိဿယ၊ (တပြိုင်နက်)	၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(က္) **ကတ္တား** အာရုံ	အာရမ္ဍကိုက **သမ္မဒါန်** (**အက္**)
၁။	**ဒါနံ ဒတ္တာ, သီလံ သမာဒိယိတ္တာ,** **ဥပေါသထကမ္မံ ကတ္တာ တံ** ဒါန်–လှူ**အပ်**သော ဒါနဝတ္ထု**ကို** ဒတ္တာ–စွန့်.၍၊ သီလ်–ပဉ္စင်္, ဒသင်္သီလစသည်တို့ အစွမ်း အားဖြစ်သော နိစ္စသီလကို သမာဒိယိတ္တာ– ဆောက်တည်၍၊ ဥပေါသထကမ်္မ– အဋ္ဌင်္ဂဥပုသ်ကို ကတ္တာ– ဆောက်ပြီး၍ တံ– ထို ဒါန,သီလ,ဥပုသ် **ကာမကု၊**	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊** ဂရုံ ကတ္တာ– အလေးအမြတ်ပြု၍ သာယာ, နှစ်သက်သောအခါ သပ္ပိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ တွင် တစ်ခုခု
		တံ ဂရုံ ကတ္တာ ဏာဂေါ ဥပ္ပဇ္ဇတိ၊ ဂရုံ ကတ္တာ– အလေးအမြတ်ပြု၍ တပ်သောအခါ၊တပ်မက်သောကြောင့် ပြဋ္ဌာန်းသော လောဘမူ ၈ တွင် တစ်ခုခု
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ အမြင်မှားသောအခါ လောဘမူ.ဒိသံ ၄ တွင် တစ်ခုခု
၂။	**ပုဗ္ဗေ သုစိဏ္ဏာနိ** ပုဗ္ဗေ–ရှေးဦး သုစိဏ္ဏာနိ–ကောင်းစွာအလေ့ အကျက် ပြုအပ်ပြီး ကုန်သော ဒါန,သီလ,ဥ. စေတနာပြဋ္ဌာန်းသော **ကာမကု၊**	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊**
		တံ ဂရုံ ကတ္တာ ဏာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။
၃။	**စျာနာ ဝုဋ္ဌဟိတ္တာ စျာနံ** စျာနာ–စျာန်မှ ဝုဋ္ဌဟိတ္တာ–ထ၍၊ စျာနံ–စျာန်ကို (နဒၢမ ပဥ္စနဂေါ စျာန်အကြိမ်များစွာ..ဘွင်) **မဟဂ္ဂုတ်ကုစျာန် ၉ ပါး၊**	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊**
		တံ ဂရုံ ကတ္တာ ဏာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

အဓိပတိပစ္စယေန–**ကရိဏ်း**ပါဠိ၏အရကား တစ်ပြိုင်နက်တတ်ကောင်းသော အာရမ္ဍကာ၊ အာရမ္ဍကာဓိပတိ၊ အာရမ္ဍကူပနိဿယ၊ ဤ(၃)ပစ္စယသတ္တိတို့တွင် အာရမ္ဍကာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

? ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံ။

၁။ ပရိစာဂစေတနာ၊ ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်၊ ပဋိဃံသိလ၊ ဒသဂံသိလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်၊ အဋ္ဌဂံသိလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်တို့သည် အလေးအမြတ်ပြု၍ဆင်ခြင်ပြီးသော သာယာသောအခါ လောဘမူသောမနဿသဟဂုတ်စိတ်အား၊ နှစ်သက်သောအခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ်စိတ် ၄ ခုအား တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူစိတ် ၈ ခုအား။ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခုအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ရှေးက အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန၊ သီလ၊ အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော သာယာသောအခါ လောဘမူသောမနဿသဟဂုတ်အား၊ နှစ်သက်သောအခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ၄ ခုအား တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ၈ ခုအား၊ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခုအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၃။ မဟဂ္ဂုတ်ကုသိုလ်ဈာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ်ကို ဆင်ခြင်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်သည် အလေးအမြတ်ပြု၍ဆင်ခြင်သော သာယာသောအခါ လောဘမူသောမနဿသဟဂုတ်အား၊ နှစ်သက်သောအခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ၄ ခုအားတပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ၈ ခုအား၊ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခုအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

◉ **ဥပနိဿယ ၄၂၃။** (**က-အက**) ပါဠိတော်၌လည်း အာရမ္မဏူပနိဿယ ရ၏။ ကရိဏ်းတွင်သာ **အာရမ္မဏူပနိဿယသတ္တိဟု သတ်ဝိဿေသ သာထူး**၏။ ✓

စဉ်	ပစ္စည်း(က) ကာတ်ားး အာရုံ	အာရမ္မဏိက သမ္ပဒါန် (အက)
၁။	ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ ဘဲ	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊
		တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊
၂။	ပုဗ္ဗေ သုစိဏ္ဏာနိ	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊
		တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။
၃။	ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊
		တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

အာရမ္ဘဏာဓိပတိ ၃။ (ကု-ဗျာ) (ပါဠိတော်၊ တရား၊ အနုက်)

၄၁၄။ **ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။** (ဝိဓပါဠိ)
ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၃။	ကု	ဗျာ	ကတ္တား	အလေးအမြတ်ပြု**အပ်**သော	**အရဟတ္တမဂ်**၊ စေ ၃၆၊
			သမ္မဒါန်	အလေးအမြတ်ပြု**တတ်**သော	မဟာကြီယာဉာသမ် ၄၊ စေ ၃၃
			ကရိဏ်း	အာရမ္ဘဏ၊ **အာရမ္ဘဏာဓိပတိ**၊ အာရမ္ဘဏူပနိဿယ၊ (တပြိုင်နက်)	၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ကု) ကတ္တား အာရုံ	အာရမ္မဏိက သမ္မဒါန် (ဗျာ)
၁။	**အရဟာ မဂ္ဂါ ဝုဋ္ဌိတွာ မဂ္ဂံ** အရဟာ-ရဟန္တာ မဂ္ဂါ-မိမိဆိုင်ရာ အရဟတ္တမဂ် မှ ဝုဋ္ဌိတွာ-ထမြောက်၍၊ မဂ္ဂံ- အရေမဂ်ကို **အရဟတ္တမဂ်**	**ဂရုံ ကတွာ ပစ္စဝေက္ခတိ။** ဂရုံ ကတွာ- အလေးအမြတ်ပြု၍ ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော **မဟာကြီ ဉာဏ် ၄ ပါး**

? ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္ဘဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံ။

၁။ ရဟန္တာပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်မှ ထမြောက်၍ အရဟတ္တမဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ ဆင်ခြင်သော အရဟတ္တမဂ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော မဟာကြီယာဉာဏသမ္ပယုတ် ၄ ပါးအား အာရမ္ဘဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလော အဗျာကတာသင်္ခ ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ပစ္စည်းတရား ရ၏။ အဗျာကတသဓမ္မသ ဟူသော **သမ္မဒါန်**ပုဒ်၏အရကား- အလေးအမြတ်ပြုတတ်သော မဟာကြီယာ ဉာဏသမ္ပယုတ် ၄ ခု၊ စေ ၃၃၊ ပစ္စယုပ္ပန်တရား ရပါသည်။

အဓိပတိပစ္စယေနဟူသော **ကရိဏ်းပါဠိ**၏အရကား- တစ်ပြိုင်နက်တက်ကောင်းသော အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဥပနိဿယ ၄၂၃။ (**ကု-ဗျာ**) ပါဠိတော်၌လည်း အာရမ္မဏူပနိဿယ ရ၏။

စဉ်	ပစ္စည်း(ကု) ကတ္တား အာရုံ	အာရမ္မဏိက သမ္မဒါန် (ဗျာ)
၁။	**အရဟာ မဂ္ဂါ ဝုဋ္ဌိတွာ မဂ္ဂံ**	**ဂရုံ ကတွာ ပစ္စဝေက္ခတိ။**

အာရမ္မဏာဓိပတိ ၄။ (အကု-အကု) (ပါဠိတော်၊ တရား၊ အနက်)

၄၁၅။ **အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။**
အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၄။	**အကု**	**အကု**	ကတ္တား	အလေးအမြတ်ပြု**အပ်**သော လောဘမူစိတ် ၈ ခု၊ စေ ၂၂။
			သမ္မဒါန်	အလေးအမြတ်ပြု**တတ်**သော လောဘမူစိတ် ၈ ခု၊ စေ ၂၂။
			ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာဓိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်) ၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(**အကု**) **ကတ္တား**	အာရမ္မဏိက **သမ္မဒါန်** (**အကု**)
၁။	**ရာဂံ** ရာဂ်- ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် (လော ၈၊ စေ ၂၂) (မိမိ,သူတပါး ထဲ၌ဖြစ်သော ရာဂနှစ်ပါးလုံးယူနိုင်သည်။)	**ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊** ဂရုံ ကတွာ- အလေးအမြတ်ပြု၍ သာယာ, နှစ်သက်သောအခါ သဗ္ဗိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ,သောမနဿသဟဂုတ် **တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊** ဂရုံ ကတွာ-အလေးအမြတ်ပြု၍ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြ. လောဘမူသဟဂုတ်
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄
၂။	**ဒိဋ္ဌိ** အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄၊	**ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊** **တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။**

? အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံ။

၁။ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ လောဘမူ စိတ္တုပ္ပါဒ်အား၊ နှစ်သက်သောအခါ လောဘမူပီတိသဟဂုတ်(၄)ခုအား တပ်သောအခါ၊ ရာဂပြဋ္ဌာန်းသော လောဘမူစိတ်(၈)ခုအား၊ အမြင်မှားသောအခါ ဒိဋ္ဌိသမ္ပယုတ်စိတ်(၄)ခုအား၊ အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ဒိဋ္ဌိပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ လောဘမူ စိတ္တုပ္ပါဒ်အား၊ နှစ်သက်သောအခါ လောဘမူပီတိသဟဂုတ်(၄)ခုအား တပ်သောအခါ၊ ရာဂပြဋ္ဌာန်းသော လောဘမူစိတ်(၈)ခုအား၊ အမြင်မှားသောအခါ ဒိဋ္ဌိသမ္ပယုတ်စိတ်(၄)ခုအား၊ အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

*** **ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဒေါမနဿ** (၃)မျိုးသည် သာယာဖွယ်မဟုတ်၍ **အဿာဒေတိ** မဟော၊။

၉ ဥပနိဿယ ၄၂၃။ (**အက္ခ-အက္ခ**)ပါဠိတော်၌လည်း အာရမ္မဏူပနိဿယ ရ၏။

စဉ်	ပစ္စည်း(**အက္ခ**) ကတ္တား:	အာရမ္မဏိက **သမ္မဒါန်** (**အက္ခ**)
၁။	ရာဂံ	ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊
၂။	ဒိဋ္ဌိ	ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ၅။ (ဗျာ-ဗျာ)

၄၁၆။ **အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် အဗျာကတဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၅။	ဗျာ	ဗျာ	ကတ္တား:	အလေးအမြတ်ပြု**အပ်**သော အရဟာတ္တဖိုလ်၊ နိဗ္ဗာန်၊ (**နိဗ္ဗာန်**)
			သမ္မဒါန်	အလေးအမြတ်ပြု**တတ်**သော မဟာကြိယာဉာဏသမ် ၄၊ စေ ၃၃ (**ဖိုလ် ၄ ပါး၊ စေ ၃၆**)
			ကရိဏ်း	အာရမ္မဏ၊ **အာရမ္မဏာဓိပတိ**၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်) ၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(**ဗျာ**) ကတ္တား: အာရုံ	အာရမ္မဏိက **သမ္မဒါန်** (**ဗျာ**)
၁။	**အရဟာ ဖလံ** အရဟာ-ရဟန္တာပုဂ္ဂိုလ်သည်၊ ဖလံ- **အရဟတ္တဖိုလ်**	**ဂရုံ ကတ္တာ ပစ္စယေ၌တိ၊** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ ရဟန္တာသန္တာန်၌ ဖြစ်သော ဆင်ခြင်သော **ကာမကြိယာ** ဉာသမ် ၄
၂။	**နိဗ္ဗာနံ** **နိဗ္ဗာန်**	**ဂရုံ ကတ္တာ ပစ္စယေ၌တိ၊** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ ရဟန္တာသန္တာန်၌ ဖြစ်သော ဆင်ခြင်သော **ကာမကြိယာ** ဉာသမ် ၄
၃။	**နိဗ္ဗာန်**	**ဖလဿ** ဖိုလ် ၄၊

? အဗျာကတဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံ။

၁။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ အရဟတ္တဖိုလ်သည် ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အလေးအမြတ်ပြု၍ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကြိဉာဏသမ္ပယုတ်စိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၃။ နိဗ္ဗာန်သည် ဖိုလ် (၄)ခုအား၊ အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

အဗျာကတော အဗျာကတသဒ္ဒ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား- အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ခုအားတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တဖိုလ်, နိဗ္ဗာန်။ ဖိုလ်လေးပါးအားတပ်သော နိဗ္ဗာန် ပစ္စည်းတရား ရ၏။ အဗျာကတသဒ္ဒ ဓမ္မသဒ္ဒဟူသော **သမ္ပဒါန်**ပုဒ်၏အရကား- အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ဖိုလ် ၄ ခု၊ စေတသိက် ဆတ္တိံသ ပစ္စယုပ္ပန်တရား ရ၏။ အဓိပတိပစ္စယေနဟူသော **ကရိဏ်း**ပါဠိ၏အရကား- တစ်ပြိုင်နက် တတ်ကောင်းသော အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံး ပစ္စယသတ္တိတို့တွင် **အာရမ္မဏာဓိပတိသတ္တိ** ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဥပနိဿယ ၄၂၃။ (**ဗျာ-ဗျာ**) ပါဠိတော်၌လည်း **အာရမ္မဏူပနိဿယ** ရ၏။

စဉ်	ပစ္စည်း(**ဗျာ**) **ကတ္တား** အာရုံ	အာရမ္မဏိက **သမ္ပဒါန်** (**ဗျာ**)
၁။	**အရဟာ ဖလံ**	**ဂရုံ ကတွာ ပစ္စဝေက္ခတိ၊**
၂။	**နိဗ္ဗာနံ**	**ဂရုံ ကတွာ ပစ္စဝေက္ခတိ၊**
၃။	**နိဗ္ဗာနံ**	**ဖလဿ**

အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ၆။ (ဗျာ-ကု)

၄၁၆။ **အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၆။	**ဗျာ**	**ကု**	**ကတ္တား**:	အလေးအမြတ်ပြု**အပ်**သော အောက်ဖိုလ် ၃၊ **နိဗ္ဗာန်**
			သမ္ပဒါန်:	အလေးအမြတ်ပြု**တတ်**သော မဟာကုသိုလ် ၄၊ စေ ၃၃ (မင် ၄ ပါး၊ စေ ၃၆)
			ကရိဏ်း:	အာရမ္မဏ၊ **အာရမ္မဏာဓိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်) ၃

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(**ဗျာ**) **ကတ္တား** အာရုံ	အာရမ္မဏိက **သမ္ပဒါန်** (**ကု**)
၁။	**သေက္ခာ ဖလံ** သေက္ခတို့သည်၊ ဖလ်-မြိမိဆိုင်ရာ	**ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊**
	သောတာပန်ဖြစ်အံ့ ဖလအရ သော.ဖိုလ်	သေက္ခ-တို့.သန္တာန်၌ဖြစ်သော
	သကဒါဂါမ်ဖြစ်အံ့ ဖလအရ သက.ဖိုလ်	ဂရုံ ကတွာ- အလေးအမြတ်ပြု၍ဆင်ခြင်သော
	အနာဂါမ်ဖြစ်အံ့ ဖလအရ အနာ.ဖိုလ်	**မဟာကု.ဉာဏ် ၄**

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	အာရမ္ဘကိုက သမ္ဘဒါန် (ကု)
၂။	နိဗ္ဗာနံ နိဗ္ဗာန်ကို	ဂရုံ ကတ္တာ ပစ္စဝေက္ခဏ်၊ .(။). မဟာကု.ဉာဏ် ၄
၃။	နိဗ္ဗာနံ	ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဂေါတြဘုဿ- သော.မဂ်ရှေ. ဂေါ.ကိစ္စတပ် မဟာကု-ပ.ဒွေ,တ.ဒွေ၊ ဝေါဒါနဿ - သ,နာ.မဂ်ရှေ. ဝေါ.ကိစ္စတပ် မဟာကု-ပ.ဒွေ,တ.ဒွေ၊ မဂ္ဂဿ - မဂ် ၄

? အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု။

၁။ သေက္ခဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို အလေးအမြတ်ပြု၍ဆင်ခြင်သောအခါ အောက်ဖိုလ်(၃)ခုသည် ဆင်ခြင်သောကာမကုသိုလ်စိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ သေက္ခဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၃။ နိဗ္ဗာန်သည် ဂေါတြဘူ၊ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ဉာဏ သမ္ပယုတ် ၄ ခု၊ မဂ်(၄)ခုအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

အဗျာကတော ကုသလဿ၌ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား- အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ခု အား၊တပ်သော အလေးအမြတ်ပြုအပ်သော အောက်ဖိုလ် ၃ ခု, နိဗ္ဗာန်။ မဂ် ၄ ခုအား၊တပ်သော နိဗ္ဗာန် ပစ္စည်း၊တရား ရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ဘဒါန်**ပုဒ်၏အရကား- အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ မဂ် ၄ ခု၊ စေတသိက် ဆတ္တိံသ ပစ္စယုပ္ပန်တရား ရ၏။ အဓိပတိပစ္စယေနဟူသော **ကရိဏ်း**ပါဠိ၏အရကား- တစ်ပြိုင်နက် တတ်ကောင်းသော အာရမ္မဏာ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံး ပစ္စယသတ္တိတို့တွင် **အာရမ္မဏာဓိပတိသတ္တိ** ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

ⓐ ဥပနိဿယ ၄၂၃။ (ဗျာ-ကု) ပါဠိတော်၌လည်း အာရမ္မဏူပနိဿယ ရ၏။

စဉ်	ပစ္စည်း(ဗျာ) ကတ္တား အာရုံ	အာရမ္မဏိက သမ္ဘဒါန် (ကု)
၁။	သေက္ခာ ဖလံ	ဂရုံ ကတ္တာ ပစ္စဝေက္ခဏ်၊
၂။	နိဗ္ဗာနံ	ဂရုံ ကတ္တာ ပစ္စဝေက္ခဏ်၊
၃။	နိဗ္ဗာနံ	ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ

ⓐ ကရိဏ်းတွင်သာ **အာရမ္မဏူပနိဿယသတ္တိ**ဟု သတ္တိဝိသေသ သာထူး၏။ ✓

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ၇။ (ဗျာ-အကု)

၄၁၆။ **အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

၇။	ဗျာ	အကု	ကတ္တား	အလေးအမြတ်ပြု**အပ်**သော	**ဣဋ္ဌနိပ္ဖန္နရုပ် ၁၈၊** ဒုက္ခကြဉ် ကိုယ် ၃၁၊ ကြိယာ ၂၀၊ စေ ၃၅၊
			သမ္ပဒါန်	အလေးအမြတ်ပြု**တတ်**သော	လောဘမူစိတ် ၈ ခု၊ စေ ၂၂။
			ကရိဏ်း	အာရမ္မဏာ၊ **အာရမ္မဏာဓိပတိ၊** အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)	

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား အာရုံ	အာရမ္မဏိက သမ္ပဒါန် (အကု)
၁။	**စက္ခုံ** စက္ခုံ၌ အလေး.ဣဋ္ဌဖြစ် **စက္ခုပသာဒ** (ကိုအာရုံပြု၍)	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊** ဂရုံ ကတ္တာ-အလေးအမြတ်ပြု၍ သာယာ,နှစ်သက်သောအခါ သဝိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ **တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြဋ္ဌာန်းသော လောဘမူ ၈ **ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** အမြင်မှားသောအခါ အလေးအမြတ်ပြုတတ်သော လောဘမူ.ဒိဋ္ဌိ ၄
၂။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ သောတ..., ရူပေ-အလေး.ဣဋ္ဌဖြစ် ..., ဝတ္ထုံ-ဟဒယဝတ္ထု၂ ဝိ.ဗျာ ကိရိဝါက်ဗျာ ကြိ.ဗျာ ကြိဗျာ ခန္ဓေ-ခန္ဓာတို့.ကို	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊** ဂရုံ ကတ္တာ- အလေး.. သာယာ, နှစ်သက်သောအခါ သဝိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ **တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊** ဂရုံ ကတ္တာ- အလေးအမြတ်ပြု၍ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြဋ္ဌာန်းသော လောဘမူ ၈ **ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** အမြင်မှားသောအခါ လောဘမူ.ဒိဋ္ဌိ ၄

? အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု။

၁။ အလေးအမြတ်အာရုံပြုအပ်သော ဣဋ္ဌဖြစ်သော စက္ခုပသာဒကို အာရုံပြု၍-
* အလေးအမြတ်ပြု၍ သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်အား၊
* နှစ်သက်သောအခါ သဝိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ၄ ခုအား၊

* အလေးအမြတ်ပြု၍ တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ၈ ခုအား၊
* အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခုအား၊

၂။ အလေးအမြတ်အာရုံပြုအပ် သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဟဒယဝတ္ထု၊လောကိဝိပါက်,ကိရိယာခန္ဓာတို့ကို အလေးအမြတ်အာရုံပြု၍-

* သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်အား၊
* နှစ်သက်သော အခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ၄ ခုအား၊
* အလေးအမြတ်ပြု၍ တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ၈ ခု အား၊
* အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခုအား၊

❁ **ဥပနိဿယ** ၄၂၃။ (**ဗျာ–အက္ခ**) ပါဠိတော်၌လည်း **အာရမ္မဏူပနိဿယ** ရ၏။

စဉ်	ပစ္စည်း(**ဗျာ**) **ကတ္တား** အာရုံ	အာရမ္မဏိက သမ္ပယုတ် (**အက္ခ**)
၁။	**စက္ခုံ**	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊**
		တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။
၂။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ဂန္ဓေ၊ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ။ ဝိပါကာဗျာကတော ကိရိယာဗျာကတေ ခန္ဓေ	**ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊**
		တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

❁ ကရိဏ်းတွင်သာ **အာရမ္မဏူပနိဿယသတ္တိဟု** သတ်ဝိဿေသ **သာထူး**၏။ ✓

ဣဒ္ဓ, နိပ္ပန္နရုပ် ၁၈

ဣဒ္ဓ = (အလေးအမြတ်ပြုနိုင်ရန်) အလိုရှိအပ်,တောင့်တအပ်,မြတ်နိုးအပ်၊)
(အာဓိ,အာနိတွင် **အနိဋ္ဌ** ✕)

နိပ္ပန္နရုပ်(ရုပ်အစစ်) ၁၈ = ဘူတ(၄)+ပသာ(၅)+ဂေါ(၄)+ဘာ(၂)+ဟဒယ+ဇီဝိတ+အာဟာရရုပ်
(အနိပ္ပန္နရုပ်များသည် ပရမတ်အစစ်မဟုတ်၊ ပညတ်တရားသာဖြစ်။)
အာရမ္မဏာတွင် အဋ္ဌကထာ အာဘောဂ ✓)

အာရုံမဏာဓိပတိ, အာရုံမဏူပနိဿယ မှတ်ဖွယ်

အာရုံမဏာဓိပတိ, အာရုံမဏူပနိဿယသည် အာရုံမဏပစ္စည်း၏ အစိတ်အပိုင်းမျှသာ ဖြစ်၏။ ၎င်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်တရားများသည် အာရုံမဏပစ္စည်းမှ အလေးအမြတ် အာရုံများကို ယူထားခြင်းဖြစ်ပါသည်။

ပစ္စည်းရေသည် အာရုံမဏမျိုးဖြစ်သောကြောင့် ခေါင်းဆောင်အာရုံမဏ အမြဲ ရ၏။ (မျိုးကွဲရှိပစ္စည်း) အဓိပတိ၊ ဥပနိဿယ တို့၌လည်းဟောသောကြောင့် ပစ္စည်းရေ (၃)။

? ရုပ်ပွားတော်၏အဆင်းကို အလေးအမြတ်အာရုံပြုသောသူသည် မဟာကုသိုလ်စိတ် ဖြစ်နိုင်, မဖြစ်နိုင် အကြောင်းပြဖြေဆို၍ မည်သည့်စိတ်ဖြစ်ကြောင်းနှင့် မည်သည့်ပစ္စည်း တတ်ကြောင်း ပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍ရှင်းလင်းပြပါ။ *** *** ***

မဟာကုသိုလ်စိတ် မဖြစ်နိုင်ပါ။ အကြောင်းမှာ– မဟာကုသိုလ်စိတ်တို့သည် အရဟတ္တမဂ်ကြဉ်သောကုသိုလ် ဝိသ၊ အောက်ဖိုလ်(၃)ခုနှင့် နိဗ္ဗာန်ကိုသာ **အလေးအမြတ်**အာရုံပြုနိုင်ပါသည်။ မဟာကုသိုလ်စိတ်သည် ရူပါရုံကို အလေးအမြတ် အာရုံမပြုနိုင်ပါ။

ရုပ်တရားဖြစ်သော ရူပါရုံကို အလေးအမြတ် အာရုံပြုနိုင်သောစိတ်ကား လောဘမူစိတ် (၈)ခုသာ ဖြစ်၏။ ထို့ကြောင့် ရုပ်ပွားတော်၏အဆင်းကို အလေးအမြတ်အာရုံပြုသူသည် မဟာကုသိုလ်ဈော မဖြစ်နိုင်ဘဲ၊ လောဘမူဈောသာ ဖြစ်ရပေမည်။

ပဋ္ဌာန်း**ပါဠိတော်**၌လည်း "ရူပေ **ဂရုံ ကတ္ဝာ** အသဒ္ဓေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္ဝာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။" ဟူ၍သာ ဟောပါသည်။ "ရူပေ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ။" စသည် မဟောပါ။

? 'မောင်တော်ဘုရား မြန်မြန်ပြန်လာခဲ့ပါ'ဟု အော်ပြောလိုက်သော ဇနပဒကလျာဏီ၏စကား သံဒ္ဒ စွဲယောင်တမ်းတလျက် လှည့်ပြန်ချင်စိတ်ဖြစ်နေသော နန္ဒမင်းသား၏သန္တာန်၌ဖြစ်သင့်သော စိတ်အား အဓိပတိတပ်ပုံကို ပဋ္ဌာဝါရပါဠိတော်ကို ကိုးကားဖြေဆို၍ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်း ကောက်ပြပါ။

ပါဠိ – သဒ္ဒေ ဂရုံ ကတ္ဝာ အသဒ္ဓေတိ အဘိနန္ဒတိ၊
တံ ဂရုံကတ္ဝာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။

ကတ္တား – အလေးအမြတ်ပြုအပ်သော သဒ္ဒါရုံ။

သမ္မဒါန် – အလေးအမြတ်ပြုတတ်သော လောဘမူစိတ်(၈)ခု၊ စေတသိက် ဟဝိသ။

ကရိဏ်း – အာရုံမဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၈)ပစ္စယသတ္တိတို့တွင် 'အာရုံမဏာဓိပတိသတ္တိ'ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ (တစ်ပြိုင်နက်/ယထာရဟ တတ်)

(ဤတွင် တစ်ပြိုင်နက် = အာရုံမဏ၊ အာရုံမဏာဓိပတိ၊ အာရုံမဏူပနိဿယ။) +

၅။ အာရုံတရားတော
၇။ အာရုံတရားတော်ထို ၈။ အာရုံတရားအဝိဂတ

အာရုံတရားတော

အာရုံတရားလည်း ဖြစ်ရမည်။ ပစ္စယုပ္ပန်တရားထက် ရှေးဦးစွာဥပါဒ်ပြီး မချုပ်သေးဘဲ ပစ္စုပ္ပန်အနေဖြင့် ဌီအခိုက်မှာတည်နေပြီး မိမိ၏နောက်မှဖြစ်ပေါ်ဥပါဒ်လာသည့် စိတ်,စေတသိက်တရားများကိုကျေးဇူးပြုသော ပစ္စည်းတရားသာ ဖြစ်၏။ ဤအင်္ဂါရုပ်များနှင့်ပြည့်စုံသောတရားသည် (ပစ္စုပ္ပန်)နိပ္ပန္နရုပ်အဌာရုံသ ပစ္စည်းတရားသာ ဖြစ်၏။ (ပုရေ-ရှေးဦး၊ **ဇာတ**-ဖြစ်)

* ပုရေဇာတတွင် **အာ.ပုနှင့် ဝတ္ထု.ပု** နှစ်မျိုးရှိရာ ယခုအာရုံမဏမျိုးကို လေ့လာနေသောကြောင့် အာရုံတရားတကိုသာ လေ့လာပါမည်။ (....ဝတ္ထု.ပုသည် နိဿယပစ္စည်းတွင် ဝင်၏။)
* **အာရုံတရားတော်ထို-အတ္ထိ**ပစ္စည်းတွင်လည်း ပသာဒဂါ:ပါ:၊ ပဋိသန္ဓေအစရှိ. ရှေးရှေးစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိ..ဘု..ဥပါဒ်.ဟဒယဝတ္ထု တို့သည် ရှေးဦဖြစ်၍ ထင်ရှားရှိခြင်း အာရုံတရားတော်ထိသတ်ရှိသောကြောင့် အာရုံတရားတနှင့် အရတရားတူညီကြ၍ (တစ်စုတည်း)လေ့လာမှတ်သားပါမည်။ အတ္ထိပစ္စည်း ဗျာ-ဗျာ၊ ဗျာ-က္၊ ဗျာ-အကု တို့ရှိ အာ.ပု များကို ဟောပါမည်။
* **အာရုံတရားတော်အဝိဂတ- အဝိဂတ**ပစ္စည်းတွင်လည်း ထင်ရှားရှိခြင်းအတ်ထိနှင့် မကင်းပျောက်ခြင်း အဝိဂတတို့သည် အဓိပ္ပါယ်, တရားကိုယ် မကွဲပြား။ ထို့ကြောင့် အဝိဂတပစ္စည်းရှိ အာ.ပု များကိုဟောပါမည်။ (ယထာ အတ္ထိပစ္စယံ ဇဝံ ဝိတ္ထာရေတဗ္ဗံ။)

အာရုံတရားတော သုဒ္ဓသင်္ခ်ာ

↓ အားတပ်သော ←——→

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သင်္ခ်ာ	ပစ္စည်းရေ
၁	**အာပု** အတ္ထိ, အဝိ	ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊	ကာမ ၅၄၊ ဒီဗ္ဗစက္ခု၊ ဒီဗ္ဗသောတအာဘိညာဉ်၊	၂	၄

အာရုံတရားတော်ပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ "ကာမစိတ် စတုပညာသ၊ ဒီဗ္ဗစက္ခု၊ ဒီဗ္ဗသောတအာဘိညာဉ်**အားတပ်သော** ပစ္စုပ္ပန် နိပ္ပန္နရုပ် အဌာရုံသ၊ ဤတရားတို့သည် အာရုံတရားတော်ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။
သင်္ခ်ာ 'တီကိ' ပစ္စည်းရေ (၄)ဟူသည်တည်။ 'တီကိ'ဟူသော်ကား-
အဗျာကတော အဗျာကတသ၊ **အဗျာကတော** ကုသလသ၊ **အဗျာကတော** အကုသလသ၊ ဟူသည်တည်း။
ပစ္စည်းရေ (၄) ဟူသည်ကား အာရုံတရား၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ တည်း။

* ပစ္စည်းဘက်၌ နိပ္ပန္နရုပ် အဋ္ဌာရသရသဖြင့် ပစ္စည်းတွင် **အဗျာကတ ကိန်းသေပါ၏**။
* ပစ္စယုပ္ပန်တွင် ကာမ စတုပညာသ၌ **ဗျာ, ကု, အကု**များ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်များ၌ **ကုဘီ, ကြိဘီ**များရှိ၍ ဗျာ, ကု ရှိနေပါသည်။
ထို့ကြောင့် **သန်္ဓာ (၃) = ဗျာ-ဗျာ၊ ဗျာ-ကု၊ ဗျာ-အကု၊**
* ပစ္စည်းရေတွင် အာရမ္မဏမျိုးတွင် အာရမ္မဏက ခေါင်းဆောင်ပစ္စည်း၊ အာရမ္မဏပုရေ၁တ ပစ္စည်းတွင် ပုရေ၁တ ရ၏။ (ရုပ်က နာမ်ကို ပုရေ၁တ သာကျေးဇူးပြု-သဂြိဟ်၊) အာရမ္မဏပုရေ၁ကို အတ္ထိ၌ အာရမ္မဏပုရေ၁တတ္ထိ။ အဝိဂတ၌ အာရမ္မဏပုရေ၁-အဝိဂတဟု ဟောသောကြောင့် အတ္ထိ၊ အဝိဂတ လည်းရ၏။

အာရမ္မဏပုရေ၁တကို အာရမ္မဏမျိုးပစ္စည်းတွင် ဗျာ-ဗျာ၊ ဗျာ-ကု၊ ဗျာ-အကု တို့တွင် ပစ္စည်းဘက်၌ နိပ္ပန္နရုပ်ရသောတရားများဟောပါမည်။ ပုရေ၁တပစ္စည်း အာပု, ဝတ်ပု နှစ်မျိုးတွင် အာပုကိုသာ၊ အတ္ထိ, အဝိဂတပစ္စည်းများ၌လည်း အာရမ္မဏပုရေ၁တရားကိုသာ တင်ပြပါမည်။

အာရမ္မဏပုရေ၁တ သရုပ်ခွဲ

၁။	သန်္ဓာ(၃)ဒေသယင်္ဂါ	ဗျာ	ဗျာ	ကတ္တား	ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊
				သမ္မဒါန်	ဒွေပဉ္စ ၁၀၊ **မနောဓာတ်** ၃၊ တဒါရုံ ၁၁၊ မနောဒွါရာဝဇ္ဇန်း၊ ကာမကြိဇော ၉၊ ဒိဗ္ဗစက္ခု,သော ကြိဘီ၊ စေ ၃၃၊ (ကာမ-ဝိပါက် ၂၃၊ ကြိ ၁၁၊ ဒိဗ္ဗစက္ခု,သော-ကြိဘီ၊ စေ ၃၃၊)
				ကရိဏ်း	အာရမ္မဏ၊ နိဿယ၊ **ပုရေ၁တ**၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ တစ်ပြိုင်နက်/ယထာရဟ (ဓိ, ဥ ×)
၂။		ဗျာ	ကု	ကတ္တား	ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊
				သမ္မဒါန်	မဟာကု ၈၊ ဒိဗ္ဗစက္ခု,သော ကုဘီ၊ စေ ၃၆၊
				ကရိဏ်း	အာရမ္မဏ၊ နိဿယ၊ **ပုရေ၁တ**၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ တစ်ပြိုင်နက်/ယထာရဟ (ဓိ, ဥ ×)
၃။		ဗျာ	အကု	ကတ္တား	ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊
				သမ္မဒါန်	အကုသိုလ်စိတ် ၁၂၊ စေ ၂၇၊
				ကရိဏ်း	အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ **ပုရေ၁တ**၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ တစ်ပြိုင်နက်/ယထာရဟ

မနောဓာတ် ၃

ပဥ္စာဝါရသည် ဝိညာဏကာယဒေသနာဖြစ်၍ မနောဓာတ်(၃)ကို မဟောသော်လည်း ရသင့်သောကြောင့်(အရကောက်ဆရာတော်က) ကောက်ပါသည်။

ပစ္စယနိဒ္ဒေသ = ဓာတုဒေသနာ၌ မနောဓာတ်(၃)ကို ဟောပါသည်။

အာရမ္မဏပုရေဇာတ ၁။ (ဗျာ-ဗျာ)

၄၂၄။ **အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ္မ ပုရေဇာတပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

			ကတ္တား:	ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊ **တပ်သော**
၁။	ဗျာ	ဗျာ	သမ္ပဒါန်:	ဒွေပဉ္စ ၁၀၊ **မနောဓာတ် ၃**၊ တဒါရုံ ၁၁၊ မနောဝိဓိရဝဇ္ဇန်း၊ ကာမကြိုဇော ၉၊ ဒိဗ္ဗစက္ခု၊သော ကြိုဘိ၊ စေ ၃၃၊ **အား:** (ကာမ-ဝိပါက် ၂၃၊ ကြို ၁၁၊ ဒိဗ္ဗစက္ခု၊သော-ကြိုဘိ၊ စေ ၃၃၊)
			ကရိဏ်း:	အာရမ္မဏ၊ နိဿယ၊ **ပုရေဇာတ**၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ တစ်ပြိုင်နက်/ရထာယဟ (ဓိ, ဥ x)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား အာရုံ	အာရမ္မဏိက သမ္ပဒါန် (ဗျာ)
၁။	**အရဟာ စက္ခုံ** အရဟာ-ရဟန္တာသည်၊ စက္ခုံ-၌ **စက္ခုပသာဒကို**	**အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** ရဟန္တာတို့ သန္တာန်၌ ဖြစ်. အနိစ္စ,..ဟု ဝိ.ပြုသော ကာမကြိယာ
၂။	**သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ** သောတ...., ..., ဝတ္ထုံ-၌ (ကမ္မဇရုပ်).ဟဒယဝတ္ထု တို့.ကို	**အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** ရဟန္တာတို့ သန္တာန်၌ ဖြစ်. အနိစ္စ,..ဟု ဝိ.ပြုသော ကာမကြိယာ
၃။	**ဒိဗ္ဗေန စက္ခုနာ ရူပံ** ရဟန္တာတို့ ဒိဗ္ဗေ နှ-နတ်၌ဖြစ်သော ကမ္မဇာ- အာဘိဟု သာမျက်စိဖြင့် ဒုရုဓေးကွာ-ရူပါရုံ)၊ ပဋိဆ္ဆန္နေ(ဖုံးကွယ်နေ..) သဏ္ဌ(သိမ်မွေ့..)၊ သုခုမ.ဖြစ်သော ပစ္စုပ္ပန် ရူပံ- အဆင်း(ရူပါရုံ)ကို	**ပဿတိ၊** မြင်၏။ ဒိဗ္ဗစက္ခု ကြိယာအာဘိ
၄။	**ဒိဗ္ဗာယ သောတဓာတုယ သဒ္ဒံ** ရဟန္တာတို့ ဒုရုပ ပဋိဆ္ဆန္နေ၊ သဏ္ဌေ၊ သုခုမ ဖြစ်သော ပစ္စုပ္ပန် သဒ္ဒံ- အသံ(သဒ္ဒါရုံ)ကို	**သုဏာတိ၊** ကြား၏။ ဒိဗ္ဗသောတ ကြိယာအာဘိ
၅။	**ရူပါယတနံ** ပစ္စုပ္ပန် ရူပါရုံ	**စက္ခုဝိညာဏသ** စက္ခုဝိညာဉ်ဖွေ
	သဒ္ဒါယတနံ ပစ္စုပ္ပန် သဒ္ဒါရုံ	**သောတဝိညာဏသ** သော.ဝိညာဉ်ဖွေ
	ဂန္ဓာယတနံ ပစ္စုပ္ပန် ဂန္ဓာရုံ	**ဃာနဝိညာဏသ** ဃာ.ဝိညာဉ်ဖွေ
	ရသာယတနံ ပစ္စုပ္ပန် ရသာရုံ	**ဇိဝှါဝိညာဏသ** ဇိဝှါဝိညာဉ်ဖွေ
	ဖောဋ္ဌဗ္ဗာယတနံ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ	**ကာယဝိညာဏသ** ကာ.ဝိညာဉ်ဖွေ

? အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ပုရေစာတသတ္တိဖြင့် ကျေးဇူးပြု။

၁။ ရဟန္တာပုဂ္ဂိုလ်သည် စက္ခုပသာဒကို အာရုံပြု၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာပြုသောအခါ စက္ခုပသာဒသည် ဝိပဿနာပြုသော ကာမကိရိယာအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဟဒယဝတ္ထုတို့သည် ဝိပဿနာပြုသော ကာမကြိယာအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။
(သြဇာရိုက်နှင့် ဟဒယဝတ္ထုကို ဝိပဿနာရှုရာတွင် ထင်ရှား၍ ဟော၊)

၃။ ရဟန္တာပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်ဖြင့် ဒူရေ(ဒူရ)ဝေးကွာလှသောအရပ်၌ရှိသော-ရူပါရုံ၊ ပဋိစ္ဆန္နံ ဖုံးကွယ်နေသော-ရူပါရုံ၊ သဏှ သိမ်မွေ့လှသော-ရူပါရုံ၊ သုခုမ နူးညံ့လှသော-ရူပါရုံဟုဆို အပ်သော ပစ္စုပ္ပန်ရူပါရုံကို မြင်သောအခါ ဒူရေ၊ ပဋိစ္ဆန္နံ၊ သဏှ၊ သုခုမ ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခု-ကြိယာအဘိညာဉ်အား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။

၄။ ရဟန္တာပုဂ္ဂိုလ်သည် ဒိဗ္ဗသောတကြိယာအဘိညာဉ်ဖြင့် ဒူရေဝေးကွာလှသောအရပ်ရှိ-သဒ္ဒါရုံ၊ ပဋိစ္ဆန္နံ ဖုံးကွယ်နေသော-သဒ္ဒါရုံ၊ သဏှ သိမ်မွေ့လှသော-သဒ္ဒါရုံ၊ သုခုမ နူးညံ့လှသော-သဒ္ဒါရုံ ဟုဆို အပ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားသောအခါ ဒူရေ၊ ပဋိစ္ဆန္နံ၊ သဏှ၊ သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗသောတကြိယာအဘိညာဉ်အား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။

၅။ * ပစ္စုပ္ပန် ရူပါရုံသည် စက္ခုဝိညာဏ်ဒွေအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။
* ပစ္စုပ္ပန် သဒ္ဒါရုံသည် သောတဝိညာဏ်ဒွေအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။
* ပစ္စုပ္ပန် ဂန္ဓာရုံသည် ဃာနဝိညာဏ်ဒွေအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။
* ရသာရုံသည် ဇိဝှာ ဝိညာဏ်ဒွေအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။
* ဖောဋ္ဌဗ္ဗရုံသည် ကာယဝိညာဏ်ဒွေအား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။

အတ္ထိ ၄၃၅။ (ဗျာ-ဗျာ) ပါဠိတော်၌လည်း **အာရမ္မဏပုရေစာတ** ရ၏။

စဉ်	ပစ္စည်း(ဗျာ) ကတ္တား အာရုံ	အာရမ္မဏိက သမ္မဒါန် (ဗျာ)
၁။	အရဟာ စက္ခုံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။
၂။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။
၃။	ဒိဗ္ဗေန စက္ခုနာ ရူပံ	ပဿတိ၊
၄။	ဒိဗ္ဗာယ သောတဓာတုယ သဒ္ဒံ	သုဏာတိ၊
၅။	ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ	စက္ခုဝိညာဏဿ (ပ) ကာယဝိညာဏဿ

အဝိဂတ ၄၃၇။ (ဗျာ-ဗျာ) အာ.ပု များကိုဟောပါမည်။
(ယထာ အတ္ထိပစ္စယံ ဧဝံ ဝိတ္ထာရေတဗ္ဗံ။)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

အဗျာကတော အဗျာကတသဿဉ် အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- စက္ခုဝိညာဉ်ဒွေအားတပ်သော ပစ္စုပ္ပန် ရူပါရုံ၊ (ပ)။ ကာယဝိညာဉ်ဒွေအားတပ်သော ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ၊ မနောဓာတ်သုံးခုအားတပ်သော ပစ္စုပ္ပန် ပဉ္စာရုံ၊ မနောဒွါရာဝဇ္ဇန်း, ကာမကြိယာ ဓော(၉)ခု, တဒါရုံ(၁၁)အားတပ်သော ပစ္စုပ္ပန်နိပ္ပန္နရုပ်(၁၈)ခု, ဒိဗ္ဗစက္ခုကြိယာအဘိညာဉ် အာတပ်သော ဒူရ,ပဋိဆ္ဆန္န,သဏ္ဌာ,သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ၊ ဒိဗ္ဗသောတကြိယာအဘိညာဉ် အာတပ်သော ဒူရ,ပဋိဆ္ဆန္န,သဏ္ဌာ,သုခုမဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံ၊ ပစ္စည်းတရား ရဏ်။

အဗျာကတသမ္မသဟူသော **သမ္မဒါန်**ပုဒ်၏ အရကား- ကာမဝိပါက် ၂၃၊ ကာမကြိယာ ၁၁၊ ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတကြိယာအဘိညာဉ် ဝိရတီ,အပ္ပမညာကြဉ်စေတသိက် ၃၃၊ ပစ္စယုပ္ပန် တရား ရဏ်။

ပုရေဇာတပစ္စယေနဟူသော **ကရိဏ်းပါဠ်**၏အရကား- တစ်ပြိုင်နက် ယထာရဟတတ် ကောင်းသော ပုရေဇာတ၊ အာရမ္မဏ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၆)ပစ္စယသတ္တိ တို့တွင် **'ပုရေဇာတသတ္တိ'**ဟုဆိုအပ်သော သတ္တိဝိသေသ ရဏ်။
(ဓိ, ဥ ✕ ပစ္စည်း ပစ္စုပ္ပန်နိပ္ပန္နရုပ်(၁၈)ခုအား **ပစ္စယုပ္ပန် ဗျာနှင့် ကုသည်** အလေးအမြတ်မပြု၍။)

အာရမ္မဏာပုရေဇာတ ၂။ (ဗျာ--ကု)

၄၂၄။ **အဗျာကတော ဓမ္မော ကုသလဿ မွေဿ ပုရေဇာတပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် ကုသလဿမွေအား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

၂။	ဗျာ	ကု	ကတ္တား	ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊ **တပ်သော**
			သမ္မဒါန်	မဟာကု ၈၊ ဒိဗ္ဗစက္ခု,သော ကုဘိ၊ စေ ၃ဖြာ၊ **အား**
			ကရိဏ်း	အာရမ္မဏ၊ နိဿယ၊ **ပုရေဇာတ**၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ တစ်ပြိုင်နက်/ရထာယဟ (ဓိ, ဥ ✕)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	အာရုံ	အာရမ္မဏိက **သမ္မဒါန်** (ကု)
၁။	**သေက္ခာ ၈၂ ပုထုဇ္ဇနာ ၀၂ စက္ခုံ** သေက္ခတို့သည်၊ စက္ခုံ၌ **စက္ခုပသာဒကို**		**အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿိဿန္တိ။** သေက္ခတို့သဒ္ဓါန် ဖြစ်. အနိစ္စ,...ဟု ဝိ.ပြုသော မဟာကုသိုလ်
၂။	**သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ၀တ္ထုံ** သောတ..., ..., ဝတ္ထုံ၌(ကမ္မဇရုပ်)ဟဒယဝတ္ထု ကို့ကို		**အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿိဿန္တိ။** သေက္ခတို့သဒ္ဓါန် ဖြစ်. အနိစ္စ,...ဟု ဝိ.ပြု မဟာကုသိုလ်

စဉ်	ပစ္စည်း(ဗျာ)	**ကတ္တား**	အာရုံ	**သမ္ပဒါန် (ကု)**
၃။	**ဒိဗ္ဗေန စက္ခုနာ ရူပံ** သေက္ခတို့ ဒိဗ္ဗေ နေ-နတ်၌.မျက်စိဖြင့် ဒူရ(ဝေး)၊ပဋိဆ္ဆန္နေ(ဖုံး)သဏ္ဌာ(သိမ်)၊ သခုမ(နီး)ပစ္စုပ္ပန် ရူပံ-ရူပါရုံကို			**ပဿန္တိ၊** မြင်၏။ ဒိဗ္ဗစက္ခုကုအာဘိ
၄။	**ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ** သေက္ခတို့... ဒူရ၊ပဋိဆ္ဆန္နေ၊သဏ္ဌာ၊ သခုမ ဖြစ်သော ပစ္စုပ္ပန် သဒ္ဒံ- အသံ(သဒ္ဒါရုံ)ကို			**သုဏန္တိ၊** ကြား၏။ ဒိဗ္ဗသောတ ကုသိုလ်အာဘိ

? အဗျာကတမမ္မသည် ကုသိုလ်မမ္မအား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု။

၁။ သေက္ခဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် စက္ခုပသာဒကို အာရုံပြု၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာပြုသောအခါ စက္ခုပသာဒသည် ဝိပဿနာပြုသော ကာမကုသိုလ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဟဒယဝတ္ထုတို့သည် ဝိပဿနာပြုသောကာမကုသိုလ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(ဩဇဋ္ဌမကရူပ်နှင့် ဟဒယဝတ္ထုကို ဝိပဿနာရှုရာတွင် ထင်ရှား၍ ဟော၊)

၃။ သေက္ခဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်ဖြင့် ဒူရေ ဝေးကွာလှသောအရုပ်ရှိ ရူပါရုံ၊ ပဋိဆ္ဆန္နေ ဖုံးကွယ်နေသော ရူပါရုံ၊ သဏ္ဌာ သိမ်မွေ့လှသော ရူပါရုံ၊ သခုမ နီးညှဉ်းလှသော ရူပါရုံ၊ ပစ္စုပ္ပန်ရူပါရုံကို မြင်သောအခါ ဒူရေ၊ ပဋိဆ္ဆန္နေ၊ သဏ္ဌာ၊ သခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

၄။ သေက္ခဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်ဖြင့် ဒူရေ ဝေးကွာလှသောအရုပ်ရှိ သဒ္ဒါရုံ၊ ပဋိဆ္ဆန္နေ ဖုံးကွယ်နေသော သဒ္ဒါရုံ၊ သဏ္ဌာ သိမ်မွေ့လှသော သဒ္ဒါရုံ၊ သခုမ နီးညှဉ်းလှသော သဒ္ဒါရုံ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားသောအခါ ဒူရေ၊ ပဋိဆ္ဆန္နေ၊ သဏ္ဌာ၊ သခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့်ကျေးဇူးပြု၏။

အတ္ထိ ၄၃၅။ (ဗျာ-ကု) ပါဠိတော်၌လည်း **အာရမ္မဏပုရေဇာတ** ရ၏။

စဉ်	ပစ္စည်း(ဗျာ)	ကတ္တား	အာရုံ	အာရမ္မဏိက	သမ္ပဒါန် (ကု)
၁။	သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ			အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။	
၂။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ			အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။	
၃။	ဒိဗ္ဗေန စက္ခုနာ ရူပံ			ပဿန္တိ၊	
၄။	ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ			သုဏန္တိ၊	

အဝိဂတ ၄၃၇။(ဗျာ-ကု) အာ.ပု များကိုဟော။(ယထာ အတ္ထိပစ္စယံ ဇဝံ ဝိတ္ထာရေတဗ္ဗံ။)

အာရုံမဏ္ဍပုရေဓာတ ၃။ (ဗျာ-အက္ခ)

၄၂၄။ အဗျာကတော ဓမ္မော အက္ခသလဿ ဓမ္မဿ ပုရေဓာတပစ္စယေန ပစ္စယော။
အဗျာကတဓမ္မသည် အက္ခသလဿဓမ္မအား ပုရေဓာတသတ္တိဖြင့် ကျေးဇူးပြု၏။

၃။	ဗျာ	အက္ခ	ကတ္တား:	ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊ **တပ်သော**
			သမ္ပဒါန်	အက္ခသိလ်စိတ် ၁၂၊ စေ ၂၇၊ **အား:**
			ကရိဏ်:	အာရုံမဏ္ဍ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ **ပုရေဓာတ**၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ တစ်ပြိုင်နက်/ယထာရဟ

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) **ကတ္တား** အာရုံ	အာရုံမဏ္ဍိက **သမ္ပဒါန်** (အက္ခ)
၁။	**စက္ခုံ** စက္ခုံ၌ **စက္ခုပသာဒကို** အာရုံပြု၍	**အသာဒေတိ အဘိနန္ဒတိ**၊ သာယာ, နှစ်သက်သောအခါ သဝိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ **တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ**၊ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြဋ္ဌာန်းသော လောဘမူ ၈ **ဒိဋ္ဌိ ဥပ္ပဇ္ဇတိ**၊ အမြင်မှားသောအခါ လောဘမူ.ဒိဿမ် ၄ **ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ**၊ ယုံမှားသံသယ မောမူ.ဝိစိသမ် **ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ**၊ ပျံ့.လွင့်,မငြိမ်သက် မောမူ.ဥဒ္ဓစ္စသမ် **အဒါမနသံ ဥပ္ပဇ္ဇတိ**၊ နှလုံးမသာယာ ဒေါ.သဟဂုတ်(ဒေါဒွေ)
၂။	**သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ။။** သောတ...., ..., ဝတ္ထုံ၌-(ကမ္မဇ)ဟဒယဝတ္ထု။ တို့ကို	**အသာဒေတိ အဘိနန္ဒတိ**၊ သာယာ, နှစ်သက်သောအခါ သဝိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ **တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ**၊ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြဋ္ဌာန်းသော လောဘမူ ၈ **ဒိဋ္ဌိ ဥပ္ပဇ္ဇတိ**၊ အမြင်မှားသောအခါ လောဘမူ.ဒိဿမ် ၄ **ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ**၊ ယုံမှားသံသယ မောမူ.ဝိစိသမ် **ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ**၊ ပျံ့.လွင့်,မငြိမ်သက် မောမူ.ဥဒ္ဓစ္စသမ် **အဒါမနသံ ဥပ္ပဇ္ဇတိ**၊ နှလုံးမသာယာ ဒေါ.သဟဂုတ်(ဒေါဒွေ)

ကရိဏ်းတွင် အာရမ္မဏ(၈)မျိုးနှင့် အကုန်လုံးဆိုင်ပါသည်။
..... တို့တွင် '**ပုရေဓာတသတ္တိ**'ဟုဆိုအပ်သော သတ္တိဝိသေသ ရှိ၏။

? အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု။

၁။ စက္ခုပသာဒကို အာရုံပြု၍-
* သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်အား၊
* နှစ်သက်သောအခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ၄ ခုအား၊
* တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ၈ ခုအား၊
* အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခုအား၊
* မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား၊
* ပျံလွင်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား၊
* နှလုံးမသာယာသောအခါ ဒေါသမူဒွေအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ (ကမ္မဇရုပ်)ဟဒယဝတ္ထု၊ တို့ကို အာရုံပြု၍-
* သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်အား၊
* နှစ်သက်သော အခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ၄ ခုအား၊
* တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ၈ ခု အား၊
* အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခုအား၊
* မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား၊
* ပျံလွင်သော အခါ ဥဒ္ဓစ္စသဟဂုတ်အား၊
* နှလုံးမသာယာသောအခါ ဒေါသမူဒွေအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု၏။

အတ္ထိ ၄၃၅။ (**ဗျာ–အကု**) ပါဠိတော်၌လည်း **အာရမ္မဏာပုရေဇာတ** ရှိ၏။

စဉ်	ပစ္စည်း(**ဗျာ**) **ကတ္တား** အာရုံ	အာရမ္မဏိက သမ္မဒါန် (**အကု**)
၁။	**စက္ခုံ**	**အသာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊**
၂။	**သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊**	**အသာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊**

အဝိဂတ ၄၃၇။ (**ဗျာ–အကု**) အာ.ပု များကိုဟော။
(ယထာ အတ္ထိပစ္စယံ ဧဝံ ဝိတ္ထာရေတဗ္ဗံ။)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

အဗျာကတော အကုသလသဿဉ် အဗျာကတောဓမ္မောဟူသော **ကတ္တုး**ပုဒ်၏အရကား- အကုသိုလ်ဒွါဒသအားတပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ ပစ္စည်းတရား ရ၏။

အကုသလသဿဓမ္မသဟူသော **သမ္မဒါန်**ပုဒ်၏အရကား- အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။

ပုရေဇာတပစ္စယေနဟူသော **ကရိဏ်းပါဠ်**၏အရကား- တစ်ပြိုင်နက် ယထာရဟာတတ် ကောင်းသော ပုရေဇာတ၊ အာရမ္မဏ၊ အဓိပတိ၊ နိသယ၊ ဥပနိသယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၈)ပစ္စယသတ္တိတို့.တွင် **'ပုရေဇာတသတ္တိ'**ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

? **အာပေါ**အစရှိသည်တို့.လည်း ပုရေဇာတပစ္စည်းဖြစ်လျက် မဟောမူ၍ အဘယ်ကြောင့် စကွံ့ အနိစ္စတော.. ဟူ၍သာ ဟောတော်မူပါသနည်း။

ပဥ္စဝါရတွင် ပရမတ္ထအစစ်ဖြစ်သော နိပ္ဖန္နရုပ်(၁၈)ပါးကို ဟောတော်မူပါသည်။ သို့ရာတွင် သနိဒဿနတိက်မှလွဲ၍အပြည့်မဟောဘဲ သြဇာရိကရုပ်(၁၂)ပါးနှင့် ဟဒယဝတ္ထုရုပ် ပေါင်း(၁၃)ပါးကိုသာ ဟောပါသည်။

အဋ္ဌကထာဆရာကြီးမှ ဤသြဇာရိကရုပ်များသည် ဝိပဿနာဉာဏ်မှတ်ရာတွင် ထင်ရှားသောကြောင့် စကွံ့ အနိစ္စတော..ဟူ၍သာ ဟောတော်မူခြင်းဖြစ်ပြီး သုခုမရုပ်များဖြစ်သည့် အာပေါ စသည့် ရုပ်များမှာ မထင်ရှားသောကြောင့် မဟောခြင်းဖြစ်ကြောင်း ဆိုပါသည်။

? ပဥ္စဝါရ-အာရမ္မဏပုရေဇာတ၌ ပစ္စည်းတရားသည် နိပ္ဖန္နရုပ်များဖြစ်၏။ ၎င်းနိပ္ဖန္နရုပ်သည် ပုရေဇာတဖြစ်သောနိပ္ဖန္နရုပ်များသာမဟုတ်ဘဲ သဟဇာတနိပ္ဖန္နရုပ်လည်း ဖြစ်နိုင်သဖြင့် အာရမ္မဏပုရေဇာတသာမဟုတ်၊ အာရမ္မဏသဟဇာတလည်းဖြစ်နိုင်ကြောင်းကို ဆရာကြီးများမိန့်ဆိုပုံကို မှတ်သားဖွယ်ရာဖြေဆိုပါ။ (အနုဋ္ဌီကာ)

အရာထောင်စသည့်နိမိတ္တရုပ်များကို ဖန်ဆင်းသောနေရာဌာနမှာ ကွဒ္ဒိဝိဓအဘိညာဉ်စိတ်က မိမိဖြစ်စေအပ်သော မိမိနှင့်အတူတကွဖြစ်သည့် သဟဇာတနိမိတ္တရုပ်ကိုသာ အာရုံပြုနိုင်ပါသည်။ ထိုအခါ သဟဇာတရုပ်က အာရမ္မဏသတ္တိဖြင့် နာမကွန်ဒါများကို ကျေးဇူးပြုပါသည်။ သို့.ရာတွင် **အာရမ္မဏသဟဇာတ**သည် အလွန်အဖြစ်နည်းသည့်အပြင် မထင်ရှားသောကြောင့် ပဋ္ဌာန်းမှာမဟောရခြင်းဖြစ်ကြောင်း အနုဋ္ဌီကာဆရာက မိန့်ဆိုပါသည်။

အာရမ္မဏပုရေဇာတ မှတ်ဖွယ်

အာရမ္မဏပုရေဇာတသည် အာရမ္မဏပစ္စည်း၏ အစိတ်အပိုင်းမျှသာ ဖြစ်၏။ ပစ္စယုပ္ပန်တရားများမှာ ရုပ်ကိုအာရုံမပြုသော မဟဂ္ဂုတ်နှင့် လောကုတ္တရာတွေ့ မပါ။ အဘိညာဉ်တွင်လည်း ရုပ်ကိုအာရုံပြုသောအဘိညာဉ်များမှ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတသာ ရ၏။ ။
အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏပုရေဇာတအဝိဂတ၌လည်း ဤနည်းတူ ဖြစ်၏။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၃။ ဝတ္ထာရမ္မဏာပုရေဇာတနိဿယ(ဝတ္ထာ)
၆။ ဝတ္ထာရမ္မဏာပုရေဇာတဝိပွယုတ္တ

ဝတ္ထာရမ္မဏာပုရေဇာတနိဿယပစ္စည်းတရားသည် မှီရာဝတ္ထုရုပ်လည်းဖြစ်ရမည်။ ပစ္စယုပ္ပန်တရား၏ အာရုံလည်းဖြစ်ရမည်။ ပစ္စယုပ္ပန်တရားတွေမဖြစ်ခင် ရှေးကဖြစ်နှင့် နေပြီး ဌီအခိုက်မှာလည်းတည်နေပြီး အမှီလည်းခံရမည် ဖြစ်သောကြောင့် 'ဟဒယဝတ္ထု' သာ ဖြစ်နိုင်၏။ ဤဟဒယဝတ္ထုသည်လည်း သုဒ္ဓသန်္ဓာတွင်ရေးထား သည့်အတိုင်း မရဏာသန္နအခါမှာဖြစ်သည့် 'ဟဒယဝတ္ထု' ဖြစ်ပါသည်။
(**ဝတ္ထု** = စိတ်,စေတသိက်တို့၏ ဖြစ်ပေါ်ရာ, အခြေခံဖြစ်ခြင်းကြောင့် ဝတ္ထုဟုခေါ်၏။)
(သဘာဂ, ဃဋ္ဋနာ သန်္ဓာများတွင်ပါလာသောကြောင့် သုဒ္ဓသန်္ဓာကို လေ့လာပါမည်။)

၄	**ဝတ္ထာပုနိ** ဝတ္ထာပု,ဝိပ် အတ္ထိ, အဝိ	စုတိစိတ်မှပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု	မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊	၃	၆ (မိဉ X)

ဝတ္ထာရမ္မဏာပစ္စည်း၏သုဒ္ဓသန်္ဓာဝါရ၌ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော(၅)ချက်၊ တဒါရုံအားတပ်သော စုတိစိတ်မှပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **'ဟဒယဝတ္ထု'** ဤတရားတို့သည် ဝတ္ထာရမ္မဏာပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သန်္ဓာ'တိဏ်' ပစ္စည်းရေ (၆)ဟူသည်တည်း။
သန်္ဓာ'တိဏ်'ဟူသော်ကား- **ဗျာ-ဗျာ၊ ဗျာ-ကု၊ ဗျာ-အကု** ဟူသည်တည်း။
ပစ္စည်းရေ (၆)ဟူသော်ကား- အာရမ္မဏာ၊ နိဿယ၊ ပုရေဇာတ၊ **ဝိပွယုတ္တ**၊ အတ္ထိ၊ အဝိဂတ၊

* ပစ္စည်းဘက်၌ ဟဒယဝတ္ထုသာရသဖြင့် ပစ္စည်းတွင် **အဗျာကတ ကိန်းသေ**ပါ၏။
* ပစ္စယုပ္ပန်တွင် မနောဒွါရာဝဇ္ဇန်း, မရဏာသန္န ကြိယာဇော(၅)ချက်, ဘဒါရုံယူလိုက်လျှင် **ဗျာ-ဗျာ**။ ကုသိုလ်မရဏာသန္နဇော(၅)ချက်ဖြစ်လျှင် **ဗျာ-ကု**။ အကုသိုလ် မရဏာသန္နဇော(၅)ချက်ဖြစ်လျှင် **ဗျာ-အကု** ဖြစ်၍ သန်္ဓာ'တိဏ်' ရ၏။
(မရဏာသန္နဇော(၅)ချက်တွက် ကြိယာဇော, ကုဇော, အကုဇောများ ရနိုင်၏။)

* ပစ္စည်းရေတွင် အာရမ္မဏာမျိုးတွင် အာရမ္မဏာက ခေါင်းဆောင်ပစ္စည်း၊ အာရမ္မဏာပုရေဇာတ ပစ္စည်းတွင် ပုရေဇာတ ရ၏။ (ရုပ်က နာမ်ကို ပုရေဇာတ သာကျေးဇူးပြု-သင်္ကြိဟ်၊) ဝတ္ထာရမ္မဏာပုရေဇာတကို အတ္ထိ၌ အာရမ္မဏာပုရေဇာတတ္ထိ။ အဝိဂတ၌ အာရမ္မဏာ-ပုရေဇာတအဝိဂတဟု ဟောသောကြောင့် အတ္ထိ၊ အဝိဂတ လည်းရ၏။
✪ **'ဝတ္ထာ'**ဟုဆိုသော ဝတ္ထုသံလေးပါလာလျှင် နိဿယ, ဝိပွယုတ္တလည်း ရ၏။ နိဿယ၌ ဝတ်-ပု-နိ ရ၏။ **ဝိပွယုတ္တတွင်လည်း ဝတ်-ပု-ဝိပ် ရ၏။**

? ဝတ္ထာရမ္ဘကပုရေစာတနိသယ ပစ္စည်းတရားသည် အဘယ်ပစ္စည်း၏ အစိပ်တရားနည်း၊ ၎င်းပစ္စည်းသည် ပဝတ္တိအခါ၌လည်း ရနိုင်၏ဟူသော ဝါဒကိုရှင်းလင်းခဲ့ပါ။

ဝတ္ထာရမ္ဘကပုရေစာတနိသယ ပစ္စည်းတရားသည် အာရမ္ဘကပစ္စည်းတရား၏ အစိပ်တရားဖြစ်ပါသည်။ ပကတိ-ပဝတ္တိအခါမှာလည်း ရနိုင်သည်ဟူသောဝါဒယူလိုသည့် ဆရာများက ပကတိ-ပဝတ္တိအခါစေတို့သည် အာဝဇ္ဇန်းဆင်ခြင်သည့်ဟဒယဝတ္ထုကို အာရုံမပြုဘဲ၊ မိမိမှီရာဝတ္ထုအသီးသီးသာအာရုံပြုမည်ဆိုလျှင် အာဝဇ္ဇန်းကင်းမည်ဆိုခြင်းမှာ မသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အာဝဇ္ဇန်းမှဟဒယဝတ္ထုကိုဆင်ခြင်ပေးသည်ကိုပင် စေတ်တေကဟဒယဝတ္ထုကို အာရုံပြုကြောင်း၊ ထို့ကြောင့် ဤစေတ်တေသည် အာဝဇ္ဇန်းမကင်းကြောင်း၊ အာဝဇ္ဇန်းမကင်းလျှင် အာရုံလည်း မကွဲကြောင်း၊ ခဏတိုင်းခဏတိုင်း ဒလစပ်ဖြစ်နေကြသည့် ဟဒယဝတ္ထုများကို တစ်ခုစီသီးသန့်ကွက်ခြားပြီး အာဝဇ္ဇန်းမဆင်ခြင်နိုင်သလို စေတ်တေကလည်း မစောနိုင်ကြပါ။ ထို့ကြောင့် အာဝဇ္ဇန်းနှင့်စေတ်များသည် ဓမ္မအားဖြင့်လည်းကောင်း၊ ကာလအားဖြင့်လည်းကောင်းမကွဲပြားကြပါ။ ဤသို့မကွဲပြားသောကြောင့် ပဝတ္တိအခါ၌လည်း ဤဝတ္ထာရမ္ဘကပစ္စည်းကို ရနိုင်သည်ဟု ဆိုကြပါသည်။

ဝတ္ထာရမ္ဘကကို အာရမ္ဘကမျိုးပစ္စည်းတွင် **ဗျာ-ဗျာ၊ ဗျာ-ကု၊ ဗျာ-အကု** တို့တွင် ပစ္စည်းဘက်၌ စုတိစိတ်မှပြန်၍ရသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော 'ဟဒယဝတ္ထု' ကိုဟောပါမည်။

ဝတ္ထာရမ္ဘကပုရေစာတနိသယ သရုပ်ခွဲ

၁။	အာရမ္ဘကပဒေသ(၃)ချင်း	ဗျာ	ဗျာ	ကတ္တား:	စုတိစိတ်မှပြန်၍ရသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော **'ဟဒယဝတ္ထု'**
				သမ္ပဒါန်:	မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဝီထိ-စေ(၅)ချက်၊ တဒါရုံ ၁၁၊
				ကရိဏ်း:	အာရမ္ဘက၊ နိသယ၊ ပုရေစာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၆
၂။		ဗျာ	ကု	ကတ္တား:	။ (၁၇) ။ **'ဟဒယဝတ္ထု'**
				သမ္ပဒါန်:	မရဏာသန္နဝီထိ ကု-စေ(၅)ချက်,
				ကရိဏ်း:	အာရမ္ဘက၊ နိသယ၊ ပုရေစာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၆
၃။		ဗျာ	အကု	ကတ္တား:	။ (၁၇) ။ **'ဟဒယဝတ္ထု'**
				သမ္ပဒါန်:	မရဏာသန္နဝီထိ အကု-စေ(၅)ချက်,
				ကရိဏ်း:	အာရမ္ဘက၊ အဓိပတိ၊ နိသယ၊ ဥပနိသယ၊ ပုရေစာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၈

ဝတ္ထာရမ္မဏပစ္စည်းသည် ပဉ္စာဝါရဝိဘင်္ဂဝါရတွင် သီးခြားအနေဖြင့် မဟောပါ။ သဘာဂ, ဃဋ္ဋနာများ၌သာ ဟောပါသည်။

(အာရမ္မဏ, ပုရေဇာတပစ္စည်းများမှထွက်လာခြင်းမဟုတ်၊) **နိဿယပစ္စည်း, ဝိပ္ပယုတ္တပစ္စည်း**များမှထွက်လာ၍ ပစ္စည်းရေ၌လည်း ၎င်းတို့ ရလာပါသည်။ ပစ္စည်းက ဟဒယဝတ္ထုဖြစ်၍ '**ဝတ္ထုံ**' ဟူ၍ ဟောပါမည်။

ဝတ္ထာရမ္မဏပုရေဇာတနိဿယ ၁။ (ဗျာ–ဗျာ)

× × × ။ **အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။**

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၁။	ဗျာ	ဗျာ	ကတ္တား:	စုတိစိတ်မှပြန်၍ရောသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော **'ဟဒယဝတ္ထု'**
			သမ္မဒါန်:	မနောဒွါရာဝဇ္ဇန်း, မရဏာသန္န ကြိယာဇော(၅)ချက်, တဒါရုံ ၁၁၊
			ကရိဏ်း:	အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၆

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား အာရုံ	အာရမ္မဏိက **သမ္မဒါန်** (ဗျာ)
၁။	**အရဟာ ဝတ္ထုံ** အရဟာ–ရဟန္တာသည်၊ ဝတ္ထုံ– စုတိ.(၁၇)ဥပါဒ် ဟဒယဝတ္ထု	**အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** ရဟန္တာတို့ သန္တာန်၌ ဖြစ်. အနိစ္စ,..ဟု ဝိ.ပြုသော ကာမကြိယာ

မနောဒွါရာဝဇ္ဇန်း, တဒါရုံ ၁၁ တို့အတွက် သီးခြား မဟောပါ။

အဗျာကတော အဗျာကတဿ၌ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား– မနောဒွါရာဝဇ္ဇန်း, မရဏာသန္နကြိယာဇော(၅)ချက်, တဒါရုံ ၁၁၊ အားတပ်သော စုတိစိတ်မှပြန်၍ရောသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော 'ဟဒယဝတ္ထု' ပစ္စည်းတရား ရ၏။ အဗျာကတဿဓမ္မဿဟူသော သမ္မဒါန်ပုဒ်၏ အရကား– မနောဒွါရာဝဇ္ဇန်း, မရဏာသန္နကြိယာဇော(၅)ချက်, တဒါရုံ ၁၁၊ ပစ္စယုပ္ပန်တရား ရ၏။

နိဿယပစ္စယေနဟူသော **ကရိဏ်းပါဠိ**၏အရကား– တစ်ပြိုင်နက်တတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ(၆)ပစ္စယသတ္တိ တို့တွင် **'နိဿယသတ္တိ'** ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဝတ္ထာရမ္ဘကထာပုရေစာတနိဿယ ၂။ (ဗျာ–က)

× × × ။ **အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။	ဗျာ	က	ကတ္တား	စုတိစိတ်မှပြန်၍ရေသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော **'ဟဒယဝတ္ထု'**
			သမ္ပဒါန်	မရဏာသန္န ကုသိုလ်ဇော(၅)ချက်
			ကရိဏ်း	အာရမ္မဏ၊ နိဿယ၊ ပုရေစာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၆

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ)	ကတ္တား	အာရုံ	အာရမ္မဏိက သမ္ပဒါန် (က)
၁။	**သေက္ခာ ဝါ ပုထုဇ္ဇနော ဝါ ဝတ္ထုံ့** သေက္ခတို့သည်၊ ဝတ္ထုံ့ စုတိ.(၁၇)ဥပါဒ် ဟဒယဝတ္ထု			**အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿိန်၏။** သေက္ခတို့ သန္တာန်၌ ဖြစ်. အနိစ္စ,..ဟု ဝိ.ပြုသော မဟာကုသိုလ်

အဗျာကတော ကုသလဿ၌ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- မရဏာသန္နကုသိုလ်ဇော(၅)ချက် အားတပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော 'ဟဒယဝတ္ထု'ပစ္စည်းတရား ရ၏။ ကုသလဿဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏အရကား- မရဏာသန္နကုသိုလ်ဇော(၅)ချက် ပစ္စယုပ္ပန်တရား ရ၏။

နိဿယပစ္စယေနဟူသော **ကရိဏ်းပါဠိ**၏အရကား- တစ်ပြိုင်နက်တတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေစာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ(၆)ပစ္စယသတ္တိ တို့.တွင် **'နိဿယသတ္တိ'**ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဝတ္ထာရမ္ဘကထာပုရေစာတနိဿယ ၃။ (ဗျာ–အက)

× × × ။ **အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၃။	ဗျာ	အက	ကတ္တား	စုတိစိတ်မှပြန်၍ရေသည်ရှိသော်(၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော **'ဟဒယဝတ္ထု'**
			သမ္ပဒါန်	မရဏာသန္န အကုသိုလ်ဇော(၅)ချက်
			ကရိဏ်း	အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေစာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၈

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	အာရမ္မဏိက သမ္ပဒါန် (အကု)
၁။	**ဝတ္ထုံ** ဝတ္ထုံ၌ စုတိ.(၁၇)ဥပါဒ် ဟဒယဝတ္ထု	**အသာဒေတိ အဘိနန္ဒတိ၊** သာယာ, နှစ်သက်သောအခါ သပ္ပိတိကတဏှာ ပြဠာန်းသော လောဘမူ.သောမနဿသဟဂုတ်
		တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ တပ်သောအခါ၊ တပ်မက်သော ဇော ပြဠာန်းသော လောဘမူသဟဂုတ်
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄
		ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်
		ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်
		ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ နှလုံးမသာယာသောအခါ ဒေါမနဿသဟဂုတ်

အကုသိုလ်မရဏာသန္နဇော ဆိုသဖြင့် လောဘ, ဒေါသ, မောဟတွေ အကုန်ရပါသည်။

အဗျာကတော အကုသလဿဒ္ဓါ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- မရဏာသန္နအကုသိုလ်ဇော(၅)ချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရသည်ရှိသော်(၁၇)ချက် မြောက်သောစိတ်နှင့်အတူဥပါဒ်သော 'ဟဒယဝတ္ထု'ပစ္စည်းတရား ရ၏။ အကုသလဿဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏အရကား- မရဏာသန္နအကုသိုလ်ဇော(၅)ချက် ပစ္စယုပ္ပန်တရား ရ၏။ နိဿယပစ္စယေနဟူသော **ကရိဏ်းပါဠ်**၏အရကား- တစ်ပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ(၈)ပစ္စယသတ္တိ တို့တွင် **'နိဿယသတ္တိ'**ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။
(ဗျာ-အကုတွင် **ဝတ္ထာမိ** ဝင်လာသောကြောင့် (၈)ပစ္စည်းရလာပါသည်။)

ပတ္ထာရမ္မဏပုရေဇာတနိဿယ မှတ်ဖွယ်

အာရမ္မဏပစ္စည်း၏ အဓိက်အပိုင်းမျှသာ ဖြစ်၏။ ပစ္စည်းတရားသည် စုတိစိတ်မှပြန်၍ရေသည်ရှိသော်(၁၇)ချက် မြောက်သောစိတ်နှင့်အတူဥပါဒ်သော **'ဟဒယဝတ္ထု'**သာဖြစ်သည်။
ပါဠိတော်တွင် ဝိဘင်းသီးခြား မရှိ။ ပဋ္ဌာန်းနည်းအရ အနုဝါဒထုတ်ရပါသည်။

စဉ်	သရုပ်	ပစ္စည်း (ကတ္တား)	ပစ္စယုပ္ပန် (သမ္ပဒါန်)
၁။	ဗျာ-ဗျာ	စုတိစိတ်မှပြန်၍ရေ(၁၇)စိတ်နှင့် အတူဥပါဒ် သော 'ဟဒယဝတ္ထု'	ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ (ဝတ္ထာ)
၂။	ဗျာ-ကု	။	ကုသလာနံ ခန္ဓာနံ (ဝတ္ထာ)
၃။	ဗျာ-အကု	။	အကုသလာနံ ခန္ဓာနံ (ဝတ္ထာ)

အာရမ္မဏာပုရေဓာတာဓိပတိ

အာရမ္မဏာပုရေဓာတနှင့် အာရမ္မဏာဓိပတိပစ္စည်းတို့၏ သဘာဂကိုရှာသည့်အခါ ထွက်လာသော(နှစ်ဘက်ရ)တရားဖြစ်ပါသည်။ အာပုနှင့် အာဓိ နှစ်ပစ္စည်းကိုကြည့်၍ ပစ္စည်း,ပစ္စယုပ္ပန်များအရတူ သဘာဂ ရှာရပါသည်။ သခ်ၤါသဘာဂများတွင် ဟောပါသည်။
(သီးခြားပစ္စည်းအနေဖြင့် မရှိပါ။ ဃဋနာ မှဖြစ်ပေါ်လာသည်။)

ပစ္စည်းဘက်၌- အာပုနှင့်အာဓိတွင် နိပ္ပန္နရုပ်(၁၈)ရှိကြပါသည်။ သို့သော် အာဓိတွင် ရှိသော နိပ္ပန္နရုပ်သည် အလေးအမြတ်ပြုအပ်သော ကျေဇူဖြစ်သော နိပ္ပန္နရုပ်(၁၈)ဖြစ်သောကြောင့် နှစ်ဘက်ရဖြစ်သော အာဓိရုပ်ကိုသာ ယူပါသည်။

အာဓိသည် ကာလသုံးပါးနှင့် ဆက်ဆံသော်လည်း အာပုသည် ပစ္စုပ္ပန်ကာလနှင့်သာ ဆက်ဆံသောကြောင့် အာဓိရုပ်တွင်လည်း ပစ္စုပ္ပန် နိပ္ပန္နရုပ်(၁၈) ရပါသည်။

ပစ္စယုပ္ပန်ဘက်၌ အာပုတွင် ကာမ(၅၄)ရှိသော်ကြောင့် အာဓိတွင်ရှိသော လော(၈), မဟာကု(၈), ကြိုသမ်(၄) ရနိုင်ပါသည်။ သို့သော် ပစ္စည်းရုပ်တရားကို ကု,ကြိုယာများက အလေးအမြတ်အာရုံမပြုကြသောကြောင့် ရုပ်ကို အလေးအမြတ်အာရုံပြုတတ်သော လော(၈) သာရရှိပါသည်။

၅	အာပုဓိ	အလေးအမြတ်ပြုအပ်သော ကျေဇူ ဖြစ်သော ပစ္စုပ္ပန် နိပ္ပန္နရုပ် ၁၈၊	အလေးအမြတ်ပြုတတ်သော လောဘမူ ၈၊	၁	၆ (နိဝိပ် X)

အာမ္မဏာပုရေဓာတာဓိပတိ- သုဒ္ဓသခ်ၤာဝါရ၌- အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု**အား**တပ်**သော** အလေးအမြတ်ပြုအပ်သော ကျေဇူဖြစ်သော ပစ္စုပ္ပန် နိပ္ပန္နရုပ်အဋ္ဌာရသ၊ ဤတရားတို့သည် အာမ္မဏာပုရေဓာတာဓိပတိပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။
သခ်ၤာ 'ဓကံ'။ ပစ္စည်းရေ(ဖ)ဟူသည်တည်း။
သခ်ၤာ ဓကံဟူသော်ကား - အဗျာကတော အကုသလသာ ဟူသည်တည်း။ (**ဗျာ-အကု**)
ပစ္စည်းရေ(ဖ)ဟူသော်ကား - အာရမ္မဏာ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဓာတ၊ အတ္ထိ၊ အဝိဂတ၊ ဤ(ဖ)ပစ္စယသတ္တိတို့တွင် '**အဓိပတသတ္တိ**'ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဝတ္ထာရမ္မဏာဓိပတိ

ဝတ္ထာရမ္မဏာဓိပတိသည်လည်း နိဿယနှင့် ဥပနိဿယတို့၏ သဘာဂ ဃဋ္ဋနာများ ဖြစ်ပါသည်။ (သီးခြားပစ္စည်း မရှိပါ။) မရဏာသန္နအခါ, ပကတိပဝတ္တိအခါ နှစ်မျိုးလုံး၌ ဟဒယဝတ္ထုကို အလေးအမြတ်အာရုံပြုသောအခါ၊ မှီတဲ့အခါမှာ ဖြစ်ပါသည်။

သဘာဂတရားဖြစ်လာပုံ– **ပစ္စည်း**အတွက် ဟဒယဝတ္ထု။

ပစ္စယုပ္ပန်အတွက် ဝတ္ထာရမ္မဏာပစ္စည်းမှာ မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော(၅)ချက်, တဒါရုံ ရှိပါသည်။ ဤတွင် မနောဒွါရာဝဇ္ဇန်း, တဒါရုံသည် အာရမ္မဏူပနိဿယပစ္စယုပ္ပန် ၌မရှိသောကြောင့် ကြဉ်၏။ မရဏာသန္နဇော(၅)ချက်တွင် ကု,အကု,ကြိယာ ရှိနိုင်၏။

အာရမ္မဏာပုရေဇာတာဓိပတိပြောခဲ့သည့်အတိုင်း အလေးအမြတ်ပြုအပ်သော ပစ္စည်းတရားက ဟဒယဝတ္ထု(ရုပ်တရား)ဖြစ်နေသောကြောင့် ကု,ကြိယာဇောများ မသက်ဆိုင်ပါ။ ရုပ်တရားကို အလေးအမြတ်အာရုံပြုတတ်သော လောဘမူ(အကု) မရဏာသန္နဇော(၅)ချက် သာရပါသည်။

၆	ဝတ္ထာဓိ	အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်ရသော် ၁၇ စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု	အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅ ချက်၊	၁	၈

ဝတ္ထာရမ္မဏာဓိပတိ– သုဒ္ဓသင်္ခါဝါ၌– အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာ-သန္နဇော(၅)ချက်အား**တပ်သော** အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်ရသော် (၁၇) ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။

သင်္ခါ 'ဧကံ'။ ပစ္စည်းရေ(၈)ဟူသည်တည်း။

သင်္ခါ ဧကံဟူသော်ကား – အဗျာကတော အကုသလဿ ဟူသည်တည်း။ (**ဗျာ–အကု**)

ပစ္စည်းရေ(၈)ဟူသော်ကား – အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အဗျာကတော အကုသလဿ၌ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား– အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော(၅)ချက်**အား**တပ်**သော** အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်ရသော်(၁၇)ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ အကုသလဿ ဓမ္မသဟူသော **သမ္ဗဒါန်** ပုဒ်၏အရကား– အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော(၅)ချက် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယေနဟူသော **ကရိဏ်း**ပါဠိအရကား အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ(၈)ပစ္စယသတ္တိတို့တွင် **'အဓိပတသတ္တိ'**ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

+

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

အာရုံမွေးမျိုးပစ္စည်းများ မှတ်ဖွယ်

ပဉ္စဝေါရဝိဘင်္ဂအား မျိုးစဉ်အားဖြင့်လေ့လာခြင်းသည် အကျိုးများလှကြောင်းတင်ပြခဲ့၍ ယခု **သင်တန်းသားမှတ်စု**(တင်ပြရေးသားသူမှ) အာရုံမွေမျိုးမှတ်စုကို တင်ပြပါမည်။

* အာရုံမွေ(၈)မျိုးတွင် ခေါင်းဆောင်ကြီးဖြစ်သော **အာရုံမွေပစ္စည်း**သည် တရားအရ အလွန်များ၏။ **ပစ္စည်း**၌ (၈၉၊ ၅၂၊ ၂၈၊ နိဗ္ဗာန် = ပရမတ္ထတရားအားလုံး = အာရုံ ၆ ပါး) ရ၍ ၎င်းအာရုံတရားများကိုအာရုံပြုသော အာရုံမွေဇာတိက (အာရုံပြုနိုင်=စိတ်+စေ)**ပစ္စယုပ္ပန်**သည် ပညတ်ကိုဧကန်အာရုံပြုသော(၂၁)ကြဉ်သည့် ဆိုင်ရာစိတ်+စေများ ရပါသည်။

သန်္ဓာ ၉ (ကုပဒ ၃ + အကုပဒ ၃ + ဗျာပဒ ၃) ပစ္စည်း,ပစ္စယုပ္ပန်တရားတို့ကို ဆိုင်ရာကု,အကု,ဗျာတို့ တပ်(ယှဉ်တွဲ)၍ ရပါသည်။

ပစ္စည်းရေတွင်– အာရုံမွေ(၈)မျိုး၏ ပစ္စည်း,ပစ္စယုပ္ပန်ကိုလိုက်ကြည့်လျှင် အာရုံမွေနှင့်တရားအရတူသောပစ္စည်း တစ်ခုမှမရှိသောကြောင့် အာရုံမွေ တစ်ပစ္စည်းသာ ရ၏။

* အာရုံမွေပစ္စည်းပြီးလျှင် အာရုံပြုတတ်သော အာရုံမွေ၏ အာရုံမွေဇာတိကတရားများထဲမှ အလေးအမြတ်ပြု**တတ်**သောတရားများကို **အာရုံမွေဓာဓိပတိ, အာရုံမွေဥပနိဿယပစ္စည်း**၏ အာရုံမွေဇာတိက **ပစ္စယုပ္ပန်**ထား၍ဟောသောကြောင့် အာရုံ **ပစ္စည်း**တရားသည်လည်း အလေးအမြတ်ပြု**အပ်**သောတရားများ၌ ဣဋ္ဌဖြစ်သောနိပ္ပန္နရုပ် ၁၈၊ ဒေါ ၂၊ မော ၂၊ ဒုက္ခ,ကာဝိညာဉ်ကြဉ် ၈၄၊ ဒေါ ၄,ဝိစိကြဉ်စေ ၄၇၊ နိဗ္ဗာန်သာ ရတော့၏။ (ပစ္စည်း,ပစ္စယုပ္ပန် အာရုံမွေထက် **နည်းသွား**၏။)

သန်္ဓာ ၇ တွင် (ကု ၃ + **အကုပဒ ၁** + ဗျာ ၃)၊ ကု နှင့် ဗျာတရားများက အကုကို အလေးအမြတ်မပြုကြသောကြောင့် အကုပဒတွင် အကု–အကုသာ ရ၏။

ပစ္စည်းရေ ၃ ၌ ခေါင်းဆောင်ကြီး အာရုံမွေအပြင် အဓိပတိနှင့် ဥပနိဿယ ထပ်ရ၏။

* အာဓိ, အာရုံမွေကပြီးနောက် ၎င်းတို့ထက် ပစ္စည်း,ပစ္စယုပ္ပန်တရားနည်းသော **အာပု**။ **ပစ္စည်း**သည် အာရုံတရားလည်း ဖြစ်၊ ပစ္စယုပ္ပန်တရားထက် ရှေးဦးစွာဥပါဒ်ပြီး မချုပ်သေးဘဲ ပစ္စုပ္ပန်အနေဖြင့် ဦးဆိုက်မှာတည်နေပြီး မိမိ၏နောက်မှဖြစ်ပေါ်ဥပါဒ်လာသည့် စိတ်,စေတသိက်တရားများကိုကျေးဇူးပြုသော ပစ္စည်းတရားသည် ပစ္စုပ္ပန်နိပ္ပန္နရုပ် အဋ္ဌာရသ သာရသောကြောင့် ၎င်းကိုအာရုံပြုနိုင်သော အာရုံမွေဇာတိက **ပစ္စယုပ္ပန်**သည် ကာမ ၅၄ နှင့် ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတအာဘိဇ္ဈာရသော **အာရုံမွေပုရေဇာတ** (အာရုံမွေပုရေဇာတတ္ထိ၊ အာရုံမွေပုရေဇာတ အဝိဂတ)ပစ္စည်း။

သန်္ဓာ ၃ သည် ပစ္စည်းတွင် နိပ္ပန္နရုပ် – အဗျာကတသာရှိ၍ ဗျာပဒ ၃ ချက်သာ ရ၏။

ပစ္စည်းရေ ၄ သည် ခေါင်းဆောင်ကြီး ပါမြဲ၊ ရုပ်က နာမ်ကိုကျေးဇူးပြုသော ပုရေဇာတ၊ အတ္ထိနှင့် အဝိဂတတို့တွင်လည်း အာပု ဟောသောကြောင့် ရပါသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

* **အာ.မျိုး**ပစ္စည်းတရား– အာရမ္မဏတွင် အာရုံ(ဖ)ပါး၊ အာဓိ,အာရမ္မဏူတွင် အလေးအမြတ် ပြုအပ်သမော်ပစ္စည်းသာ၊ အာပုတွင် ၎င်းတို့ထက်နည်းသော ပစ္စုပ္ပန်နိပ္ပန္နရုပ် ဟောပြီးနောက်၊ **ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း**တရားသည် မိုရာဝတ္ထုရုပ်၊ အာရုံ၊ ရှေးကဖြစ်နှင့်နေပြီး ဌီအခိုက်မှာ အမှီလည်းခံရမည့် **'ဟဒယဝတ္ထု'** သာဖြစ်နိုင်၏။ ဤဟဒယဝတ္ထုသည်လည်း သုဒ္ဓသန်္ဓာတွင်ရေးထားသည့်အတိုင်း မရဏာသန္နအခါမှာဖြစ်သည့် 'ဟဒယဝတ္ထု' ဖြစ်၏။ အာရမ္မဏိက **ပစ္စယုပ္ပန်**သည် မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော(၅)ချက်၊ တဒါရုံ။
သန်္ဓာ ၃ သည် ပစ္စည်းတွင် 'ဟဒယဝတ္ထု' သာရှိ၍ ဗျာပဒ ၃ ချက်သာ ရ၏။
ပစ္စည်းရေ ၆ သည် ခေါင်းဆောင်ကြီး ပါမြှ၊ အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ **ဝိပ္ပယုတ္တ**၊ အတ္ထိ၊ အဝိဂတ၊ (ဝတ္ထုသံလေးပါလာလျှင် နိဿယ၊ ဝိပ္ပယုတ္တ ရလာ၏။)

* **အာ.ပု.ဓိ** သည် အာပုနှင့် အာဓိ နှစ်ပစ္စည်းကိုကြည့်၍ ပစ္စည်း,ပစ္စယုပ္ပန် များအရတူ သဘာဂရှာရပါသည်။ သန်္ဓာသဘာဂများတွင် ဟောပါသည်။ (သီးခြားပစ္စည်းအနေဖြင့် မရှိပါ။)
ပစ္စည်းဘက်၌– အာပုနှင့်အာဓိတွင် အာဓိရုပ်တွင်လည်း ပစ္စုပ္ပန် နိပ္ပန္နရုပ်(၁၈) ရုပါသည်။
ပစ္စယုပ္ပန်ဘက်၌ ပစ္စည်းရုပ်တရားကို ကု,ကြိယာများက အလေးအမြတ်အာရုံမပြုကြသော ကြောင့် ရုပ်ကို အလေးအမြတ်အာရုံပြုတတ်သော လောဘမူ(၈) သာရရှိပါသည်။
သန်္ဓာ ၁ သည် ပစ္စည်းအာဓိရုပ်ကို လောဘမူကသာအာရုံပြု၍ **ဗျာ–အကု** ၁ ချက်သာ။
ပစ္စည်းရေ ၆ သည် ခေါင်းဆောင်ကြီး ပါမြှ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ (နိဿယ၊ ဝိပ္ပယုတ္တ တို့မရ။)

* **ဝတ္ထာဓိ** သည် နိဿယနှင့် ဥပနိဿယတို့၏ သဘာဂ ဃဋနာများ ဖြစ်ပါသည်။ (သီးခြားပစ္စည်း မရှိပါ။) မရဏာသန္နအခါ, ပကတိပဝတ္တိအခါ နှစ်မျိုးလုံး၌ ဟဒယဝတ္ထုကို အလေးအမြတ်အာရုံပြုသောအခါ၊ မှီတဲ့အခါမှာ ဖြစ်ပါသည်။
ပစ္စည်းအတွက် ဟဒယဝတ္ထု။ **ပစ္စယုပ္ပန်**အတွက် ကု,ကြိယာဇောများ မသက်ဆိုင်ပါ။
ရုပ်တရားကို အလေးအမြတ်အာရုံပြုတတ်သော လောဘမူမရဏာသန္နဇော(၅)ချက် သာရ၏။
သန်္ဓာ ၁ သည် ရုပ်ကို လောဘမူကသာအလေးအမြတ်အာရုံပြု၍ **ဗျာ–အကု** ၁။
ပစ္စည်းရေ (၈)မျိုးလုံး ရ၏။
အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊



အာ–အဓိ–နိသ်၊ ဥ–ပ–ဝိပ်၊ နောက်ပိတ် အတ်–အဝိ၊ အာရမ္မဏပစ္စယ ရှစ်ဝရစေဘိ။
မှတ်ချက်။ ။ အရမ္မဏမျိုး(၈)တွင် ခေါင်းဆောင်ကြီးသည် အာရမ္မဏပစ္စည်းဖြစ်ပြီး၊ ကြွင်း(၇)ပစ္စည်းသည် အာရမ္မဏ၏ အစိပ်တရား(တစိပ်တဒေသ)သာတည်း။
? အာရမ္မဏ(၈)မျိုးလုံး တစ်ပြိုင်နက်ရအောင် ကတ္တားကောက်ပြပါ။ (သို့) (၈)ပစ္စည်းလုံး ရထိုက်သော သုဒ္ဓသန်္ဓာကို ကောက်ပြပါ။ (ဝတ္ထာဓိ)

? မင်္ဂဖိုလ်ရရန် ဝိပဿနာရှုရာဝယ် အဘယ်တရားကိုအာရုံပြု၍ အဘယ်သို့ရှုရပါမည်နည်း။
ပဥ္စဝါရပါဠိတော်ကို ကိုးကားဖြေဆိုပါ။

ပဌာန်းပဥ္စဝါရပါဠိတော် အာရမ္မဏပစ္စည်း၌

*◉ **သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊**

* အကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊

* စက္ခုံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊

* သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊
ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ၊

ဟူ၍ဟောတော်မူသဖြင့် မင်္ဂ,ဖိုလ်ရရန် ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်တို့သည် ကုသိုလ်ကို လည်းကောင်း၊ အကုသိုလ်တို့ကိုလည်းကောင်း၊ စက္ခုစသောရုပ်တရားများနှင့် ဝိပါက်, ကြိယာနာမ်တရားတို့ကို လည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲသည့်သဘော၊ ဆင်းရဲမှုသဘော၊ မိမိအလိုအတိုင်း မဖြစ်သည့်သဘောဟူ၍ အာရုံပြုလျက် ရှုဆင်ခြင်ရကြောင်း အာရမ္မဏပစ္စည်း၌ ဟောတော်မူ၏။

(◉ ကုသိုလ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ဝိပဿနာရှုသောအခါ လောကီကုသိုလ်ကိုသာ ယူရပါသည်။ ဝိပဿနာစီးဖြန်းသောအခါ လောကုတ္တရာတရားများကိုအာရုံပြု၍ မစီးဖြန်းရပါ။ တောဂူမကဝင်္ဂဒုက္ခတရားများကိုသာ အာရုံပြုပြီးစီးဖြန်းပါမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်နိုင်ပါသည်။ ဝိပဿနာ၏အာရုံသည်လည်း တောဂူမကတရားများသာ ဖြစ်ပါသည်။
မင်္ဂသည် ကိလေသာကိုပယ်သတ်ပြီး ဝင်္ဂဒုက္ခမှထွက်မြောက်ကြောင်း၊ ဖိုလ်သည် ဒိဋ္ဌဓမ္မဖြစ်သည့် နိဗ္ဗာန်ခံစားဘို့ရာ ဖြစ်ပါသည်။ ထို့ကြောင့် မင်္ဂ,ဖိုလ်တရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ဝိပဿနာရှုသော်လည်း နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ဘို့ရန် မဖြစ်နိုင်ပါ။ ထိုကြောင့် လောကီတရားများကိုသာ ကောက်ယူရပါသည်။)

? အာပေါအစရှိသည်တို့လည်း ပုရေတာပစ္စည်းဖြစ်လျက်မဟောမူ၍အဘယ်ကြောင့် စက္ခုံ အနိစ္စတော.. ဟူ၍သာ ဟောတော်မူပါသနည်း။

ပဌာဝါရတွင် ပရမတ္ထအစစ်ဖြစ်သော နိပ္ပန္နရုပ်(၁၈)ပါးကို ဟောတော်မူပါသည်။
သို့ရာတွင် သနိဒဿနတိက်ကလွဲ၍ အပြည့်မဟောတဲ့ သြဠာရိကရုပ်(၁၂)ပါးနှင့် ဟဒယဝတ္ထုရုပ်ပေါင်း (၁၃)ပါးကို သာဟောပါသည်။
အဋ္ဌကထာဆရာကြီးမှ ဤသြဠာရိကရုပ်များသည် ဝိပဿနာရှုမှတ်ရာတွင် ထင်ရှားသောကြောင့် စက္ခုံ အနိစ္စတော..ဟူ၍သာ ဟောတော်မူခြင်းဖြစ်ပြီး သုခုမရုပ်များဖြစ်သည့် အာပေါစသည့်ရုပ်များမှာ မထင်ရှားသောကြောင့် မဟောခြင်းဖြစ်ကြောင်း ဆိုပါသည်။

? ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတရားသည် အဘယ်ပစ္စည်း၏ အစိပ်တရားနည်း၊ ၎င်းပစ္စည်းသည် ပဝတ္တိအခါ၌လည်းရနိုင်၏ဟူသော ဝါဒကိုရှင်းလင်းခဲ့ပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဝတ္ထာရမ္မဏပုရေစာတနိသယပစ္စည်းတရားသည် အာရမ္မဏပစ္စည်းတရား၏ အစိတ် တရားဖြစ်ပါသည်။

ပကတိ-ပဝတ္တိအခါမှာလည်း ရနိုင်သည်ဟူသော ဝါဒယူလိုသည့် ဆရာများက ပကတိ-ပဝတ္တိအခါစောတို့သည် အာဝဇ္ဇန်းဆင်ခြင်သည့် ဟဒယဝတ္ထုကို အာရုံမပြုဘဲ၊ မိမိမှိရာဝတ္ထုအသီးသီးသာ အာရုံပြုမည်ဆိုလျှင် အာဝဇ္ဇန်းကင်းမည်ဆိုခြင်းမှာ မသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အာဝဇ္ဇန်းမှ ဟဒယဝတ္ထုကိုဆင်ခြင်ပေးသည်ကိုပင် စောတွေက ဟဒယဝတ္ထုကို အာရုံပြုကြောင်း။ ထို့ကြောင့်ဤစောတွေသည် အာဝဇ္ဇန်းမကင်းကြောင်း၊ အာဝဇ္ဇန်းမကင်းလျှင် အာရုံလည်းမကွဲကြောင်း။ ခဏတိုင်းခဏတိုင်းဒလစပ်ဖြစ်နေကြသည့် ဟဒယဝတ္ထုများကို တစ်ခုစီသီးသန့်ကွက်ခြားပြီး အာဝဇ္ဇန်းမဆင်ခြင်နိုင်သလို စောတွေကလည်း မစောနိုင်ကြပါ။

ထို့ကြောင့် အာဝဇ္ဇန်းနှင့်စောများသည် ဓမ္မအားဖြင့်လည်းကောင်း၊ ကာလအားဖြင့်လည်းကောင်း မကွဲပြားကြပါ။ ဤသို့ မကွဲပြားသောကြောင့် ပဝတ္တိအခါ၌လည်း ဤဝတ္ထာရမ္မဏပစ္စည်းကို ရနိုင်သည်ဟု ဆိုကြပါသည်။

? ဗုဒ္ဓဘုရား၏ကြည်ညိုဖွယ်ရာ ရုပ်ရည်ရုပကာယတော်ကို အလေးအမြတ်ပြု၍ ဖူးမြင်နေသူ၌ ဖြစ်သောစိတ်၏ အာရမ္မဏပုရေစာတာဓိပတိပစ္စည်း တပ်ပုံ။

ပါဠိ - ရူပေ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊
တံ ဂရုံကတွာ ရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။
ကတ္တား - အလေးအမြတ်ပြု**အပ်**သော ရူပါရုံ၊
သမ္မဒါန် - အလေးအမြတ်ပြု**တတ်**သော လောဘမူစိတ်(၈)ပါး၊
ကရိဏ်း - ပြုင်- အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေစာတ၊ အတ္ထိ၊ အဝိဂတ၊

? အဓိပတိပစ္စည်း၌ **အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိ** အထူး၊

အဓိပတိပစ္စည်း၌ အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိပစ္စည်းဟူ၍ နှစ်မျိုးရှိ၏။
အာရမ္မဏာဓိပတိ - အာရုံတရားတို့က အာရမ္မဏိက စိတ်+စေတသိက်နာမ်တရားတို့အား အရှင်သခင်အဖြစ်အစိုးရခြင်းသည် အာရမ္မဏာဓိပတိ မည်၏။
သဟဇာတာဓိပတိ - မိမိနှင့်တကွဖြစ်ဖက် ယှဉ်ဖက်တရားတို့အပေါ် အစိုးရမှုသဘော။

ဥပမာအားဖြင့် ဝါဒမတူသောပုဂ္ဂိုလ်နှစ်ယောက် တစ်အိမ်ထဲမှာ နေနိုင်ပါသည်။ အတူတကွစားနိုင်, အတူအလုပ် လုပ်နိုင်၏။ သို့သော် ဝါဒရေးရာနှင့်ဆိုင်လာခဲ့သော် ထိုပုဂ္ဂိုလ်နှစ်ယောက်သည် တစ်ယောက်၏ဝါဒကို အခြားတစ်ယောက်က လက်မခံနိုင်။ သဘာဂ မဖြစ်။

(ကောင်းသော အာရုံ၊ မြိတွေ့ကြုံ၊ အစဉ်ဆုံစည်းရပါစေသော်။)+

ဦးတင်ဝင်း (ဖိုက်ဦး-သုံးခွ)

အခန်း(၂)

၂။ သဟဇာတမျိုး

သဟဇာတ = အတူတကွဖြစ်ခြင်းသဘောတရားသည် 'သဟဇာတ' မည်၏။
(သဟ–အတူတကွ၊ ဇာတ–ဖြစ်ခြင်း၊)

သဟဇာတသတ္တိ = ဆီမီးသည် တောက်လောင်သည်နှင့်တစ်ပြိုင်နက် အလင်း,အရောင်,အရှိန်, အပူဓာတ်တို့ကို အတူတကွပြိုင်တူဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ မိမိတည်းဟူသော ပစ္စည်းဖြစ်ပေါ်သည်နှင့်တပြိုင်နက် အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်တည်ရှိအောင် ကျေးဇူးပြုခြင်းသဘောတရားသည် 'သဟဇာတသတ္တိ' မည်၏။ မိမိဖြစ်ပေါ်ဆဲပင်လျှင် ပစ္စယုပ္ပန်တရားတို့ကို မိမိနှင့်တကွ တစ်ပေါင်းတည်းပြိုင်တူ ဖြစ်ပေါ်စေသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား ဖြစ်၏။

သဟဇာတမျိုး ၁၅ ပစ္စည်း

ဤ(၁၅)မျိုးတို့သည် သဟဇာတသတ္တိနှင့် သဘောတူရာ ဖြစ်နိုင်ခွင့် ရှိပါသည်။

၂။	သဟဇာတမျိုး	၁၅	(ဂယ်.၇) ဟေ,ဓိ,ကံ,ဟာ, ဣန္ဒြ,ဈာ,မဂ်။ (လတ်.၄) ဃ, ဝိ, သမ်, ဝိပ်။ (ကြီး.၄) သဟ, နိ, အတ်, အဝိဂတ။

* **သဟဂယ်(၇)ပစ္စည်း** = ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြေယ၊ ဈာန၊ မဂ္ဂ။ ဟေတုစသောသဟဂယ်(၇)ပစ္စည်းတို့သည် တရားကိုယ်သာရကြ၍ တရားအရနည်းခြင်း၊ ကျဉ်းခြင်းကြောင့် သဟဇာတအဂယ်–**ဥဒ္ဓကသဟဇာတ** မည်၏။ (ဟေဓိကမ်ဟာ, ဣန်စ္ဈာမဂ်၊)
* **သဟလတ်(၄)ပစ္စည်း** = အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ (ဃ ဝိ သမ် ဝိပ်၊) အညမညစသောသဟလတ်(၄)ပစ္စည်းတို့မှာ အချို့နာမ်ကုန်ရသော်လည်း၊ ရုပ်ကုန် မရကြ။ အဂယ်ကိုထောက်လျှင် တရားအရများသော်လည်း၊ အကြီးကိုထောက်လျှင် တရားအရနည်းခြင်းတို့ကြောင့် သဟဇာတအလတ်–**မဇ္ဈိမသဟဇာတ** မည်၏။
* **သဟကြီး(၄)ပစ္စည်း** = သဟဇာတ၊ နိသယ၊ အတ္ထိ၊ အဝိဂတ၊ (သဟ နိ အတ် အဝိ၊) သဟဇာတစသော(၄)ပစ္စည်းတို့သည် သဟဇာတမျိုးတွင် တရားအရအများဆုံး၊ အကျယ်ဆုံးဖြစ်ကာ ခေါင်းဆောင်ပစ္စည်းများဖြစ်သောကြောင့် သဟဇာတအကြီး–**မဟာသဟဇာတ** မည်၏။

သဟဇာတပစ္စည်း – အတူတကွဖြစ်သော်လည်း အပြန်အလှန် မဖြစ်။
(ဟေဓိသဟ်၊ အဉ်နိုကမ်၊ ဝိဟာဣန်စ္ဈာန်၊ မဂ်သမ်ပိုပ်အက်၊ အဝိမ္ပတ်၊ သဟတ်ဆယ့်ငါးတန်။)

သဟဇာတမျိုး၊ သဟဇာတ အငယ် ၇ မျိုးအနုလုံ သဒ္ဒသရုပ်ဖေယား

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သရုပ်	ပစ္စည်းရေ
၁။	ဟေတု	ဟိတ် ၆ ပါး၊	သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	?	၁၂ (က်,ဟာ,စ္စာ)
၂။	သဟာဓိ	အဓိပတိတရား၊ကိုယ် ၃ ပါး၊ ၄ ပါး တို့တွင် တစ်ပါးပါး၊	သမ္မယုတ္တခန္ဓာ၊ (မြ×ပဋို) သာဓိပတိစိတ္တဇရုပ်၊	?	၁၃ (က်,--စ္စာ)
၃။	သဟဇာတိန္ဒြေယ	ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ, သတိ,ဧကဂ္ဂတာ,ပညာ ဟူဆိုအပ်သော နာမ်ကွန်ဒြေကိုယ် ၈ ပါး၊	။။	?	၁၄ (က်)
၄။	ဈာန	ဝိတက်,စာ,ပီ,ဝေဒနာ,ဧကဂ္ဂတာ ဟူဆိုအပ်သော ဈာနင်္ဂကိုယ် ၅ ပါး၊	။။	?	၁၁ (ဟ,ဓိ,က်,ဟ)
၅။	မဂ္ဂ	ပညာ,ဝိတက်,ဝိရတီ–၃,ဝီရိယ,သတိ, ဧကဂ္ဂတာ,ဒိဋ္ဌိ ဟု..မဂ္ဂင်.. ၉ ပါး၊	သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	?	၁၃ (က်,ဟ, --)

သဒ္ဒသရုပ်ာဆိုရိုး။။ ။ ဟေတုပစ္စည်း၏ သဒ္ဒသရုပ်ာဝါရ၌ "သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ်(၆)ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။။ သရုပ် သတ္တာ၊ ပစ္စည်းရေ(၁၂)ဟူသည်တည်း။။

သရုပ်သတ္တာဟူသော်ကား–

ကုသလော ကုသလသဿ၊ ကုသလော အဗျာကတသဿ၊ ကုသလော ကုသလာအဗျာကတသဿ၊

အကုသလော အကုသလသဿ၊ အကုသလော အဗျာကတသဿ၊ အကုသလော အကုသလာအဗျာကတသဿ၊

အဗျာကတော အဗျာကတသဿ၊ ဟူသည်တည်း။။

သရုပ်'သတ္တာ'= ကု → ကု, ဗျာ, ကုဗျာ ; အကု → အကု, ဗျာ, အကုဗျာ ; ဗျာ — ဗျာ

ပစ္စည်းရေ ၁၂ ဟူသည်ကား– ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ကွန်ဒြေယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည် တည်း။။

(ကြွင်းသော ပစ္စည်းများ၏ သဒ္ဒသရုပ်များကိုလည်း နည်းတူဆိုရန်၊)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

သဟဇာတမျိုး၊ သဟဇာတကြီး ၄ အလတ် ၄ အနုလုံ သဒ္ဒသင်္ချာဇယား

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သင်္ချာ	ပစ္စည်းရေ
၁။ ၂။ ၃။ ၄။	သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ၊	အလုံးစုံသော ပဝတ္ထိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်း	၉	၄
		မဟာဘုတ် ၄ ပါး၊	အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အားငင်း		
		ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။	အချင်းချင်း		
၅။	အညမည	အလုံးစုံသော ဟဒတ္ထိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ **ဟဒယဝတ္ထု**အားငင်း	၃	၂
		စိတ္တဇမဟာဘုတ်, ပဋိ.ကံ.ဘုတ်, ဇာဟိရဘုတ်, အာဟာရဇ.ဘုတ်, ဥတုဇ.ဘုတ်, အသည်.ကံ.ဘုတ်, ပဝတ္ထိကံ.ဘုတ် အားဖြင့်ဘုတ် ၄	အချင်းချင်း		
		ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။	အချင်းချင်း		
၆။	ဝိပါက	အလုံးစုံသော **ဝိပါက်** ပဝတ္ထိ,ပဋိ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်း	၁	၁
		ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊	ဟဒယဝတ္ထု။		
၇။	သမ္မယုတ္တ	အလုံးစုံသော ပဝတ္ထိ,ပဋိ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်း၊	၃	၈
၈။	ဝိပ္ပယုတ္တ	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခု, ဒွေပဋ္ဌ ၁၀, ရဟန္တာတို့, စုတိကြဉ်သော ပဝတ္ထိ,ပဋိ နာမက္ခန္ဓာ ၄ ပါး၊	စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်	၃	၅
		ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။	အချင်းချင်း၊		

သဟဇာတ သတ္တိအထူး

အတူတကွဖြစ်ရုံမျှဖြင့် သဟဇာတသတ္တိရှိနိုင်သည်ကား မဟုတ်ပါ။ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် ယှဉ်ဖော်ယှဉ်ဘက်အားဖြင့်ဖြစ်စေ တည်ရာမှီရာ, တည်တမ်းမှီတတ်သော သဘောအားဖြင့်ဖြစ်စေ တကွဖြစ်ကြမှသာ "သဟဇာတသတ္တိ" မည်၏။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

သဟဇာတ(၁၅)မျိုး ပစ္စည်းပြုံ

* နာမ်-နာမ် ၆ ပါး၊ နာမ်-ရုပ် ၅၊ နာမ်ကား-နာမ်ရုပ် ၄။
* သဟဇယ်တွင် လတ်ကြိုးဝင် ရစဉ်မှတ်ဖို့တွေး၊ သဟဇယ်မှာ အတူရှာ တူရာထည့်ပြုံပေး။

ပစ္စည်း		ကြိုး(၄)	လတ်ရ	လတ်မရ	သရုပ်
၁။	နာမ် ⇨ နာမ် ၆	✓	ည,သမ်	ဝိ,ဝိပ်	က-က, အက-အက
၂။	နာမ် ⇨ ရုပ် ၅	✓	ဝိပ်	ည,ဝ,သမ်	က-ဗျာ, အက-ဗျာ
၃။	နာမ် ⇨ နာမ်ရုပ် ၄	✓	×	ည,ဝ,သမ်,ဝိပ်	က-ကဗျာ, အက-အကဗျာ, ဗျာ-ဗျာ
၄။		သဟဇယ်မှာ လတ်,ကြိုး ၈ နှင့် **အရုတရားတူရာထည့်၍** ပြုံ။			

သဟဇာတမျိုး ပစ္စည်း သရုပ်ပေးယား

သဟဇာတမျိုး(၁၅)	ပစ္စည်း	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
	ပစ္စည်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဗျာ	ဗျာ	ဗျာ	ပစ္စည်
သဟဇယ်(၇)ပစ္စည်း		✓	✓	✓	✓	✓	✓	✓			၇
လင်္ဂ(၄)	အညမည, သမွယုတ္တ	✓			✓			✓			၃
	ဝိပါက							✓			၁
	ဝိပွယုတ္တ		✓			✓		✓			၃
သဟကြိုး(၄)ပစ္စည်း		✓	✓	✓	✓	✓	✓	✓	✓	✓	၉
သရုပ်အလိုက် လတ်,ကြိုး ပြုံနှိုင်သောပစ္စည်း		၆	၅	၄	၆	၅	၄	၈	၄	၄	

သဟယ်ပစ္စည်းများ သရုပ် သတ်မှတ်ပုံ –

သဟဇယ်များ၏ ပစ္စည်းတရားသည် တရားကိုယ်နာမ်တရားများသာရှိကြသောကြောင့် ပစ္စည်းနာမ်ဖြစ်ရမည့် ကုပဒ(၃)ချက်၊ အကုပဒ(၃)ချက်၊ ဗျာပဒတွင် ပစ္စည်းမှာ နာမ်သာရှိသော ဗျာ-ဗျာ (၁)ချက် ဖြစ်၍ သဟဇယ်တွင် သရုပ်(၇)သာ ရ၏။ ဥပမာ-

* ကုသိုလ်ဟိတ်သုံးပါး ကုသည် ကုသမ်ခန္ဓာအား ကျေးဇူးပြုစဉ် **က-က**၊ ကုသိုလ်ပြု..စိတ္တရုပ်အား...**က-ဗျာ**၊ ကုသမ်ခန္ဓာနှင့်ကုသိုလ်ပြု..စိတ္တရုပ်အား... **က-ကဗျာ**၊ (၃)ချက်
* ကုပဒ(၃)ချက်ကဲ့သို့ အကုပဒလည်း (၃)ချက် ရ၏။
* ဗျာပဒ၌လည်း ပစ္စည်း,ပစ္စယုပ္ပန် နှစ်မျိုးလုံး အဗျာကတချည်းရ၍ **ဗျာ-ဗျာ** (၁)ချက်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

သဟဇာတငယ် ပါဠိတော်ဖေယား

ဝိဓိပါဠိ			အနုဝါဒပါဠိတော်		
ပဒ	ပဒါဝသာန	ပစ္စည်း = ကတ္တား	ပစ္စယုပ္ပန် = သမ္မဒါန်		
			သမ္မယုတ္တကာနံ ခန္ဓာနံ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ကဋတ္တာ စ ရူပါနံ
က	က	ကုသလာ(ဟေတူ)	〃		
	ဗျာ	〃		〃	
	ကဗျာ	〃	〃	စိတ္တ..နဉ္စ ရူပါနံ	
အက	အက	အကုသလာ(ဟေတူ)	〃		
	ဗျာ	〃		〃	
	အကဗျာ	〃	〃	စိတ္တ..နဉ္စ ရူပါနံ	
ဗျာ	ဗျာ ပဝတ္တိ	ဝိဗျာတာ.ကိဿာ(ဟေတူ)	〃	〃	
	ဗျာ ပဋိ.	ပဋိဃော.ဝိဗျာတာ(ဟေတူ) (အဓိပတိဒ္ဒိ x)	〃		〃
		(က်) စေတနာ	ဝတ္ထုသြ		

* ကမ္မာဒိ -- ကုသလာ စေတနာ, ကုသလာ အာဟာရာ, ကုသလာ ဣန္ဒြိယာ၊

** ဗျာ, မဂ္ဂ- ကုသလာနိ ဗျာနဂ်ါနိ, ကုသလာနိ မဂ်ါနိ ..ဝိ/ဗျာနိ...နိ၊

✪ **ကမ္မ** - စေတနာသည် မိမိမှီရာဟဒယဝတ္ထုအားလည်း သဟဇာတကမ္မတတ်သောအဖြစ်ကို သိစေလိုသောကြောင့် ပဋိသန္ဓေအခါ-အဆုံးတွင် "စေတနာ ဝတ္ထုသြ"ဟု ဟောတော်မူပါသည်။

? ဟေတုပစ္စည်း၏ **သမ္မယုတ္တခန္ဓာ** ဆိုသည်မှာ အဘယ်နည်း။

ဟေတုပစ္စည်း၏ သမ္မယုတ္တခန္ဓာဆိုသည်မှာ ဟိတ်(၆)ပါးပစ္စည်းတရားနှင့် ယှဉ်သော သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒ္ဓေဠ္ဟ မောဟကြဉ်သောစေတသိက် ဒွေပညာသတို့ ဖြစ်ကြပါသည်။ (သမ္မယုတ္တခန္ဓာဆိုသည်မှာ ယှဉ်ဘက် စိတ်+စေတသိက်=စိတ္တပ္ပါဒ် နာမ်ခန္ဓာ။)

သဟဇာတမျိုး သဘာဝစည်းမျဉ်း

သဟဇယ်ပစ္စည်းတိုင်းတွင် သဟကြိုးများ တစ်ပြိုင်နက်အဖြစ် ပါဝင်၍၊ သဟလတ်ပစ္စည်းများ ယထာရဟအဖြစ်ဖြင့် ပါဝင်ကြ၏။ ထို့ကြောင့် လတ်နှင့်ကြိုး(၈)မျိုးသည် အမြဲသဘာဝအဖြစ် ပါဝင်ကြ၏။ ဇယ်ပစ္စည်းများကား ပစ္စည်းတရားကိုယ်တူညီသော ပစ္စည်းများသာ သဘာဝအဖြစ် ပါဝင်ကြ၏။ (ဇယ်ပစ္စည်းများ အရကို ယှဉ်ပြပါမည်။)

၁။ ဟေတုပစ္စည်း

ဟေတုသတ္တိ = ရေသောက်မြစ်သည် သစ်ပင်အား ခိုင်မာကြီးပွားစည်ပင်ရန် ကျေးဇူးပြုသကဲ့သို့- ဟိတ်(၆)ပါးသည် ဆိုင်ရာအာရုံ၌ ယှဉ်ဘက်တရားတို့ကို စွဲမြဲခိုင်ခံ့တည်အောင် ကျေးဇူးပြုခြင်းသည် 'ဟေတုသဘောသတ္တိ' ဖြစ်၏။

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သင်္ချာ	ပစ္စည်းရေ
၁။	ဟေတု	ဟိတ် ၆ ပါး။	သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	?	၁၂ (က်၊ဟာ၊စ္ဆာ)

(ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာကို စာ-၈၆ ၌ဖေါ်ပြပြီး။)

ဟေတုပစ္စည်း ➤➤➤ တစ်ပြိုင်နက်, ယထာရဟ ဖြစ်ပုံ

* **သဟကြီး ၄** (သဟ,နိ,အတ်,အဝိ)နှင့် (ဟောနေဆဲ ပစ္စည်းဖြစ်သည့်) ဟေတု၊ ပေါင်း(၅)ပစ္စည်းတို့သည် တစ်ပြိုင်နက်။
* **သဟလတ် ၄** (ည,ဝိ,သမ်,ဝိပ်)တွင်-
  အညမညနှင့် သမ္မယုတ္တတို့သည် ဟေတုရှိ ရုပ် ၂ ပါးလုံးကို မလိုက်(မရ)နိုင်၍၊ **ဝိပါက**သည် ဝိပါက်မဟုတ်သော က,အက,ကြိသမ္မယုတ္တတရားများကို မလိုက်နိုင်၍၊ **ဝိပ္ပယုတ္တ**သည် သမ္မယုတ္တချင်း မလိုက်နိုင်၍ **ယထာရဟ**ပစ္စည်းများ ဖြစ်ရပါသည်။
* **သဟဇေယ် ၇** ပစ္စည်းတို့တွင်- ဟေတုပစ္စည်းကြဉ်သော ကြွင်းသဟဇေယ်(၆)သည် ဟေတုပစ္စည်း၌ပါသော ဟိတ် ၆ ပါးလုံး မရနိုင်။ အဓိပတိ, ဣန္ဒြေယ, မဂ္ဂပစ္စည်းတို့၌ ဟိတ်တစ်ပါးပါးရှိလျှင် ဟေတု၏ **ယထာရဟ**ပစ္စည်းများ ဖြစ်ရပါသည်။

သဟဇေယ် ၇ ပါး (ပစ္စည်းတရားကိုယ်များ) (ပညာ*=ဝိမံသ=အမောဟ)

ဟေတု	အဓိပတိ	ကမ္မ	အာဟာရ	ဣန္ဒြေယ	ဈာန	မဂ္ဂ
အလောဘ အဒေါသ **အမောဟ*** လောဘ ဒေါသ မောဟ	ဆန္ဒ ဝီရိယ စိတ္တ **ပညာ***	စေတနာ	ဖဿ စေတနာ ဝိညာဉ်	ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ **ပညာ***	ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ	**ပညာ*** ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ

ဟေတု သရုပ်ခွဲ

(ပညာရှိတွေ့ = ဟေ, မိ, ကဲ့, မဂ်)

၁။	ကုသလဟေ(၃)ချက်	ကု	ကု	ကတ္တား:	ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဥ်ဒ္ဓါရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဉာဏ်ဟိတ် ၂/၃ ပါး။ **တပ်သော**
				သမ္မဒါန်	ကု ၂၁၊ စေ ၃၈ သမ္မယုတ္တခန္ဓာ **အား**
				ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ **အညမည**၊ နိသယ၊ ဥပနိဿယ၊ မဂ္ဂ၊ **သမ္မယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၁၀)
၂။		ကု	ကုဗျာ	ကတ္တား:	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဥ်ဒ္ဓါရှိသော ဒွိ..တိ.. ၂/၃ ပါး။
				သမ္မဒါန်	(ကုသိုလ်ပြုအပ်သော) သဟိတ်စိတ္တဇရုပ်၊
				ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိသယ၊ ဥပနိဿယ၊ မဂ္ဂ၊ **ဝိပ္ပယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၉)
၃။		ကု	ကုဗျာ	ကတ္တား:	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဥ်ဒ္ဓါရှိသော ဒွိ..တိ.. ၂/၃ ပါး။
				သမ္မဒါန်	(ကုသိုလ်ပြုအပ်သော) သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊
				ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိသယ၊ ဥပနိဿယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ။ (လတ် x) (၈)
၄။	အကုသလဟေ(၃)ချက်	အကု	အကု	ကတ္တား:	အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခုဥ်ဒ္ဓါရှိသော လောဘမူဖြစ်အံ့ လောဘ,မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ,မောဟ၊ မောဟမူဖြစ်အံ့ မောဟ ဉာဏ်ဟိတ် ၁/၂ ပါး။
				သမ္မဒါန်	အကု ၁၂၊ မောဒွေမောကြဥ်စေ ၂၇ သမ္မယုတ္တခန္ဓာ၊
				ကရိဏ်း:	ဟေတု၊ သဟဇာတ၊ **အညမည**၊ နိသယ၊ **သမ္မယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (ပညာမရှိ၍ ဓိ,ကဲ့,မဂ် x) (၇)
၅။		အကု	ဗျာ	ကတ္တား:	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခုဥ်ဒ္ဓါရှိသော လောမူ..,ဒေါမူ..,မောမူ.. ၁/၂ ပါး
				သမ္မဒါန်	(အကုသိုလ်ပြုအပ်သော) သဟိတ်စိတ္တဇရုပ်၊
				ကရိဏ်း:	ဟေတု၊ သဟဇာတ၊ နိသယ၊ **ဝိပ္ပယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၆)
၆။		အကု	အကုဗျာ	ကတ္တား:	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခုဥ်ဒ္ဓါရှိသော လောမူ..,ဒေါမူ..,မောမူ.. ၁/၂ ပါး
				သမ္မဒါန်	(အကုသိုလ်ပြုအပ်သော) သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊
				ကရိဏ်း:	ဟေတု၊ သဟဇာတ၊ နိသယ၊ အတ္ထိ၊ အဝိဂတ။ (လတ် x) (၅)

ဗျာ-ဗျာ (ပဝတ္တိ)

၇/၁	ဗျာ(၄)	ဗျာ	ဗျာ	ကတ္တား:	သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ ၁၇၊ စေ ၃၈ စိတ္တက္ခဏတခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂/၃ ပါး
				သမ္ပဒါန်	သဝိပါက် ၂၁၊ သကြို ၁၇၊ စေ ၃၈ သမ္မယုတ္တာခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊
				ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ **ဝိပါက**၊ ဤဇန်ယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၁၂)

ဗျာ-ဗျာ (ပဋိသန္ဓေ)

(၁၉ - ဥသဒ္ဓိ ၂)

၇/၂	ဗျာ(၄)	ဗျာ	ဗျာ	ကတ္တား:	သဟိတ် ပဋိသန္ဓေ ၁၇၊ စေ ၃၅ စိတ္တက္ခဏတခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂/၃ ပါး
				သမ္ပဒါန်	သဟိတ်ပဋိသန္ဓေ ၁၇၊ စေ ၃၅ သမ္မယုတ္တာခန္ဓာ၊ **ကဋတ္တာရုပ်**၊
				ကရိဏ်း:	ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ **ဝိပါက**၊ ဤဇန်ယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၃၄) (၁၁)

သဟဇယ်အချင်းချင်း ပစ္စည်းရေယူပုံ - တရားကိုယ်တူရနိုင်သောပစ္စည်းကို ရွေးချယ်စီစစ်၍ တစ်ပါး,နှစ်ပါးစသည်တရားကိုယ်တူသောပစ္စည်းသာ သဘာဂ ဖြစ်နိုင်သည်။ ယင်းသဘာဂ ဖြစ်သော ပစ္စည်းကိုသာယူ၍ ကြီး,လတ်နှင့်ပေါင်း၍ ပစ္စည်းရေ တွက်ရပါသည်။

* **သတိပြုရန်** - ပစ္စယုပ္ပန် ရုပ်(အဗျာကတ)ဖြစ်နေလျှင် အမြဲ **ဘုံသတ်ရန်**။ (အရှုပ ×)
✪ **သဟလတ်**- ည,ဝိ,သမ်,ဝိပ်သည် ကု-ကုဗျာ, အကု-အကုဗျာ သခ်ျာတို့၌ မရ။

ဟေတုပစ္စည်း ၁။ (ကု-ကု) (ပါဠိတော်၊ တရား၊ အနုက်)

၄၀၁။ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော**။ (ဝိဘင်္ဂပါဠိ)
ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။

၁။	ကု	ကု	ကတ္တား:	ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂/၃ ပါး **တပ်သော**
			သမ္ပဒါန်	ကု ၂၁၊ စေ ၃၈ သမ္မယုတ္တာခန္ဓာ **အား**
			ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ **အညမည**၊ နိဿယ၊ ဤဇန်ယ၊ မဂ္ဂ၊ **သမ္မယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၁၀)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ကို)	ကတ္တား	သမ္ပဒါန် (ကို)
၁။	**ကုသလာ ဟေတူ** ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလော,အဒေါ,အမော ဤဟိတ် ၂/၃ ပါး		**သမ္မယုတ္တကာနံ ခန္ဓာနံ** ကု ၂၁၊ စေ ၃၈ သမ္မယုတ္တခန္ဓာ

ကု-ကုဠ် **ဒွိဟိတ်** = မဟာကုသိုလ် ဉာဏဝိပ္ပယုတ်နှင့်ယှဉ်သော အလောဘ, အဒေါသ
တိဟိတ် = မဟာကုသိုလ် ဉာဏသမ္မယုတ်နှင့်ယှဉ်သော အလော,အဒေါ,အမောဟ

? သင်၏သန္ဓာန်ဠ်ဖြစ်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်အား ဟေတုပစ္စည်းတပ်ပုံကို ပဋ္ဌာန်းပါဠိတော်နှင့်တကွ ကိုးကားဖြေဆိုပါ။

ကျွန်ုပ်၏သန္ဓာန်ဠ်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်ဠ်ယှဉ်သော အလောဘ, အဒေါသ,အမောဟတည်းဟူသော ကုသိုလ်ဟိတ်(၃)ပါးတို့သည် တကွဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သမ္မယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပါသည်။
ထိုသို့ကျေးဇူးပြုကြောင်းကို ပဋ္ဌာန်းပါဠိတော်ဠ် "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ **ဟေတူ** သမ္မယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။' ဟူ၍ ဟောတော်မူပါသည်။

? ကုသိုလ်မဖွဲသည် ကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ၊

ကုသလော ကုသလဿဠ် ကုသလော ဓမ္မော**ဟူသော **ကတ္တား**ပုဒ်၏အရကား သမ္မယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဠ်တီသ စိတ္တက္ခဏ တခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂ ပါး၊ ၃ ပါး ပစ္စည်းတရားရ၏။ ကုသလဿဓမ္မဿဟူသော **သမ္မဒါန်**ပုဒ်၏အရကား ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဠ်တီသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠ်၏အရကား တစ်ပြိုင်နက်,ယထာရဟတတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ **အညမည**၊ နိဿယ၊ ဤန္ဒြေယ၊ မဂ္ဂ၊ **သမ္မယုတ္တ**၊ အတ္ထိ၊ အဝိဂတ ဤ(၁၀)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* ကရိဏ်း(၁၀)သည် ဟေတုပစ္စည်း၏ သဘာဂ(၁၂)မှ မူတည်၍ တွက်ယူပါမည်။
- သဟဇာတ်(၄)နှင့် **ဟေတု**သည် တပြိုင်နက် ရ၏။ ၅
- သဟလတ်(၄)ဠ် နာမ်ရသော ည,သမ်တို့သည် နာမ်ဟောသော ကု-ကုဠ် တပြိုင်နက်၊ ၂
  ဝိပါက, ဝိပ္ပယုတ္တ(ရုပ်)သည် ကု-ကု တွင် မဆိုင်။
- ကြင်းသဟဇာယ်(၆)တွင် အဓိပတိ,ဤန္ဒြေယ,မဂ္ဂတို့ဠ် ဝိမံသ ရကြ၍ ယထာရဟ ရ၏။ ၃

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

? ပဉ္စာဝါရဝိဘင်္ဂ ဟောတုပစ္စည်း **ကုသလော ကုသလသဿ်ဒ်ခန္ဓာဝါရအာဘယ်မျှရပါသနည်း။** ခန္ဓာဝါရ ဖွဲ့ပြပါ။

ပဉ္စာဝါရဝိဘင်္ဂ ဟောတုပစ္စည်း ကုသလော ကုသလသဿ်ဒ် ခန္ဓာဝါရ(၁၀)ဝါရ ရ၏။
ခန္ဓာဝါရ (၁၀)ဝါရဟူသော်ကား- ဒွိဟိတ် (၃)ဝါရ၊ တိဟိတ် (၇)ဝါရ ဖြစ်ပါသည်။

ဒွိဟိတ် (၃)ဝါရ ဟူသော်ကား -
ဒွိဟိတ်ဖြစ်အံ့ - ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ'ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌-

ကုသလာ ဟေတူအရကို	သမ္မယုတ္တကာနံ ခန္ဓာနံ အရကို	ခန္ဓာဝါရ
အလောဘ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဧကက ၁ ဝါရ
အဒေါသ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	
အလောဘ၊ အဒေါသ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဒုက ၁ ဝါရ

တိဟိတ် (၇) ဝါရ ဟူသော်ကား -
တိဟိတ်ဖြစ်အံ့ - ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ'ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌-

ကုသလာ ဟေတူအရကို	သမ္မယုတ္တကာနံ ခန္ဓာနံ အရကို	ခန္ဓာဝါရ
အလောဘ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဧကက ၃ ဝါရ
အဒေါသ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	
အမောဟ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	
အလောဘ၊ အဒေါသ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဒုက ၃ ဝါရ
အလောဘ၊ အမောဟ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	
အဒေါသ၊ အမောဟ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	
အလောဘ၊ အဒေါသ၊ အမောဟ ယူ၍	သမ္မယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	တိက ၁ ဝါရ

ဤသို့ ဒွိဟိတ်ဖြစ်အံ့ (၃) ဝါရ၊ တိဟိတ်ဖြစ်အံ့ (၇) ဝါရ လျှင်ယူ၍ သမ္မယုတ္တခန္ဓာအား ဟေတုသတ္တိအဖြစ်ဖြင့် ကျေးဇူးပြုသောအဖြစ်ကို ဟောတုပစ္စယေန ပစ္စယောဟု ဟောတော်မူပါသည်။

ကုသိုလ်စိတ် (၂၁)	(လောဘ)	(ဒေါသ)	(မောဟ)	အလောဘ	အဒေါသ	အမောဟ
ကာသောဘူဝိပ် ၄				✓	✓	
ဉာသမ်,မဟဂ်,မဂ် ၁၇				✓	✓	✓

ဟေတုပစ္စည်း ၂။ (က-ဗျာ) (ပါဠိတော်၊ တရား၊ အနုက်)

၄၀၁။ **ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော**။ (ဝိဓပါဠိ)
ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။

၂။	က	ဗျာ	ကတ္တား:	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိ..တိ.. ၂/၃ ပါး **တပ်သော**
			သမ္ပဒါန်:	(၂၁-၃၈) (ကုသိုလ်ပြုအပ်သော) သဟိတ်စိတ္တဇရုပ်၊ **အား:**
			ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိသယ၊ ကမ္မဿ်ယ၊ မဂ္ဂ၊ **ဝိပွယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၉)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(က)	ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	**ကုသလာ ဓောတု** ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- ကု ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလော,အဒေါ,အမော ဤဟိတ် ၂/၃ ပါး		**စိတ္တသမုဋ္ဌာနာနံ ရူပါနံ** (ကု ၂၁၊ ဆ ၃၈)ကုသိုလ်ပြုအပ်သော သဟိတ်စိတ္တဇရုပ်

? ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ၊

ကုသလော အဗျာကတသ၌ ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- သဟိတ်စိတ္တဇရုပ်**အား**တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ၈ကဝိသ၊ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ အမောဟ ဤဟိတ် ၂ ပါး၊ ၃ ပါး ပစ္စည်းတရား ရ၏။

အဗျာကတသဓမ္မသဟူသော **သမ္ပဒါန်**ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယပန် တရား၏။

ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠ်၏အရကား တစ်ပြိုင်နက်၊ ယထာရဟာတတ်ကာင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိသယ၊ ကမ္မဿ်ယ၊ မဂ္ဂ၊ **ဝိပွယုတ္တ**၊ အတ္ထိ၊ အဝိဂတ ဤ(၉)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

* ကရိဏ်း(၉)တွင် ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်လာသောအခါ ၎င်းနှင့်အတူတကွဖြစ်သည့် **စိတ္တဇရုပ်**များဖြစ်လာသောကြောင့် ကရိဏ်းတွင် ပစ္စယုပ္ပန်ရုပ်နေသဖြင့် **အညမညနှင့် သမ္ပယုတ္တ**တို့ မဆိုင်တော့ပါ။ **ဝိပါက**လည်း မဆိုင်သေး။ စိတ္တဇရုပ်ရလာခြင်းကြောင့် ဝိပွယုတ္တ ရလာပါသည်။
ဟေ+ကြီး(၄)+ လတ်မှာ ဝိပ်= တပြိုင်နက်။ ငယ်၌ ဓိ,ကံ့,မဂ် ယထာရဟ ဖြစ်ပါသည်။

ဟေတုပစ္စည်း ၃။ (က္-က္ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၀၁။ **ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။**
ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မလည်းဖြစ်, အဗျာကတဓမ္မလည်းဖြစ်သော တရားအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။

၃။	က္	က္ဗျာ	ကတ္တား	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- က္ ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိ..တိ.. ၂/၃ ပါး
			သမ္ပဒါန်	(၂၁-၃၈)(ကုသိုလ်ပြုအပ်သော) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တရုပ်၊
			ကရိဏ်း	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ။ (လတ်×) (၈)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(က္)	ကတ္တား	သမ္ပဒါန် (က္ဗျာ)
၁။	**ကုသလာ ဓောတူ** ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- က္ ၂၁၊ စေ ၃၈၊ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလော,အဒေါ,အမော ဤဟိတ် ၂/၃ ပါး	**သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ** က္ ၂၁၊ စေ ၃၈ သမ္ပယုတ္တခန္ဓာ ကုသိုလ်ပြုအပ်သော သဟိတ်စိတ္တဇရုပ်

? ကုသိုလ်ဓမ္မသည် ကုသိုလ်အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ၊

ကုသလော ကုသလာဗျာကတဿ၌ ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ဇကဝီသ၊ စေတသိက်အင္ဂတိံသစိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ အမောဟ ဤဟိတ် ၂ ပါး၊ ၃ ပါး ပစ္စည်းတရား ရ၏။

ကုသလဿ စ အဗျာကတဿ စ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား- ကုသိုလ်စိတ်ဇကဝီသ၊ စေတသိက် အင္ဂတိံသ သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠိ၏အရကား တစ်ပြိုင်နက်၊ ယထာရဟတတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤ(၈)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* ကရိဏ်း(၈)တွင် သဟ**လ**တ်တရားများသည် ကုသိုလ်စိတ္တဇရုပ်အား ကျေးဇူးပြုနိုင်သောတရားမရှိသောကြောင့် အလတ်နှင့် လုံးဝမဆိုင်တော့ပါ။
ဟေ+ကြီး(၄) = တပြိုင်နက်။ ငယ်၌ ဓိ,ကံ့,မဂ် ယထာရဟ ဖြစ်ပါသည်။

ဟေတုပစ္စည်း ၄။ (အကု-အကု) (ပါဠိတော်၊ တရား၊ အနက်)

၄၀၂။ **အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** (ဇာနပါဠိ)
အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။

၄။	အကု	အကု	ကတ္တား:	အကု ၁၂၊ စေ ၂၇၊ စိတ္တကွဏတခုတခုဠ်ရှိသော လောဘမူဖြစ်အံ့ လောဘ,မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ,မောဟ၊ မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁/၂ ပါး၊
			သမ္မဒါန်	အကု ၁၂၊ မောဒ္ဓေမောကြဉ်စေ ၂၇ သမ္မယုတ္တခန္ဓာ၊
			ကရိဏ်း:	ဟေတု၊ သဟဇာတ၊ **အညမည**၊ နိဿယ၊ **သမ္မယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၉,ဏ္ဏံ,မဂ် မရှတော့) (၇)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(အကု)	ကတ္တား	သမ္မဒါန် (အကု)
၁။	**အကုသလာ ဟေတူ** အကု ၁၂၊ စေ ၂၇၊ စိတ္တကွဏတခုတခုဠ်ရှိသော လော.အံ့ လော,မော၊ ဒေါ..အံ့ ဒေါ,မော၊ မော.အံ့ မောဟ ဤဟိတ် ၁/၂ ပါး၊		**သမ္မယုတ္တကာနံ ခန္ဓာနံ** အကု ၁၂၊ မောဒ္ဓေမောကြဉ်စေ ၂၇ သမ္မယုတ္တခန္ဓာ၊

? အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ၊

အကုသလော အကုသလဿဠ် အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား-သမ္မယုတ္တခန္ဓာအားတပ်သော အကု ၁၂၊ စေ ၂၇၊ စိတ္တကွဏတခုတခုဠ်ရှိသော လောဘမူဖြစ်အံ့ လောဘ, မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ,မောဟ၊ မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁ ပါး, ၂ ပါး ပစ္စည်းတရား ရ၏။

အကုသလဿဓမ္မဿဟူသော **သမ္မဒါန်**ပုဒ်၏အရကား-အကု ၁၂၊ မောဒ္ဓေမောကြဉ်စေ ၂၇ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠ်၏အရကား တစ်ပြိုင်နက်တတ်ကောင်းသော ဟေတု၊ သဟဇာတ၊ **အညမည**၊ နိဿယ၊ **သမ္မယုတ္တ**၊ အတ္ထိ၊ အဝိဂတ ဤ (၇)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* အကုသိုလ်မှာ အလောဘ၊ အဒေါသ၊ အမောဟမပါ၍ သူနဲ့သဘာဂဖြစ်တဲ့ ဓိ၊ ဣံ၊ မဂ် မရှပါ။ အဘယ်ကြောင့်ဆိုသော် အဓိပတိ ရမ္မဿည် ဝိမံသ အတွက်၊ ဣန္ဒြေယ,မဂ္ဂ ရမ္မဿည် အမောဟ အတွက်ဖြစ်သောကြောင့် အကု-အကုတွင် ဤ'ပညာ'တွေ မရှိပါ။
* ကုပဒကဲ့သို့ အလတ်တွင် နာမ်-နာမ်ချင်း ကျေးဇူးပြုသော အညမည, သမ္မယုတ္တ တပြိုင်နက်ဝင်၊ ဝိပါက, ဝိပ္ပယုတ္တတို့နှင့် မဆိုင်။
* ဟေ + ကြီး(၄) + ည + သမ် = တပြိုင်နက်(၇)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

အကုသိုလ်စိတ် (၁၂)	လောဘ	ဒေါသ	မောဟ	(အလောဘ)	(အဒေါသ)	(အမောဟ)
လောဘမူ ၈ ခု	✓		✓			
ဒေါ ၂		✓	✓			
မော ၂			✓			

? ပဉ္စာဝါရဝိဘင်္ဂ ဟောတုပစ္စည်း **အကုသလော အကုသလသမ္ပယုတ်** ခန္ဓာဝါရအဘယ်မျှ ရပါသနည်း။ ခန္ဓာဝါရ ဖွဲ့ပြပါ။

ပဉ္စာဝါရဝိဘင်္ဂ ဟောတုပစ္စည်း အကုသလော အကုသလသမ္ပယုတ် ခန္ဓာဝါရ (၇)ဝါရ ရ၏။ ခန္ဓာဝါရ (၇)ဝါရဟူသော်ကား- လောဘမူဖြစ်အံ့ (၃)ဝါရ၊ ဒေါသမူဖြစ်အံ့ (၃)ဝါရ၊ မောဟမူဖြစ်အံ့ (၁)ဝါရဖြစ်ပါသည်။

လောဘမူဖြစ်အံ့ - အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဝင်၌-

အကုသလာ ဟေတူအရကို	**သမ္ပယုတ္တကာနံ ခန္ဓာနံ အရကို**	**ခန္ဓာဝါရ**	
လောဘ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဧကက ၁ ဝါရ	ဒွိဟိတ် ၃ ဝါရ
မောဟ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ		
လောဘ၊ မောဟ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဒုက ၁ ဝါရ	

ဒေါသမူဖြစ်အံ့ - အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဝင်၌-

အကုသလာ ဟေတူအရကို	**သမ္ပယုတ္တကာနံ ခန္ဓာနံ အရကို**	**ခန္ဓာဝါရ**	
ဒေါသ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဧကက ၁ ဝါရ	ဒွိဟိတ် ၃ ဝါရ
မောဟ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ		
ဒေါသ၊ မောဟ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဒုက ၁ ဝါရ	

မောဟမူဖြစ်အံ့ - အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဝင်၌ -

အကုသလာ ဟေတူအရကို	**သမ္ပယုတ္တကာနံ ခန္ဓာနံ အရကို**	**ခန္ဓာဝါရ**
မောဟ ယူ၍	သမ္ပယုတ္တခန္ဓာ ယူ၍ ၁ ဝါရ	ဧကက ၁ ဝါရ

ဤသို့လျှင် လောဘမူဖြစ်အံ့- (၃)ဝါရ၊ ဒေါသမူဖြစ်အံ့- (၃)ဝါရ၊ မောဟမူဖြစ်အံ့- (၁)ဝါရ အားဖြင့် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိအဖြစ်ဖြင့် ကျေးဇူးပြုသောအဖြစ်ကို ဟေတုပစ္စယေန ပစ္စယောဟု ဟောတော်မူပါသည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဟေတုပစ္စည်း ၅။ (အကု-ဗျာ) (ပါဠိတော်၊ တရား၊ အနုက်)

၄၀၂။ **အကုသလော ဓမ္မော အဗျာကတာသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။**
အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ်ဖြင့် ကျေးဇူးပြု၏။

၅။	အကု	ဗျာ	ကတ္တား:	ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူ..,ဒေါမူ..,မောမူ.. ၁/၂ ပါး
			သမ္မဒါန်:	(အကုသိုလ်ပြုအပ်သော) သဟိတ်စိတ်တဇရုပ်၊
			ကရိဏ်း:	ဟေတု၊ သဟဇာတ၊ နိဿယ၊ **ဝိပ္ပယုတ္တ**၊ အတ္ထိ၊ အဝိဂတ။ (၆)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(အကု)	ကတ္တား	သမ္မဒါန် (ဗျာ)
၁။	**အကုသလာ ဟေတူ**		**စိတ္တသမုဋ္ဌာနာနံ ရူပါနံ**
	ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊		(အကု ၁၂၊ဆေ ၂၇)
	စိတ္တက္ခဏတခုတခု၌ရှိသော		အကုသိုလ်ပြုအပ်သော
	လောဘမူဖြစ်အံ့ လော,မော၊		သဟိတ်စိတ်တဇရုပ်
	ဒေါသမူဖြစ်အံ့ ဒေါ,မော၊		
	မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁/၂ ပါး၊		

? အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ်ဖြင့် ကျေးဇူးပြုပုံ၊

အကုသလော အဗျာကတာသ၌ အကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- အကုသိုလ်ပြုအပ်သော သဟိတ်စိတ်တဇရုပ်အားတပ်သော ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ,မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ,မောဟ၊ မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁ ပါး၊ ၂ ပါး ပစ္စည်းတရား ရ၏။

အဗျာကတာသဓမ္မသဟူသော **သမ္မဒါန်**ပုဒ်၏အရကား အကုသိုလ်ပြုအပ်သောသဟိတ်စိတ်တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠ်၏အရကား တစ်ပြိုင်နက်တတ်ကောင်းသော ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၆)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* ကရိဏ်း(၆)တွင် ပစ္စယုပ္ပန်စိတ္တဇရုပ်ရှိနေသဖြင့် **အညမညနှင့် သမ္ပယုတ္တတို့** မဆိုင်။
ဝိပါကလည်း မဆိုင်သေး။ စိတ္တဇရုပ်ရလာခြင်းကြောင့် ဝိပ္ပယုတ္တ ရလာပါသည်။
ဟေ+ကြီး(၄)+ လတ်မှာ ဝိပ်= တပြိုင်နက်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဟေတုပစ္စည်း ၆။ (အကု-အကုဗျာ) (ပါဠိဋီတော်၊ တရား၊ အနက်)

၄၀၂။ **အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။**
အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မလည်းဖြစ်, အဗျာကတဓမ္မလည်းဖြစ်သော တရားအား ဟေတုသတ်တိဖြင့် ကျေးဇူးပြု၏။

၆။	အကု	အကုဗျာ	ကတ္တား:	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခု၌ရှိသော လောမှ..,ဒေါမှ..,မောမှ.. ၁/၂ ပါး
			သမ္မဒါန်:	(အကုသိုလ်ပြုအပ်သော) သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊
			ကရိဏ်း:	ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ။ (လတ်×) (၅)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(အကု) ကတ္တား:	သမ္မဒါန် (အကုဗျာ)
၁။	**အကုသလာ ဟေတူ** ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ- အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လော,မော၊ ဒေါသမူဖြစ်အံ့ ဒေါ,မော၊ မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁/၂ ပါး၊	**သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ** အကု ၁၂၊ စေ ၂၇ သမ္မယုတ္တခန္ဓာ အကုသိုလ်ပြုအပ်သော သဟိတ်စိတ္တဇရုပ်

? အကုသိုလ်ဓမ္မသည် အကုသိုလ်အဗျာကတဓမ္မအား ဟေတုသတ်တိဖြင့် ကျေးဇူးပြုပုံ၊

အကုသလော အကုသလာဗျာကတဿ အကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကု ၁၂၊ စေ ၂၇၊ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လော,မော၊ ဒေါသမူဖြစ်အံ့ ဒေါ,မော၊ မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁ ပါး, ၂ ပါး ပစ္စည်းတရား ရ၏။

အကုသလဿ စ အဗျာကတဿ စ ဓမ္မော သဟိတ်ဟူသော **သမ္မဒါန်**ပုဒ်၏ အရကား- အကု ၁၂၊ စေ ၂၇ သမ္မယုတ္တခန္ဓာ၊ အကုသိုလ်ပြုအပ်သောသဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠို၏အရကား တစ်ပြိုင်နက်တည်ကောင်းသော ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ(၅)ပစ္စယသတ္တိတို့တွင် ဟေတုသတ်တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* ကရိဏ်း(၅)တွင် သဟလတ်တရားများသည် အကုသိုလ်စိတ္တဇရုပ်အား ကျေးဇူးပြုနိုင်သောတရား မရှိသောကြောင့် အလတ်နှင့် လုံးဝမဆိုင်တော့ပါ။ ငယ်၌ ဓိ,ကံ့,မက် လည်း မရ။
ဟေ+ကြီး(၄) = တပြိုင်နက်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဟေတုပစ္စည်းတွင် ကုပဒ, အကုပဒတို့တွင် နာမ်-နာမ်ချင်း၊ နာမ်က ရုပ်ကို၊ နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုကြသောကြောင့် သခ်ၤာ(၃)ချက်စီ ထွက်ခဲ့ကြပါသည်။ ဤ **ဗျာ-ဗျာ**တွင် စီပါက်,ကြိယာ အဗျာကကနာမ်များက နာမ်အားကျေးဇူးပြုသောအခါ ပစ္စယုပ္ပန်ကရှားသည့် အဗျာကတပင်ဖြစ်ပြီး၊ **ပဝတ္တိအခါ** စိတ္တဇရုပ်ကိုကျေးဇူးပြုလည်း အဗျာကတ၊ နှစ်ပါးစုံ(နာမ်ရုပ်)ကိုကျေးဇူးပြုလည်း အဗျာကတသာ ဖြစ်၏။ ထို့ကြောင့် ဗျာပဒတွင် သခ်ၤာ ၁(ဗျာ-ဗျာ)သာရ၏။ ပဋိသန္ဓေအခါ- ပဋိသန္ဓေဆိုင်ရာဖြစ်သည့် (ပဋိသန္ဓေကမ္မဇရုပ်)ကဋတ္တာရုပ်သည်လည်း နည်းတူ။

ပဝတ္တိအခါ စိတ္တဇရုပ်, ပဋိသန္ဓေအခါ ကဋတ္တာရုပ်အား ကျေးဇူးပြု၍ ဗျာ-ဗျာကို နှစ်မျိုးခွဲ၍ လေ့လာပါမည်။

* ဤတွင် ဟေတုပစ္စည်းသည် အဟိတ်နှင့် မသက်ဆိုင်ကြောင်း သတိပြုပါ။
* ပဋ္ဌဝေါကာရ(၂၆)ဘုံ, အရူပ(၄)ဘုံ အားဖြင့် ဘုံ(၃၀)နှင့် ဆက်ဆံပါသည်။

ဟေတုပစ္စည်း ၇။ (ဗျာ-ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၀၃။ **အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။**

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။

(ပဝတ္တိ)

၇/၁	ဗျာ	ဗျာ	ကတ္တား:	သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ ၁၇၊ စေ ၃၈ စိတ္တက္ခဏတခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂/၃ ပါး
			သမ္မဒါန်	သဝိပါက် ၂၁၊ သကြိ ၁၇၊ စေ ၃၈ သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊
			ကရိဏ်း:	ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမညု၊ နိဿယ၊ ဝိပါက၊ ဤနှစ်ယ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၁၂)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ)	ကတ္တား:	သမ္မဒါန် (ဗျာ)
၁။	**ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ** သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ ၁၇၊ စေ ၃၈ စိတ္တက္ခဏတခုတခုဠ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလော,အဒေါ၊ တိဟိတ်ဖြစ်အံ့ အလော,အဒေါ,အမောဟ ဤဟိတ် ၂/၃ ပါး		**သမ္မယုတ္တကာနံ ခန္ဓာနံ** **စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ** သဟိတ်ဝိ ၂၁၊ ကြိယာ ၁၇၊ စေ ၃၈ သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊

စီပါက်,ကြိယာ အဗျာကတများဠ်လည်း ဉာဏဝိပ္ပယုတ်ဖြစ်လျှင် ဒွိဟိတ်(အလောဘ,အဒေါသ) ဉာဏသမ္ပယုတ်ဖြစ်မှသာ တိဟိတ်(အလောဘ,အဒေါသ,အမောဟ) ဖြစ်ပါသည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

? အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ၊ (ပဝတ္တိ)

အဗျာကတော အဗျာကတသဒ္ဒ် ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား– သမ္မယုတ္တာခန္ဓာ၊ သဟိတ်စိတ္တဇရုပ်**အား**တပ်**သော** သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ ၁၇၊ စေ ၃၈ စိတ်ကွဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂ ပါး, ၃ ပါး ပစ္စည်းတရား ရ၏။

အဗျာကတသဓမ္မသဟူသော **သမ္မဒါန်**ပုဒ်၏အရကား သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ ၁၇၊ စေ ၃၈ သမ္မယုတ္တာခန္ဓာ၊ သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

ဟေတုပစ္စယေနဟူသော–**ကရိဏ်း**ပါဠိ၏အရကား တစ်ပြိုင်နက်၊ ယထာရဟတတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

? ပဥ္စာဝါရဝိဘင်္ဂ ဟေတုပစ္စည်း အဗျာကတော အဗျာကတသ ပဝတ္တိအခါ၌ ကရိဏ်းပါဠိ ကိုကောက်ပြပြီး အဘယ်ပစ္စည်းတို့သည် တပြိုင်နက်ဖြစ်၍ အဘယ်ပစ္စည်းတို့သည် ယထာရဟ ဖြစ်သည်ကိုအကြောင်းပြချက်နှင့်တကွရေးပြပါ။

အဗျာကတော အဗျာကတသဒ္ဒ် ပဝတ္တိအခါ ဟေတုပစ္စယေနဟူသော ကရိဏ်းပါဠိ၏ အရကား– တပြိုင်နက် ယထာရဟတတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

* သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသော သဟဇာတအကြီးလေးပစ္စည်းနှင့် ဟေတုပစ္စည်းသည် တပြိုင်နက် ဖြစ်၍ ကျန်(၇)ပစ္စည်းမှာ ယထာရဟဖြစ်ပါသည်။
* သဟဇာတအကြီးလေးပစ္စည်းသည် သဟဇာတမျိုးတွင် တရားအများဆုံးရ၍ ခေါင်းဆောင်ပစ္စည်းဖြစ်သောကြောင့် တပြိုင်နက် ရပါသည်။ ဟေတုပစ္စည်းကိုဟောခြင်းဖြစ်၍ ဟေတုပစ္စည်းသည် တပြိုင်နက် ရပါသည်။
* အညမညနှင့်သမ္မယုတ္တမှာ နာမ်ဆိုင်ရာ သမ္မယုတ္တခန္ဓာကိုသာရပါသည်။ စိတ္တဇရုပ်မရပါ။
* ဝိပါကသည် ဝိပါက်သာရ၍ ကြိယာ မရပါ။
* ဝိပ္ပယုတ္တသည် စိတ္တဇရုပ်သာရ၍ သမ္မယုတ္တခန္ဓာ မရပါ။
* အဓိပတိ သည် ဝီမံသာ ရပါသည်။
* ဣန္ဒြေယမှာ ပညာသာရ၍ မဂ္ဂမှာလည်း ပညာသာ ရပါသည်။

ထို့ကြောင့်(၇)ပစ္စည်းမှာ **ယထာရဟ**ဖြစ်ပါသည်။

ဦးတင်ဝင်း(ဒုက်ဦး-သုံးခွ)

(ပဋိသန္ဓေ)

			ကတ္တား:	သဟိတ် ပဋိသန္ဓေ ၁၇၊ စေ ၃၅ စိတ္တက္ခဏတခုတခုဥ်ိရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂/၃ ပါး
၇/၂	၇၂	၇၂	သမ္မဒါန်	သဟိတ်ပဋိသန္ဓေ ၁၇၊ စေ ၃၅ သမ္မယုတ္တခန္ဓာ၊ **ကဋ္ဌတ္တာ**ရုပ်၊
			ကရိဏ်း:	ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၉x) (၁၁)

အနုဝါဒပါဠိတော်

ဘဉ်	ပစ္စည်း(ဗျာ) ကတ္တား:	သမ္မဒါန် (ဗျာ)
၁။	**ဝိပါကာဗျာကတာ ဟေတူ** သဟိတ် ပဋိသန္ဓေ ၁၇၊ စေ ၃၅ စိတ္တက္ခဏတခုတခုဥ်ိရှိသော ဒွိဟိတ်ဖြစ်အံ့ အလော,အဒေါ၊ တိဟိတ်ဖြစ်အံ့ အလော,အဒေါ,အမောဟ ဤဟိတ် ၂/၃ ပါး	**သမ္မယုတ္တကာနံ ခန္ဓာနံ** **ကဋ္ဌတ္တာ စ ရူပါနံ၊** သဟိတ် ပဋိသန္ဓေ ၁၇၊ စေ ၃၅ သမ္မယုတ္တခန္ဓာ၊ **ကဋ္ဌတ္တာ**ရုပ်၊

ဟေတုပစ္စည်းဌ ပဋိသန္ဓေ(၁၉)မှ အဟိတ်ပဋိသန္ဓေကို မကောက်၍ သဟိတ်ပဋိသန္ဓေ(၁၇)ရ၏။

? အဗျာကတမမ္မသည် အဗျာကတမမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ၊ (ပဋိသန္ဓေ)

အဗျာကတော အဗျာကတဿဿ ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား- သမ္မယုတ္တခန္ဓာအား‌လည်းကောင်း၊ သမ္မယုတ္တခန္ဓာ ကဋ္ဌတ္တာရုပ်အား‌လည်းကောင်း **အား‌တပ်သော** သဟိတ်ပဋိသန္ဓေ သတ္တရုသ၊ စေတသိက် ပဉ္စတိံသ၊ စိတ္တက္ခဏတခုတခုဥ်ိရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ ဤဟိတ် ၂ ပါး, ၃ ပါး ပစ္စည်းတရား ရ၏။ အဗျာကတဿမမ္မဿဟူသော **သမ္မဒါန်**ပုဒ်၏အရကား- သဟိတ်ပဋိသန္ဓေသတ္တရုသ၊ စေတသိက်ပဉ္စတိံသ၊ သမ္မယုတ္တခန္ဓာကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန် တရား‌ရ၏။ ဟေတုပစ္စယေနဟူသော-**ကရိဏ်း**ပါဠိ၏အရကား တစ်ပြိုင်နက်၊ ယထာရဟတတ်‌ကောင်း‌သော ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ‌ရ၏။ (၉x)

* ကရိဏ်း(၁၁) တွင် ဟေတု+သဟကြီး(၄) = တပြိုင်နက်။
* လတ်(၄)တွင် နာမ်ဆိုင်ရာ(သမ္မယုတ္တခန္ဓာ)၌ အညမည,သမ္မယုတ္တ၊
  * ပဋိသန္ဓေဖြစ်ခြင်း‌ကြောင့် ဝိပါက်ဆိုင်ရာ၌ ဝိပါက ရပါသည်။
  ပစ္စယုပ္ပန်၌ စိတ္တဇရုပ်ရှိနေ၍ ဝိပ္ပယုတ္တ၊ (ဤလတ်(၄)သည် ဆိုင်ရာသာ‌ရ၍ ယထာရဟ။)
* ကြွင်း‌သဟဇယ်(၆)တွင် ဣန္ဒြေယ,မဂ္ဂတို့၌ ဝီမံသ ရကြ၍ ယထာရဟ ရ၏။

*** အဓိပတိသည် သာဓိပတိဇော(၅၂)ရှိ အဓိပတိတရား‌ကိုယ်သာဖြစ်၍ **ပဋိသန္ဓေအခါ**တွင် ဇော မဖြစ်သော‌ကြောင့် အဓိပတိကို ကြဉ်ရပါသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

? ဟေတုပစ္စည်းသည် (၁) ပဋိသန္ဓေအခါ (၂) ပဝတ္တိအခါတို့၌ မည်သည့်ရုပ်များကို ကျေးဇူးပြုသနည်း၊ အဘယ်ကြောင့်နည်း။

(၁) ပဋိသန္ဓေအခါ စိတ္တဇရုပ် မဖြစ်သေး၊ ဟေတုပစ္စည်းသည် ပဋိသန္ဓေအခါ အတိတ်ကံကြောင့် ဖြစ်သောပဋိသန္ဓေကမ္မဇရုပ်ကိုသာ မိမိကြောင့်ဖြစ်သည်မဟုတ်သော်လည်း ရပ်ဝေး၌တွေ့ရသော မိတ်ဆွေကဲ့သို့ ကျေးဇူးပြုပါသည်။
(၂) ပဝတ္တိအခါ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်ကိုသာ ဟေတုပစ္စည်းက ကျေးဇူးပြုပါသည်။ ကံကြောင့်ဖြစ်သော ပဝတ္တိကမ္မဇရုပ်ကို မိမိရုပ်ရှာ၌ရှိသောမိတ်ဆွေကဲ့သို့ မိမိကြောင့် ဖြစ်သည်မဟုတ်၍ မငဲ့တော့။

ဟေတုပစ္စည်း မှတ်ဖွယ်

(ဟိတ်(၆)ပါးနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို အသံဖမ်းပို့ချစဉ်အရ မကျဉ်းမကျယ်)

* **အကုသိုလ်ဟိတ်သုံးပါး**သည် ဝဋ်ဆင်းရဲကိုဖြစ်စေသော ကံဖြစ်ပေါ်ရန်အကြောင်းတရားများဖြစ်ပြီး အပြစ်နှင့်တကွ ဖြစ်ပါသည်။ ဆင်းရဲသောအကျိုးလည်း ရှိပါသည်။ ဤ အကုသိုလ်ဟိတ်သုံးပါးကြီးထွားသလောက် အပါယ်လောက ကြီးထွားပါသည်။ ဤဟိတ်သုံးပါး အနိပ်စက်ခံရသောသူသည် မိမိ, သူတပါးနှစ်ဦးသား၏အကျိုးကိုဟုတ်မှန်သည့် အတိုင်းမသိသည့်အပြင် နှစ်ဦးသားကို ဆင်းရဲရန် လှုံ့ဆော်ပါသည်။ ၎င်းသုံးပါးတွင် **မောဟ**သည် ကန်းအောင်ပြုလုပ်တတ်၍ ပညာမျက်စိကိုလည်း ချုပ်ကွယ်စေပြီး၊ ပင်ပန်းခြင်းအဖို့သာ ဖြစ်စေကာ ငြိမ်းအေးမှုကို မဖြစ်စေနိုင်ပါ။

ဤမှပြန်သောအားဖြင့် **ကုသိုလ်ဟိတ်သုံးပါး**ကို သိနိုင်ပါသည်။

ထို့အပြင် **အလောဘ**သည် ဒါန၏အကြောင်းဖြစ်ပြီး၊ ဝန်တိုမှု,အညစ်အကြေးနှင့် တဏှာ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဂုဏ်မရှိသည်ကို ဂုဏ်ဟူ၍ မယူဆ။ ထင်ရှားသော အပြစ်ကို အပြစ်ဟုမှတ်၏။ 'ပိယေဟိ ဝိပ္ပယောဂ'ကြောင့် စိတ်ဆင်းရဲခြင်း မဖြစ်ပါ။
အဒေါသသည် သီလ၏အကြောင်းဖြစ်၍၊ သီလမရှိမှုအညစ်အကြေး၏ ဆန့်ကျင်ဘက် ဖြစ်၏။ ထင်ရှားရှိသောဂုဏ်ကို ဂုဏ်ဟုမှတ်ယူ၏။ 'အပ္ပိယေဟိ သမ္ပယောဂ'ကြောင့် စိတ်ဆင်းရဲခြင်း မဖြစ်ပါ။
အမောဟသည် ဘာဝနာ၏အကြောင်းဖြစ်ပြီး၊ ကုသိုလ်တရားကို မပွားကြောင်း အကုသိုလ်တရား၏ ဆန့်ကျင်ဘက် ဖြစ်၏။ 'ဝိပ္ပလ္လာသ'လေးပါးကြောင့် ဖေါက်ပြန်မှားယွင်းစွာ မယူ။ ဟုတ်မှန်သောသဘောကို ဟုတ်မှန်သည့်အတိုင်း မှတ်ယူ၏။ လိုချင်တောင်းတသည်ကို မရသဖြင့် စိတ်ဆင်းရဲခြင်း မဖြစ်ပါ။

ကောင်းသော အကြောင်းတရား၊ ကုသိုလ်များ၊ တိုးပွားကြရပါစေသော်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၂။ သဟဇာတာဓိပတိ

(ပညာရှိတွေ = ဟေ, မိ, ကွဲ, မဂ်) + ဟာ

သဟဇာတာဓိပတိသည် တကွဖြစ်ဘက်တရားများအပေါ်တွင် အပြင်းအထန်လွှမ်းမိုးပြီး တစ်ဦးတည်းအနေနှင့် ပြိုင်ဘက်မရှိ အစိုးရသောပစ္စည်း ဖြစ်သည်။ စကြာဝတေးမင်းသည် တစ်ဦးတည်းသောအရှင်သခင်ဖြစ်ပြီး မင်းငယ်များက ဩဇာခံ၍လိုက်နာရသကဲ့သို့ ဆန္ဒစသော အဓိပတိတရားကိုယ် (၄)ပါးတို့တွင် တစ်ပါးပါးက လွန်ကဲလျက် အကြောင်းပစ္စည်းတရား ဖြစ်နေလျှင် ဝီရိယစသော(၃)ပါးနှင့်တကွ သမ္မယုတ်ဖြစ်သော နာမ်ခန္ဓာ, ရုပ်ခန္ဓာတို့သည် ဆန္ဒ၏နောက်လိုက်ဖြစ်၍ အကျိုးပစ္စယုပ္ပန်တရားဖြစ်ရသော သဘောသတ္တိ ရှိ၏။

* ဉာဏဝိပ္ပယုတ်စိတ်နှင့် အကုစိတ်များတွင် ဝီမံသာ မရ၍ အဓိပတိတရားကိုယ် (၃)ပါးသာ ရပါသည်။ ဉာဏသမ္မယုတ်စိတ်နှင့် မဟဂ္ဂုတ်စိတ်,လောကုတ္တရာစိတ်များတွင် ဝီမံသာ ရ၍ အဓိပတိတရားကိုယ် (၄)ပါးလုံး ရ၏။
* တစ်ပါးတည်းအရှင်သခင်အဖြစ် ကျေးဇူးပြုသဖြင့် တစ်ပါးပါးသာ ကောက်ရပါသည်။
* ပစ္စည်း, ပစ္စယုပ္ပန် နှစ်ဖက်စလုံး၌ ကု,အကု,ဗျာ တို့ရကြ၍ သန်းခြာအားဖြင့် ပစ္စည်းဖက်တွင် ကု,အကု,ဗျာ (၃)မျိုး၊ ၎င်း၏အာသေဝနပစ္စယုပ္ပန်သည်လည်း ကု,အကု,ဗျာ ဖြစ်သောကြောင့် သန်းခြာ 'တီဏိ' ရပါသည်။
* ပစ္စည်းရေ(၆)သည်- အနန္တရခေါင်းဆောင်(၅)ပစ္စည်းနှင့် အာသေဝနတို့ တပြိုင်နက်ရ၏။
* ကု-ကု၊ အကု-အကု တို့သည် အနန္တရပစ္စည်းနှင့် တူပါသည်။ (ဗျာ-ဗျာတွင် ထူး၏။)
* အာသေဝန၏ ပစ္စည်း,ပစ္စယုပ္ပန်တရားများသည် **(ဇာတ်တူ)ဇောတရားများ** ဖြစ်ကြပါသည်။

ဇော ❸❸ = အကု(၁၂)၊ ကု(၂၁)၊ **ဖိုလ်(၄)**၊ ကြိယာ(အာဝဇ္ဇန်းဒွေကြဉ် ၁၈)
လောကီဇော (၄၇) + လောကုတ္တရာဇော (၈)၊

? ဇောစိတ်(၅၅)ခုတွင် အဘယ်ဇောစိတ်များသည် အာသေဝနပစ္စည်းမရကြောင်း ပဋ္ဌာဝါရ ပါဠိတော်ဖြင့် ကိုးကားဖြေဆိုပါ။

ဖိုလ်ဇောစိတ်တို့သည် အာသေဝနပစ္စည်း မရပါ။ ပဋ္ဌာဝါရပါဠိတော် အာသေဝနပစ္စည်း အဗျာကတော အဗျာကတသဒ္ဒါ "ပုရိမာ ပုရိမာ ကြိယာဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော"ဟုသာ ဟောပါသည်။

"ပုရိမာ ပုရိမာ ဝိပါကာဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော"ဟု မဟောပါ။

အနန္တရ အာသေဝနပစ္စည်း သရုပ်ခွဲ

၁။	ကုပဒ	ကု	ကု	ကတ္တား:	အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် ၁၇၊
				သမ္မဒါန်:	ပထမဇောကြဉ်သော နောက်နောက်သော ကု ၂၁၊ စေ ၃၈၊
				ကရိဏ်း:	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၂။	အကုပဒ	အကု	အကု	ကတ္တား:	အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ် ၁၂၊
				သမ္မဒါန်:	ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ် ၁၂၊
				ကရိဏ်း:	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၃။	ဗျာပဒ	ဗျာ	ဗျာ	ကတ္တား:	အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော ၁၈၊
				သမ္မဒါန်:	ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော ၁၈၊
				ကရိဏ်း:	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)

အာသေဝနပစ္စည်း ၁။ (ကု-ကု)၊ ၂။ (အကု-အကု)

အာသေဝနပစ္စည်း၏ (ကု-ကု)၊ (အကု-အကု) သည် အနန္တရပစ္စည်းနှင့် နည်းတူ၏။ '**အာသေဝနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ** ရ၏။'သာ ထူးပါသည်။ (စာ.နှာ-၂၁၂/ ၂၁၇)

အာသေဝနပစ္စည်း ၃။ (ဗျာ-ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၂၆။ **အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။**

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား **အာသေဝန**သတ္တိဖြင့် ကျေးဇူးပြု၏။

၃။	ဗျာ	ဗျာ	ကတ္တား:	အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော ၁၈၊
			သမ္မဒါန်:	ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော ၁၈၊
			ကရိဏ်း:	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ခန္ဓာ အဆုံးဧော၊ ရှေးရှေးသော ကြို.ဧော ၁၈	ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ပ.ဧော၊ နောက်နောက်သော ကြို.ဧော ၁၈

? အဗျာကတမေ့သည် အဗျာကတဓမ္မအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပုံ၊

အဗျာကတော အဗျာကတသဒ္ဒ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား– ပထမဧောကြည့်သော နောက်နောက်သော ကြိယာဧော အဋ္ဌာရသ(၁၈) **အား‌တပ်သော** အဆုံးဧောကြည့်သော ရှေးရှေးသောကြိယာဧော အဋ္ဌာရသ ပစ္စည်းတရား ရ၏။ အဗျာကတသဓမ္မသ ဟူသော **သမ္ပဒါန်**ပုဒ်၏အရကား– ပထမဧောကြည့်သော နောက်နောက်သော ကြိယာဧော အဋ္ဌာရသ ပစ္စယုပ္ပန် တရားရ၏။ အာသေဝနပစ္စယေနဟူသော **ကရိဏ်း**ပါဠ်၏အရကား တစ်ပြိုင်နက် တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန်၊ နတ္ထိ၊ ဝိဂတ ဤ(၆)ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အာသေဝနပစ္စည်း ဗျာ–ဗျာ တနည်းကားအကောက်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	ဟသိတုပ္ပါဒ်,မဟာကြိယာ ပထမဧော ဟသိ,မဟာကြိယာ ဒု/တ/စ/မ/**ဆဋ္ဌ**ဧော	ဟသိတုပ္ပါဒ်,မဟာကြိယာ ဒုတိယဧော ဟသိ,မဟာကြိယာ **တ**/စ/မ/ဆ/**သတ္တမ**ဧော
၂။	ဂေါတြဘူကိစ္စတတ်သော မဟာကြို ပ.ဒွေ	မဟဂ္ဂုတ်ကြို.သောမနဿ ၄၊
၃။	ဂေါတြဘူကိစ္စတတ်သော မဟာကြို တ.ဒွေ	မဟဂ္ဂုတ်ကြိယာဥပေက္ခာ ၅၊
၄။	ရှေးရှေးသော**ဧော**တူ မဟဂ္ဂုတ်ကြိယာ	သမာပစ္စနဝိထိဋ္ဌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာ

? လောကုတ္တရာ မဂ်ဧော,ဖိုလ်ဧောတို့သည် အဘယ်ကြောင့် အာသေဝနပစ္စည်း**မရ**သနည်း။

အာသေဝနပစ္စည်းဆိုသည်မှာ ကုသိုလ်စသည့်တရားမျိုးကို အဖန်ဖန် အထပ်ထပ် ဖြစ်အောင် ကျေးဇူးပြုသည့်တရားဖြစ်၍ ပယောဂစိုက်ပြီး တမင်ပြုပြင်ရသည့် ကုသိုလ်၊ အကုသိုလ်၊ ကြိယာဧောတရားများသာဖြစ်ကြောင်း သုဒ္ဓသင်္ခါအရ ထင်ရှားပါသည်။

* လောကုတ္တရာကုသိုလ်မဂ်ဧောသည် တစ်ကြိမ်တည်းဖြင့် ကိလေသာသတ်မှုကို ဆောင်ရွက်လိုက်သဖြင့် နောက်ထပ်မဂ်ဧောတစ်ခုထပ်ဖြစ်ဖို့ရန် အားထုတ်စရာ မလိုတော့ပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

* ဖိုလ်ဧာသည် ဧာကိစ္စလည်း တတ်၏။ အားထုတ်မှုပယောဂလည်း ရှိ၏။ သို့ရာတွင် ဖိုလ်စိတ်များသည် မဂ်စေတနာ၏အာနုဘော်ကြောင့်သာ ဖြစ်ရ၏။ မဂ်စေတနာနှင့်ကင်းပြီး တစ်စုံတစ်ခုသောပယောဂကြောင့် မိမိအလိုလိုထူထောင်နိုင်သည့်တရားမျိုး မဟုတ်ပါ။
* ထို့ပြင် မဂ်သည် ကုသိုလ်၊ ဖိုလ်သည် ဝိပါက်ဖြစ်၍ **ဧာတ်** မတူသောကြောင့် မဂ်ဧာကဖိုလ်ဧာအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။

ထို့ကြောင့် လောကုတ္တရာမဂ်ဧာ၊ ဖိုလ်ဧာတို့သည် အာသေဝနပစ္စည်း မထိုက်ပါ။

? ဘုံချင်းမတူသော်လည်း အာသေဝနပစ္စည်းတပ်သော တရားတို့ကို ထုတ်ပြခဲ့ပါ။

ဘုံချင်းမတူသော်လည်း အာသေဝနပစ္စည်းတတ်သောတရားတို့မှာ မဂ်သောမနသ(၁၆)ခုနှင့် မဂ်ဥပေက္ခာ(၄)ခု တို့အားတပ်သော ဂေါတြဘူ၊ ဝေါဒါန်ကိစ္စတပ်သည့် မဟာကုသိုလ် ပထမဒွေနှင့် တတိယဒွေတို့ ဖြစ်ပါသည်။

**** ဝိပါက် နှင့် အာဝဇ္ဇန်းတို့တွင် အာသေဝနပစ္စည်း မရပါ။**

အာသေဝန၏သဘောသည် ပယောဂစိုက်ပြီး တမင်ပြုပြင်ရသော ကုသိုလ်၊ အကုသိုလ်၊ ကြိယာ ဧာတရားများသာ ဖြစ်ပါသည်။

* လောကီဝိပါက်တို့သည် ကံစွမ်းသက်သက်ကြောင့်သာဖြစ်သောတရား၊ ပယောဂစိုက်၍ အားထုတ်စရာ မလို၊ အာသေဝနပစ္စည်း မတပ်ပါ။
* (လောကုတ္တရာဝိပါက်)ဖိုလ်ဧာသည် မဂ်၏အာနုဘော်ကြောင့်သာဖြစ်၏။ မဂ်စေတနာနှင့် ကင်း၍သီးခြားတစ်စုံတစ်ခုသောပယောဂကြောင့် မိမိအလိုလို ထူထောင်နိုင်သောတရား မဟုတ်၊ ထို့ပြင်(မဂ်-ကု) (ဖိုလ်-ဝိပါက်)ဖြစ်၍ **ဧာတ်မတူ**သောမဂ်ဧာက ဖိုလ်ဧာကို အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။
* **ပဋ္ဌဒ္ဓါဏာဝဇ္ဇန်း**သည်(ကြိယာ)ဖြစ်သော်လည်း ဆင်ခြင်ရုံမှတစ်ပါး၊ တစ်စုံတစ်ရာသတ္တိထူး မရှိ၍ ဧာကိစ္စမတပ်ပါ။ **မနောဒ္ဓါဏာဝဇ္ဇန်း**သည် ၂ ကြိမ်/ ၃ ကြိမ် ဖြစ်နိုင်သော်လည်း အလွန်အားနည်း၍ တစ်စုံတစ်ခုပယောဂ ဖြင့်ပွားများလာအောင်/ ယုတ်လျော့သွားအောင် ပြုပြင်၍ မရပါ။ ဧာကိစ္စ မတပ်ပါ။

အာသေဝနပစ္စည်း မှတ်ဖွယ်

အာသေဝနနှင့် ပကတူပနိဿယအထူး

ဘဝတစ်ပါး ကာလတစ်ပါးက ကုသိုလ်၊ အကုသိုလ်စသည်တို့၏ အကြောင်းအထောက်အပံ့ကြီးစွာရ၍ အကျိုးဖြစ်မှုသည် 'ပကတူပနိဿယပစ္စည်း' ဖြစ်ပါသည်။ ထို ကုသိုလ်၊ အကုသိုလ်တို့၏အားကြီးမှုသည် အဖန်တလဲလဲမှီဝဲထုံသည့် 'အာသေဝနပစ္စည်း' ဖြစ်၏။

ထူးဆန်းကြီးကျယ်သည့် လောကီအတတ်ပညာ၊ ဈာန်၊ အဘိညာဉ်၊ မဂ်၊ ဖိုလ်ရမှု၊ ဘုရားဖြစ်အောင် ပါရမီဖြည့်ဆည်းမှု၊ ဘုရားဖြစ်မှုသည် အာသေဝနပစ္စည်းနှင့်ကင်း၍ မဖြစ်နိုင်ပါ။

ပါရမီအစုံစုံ၊ ပွားကြည့်ယုံ၊ အထုံမြဲရပါစေသော်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၃။ အနန္တရမျိုး ကမ္မပစ္စည်း

အနန္တရကမ္မသည် အနန္တရနှင့် ကမ္မတို့၏သဘာဂ, နှစ်ဖက်ရတရား ဖြစ်ပါသည်။
နာနာက္ခဏိကကမ္မ သာ ဖြစ်ပါသည်။ နာနာက္ခဏိကကမ္မသည် ပဝတ္တိအခါ၌ဉင်း၊ နောက်နောက်ဘဝများတွင်ဉင်း၊ ပဋိသန္ဓေအခါကာလမှာဉင်း အကျိုးပေးပါသည်။ **အနန္တရကမ္မ** သည် ပဝတ္တိအခါ အခါမလင့်အကျိုးပေးပါသည်။ မင် က ဖိုလ်ကို စိတ္တုပ္ပါဒ်အခြားမရှိ ကျေးဇူးပြုခြင်းသည် **အနန္တရကမ္မသတ္တိ** ဖြစ်၏။ မြတ်စွာဘုရားရှင်၏ တရားဂုဏ်တော်(၆)ပါး၌ အကာလိကဂုဏ်တော်သည် အနန္တရကမ္မပစ္စည်း ပါဝင်ပါသည်။ (သဟဇာတကမ္မနှင့် မဆိုင်ပါ။)

၃။	အနန္တရူပကမ္မ	မင် လေးခု စေတနာ၊	မဂ္ဂါနန္တရဖိုလ် လေးခု၊	၁	၆

သုဒ္ဓသခ်ိုဆိုရိုး။ ။ **အနန္တရကမ္မပစ္စည်း**၏ သုဒ္ဓသခ်ိုဝါ၌ မဂ္ဂါနန္တရဖိုလ် ၄ ခုအားတပ်သော မင် ၄ ခု စေတနာ ဤတရားတို့သည် အနန္တရကမ္မပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သခ်ိုာ ဧကံ။ ပစ္စည်းရေ(၆)ဟူသည်တည်း။
သခ်ိုာ ဧကံ ဟူသော်ကား— ကုသလော အဗျာကတသ ဟူသည်တည်း။
ပစ္စည်းရေ(၆)ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

၁။ (က္–ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

***။ **ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရစ္စယေန ပစ္စယော**။ (ဝိဘင်္ဂပါဠိ)
ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား **အနန္တရကမ္မ** သတ္တိဖြင့် ကျေးဇူးပြု၏။

၁။	**က**	**ဗျာ**	ကတ္တား:	မင် လေးခု စေတနာ၊	**တပ်သော**
			သမ္ပယုတ်:	မဂ္ဂါနန္တရဖိုလ် လေးခု၊	**အား**
			ကရိယာ:	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ	(၆)

အနုဝါဒပါဠိတော် (နာနာက္ခဏိကကမ္မ)

စဉ်	ပစ္စည်း(က္)	ကတ္တား	သမ္ပယုတ် (ဗျာ)
၁။	**မဂ္ဂါ** မင် ၄၊		**ဖလဿ** ဖိုလ် ၄၊

? ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား **အနန္တရကမ္မ** သတ္တိဖြင့် ကျေးဇူးပြုပုံ။

ကုသလော အဗျာကတဿ၌ ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား– မဂ္ဂါနန္တရဖိုလ် ၄ ခုအားတပ်သော မင် ၄ ခု စေတနာ ပစ္စည်းတရား ရ၏။ အဗျာကတဿဓမ္မဿ ဟူသော **သမ္ပယုတ်**ပုဒ်၏အရကား မဂ္ဂါနန္တရဖိုလ် ၄ ခု ပစ္စယုပ္ပန် တရားရ၏။ အနန္တရပစ္စယေန ဟူသော–**ကရိယာ**ပါဠိ၏အရကား တစ်ပြိုင်နက်တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ ဤ(၆)ပစ္စယသတ္တိ တို့တွင် **'အနန္တရကမ္မသတ္တိ'**ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

++

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

အခန်း(၄)

၄။ ပကတူပမျိုး

ပကတူပနိဿယ

ပကတ = အကျိုးတရား မဖြစ်ဖြစ်အောင် ကောင်းစွာပြုအပ်ပြီးသောတရား၊

* (၁) ကောင်းစွာပြုအပ်ပြီးသော အားကြိုးသောမှိရာအကြောင်းသည် ပကတူပနိဿယပစ္စည်း ဖြစ်ပါသည်။ ကောင်းစွာပြုအပ်သည်ဆိုရာမှာ သင့်တင့်လျောက်ပတ်သည့်အခါ ဇကန်မုချ အကျိုးပေးလာအောင် မိမိအဖြတ္တာသန္တာန်၌ ရာဂ၊ သဒ္ဓါ.... စသောတရားတို့ကိုဖြစ်စေမှု၊ ဗဟိဒ္ဓသန္တာန်၌ ပေါင်းသင်းဆက်ဆံခြင်း စားသောက်ထိတွေ့ခြင်း မှီဝဲအပ်သော ဘောဇနသေနာသနစသည်တို့ ဖြစ်ပါသည်။ (ပစ္စယနိဒ္ဒေသတွင်- 'ပဂ္ဂလ' ပါသည်။)

* (၂) ပကတိပင်ကိုယ်သဘောအားဖြင့် အားကြိုးသောမှိရာအကြောင်းသည် ပကတူပနိဿယ ဖြစ်ပါသည်။ **ပကတိ**ဆိုသည်မှာ တစ်ပါးသော အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယတို့နှင့် မရောဘဲ မူလပင်ကိုယ်သဘောအတိုင်း၊ အားကြိုးသော အကြောင်းတစ်မျိုးဖြစ်ပါသည်။

* ဥပမာ- မိုးသည် သစ်ပင်၊ သတ္တဝါစသည်တို့အတွက် အားကြိုးသောမှိရာဖြစ်သကဲ့သို့ အကျိုးစိတ်, စေတသိက်များဖြစ်စေရန် လွန်ကဲအားကြိုးသောအကြောင်းဖြစ်၍ ကျေးဇူးပြုမှုသည် ပကတူပနိဿယပစ္စည်း၏သတ္တိ ဖြစ်သည်။

ပကတူပနိဿယ(၃)မျိုး

(၁) 'သဒ္ဒံ ဥပနိဿာယ ဒါနံ ဒေတိ'...စသည်ဟောရာ၌ ပုဂ္ဂိုလ်တစ်ယောက်သည် ရှေးဦးစွာ သဒ္ဓါတရားဖြစ်ပြီး၊ ထိုသဒ္ဓါတရားကိုစွဲ၍ ထိုပုဂ္ဂိုလ်သည် နောက်နောက်ကုသိုလ်တရားများ နောက်ထပ်တိုးပွားလာသောအခါ ရှေးသဒ္ဓါတရားမှာ နောက်နောက်တရားများကို ပွားလာစေရန်ဟု အာရမ္မဏ၊ အနန္တရသတ္တိများက ကျေးဇူးမပြုနိုင်ဘဲ၊ ပကတိပင်ကိုယ်သဘောအတိုင်း လွန်စွာအားကြိုးသော ပကတူပနိဿယသတ္တိကသာ ကျေးဇူးပြုနိုင်ပါသည်။

(၂) မဂ္ဂါရမ္မဏတိုက်မှ အာရုံမျိုးနဲ့ ရောနေသော ပကတူပနိဿယ ဖြစ်ပါသည်။

(၃) ကုသလတိုက်မှာပင်- "မဂ္ဂေါ ဖလဿ"ဟူ၍ ဟောတော်မူရာ အနန္တရူပနိဿယ၊ ပကတူပနိဿယသည် ရောနှောလိုက်သောအခါ သာလွန်၍ အားကြိုးသွားပါသည်။

ဗလဝ

'ဗလဝ'အားကောင်းလှသည်ဆိုသည်မှာ ဥပနိဿယမှ 'ဥပ'အတွက်ဖြစ်ပါသည်။ အကြောင်းတရားကိုစွဲ၍ အကျိုးစိတ်,စေတသိက်များဖြစ်ရာမှာ သာမညအားကောင်းရုံ မဟုတ်ဘဲ လွန်လွန်ကဲကဲအားကောင်းသောကြောင့် 'ဗလဝ'ဟုဆိုပါသည်။ ဥပမာ- ကံတစ်ခုကိုပြုလုပ်သောအခါ ထိုကံကို အခြားကံတစ်ပါးက မနှောက်ယှက်နိုင်လောက်အောင်အားကောင်းသောကံ၊ ကံတစ်ပါးက နှောက်ယှက်လျှင် ပျက်ပြယ်မည့်ကံ၊ ဟူ၍(၂)မျိုးရှိသည့်အနက် ကံတစ်ပါးမနှောက်ယှက်နိုင်မှသာ 'ဗလဝ'မည်ပါသည်။ ဥပနိဿယတွင် ဗလဝသာ ယူ၏။ (နှောက်ယှက်နိုင်လျှင် 'ဒုဗ္ဗလကံ')

နိဗ္ဗာန်သည် ပကတူပနိဿယပစ္စည်း မတပ်

နိဗ္ဗာန်၌ ဖြစ်စေအပ်သော (နိပ္ပါဒိတ)အကြောင်းသဘောလည်း မရှိ။ မှီဝဲအမ်သော (ဥပသေဝိတ)အကြောင်းလည်း မရှိ။ ထို့ကြောင့်နိဗ္ဗာန်သည်ပကတူပနိဿယပစ္စည်း မတပ်ပါ။

ပကတူပ ပစ္စယုပ္ပန်မှာ ရပ်မပါ။

ပကတူပနိဿယမှာ ပစ္စည်းဖက်တွင် စိတ်,စေတသိက်,**ရုပ်**တရားတို့ရှိပြီး၊ ပစ္စယုပ္ပန်ဖက်တွင် စိတ်,စေတသိက်သာ ရှိပါသည်။ ထို့ကြောင့် ပစ္စည်းတွင် ကု,အကု,ဗျာ တို့ရပြီး၊ ပစ္စယုပ္ပန်တွင်လည်း ကု,အကု,ဗျာ တို့ရနေသောကြောင့် သန်္ဘာ(၉)ချက် ရပါသည်။

ပစ္စည်းရေသည် ပကတူပနိဿယ (၁)မျိုးသာ ရ၏။

* ပစ္စည်းတွင် ရုပ်တရားရှိနေသော်လည်း ပစ္စယုပ္ပန်တွင် ရုပ်တရား မပါ။
အစဉ်ဆိုသည့်သန္တာန်သည် ရုပ်သန္တာန်, နာမ်သန္တာန် ဟူ၍(၂)မျိုးရှိပါသည်။

ရုပ်အစဉ်တွင် စေတနာမရှိသောကြောင့် တစ်ခုခုကိုမျှ ပြုလုပ်ဆောင်ရွက်နိုင်သောသဘော မရှိပါ။ ရှေးအခါက ကောင်းစွာပြုမူ ကောင်းစွာမှီဝဲမှုဆိုသော 'ပကတ'သဘောလည်း မရှိပါ။ ရုပ်တွင် ဤသဘောများ မရှိသောကြောင့် ပစ္စယုပ္ပန်အဖြစ်ဖြင့် မဟောပါ။

နာမ်အစဉ်သည် တစ်ခုခုကိုပြုလုပ်နိုင် စေ့ဆော်နိုင်သော စေတနာသဘောရှိနေသောကြောင့် ရှေးအခါက ကောင်းစွာပြုမူ ကောင်းစွာမှီဝဲမှုဆိုသော 'ပကတ'သဘောရသည့်အတွက် ပကတူပ၏ ပစ္စယုပ္ပန် ဖြစ်နိုင်ပါသည်။

၁။	ပကတူပနိဿယ	**ဗလဝ**ဖြစ်သော စိတ် ၈၉၊ စေ ၅၁၊ ရုပ် ၂၈၊	စိတ် ၈၉၊ စေ ၅၁၊	၉	၁ ဥပနိဿယ

သုဒ္ဓသန်္ဘာဆိုရိုး။ ။**ပကတူပနိဿယပစ္စည်း**၏ သုဒ္ဓသန်္ဘာ ဝါရဒ္ဒ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ အားတပ်သော ဗလဝဖြစ်သောစိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သန်္ဘာ နဝ။ ပစ္စည်းရေ(၁)ဟူသည်တည်း။ နဝဟူသော်ကား-

ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊
အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊
အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊
ဟူသည်တည်း။ ။ **ပစ္စည်းရေ ၁ ဟူသည်ကား ဥပနိဿယ တည်း**။

ပကတူပနိဿယပစ္စည်း ပါဠိတော်များ အလွန်များလှပါသည်။ ကျယ်လည်းအင်မတန် ကျယ်ဝန်းသောကြောင့် '**ပစ္စည်းပဒေသာ**'ဟူ၍ လေးစားစွာဖြင့် တင်စားကြပါသည်။
(**သန္ဓိ ၂၃** ချက်ရှိသော ဥပနိဿယတွင် သန္ဓိဘပဒေသာဖြစ်၍ အားစိုက်ပြီး လေ့လာပါရန်။)

ဦးတင်ဝင်း(ဖိုက်ဦး-သုံးခွ)

ပကတူပနိဿယ သရုပ်ခွဲ

၁။	၈ လုံးလေးဝဲ(၃)ချက်	ကု	ကု	ကတ္တား:	ဗလဝဖြစ်သော **အရ.မဂ်ကြဉ်**သော ကု ၂၀၊ စေ ၃၈၊ **တပ်သော**
				သမ္ဗန္ဓဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊ **အား:**
				ကရိဏ်း:	ပကတူပနိဿယ၊ (၁)
၂။		ကု	အကု	ကတ္တား:	**ဗလဝ**ဖြစ်သော လောကီကု ၁၇၊ စေ ၃၈၊
				သမ္ဗန္ဓဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊
				ကရိဏ်း:	ပကတူပနိဿယ၊ (၁)
၃။		ကု	ဗျာ	ကတ္တား:	**ဗလဝ**ဖြစ်သော ကုသိုလ် ၂၁၊ စေ ၃၈၊
				သမ္ဗန္ဓဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
				ကရိဏ်း:	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ (၆)
၄။	၈ လုံးလေးဝဲ(၃)ချက်	အကု	အကု	ကတ္တား:	**ဗလဝ**ဖြစ်သော အကု ၁၂၊ စေ ၂၇၊
				သမ္ဗန္ဓဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊
				ကရိဏ်း:	ပကတူပနိဿယ၊ (၁)
၅။		အကု	ကု	ကတ္တား:	**ဗလဝ**ဖြစ်သော အကု ၁၂၊ စေ ၂၇၊
				သမ္ဗန္ဓဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊
				ကရိဏ်း:	ပကတူပနိဿယ၊ (၁)
၆။		အကု	ဗျာ	ကတ္တား:	**ဗလဝ**ဖြစ်သော အကု ၁၂၊ စေ ၂၇၊
				သမ္ဗန္ဓဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
				ကရိဏ်း:	ဥပနိဿယ၊ **ကမ္မ**၊ (၂)
၇။	အဗျာကတ ၈ လုံးလေးဝဲ(၃)ချက်	ဗျာ	ဗျာ	ကတ္တား:	**ဗလဝ**ဖြစ်သော ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ **ရုပ် ၂၈၊**
				သမ္ဗန္ဓဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
				ကရိဏ်း:	**ပကတူပနိဿယ၊** (၁)
၈။		ဗျာ	ကု	ကတ္တား:	**ဗလဝ**ဖြစ်သော **အရ.ဖိုလ်ကြဉ်** ဝိ ၃၅၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊
				သမ္ဗန္ဓဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊
				ကရိဏ်း:	**ပကတူပနိဿယ၊** (၁)
၉။		ဗျာ	အကု	ကတ္တား:	**ဗလဝ**ဖြစ်သော လောကီဝိပါက် ၃၂၊ ကြိယာ ၂၀၊ စေ ၃၅၊ ရုပ် ၂၈၊
				သမ္ဗန္ဓဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊
				ကရိဏ်း:	**ပကတူပနိဿယ၊** (၁)

* ပစ္စယုပ္ပန် **ကု**-နေလျှင် ပစ္စည်း(ကု)၌ အရ.မဂ်ကြဉ်၊ ပစ္စည်း(ဗျာ)၌ အရ.ဖိုလ်ကြဉ်။
* ပစ္စယုပ္ပန် **အကု**-နေလျှင် ကတ္တားအရ ဆိုင်ရာတွင် လောကီတရားများသာကောက်ပါ။
* ပစ္စယုပ္ပန် **ဗျာ**-နေလျှင် ကတ္တားအရ ဆိုင်ရာတွင် အကုန်ကောက်ပါ။
* ပစ္စယုပ္ပန်၌ **ရုပ်မပါ**- ရုပ်သည် အစေတနာ၊ အဗျာပါရ မျှဖြစ်၍ 'ပကတ'သဘောမရှိ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ဥပနိဿယ အနက်ပေးအခဏ္ဍ.

ဒါနံ-လှူအပ်သောဒါနဝတ္ထုကို၊ **ဒတ္ဝာ**-စွန့်၍-စင်ကြယ်ခြင်းကိုပြု၍၊ **ပစ္စဝေက္ခိတိ**-ဆင်ခြင်၏။ **သီလံ**-ပဉ္စင်္ဂ,ဒသင်္ဂသီလစသည်တို့၏အစွမ်းအားဖြင့်ဖြစ်သော နိစ္စသီလကို၊ **သမာဒိယိတ္ဝာ**-ဆောက်တည်၊ **ဥပေါသထကမ္မံ**- ဥပုသ်နေ့၌ကျင့်သုံးအပ်သော အင်္ဂဂ် ဥပုသ်ကို၊ **ကတ္ဝာ**-ဆောက်တည်ပြီး၍၊ **ပုဗ္ဗေ**-ရှေး၌၊ **သုစိဏ္ဏာနိ**-ကောင်းစွာအလေ့အကျက်ပြုအပ်ကုန်ပြီးသော၊ **စျာနာ**-စျာန်မှ၊ **ဝုဋ္ဌဟိတ္ဝာ**-ထ၍၊ **ကုသလစိတ္တာသမင်္ဂိဿ**-ကုသိုလ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ **ကုသလာခန္ဓာ**-ကုသိုလ်ခန္ဓာတို့သည်၊ **အဿာဒေတိ**-သာယာ၏၊ **အဘိနန္ဒတိ**-နှစ်သက်၏၊ **ဥပပဇ္ဇတိ**-ဖြစ်၏၊ **ပရိဟီနေ**-ယုတ်သည်ရှိသော်၊ **ဝိပဋိသာရိဿ**-ငါ့အားမြတ်သောတရားသည်ပျောက်ခဲ့ပြီဟု နှလုံးမသာရှိသောသူအား၊ **နိရုဒ္ဓေ**-ချုပ်သည်၊ **ဝိက္ခမ္ဘိတေ**-မိမိမင်္ဂဖြင့်မပယ်ခွာအပ်ကုန်သော၊ **သမုဒါစိဏ္ဏေ**-အလေ့အကျက်ပြုအပ်ကုန်ပြီးသော၊ **အဓိပတိ, ဂရုံကတ္ဝာ**-အလေးအမြတ်ပြု၍၊ **ဝုဋ္ဌာနဿ**-တဒါရုံ,ဘဝင်,စုတိ၊ **ဝုဋ္ဌဟန္တဿ**-ထ၍၊ **သဒ္ဓံ**- ကံ,ကံ၏အကျိုး ဤပစ္စုပ္ပန်လောက တမလွန်လောကစသည်တို့၌ယုံကြည်ခြင်း၊ **သုတံ**-အကြားအမြင်၊ **စာဂံ**-စွန့်ကြဲခြင်းကို၊ **ပရိကမ္မံ**-ပုဗ္ဗဘာဂ ပရိကံ၊ **အနုပဗ္ဗံ**-ခဏတ္တယသို့မရောက်သေးသော၊ **ဥပါဒေန္တိ**-ခဏတ္တယသို့ရောက်စေကုန်၏၊ **ဥပဗ္ဗံ**-ဖြစ်ပြီးသောသမာပတ်ကို၊ **သမာပဇ္ဇန္တိ**-ဝင်စားကုန်၏၊ **မာနံ**-မာနကို၊ **ဇပေတိ**-ဖြစ်စေ၏၊ **ဒိဋ္ဌိ**-မှားသောအယူကို၊ **ဂဏှာတိ**-ယူ၏၊ **ပတ္ထနာယ**-ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိကိုတောင့်တသောလောဘအား၊ **အတ္တာနံ**-မိမိကိုယ်ကို၊ **အာတာပေတိ**-ပူပန်စေ၏၊ **ပရိတာပေတိ**-ထက်ဝန်းကျင်မှပူပန်စေ၏၊ **ပရိယိဋ္ဌိမူလကံ**-ရှာမှီးခြင်းလျှင်အရင်းရှိသော၊ **ဒုက္ခံ**-ဆင်းရဲကို၊ **ပစ္စနုဘောတိ**-ခံစား၏၊ **ပါဏံ**-သူ၏အသက်ကို၊ **ဟနတိ**-သတ်၏၊ **အဒိန္နံ**-အရှင်သည်ကိုယ်,နှုတ်ဖြင့်မပေးသော သူတပါး၏ဥစ္စာကို၊ **အာဒိယတိ**-ယူ၏၊ **မုသာ**-ချွတ်လွဲသောစကားကို၊ **ပိသုဏံ**-ချောကြစ်သော စကားကို၊ **ဖရုသံ**-ကြမ်းကြုတ်သောစကားကို၊ **ဘဏတိ**-ဆို၏။ **သမ္ဖံ**-အကျိုးမရှိ,ပြိန်ဖြင်းသောစကားကို၊ **ပလပတိ**-ဟောပြော၏၊ **သန္ဓိံ**-အိမ်ခြံကိုစပ်၍၊ **ဆိန္ဒတိ**-ဖြတ်၏၊ **နိလ္လောပံ**-ပုန်း၍၊ **ဟရတိ**-ဆောင်၏၊ **ဧကာဂါရိကံ**-တစ်အိမ်တည်းကို ခြံရံသည်ကို၊ **ကရောတိ**-ပြု၏၊ **ပရိပန္ထေ**-ခရီးလမ်းဆုံ၌၊ **တိဋ္ဌတိ**-ရပ်၏၊ **ပရဒါရံ**-သူ့မယားကို၊ **ဂစ္ဆတိ**-သွား၏၊ **ဂါမဃာတံ**-ရွာဖျက်ခြင်းကို၊ **နိဂမဃာတံ**-နိုဂုံးဖျက်ခြင်းကို၊ **မာတရံ**-အမိကို၊ **ဇီဝိတာ**-အသက်မှ၊ **ဝေါရောပေတိ**-ချ၏၊ **ပိတရံ**-အဘကို၊ **အရဟန္တံ**-ရဟန္တာကို၊ **ဒုဋ္ဌေန**-ပြစ်မှားလိုသော၊ **စိတ္တေန**-စိတ်ဖြင့်၊ **တထာဂတဿ**-မြတ်စွာဘုရားကို၊ **လောဟိတံ**-သွေးကို၊ **ဥပ္ပါဒေတိ**-ဖြစ်စေ၏၊ **ရုဟိရုပ္ပါဒကမ္မဿ**-ဘုရားရှင်၏သွေးခြဉ်ခြင်းကိုဖြစ်စေသောကံ၊ **သံဃံ**-သံဃာကို၊ **ဘိန္ဒတိ**-သင်းခွဲ၏၊ **ပါဏံ**-သူ၏အသက်ကို၊ **ဟန္တွာ**-သတ်မိသောကြောင့်၊ **ဗလဿ**-အစွမ်းကို၊ **ဝိပါကဿ**-အကျိုးကို၊ **ပဋိဃာတတ္ထာယ**-ပယ်ဖျောက်ခြင်းငှာ၊

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ပကတ္တုပနိဿယပစ္စည်း ၁။ (က္-က္) (ပါဠိတော်၊ တရား၊ အနှက်)

၄၂၃။ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။** (ဝိဘင်္ဂ)
ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ပကတ္တုပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၁။	က္	က္	ကတ္တား:	**ဗလဝ**ဖြစ်သော အရ.မဂ်ကြဉ်သော က္ ၂၀၊ စေ ၃၈၊ **တပ်သော**
			သမ္မဒါန်:	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊ **အား**
			ကရိဏ်း:	ပကတ္တုပနိဿယ၊ (၁)

အနုဝါဒပါဠိတော် သဒ္ဒါပဋ္ဌ၊ စ္ဆာန် ဘိညာ၊ မဂ္ဂ၊ သမ္ဖိလေး၊ အလယ်သုံးတန် ပရိက် တဖန်အခွင်းခွင်းရေး။

စဉ်	ပစ္စည်း(က္) ကတ္တား	သမ္မဒါန် (က္)
၁။	**သဒ္ဒံ**	**ဥပနိဿာယ** – အမှီပြု၍
	က်၊ က်၏အကျိုး၊	**ဒါနံဒေတိ၊** အန္နဒါန၊ ပါန၊ ဃရ္ဝတ္ထုစသောဒါနဝတ္ထု၂
	ပစ္စုပ္ပန်ဘဝ၊	ဒါနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်
	အစရှိသည်တို့၌	**သီလံ သမာဒိယတိ၊** ပဉ္စင်္သီလ၊ ဒသင်္သီလ စေတနာပြ.မဟာ.က္
	ယုံကြည်သောသဒ္ဓါ	**ဥဃေါသထကမ္မံ ကရောတိ၊** အဌင်္ဂဥပုသ်သီလ စေတနာပြ.မဟာ.က္
	ပြဋ္ဌာန်းသော	**ဈာနံ ဥပ္ပါဒေတိ၊** မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉၊
	မဟာက္ ၈ စိတ်တုပ္ပါဒ်	**ဝိပဿနံ ဥပ္ပါဒေတိ၊** ဝိပဿနာပြုသော မဟာက္၊
		မဂ္ဂံ ဥပ္ပါဒေတိ၊ မဂ် ၄ ခု စိတ်တုပ္ပါဒ်၊
		အဘိညံ ဥပ္ပါဒေတိ၊ က္.ဘိ ၅ ပါး၊
		သမာပတ္တိ ဥပ္ပါဒေတိ၊ က္.သမာပတ် ၈ ပါး၊
၂။	**သီလံ** သီလ စေတနာပြဋ္ဌာန်းသော – မဟာ.က္	1/8 5/8 5/5
	သုတံ သုတမယဉာဏ်ပြဋ္ဌာန်းသော – မဟာက္.ဉာသံ ၄၊	॥
	စာဂံ အလောဘပြဋ္ဌာန်းသော – မဟာက္ ၈၊	
	ပညံ ပညာပြဋ္ဌာန်းသော – မဟာက္ဉာ.သံ ၄ စိတ်တုပ္ပါဒ်	
၃။	သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ
၄။	**ပဌမဿ ဈာနဿ ပရိကမ္မံ** ပဌမစ္ဈာန်ရစိမ့်သောဌ္ဍါ ပထဝီ	**ပဌမဿ ဈာနဿ**
	စသည်ဖြင့် စီးဖြန်းသော ပရိက်ကိစ္စတတ်သော ကာမ.ကုသိုလ်	ပထမစ္ဈာန်အား
	ဒုတိယဿ../တတိယဿ../စတုတ္ထဿ ဈာနဿ ပရိကမ္မံ	**ဒုတိယဿ. /တဿ. /စဿ.**
	အာကာ.သ./ဝိညာ../အာကိဉ္စညာ../နေဝ..သ ပရိကမ္မံ	**အာကာ../ဝိ../အာ../နေဝ..သ**
	ပဌမံ ဈာနံ/ဒု/တ/စ/အာကာ/ဝိ/အာကိဉ္စ.နံ	**ဒုတိယဿ ဈာနဿ/တ/စ/အာကာ/ဝိ/အာ/နေဝ**

စဉ်	ပစ္စည်း(ကု) ကတ္တား	သမ္ဗဒါန် (ကု)
၅။	ဒီဗ္ဗဿ စက္ခုဿ ပရိုကမ္ဗံ	ဒီဗ္ဗဿ စက္ခုဿ
	ဒီဗ္ဗာယ သော/ကြဒ္ဒိ/စေ/ပု/ယထာ/အနှာ.သ	ဒီဗ္ဗာယ သော/ကြဒ္ဒိ/စေ/ပု/ယထာ/အနှာ.သ
	ဒီဗ္ဗစက္ခု	ဒီဗ္ဗာယ သောတဓာတုယာ
	ဒီဗ္ဗသောတဓာတု/ကြဒ္ဒိ.ဏံ/စေ/ပု/ယထာ.ဏံ	ကြဒ္ဒိ/စေ/ပု/ယထာ/အနှာ.သဉ္ဇာဏဿ
၆။	ပဌမဿ မဂ္ဂဿ ပရိုကမ္ဗံ သဗ္ဗေ သခ်ိရာ အနိစ္စာ၊ ..ဒုက္ခာ၊ ..အနတ္တာ စသည်ဖြင့် စိးဖြန်းခြင်း(မဂ်ရရန် ပရိုကံ)	ပဌမဿ မဂ္ဂဿ သောတာပတ္တိမဂ်
	ဒုတိယဿ/တ.ဿ/စတုတ္ထဿ မဂ္ဂဿ ပရိုကမ္ဗံ	ဒုတိယဿ/တ.ဿ/စတုတ္ထဿ မဂ္ဂဿ
	ပဌမော မဂ္ဂေါ/ဒု/တတိယော မဂ္ဂေါ	ဒုတိယဿ မဂ္ဂဿ/တ/စတုတ္ထဿ မဂ္ဂဿ
၇။	သေက္ခာ မဂ္ဂံ အောက်မဂ် ၃ ခု၊	ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိ ဥပါဒေန္တိ မဖြစ်သေးသော သမာပတ် ဖြစ်စေ၏။ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ ဖြစ်ပြီးသော သမာပတ်ကို ဝင်စားကုန်၏။
	သခ်ိရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော သခ်ိရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု	ဝိပဿနာ ဝိပဿနာပြုသော ကာမကုသိုလ်
	မဂ္ဂေါ အောက်မဂ် ၃ ခု၊	သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ * ပါဠိတော်အနက်ကိုသိသောဉာဏ်
		မမ္မပ္ပဋိသမ္ဘိဒါယ * မာဂဖောသာပါဠိတော်သဒ္ဒါကိုသိသောဉာဏ်
		နိရုတ္တိပ္ပဋိသမ္ဘိဒါယ * အရပ်သုတို့၏ဘာသာ သဒ္ဒါကိုသိသောဉာဏ်
		ပဋိဘာနပ္ပဋိသမ္ဘိဒါယ * အနက်၊ ပါဠို၊ ဘာသာ ၃ ပါး၊ကိုသိသောဉာဏ်
		ဌာနာဌာနကောသလ္လဿ – အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသောဉာဏ်။ (ပဋိသမ္ဘိဒါဉာဏ် အရ– မဂ်ဉာဏ်၊ ကာမာဝစရကုသိုလ်ဉာဏ်။)

(ပစ္စယုပ္ပန်က ကုသိုလ်ဖြစ်ခြင်း၊ ပစ္စည်းဖက်ကလည်း ကုသိုလ်ဖြစ်ခြင်းကြောင့် အရဟတ္တမဂ် ကြဉ်ရပါသည်။ အရဟတ္တမဂ်ကြဉ်ရသောကြောင့် ပစ္စည်းဖက်၌ 'တတိယော မဂ္ဂေါ'သာရှိ။)

? ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊

ကုသလော ကုသလဿ၌ ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား ကုသိုလ်စိတ် ဧကဝီသ အား၊တပ်သော ဗလဝဖြစ်သော အရဟတ္တမဂ်ကြဉ်သော **ကုသိုလ်စိတ် ဝီသ(၂၀)**၊ စေတသိက် အဋ္ဌတိံသ ပစ္စည်း၊တရား ရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ဗဒါန်**ပုဒ်၏အရကား ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ဥပနိဿယပစ္စယေနဟူသော–**ကရိတ်း**ပါဠ်၏ အရကား **ပကတူပနိဿယသတ္တိသာ** ရ၏။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ပါဠိတော်များသော်လည်း **မခက်ပါ**။ မှတ်သားရန်မှာ-

* **သဒ္ဒါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ** သူတော်ကောင်းတရား (၅)ပါး အစိတ်အစိတ်၊
* **သဒ္ဒါ** စသည်က ကျေးဇူးပြုသည့် အပေါင်း၊
* **ဈာန်**လာပါသည်။ ဈာန်မှာလည်း **ပရိကံ**က ဈာန်ကို၊ ဈာန်**အချင်းချင်း**၊
* **အဘိညာဉ်**။ **ပရိကံ**က အဘိညာဉ်ကို ကျေးဇူးပြု၊ အဘိညာဉ်**အချင်းချင်း**၊
* **မဂ်**၏ **ပရိကံ**၊ မဂ်**အချင်းချင်း**၊
* နောက်ဆုံး **ပဋိသမ္ဘိဒါဉာဏ်**များ လာပါသည်။
* **သဒ္ဒါပဋ္ဌာန်၊ ဈာန်ဘိညာ၊ မဂ္ဂသမ္ပယုတ်လေး၊ အလယ်သုံးတန် ပရိကံ တဖန်အချင်းချင်းရေး**။

p ဒုတိယဈာန်စသည်ကို ရဘို့ရန် ပဌမဈာန်စသည်က အကြောင်း ဖြစ်ရပါသည်။ ပဌမတန်းမအောင်ဘဲနဲ့ ဒုတိယတန်း မရောက်နိုင်သကဲ့သို့၊ ပထမဈာန်မရဘဲ ဒုတိယဈာန်စသည် မရနိုင်။ သောတာပန်မဖြစ်ဘဲ (ခုန်ကျော်၍) သကဒါဂါမ် မဖြစ်နိုင်ပါ။

(အရကောက်, အဓိပ္ပါယ်များသည် အာရမ္မဏပစ္စည်း၏ သဘောသွားအတိုင်း ဖြစ်ပါသည်။)

အဓိပ္ပါယ်

သဒ္ဒါတရားသည် ကံ,ကံ၏အကျိုး၊ ပစ္စုပ္ပန်လောက,တမလွန်လောက စသည်တို့ကို ယုံကြည်မှုဖြစ်ပါသည်။ ရေကိုအလိုရှိသောသူသည် မြေကြီးအောက်မှာ ရေသည်စင်စစ်ရှိ၏ ဟုယုံကြည်ပြီး မြေကိုတူးသကဲ့သို့ ဒါနပြုသူသည် ဒါန၏အကျိုးဆက်ရမည်ဟုယုံကြည်ပြီး ဒါနပြုပါသည်။ မိမိတို့ပင်ပန်းစွာ ရှာဖွေထားသောပစ္စည်းများကို သဒ္ဒါတရား ယုံကြည်မှု မရှိလျှင် မလှူနိုင်ပါ။ ယုံကြည်မှုကြောင့်သာ လှူကြခြင်းဖြစ်ပါသည်။

သဒ္ဒါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊	သဒ္ဒါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ

သဒ္ဒါအစရှိသော သူတော်ကောင်းတရား ၅ ပါးသည် သက်သက်ဒါန စသည်တို့ဖြစ်ရန် အားကြီးသော အကြောင်းဖြစ်သည်သာမက မိမိ၏နောက်အဖို့မှဖြစ်သော သဒ္ဒါစသည်တို့သည်လည်း အားကြီးသောဖြစ်ခြင်းကို ပြုပါသည်။

သဒ္ဒါပြဋ္ဌာန်းသော မဟာကုသိုလ်သည် သီလ၊ အဋ္ဌင်္၊ ဥပေါသထ၊ ဈာန၊ ဝိပဿနာ၊ မဂ်၊ အဘိညာဉ်၊ သမာပတ်အား ပကတ္တူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ (ကု-အကု) (ပါဠိတော်၊ တရား၊ အနက်)

၄၂၃။ **ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော**။

ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ပကတ္တူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။	ကု	အကု	ကတ္တား	ဗလဝဖြစ်သော လောကီကု ၁၇၊ စေ ၃၈၊	တပ်သော
			သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	အား
			ကရိဏ်း	ပကတ္တူပနိဿယ၊	(၁)

အနုဝါဒပါဠိတော်

5/6

စဉ်	ပစ္စည်း(ကု) ကတ္တား	သမ္ဗန်ဒါန် (အကု)
၁။	**သဒ္ဒံ** ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝအစရှိသည်တို့၌ ယုံကြည်သောသဒ္ဓါ ပြဋ္ဌာန်းသော မဟာကု ၈ စိတ်တို့ပါဒ်	**ဥပနိဿာယ** - အမှီပြု၍ **မာန် ဇယ္ဈတိ** ငါသာလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသောသူတည်း ဟု မိမိ ကိုယ်ကို ထောင်လွှားသောအခါ (မာနကိုဖြစ်စေ၏။) **ဒိဋ္ဌိ ဂဏှာတိ** ထိုထိုသောစကားတို့၌ ယုံကြည်တတ်သောအားဖြင့် အနက် အဓိပ္ပါယ်ကို မစူးစမ်း မဆင်ခြင်မှု၌ မှားသော အယူရှိသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခု စိတ်တို့ပါဒ်
၂။	**သီလံ၊ သုတံ၊ စာဂံ၊ ပညံ**	**ဥပနိဿာယ မာနံ ဇယ္ဈတိ၊ ဒိဋ္ဌိ ဂဏှာတိ၊**
၃။	**သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ** သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ပြဋ္ဌာန်းသော လောကီကုသိုလ် ၁၇	**ဂာဂဿ** - သဒ္ဓါစသည်တရား-၅ပါးနှင့် ပြည့်စုံပြီဟု၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ ဂာဂပြဋ္ဌာန်းသော လောဘမူစိတ်တို့ပါဒ်၊ **ဒေါသဿ** - သူတစ်ပါးကို နှိပ်စက်သောအခါ ဒေါသစိတ်တို့ပါဒ်၊ **မောဟဿ** - အတ္ထုက္ကာသန(မိမိကိုယ်ကိုချီးမြှောက်ခြင်း) ပရဝဘန(သူတစ်ပါးကိုရုံ့ချခြင်း) ၂ ပါးဖြစ် သောအခါ မောဟပြ. အကု ၁၂ စိတ်တို့ပါဒ်၊ **မာနဿ** - ထောင်လွှားသောအခါ ဒိဋ္ဌိဝိပ္ပယုတ် ၄၊ **ဒိဋ္ဌိယာ** - မှားသောအယူရှိသောအခါ ဒိဋ္ဌိ..သမ္ပယုတ် ၄၊ **ပတ္ထနာယ** - ဘဝသမ္ပတ္တိပြည့်စုံခြင်း၊

? ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊

ကုသလော အကုသလဿ၌ ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- အကုသိုလ်စိတ် ၁၂ါဒသ အားတပ်သော ဗလဝဖြစ်သော လောကီကုသိုလ်စိတ် သတ္တရှာ၊ စေတသိက် အင္ဂတိံသ ပစ္စည်းတရား ရှု၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ဗန်ဒါန်**ပုဒ်၏ အရကား အကုသိုလ်စိတ် ၁၂ါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရှု၏။ ဥပနိဿယပစ္စယေနဟူသော-**ကရိဏ်း**ပါဠ်၏အရကား **ပကတူပနိဿယသတ္တိသာ** ရှု၏။

(**ကီကု**ကသာ အကုကိုကျေးဇူးပြုနိုင်၊ အရဟတ္တမဂ်က ကြိယာသာဖြစ်စေ၍ အရဟတ္တမဂ်ကိုကြဉ်သည်။)

သဒ္ဓါစသည်နှင့်ပြည့်စုံခြင်းကို အမှီပြု၍ ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိကို တောင့်တသောအခါ ဆုတောင်းခြင်း'ပတ္ထနာ'အားကျေးဇူးပြုသော လောကီကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၃။ (က္-ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၂၃။ ကုသလော ဓမ္မော အဗျာကတသ္မ ဓမ္မသ္မ ဥပနိဿယပစ္စယေန ပစ္စယော။

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတ္တုပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၃။	က္	ဗျာ	ကတ္တား	ဗလဝဖြစ်သော ကုသိုလ် ၂၁၊ စေ ၃၈၊
			သမ္မဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
			ကရိဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ (၆)

အနုဝါဒပါဠိတော်

5/3

စဉ်	ပစ္စည်း(က္) ကတ္တား	သမ္မဒါန် (ဗျာ)
၁။	**သဒ္ဓံ** ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝအစရှိသည်တို့၌ ယုံကြည်သောသဒ္ဓါ ပြဋ္ဌာန်းသော ကာမကုသိုလ်	**ဥပနိဿာယ** – အမှီပြု၍ **အတ္တာနံ အာတာပေတိ** – သဒ္ဓါတရားကြောင့် ပြဿုယကိစ္စများ ဥစ္စာရာဖွေရသဖြင့် မိမိကိုယ်ကိုပူပန်စေ၏၊ **ပရိတာပေတိ** – ပတ်ဝန်းကျင်ကိုပါပူပန်စေ၏၊ **ပရိယိဋ္ဌံမူလကံ** – ရာဂမြိုးခြင်းလျှင်အရင်းရှိသော **ဒုက္ခံ ပစ္စနုဘောတိ** – ဆင်းရဲကို ခံစားရ၏၊ } ဒုက္ခသဟဂုတ်ကာယဝိညာဉ်
၂။	**သီလံ၊ သုတံ၊ စာဂံ၊ ပညံ**	။
၃။	**သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ** သဒ္ဓါ, သီလ, သုတ, စာဂ, ပညာပြဋ္ဌာန်းသော ကာမကုသိုလ်	**ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ ဖလသမာပတ္တိယာ** သဒ္ဓါစသည်ကို အမှီပြု၍ ချမ်းသာခြင်း၏အကြောင်းဖြစ်သော သုံးဆောင်ခံစားဖွယ်တို့ကိုခံစားသောအခါ သဒ္ဓါ စသည်တရား တို့၏ စွမ်းရည်ကြောင့် နှလုံးသာယာမှု/မသာယာမှု ဖြစ်၏။ သုခသဟဂုတ်ကာယဝိညာဉ်၊ ဒုက္ခ.ကာယဝိညာဉ်၊ ဖိုလ် ၄၊
၄။	**ကုသလံ ကမ္မံ** ဗလဝဖြစ်သောကုသိုလ်စေတနာ	**ဝိပါကဿ** ကုသလဝိပါက် (ဧကူနတိံသ) ၂၉ ခု၊
၅။	**အရဟတော မဂ္ဂံ** (ရဟန္တာ) အရဟတ္တမဂ်၊	**ဥပနိဿာယ အနုပ္ပန္နံ ကိရိယ သမာပတ္တိ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သခ်ီရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ၊** သခ်ီရ.ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု ဝိပဿနာရှုသော (မဟာကြိယာ)
၆။	**မဂ္ဂေါ** အရဟတ္တမဂ်၊	**အရဟတော အတ္ထပ္ပဋိသမ္ဘိဒါယ ဓမ္မပ္ပဋိသမ္ဘိဒါယ နိရုတ္တိပ္ပဋိသမ္ဘိဒါယ ပဋိဘာနပ္ပဋိသမ္ဘိဒါယ ဌာနာဌာနကောသလ္လာယ၊**
၇။	**မဂ္ဂေါ** – မဂ် ၄ ခု၊	**ဖလသမာပတ္တိယာ** – ဖိုလ် ၄ ခု၊

? ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊

ကုသလော အဗျာကတာသဒ္ဒါ ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အားတပ်သော ဗလဝ ဖြစ်သော ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စည်းတရား ရ၏။ အဗျာကတသ ဓမ္မသဟူသော **သမ္မဒါန်**ပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ဥပနိဿယပစ္စယေနဟူသော- **ကရိဏ်း**ပါဠိ၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်း သော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ ဤ(၆)ပစ္စယသတ္တိတို့တွင် **ပကတူပနိဿယသတ္တိ** ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

အဓိပ္ပါယ်-

* **သဒ္ဓါနှင့်ပြည့်စုံခြင်းကိုအမှီပြု၍** အလွန်ချမ်းသည် အလွန်ပူသည်ဟု မဆုတ်မူဘဲ အထူးထူး အပြားပြားသော အမူကြိုး,ငယ်တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ဥစ္စာစည်းစိမ်တို့ကို ဖြစ်စေ၍ အလှူကောင်းမှုတို့ကိုပြုအံ့ဟု ဥစ္စာစည်းစိမ်တို့ကိုရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကို ခံစား၏။

* **သီလနှင့်ပြည့်စုံသောသူသည်လည်း** သီလကိုစောင့်ရှောက်အံ့သောငှာ လွင်တီးခေါင်၌နေခြင်း အစရှိသောအစွမ်းဖြင့် မိမိကိုယ်ကို ပူပန်စေ၏။

* **အကြားအမြင်နှင့်ပြည့်စုံသောသူသည်လည်း** အကြားအမြင်များသည်နှင့် လျော်စွာကျင့်အံ့ဟူ၍ အလွန်ချမ်းသည်,အလွန်ပူသည်ဟု မဆုတ်မူဘဲ အထူးထူးအပြားပြားသောအမူသစ် အမှုကြိုး,ငယ် တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ပိဏ္ဍပတ်မုတင်ဆောက်တည်ခြင်းအစ ရှိသည်တို့၏အစွမ်းဖြင့် ဆွမ်းကိုရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကို ခံစား၏။

* **စွန့်ကြဲခြင်းနှင့်ပြည့်စုံသောသူသည်လည်း** လွတ်လွတ်စွန့်ကြဲခြင်းရှိသည်၏အဖြစ်ကြောင့် မိမိမျှတလောက်ရုံသော ဝတ္ထုပစ္စည်းတို့ကို မချွင်းမူ၍ စွန့်ကြဲ၍သော်ငင်း၊ ခြေ,လက်စသော အင်္ဂါကြိုး,ငယ်ကိုစွန့်ကြဲ၍သော်ငင်း၊ မိမိကိုယ်ကို ပူပန်စေ၏။ စွန့်ကြဲအပ်သောဝတ္ထုကိုဖြစ်စိမ့် သောငှာ ပစ္စည်းဝတ္ထုကိုရှာမှီးခြင်းလျှင်အရင်းရှိသော ဆင်းရဲကို ခံစား၏။

* **ပညာနှင့်ပြည့်စုံသောသူသည်လည်း** အဆင့်ဆင့်ပညာကိုပွားစေအံ့ဟု ပညာရှိသောအဖြစ်ကို အမှီပြု၍ အချမ်း,အပူစသည်တို့ကိုမရေတွက်မူ၍ သရဏာယ်ခြင်း၊ နှလုံးသွင်းခြင်းတို့၌ လုံ့လ ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ မိစ္ဆာဇီဝ၌ အပြစ်၊ သမ္မာဇီဝ၌ အကျိုးကိုမြင်၏။ မိစ္ဆာဇီဝကိုပယ်၍ စင်ကြယ်သောသမ္မာဇီဝဖြင့် အသက်မွေးခြင်းကိုရှာမှီးသည်ရှိသော် ရှာမှီးခြင်း လျှင်အရင်းရှိသော ဆင်းရဲကို ခံစား၏။

❁ **သဒ္ဓါအစရှိသောတရားနှင့်ပြည့်စုံခြင်းကို အမှီပြု၍** နှလုံးမသာယာခြင်းလျှင်အရင်းရှိသော ပီတိ, ပါမောဇ္ဇကြောင့်ဖြစ်သော ရုပ်ဖြင့်တွေ့သောကိုယ်ရှိသောသူအား **ကာယိကသုခအား....**

❁ ဆိုခဲ့ပြီးသောနည်းဖြင့် ဆင်းရဲသောအခါ-**ကာယိကဒုက္ခအား**၊ ဖိုလ်ဝင်စားသောအခါ၌ **သမာပတ်အား**၊ ဗလဝဖြစ်သော ကုသိုလ်(၂၁)-စေတနာသည် ကုသလဝိပါက်(၂၉)အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

* သဒ္ဒါပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဒုက္ခသဟဂုတ်ကာယဝိညာဉ်အား (ပကတ္ထုပနိဿယ) သတ္တိဖြင့် ကျေးဇူးပြုပါသည်။ . . .

၄။ **ကုသလံ ကမ္မံ** (ဗလဝဖြစ်သောကုသိုလ်စေတနာ) **ဝိပါကဿ** (ကုသလဝိပါက် (ဓကုနတိ်သ) ၂၉၊

ဗလဝနာနာက္ခဏိကကမ္မ အတွက်ဖြစ်ပါသည်။ ဘုံလေးပါးမှာဖြစ်သော ဗလဝကုသိုလ် စေတနာကို ယူပါသည်။ **ဒုဗ္ဗလစေတနာကို မယူပါ**။ ဗလဝစေတနာသည် အန္တရာယ်ကို တားမြစ်ပြီး မိမိ၏ဝိပါက်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။

? ပညာကိုအကြောင်းခံ၍ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဖြစ်ပုံကို ပကတ္ထုပနိဿယပစ္စည်းတွင် အဘယ်ကဲ့သို့ဟောသနည်း။ မည်သည့် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ ဖြစ်ကြသနည်း။ အဗျာကတဖြစ်ပုံကို ဥပမာတစ်ခုဆောင်၍ ရေးပြပါ။

* ကုသိုလ်ဖြစ်ပုံ = ပည် ဥပနိဿယ ဒါနံဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံ ကရောတိ၊ စျာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။
  - ကုသိုလ်မှာ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ မဂ်ကုသိုလ် ၄ ပါး သမာပတ်ကုသိုလ်များ ဖြစ်၏။
* အကုသိုလ်ဖြစ်ပုံ = ပည် ဥပနိဿယ မာနံဇပ္ပေတိ ၊ ဒိဋ္ဌိဂဏှာတိ။
  - အကုသိုလ်မှာ လောဘမူစိတ် ၈ ခု ဖြစ်၏။
* အဗျာကတဖြစ်ပုံ = ပည် ဥပနိဿယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။
  - အဗျာကတာမှာ ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်ဖြစ်၏။

အဗျာကတာဖြစ်ပုံ **ဥပမာကား**- ပညာနှင့်ပြည့်စုံသောသူသည် အဆင့်ဆင့်ပညာကို တိုးပွားရန် မိမိပညာရှိအဖြစ်ကို အမှီပြု၍ အချမ်း အပူစသည်ကို မငဲ့ကွက်နိုင်ဘဲ ထပ်မံအားထုတ်မှု အတွက် မိမိကိုယ်ကို ပူပန်စေ၍ ကာယိကဒုက္ခ ဖြစ်၏။

? ကုသလော အဗျာကတသ၏ ကရိဏ်းပစ္စည်းရေကို အကြောင်းသွင်း၍ ရှင်းပြပါ။

ကုသလော အဗျာကတသဒ္ဒါ "ကုသလံကမ္မံ ဝိပါကဿ"အရ မဂ်ကအခြားမဲ့ဖိုလ်ကို ကျေးဇူးပြုသော အနန္တရကမ္မပစ္စည်းလည်း ပါဝင်လာသဖြင့် အနန္တရမျိုးများ ယထာရဟ ဝင်လာပြီး၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတဟူ၍ ကရိဏ်း ပစ္စည်းရေ (၆) ရပါသည်။

? (၁) ကုသိုလ်၊ အကုသိုလ်တို့၌ အဓိပတိဇကန်၊ အနေကန်တရားများကို ဖော်ပြ၍၊
(၂) အကုသိုလ်အတွက် အဓိပတိဇကန်ရှိပါသလော၊ အဋ္ဌကထာ၊ မူလဋီကာတို့၏ ဖွင့်ဆိုချက်အရရှိလျှင် ဖော်ပြပေးပါ။

(၃)ထိုတရားတို့ကို ပဋ္ဌာန်းပဋ္ဌာဝါရ၌ မည်သည့်ပစ္စည်းတွင် ဟောပါသနည်း၊ အမည်မျှ ဖော်ပြပါ။

(၁) ကုသိုလ်၌ အဓိပတိကေန် - မဟဂ္ဂုတ်ကုသိုလ်(၉)ခု၊ မဂ်(၄)ခု၊ စေတသိက် အဋ္ဌတိံသ။
အနေကန် - အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်(၈)ခု၊ စေတသိက် အဋ္ဌတိံသ။
အကုသိုလ်၌ အဓိပတိအနေကန် - အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ်(၈)ခု၊
ဒေါသမူ၌၊ ဝိစိကိစ္ဆာကြွသောစေတသိက် ဆဗ္ဗီသ။

(၂) အဋ္ဌကထာ၊ မူလဋ္ဌကာဆရာတို့၏ဖွင့်ဆိုချက်အရ အကုသိုလ်အတွက် မိစ္ဆတ္တနိယတ တရားများသည် အဓိပတိကေန် ဖြစ်ပါသည်။ အမိသတ်၊ အဖသတ်၊ ရဟန္တာသတ်၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြု၊ သံဃာကို သင်းခွဲခြင်းတို့နှင့် နိယတမိစ္ဆာဒိဋ္ဌိတို့ ဖြစ်ကြပါသည်။

(၃) ဥပနိဿယပစ္စည်း(ပကတူပနိဿယ)၌ ဟောပါသည်။

အကု-အကုတွင် ပါဠိတော်သည် ရာဂစသည် ဒုစရိုက်(၁၀)ပါး၊ ပဋ္ဌာန္ဆရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိ တို့ဖြစ်ပါသည်။ ပစ္စည်း,ပစ္စယုပ္ပန်များ အကုသိုလ်များသာဖြစ်၍ အရကောက်လွယ်ပါသည်။ ရှေးရှေး ရာဂစသည်ကို အကြောင်းပြုလိုက်လျှင် နောက်နောက် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိအစရှိသည် အကုသိုလ်စိတ္တုပ္ပါဒ်တို့ မဖြစ်နိုင်တာရယ်လို့ မရှိပါ။ ထိုနည်းတူစွာ ဒုစရိုက်(၁၀)ပါးမှာလည်းဘဲ ရှေးရှေး ပါဏာတိပါတစသည်တွေက နောက်နောက် ပါဏာတိပါတ,အဒိန္နာဒါနာကံစသည်,စသည်တွေကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

နိယတမိစ္ဆာဒိဋ္ဌိ အထူး

နတ္ထိကဒိဋ္ဌိ- နောက်နောက်သောဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကို တားမြစ်သောအယူ။ အကျိုးကိုပယ်က အကြောင်းကံကိုလည်း ပယ်ပြီးဖြစ်တော့သည်။

အဟေတုကဒိဋ္ဌိ - အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိဟု အကြောင်းအကျိုးနှစ်ပါးကိုပယ်သောအယူ။ 'အဟေတုက' အကြောင်းမရှိဆိုသဖြင့် အကျိုးလည်းမရှိဟု ဆိုရာရောက်၏။

အကိရိယဒိဋ္ဌိ - ကောင်းမှု,မကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်။ ပြုရာမရောက်ဟု အကြောင်းကံကို တားမြစ်သောအယူ။ အကြောင်းကံကိုတားမြစ်လျှင် ထိုကံ၏အကျိုးကိုလည်း တားမြစ်ရာရောက်၏။

ဤသို့ မိစ္ဆာအယူသုံးမျိုးပင် ကံနှင့် ကံ၏အကျိုးကို တားမြစ်ကြသည်။

ပဋ္ဌာန္ဆရိယကံ

* မာတုဃာတိကမ္မံ-အမိကိုသတ်၊ - **မာတရံ ဇီဝိတာ ဝေါရောပေတိ၊**
* ပိတုဃာတိကမ္မံ-အဖကိုသတ်၊ - **ပိတရံ ဇီဝိတာ ဝေါရောပေတိ၊**
* အရဟန္တဃာတိကမ္မံ-ရဟန္တာကိုသတ်၊ - **အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊**
* ရုဟိရုပ္ပါဒကမ္မံ(လောဟိတုပ္ပါဒက) - **တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊**
  မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊
* သံဃဘေဒကမ္မံ-သံဃာကို သင်းခွဲခြင်း - **သံဃံ ဘိန္ဒတိ၊**

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၄။ (အကု–အကု) (ပါဠိတော်၊ တရား၊ အနုက်)

၄၂၃။ အကုသလော ဓမ္မော အကုသလသဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။
အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၄။	**အကု**	**အကု**	ကတ္တား:	**ဗလဝ**ဖြစ်သော အကု ၁၂၊ စေ ၂၇၊	**တပ်သော**
			သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	**အား**
			ကရိဏ်း:	ပကတူပနိဿယ၊	(၁)

အနုဝါဒပါဠိတော် 6/18

စဉ်	ပစ္စည်း(အကု) ကတ္တား	သမ္ပဒါန် (အကု)		
၁။	**ရာဂံ**	**ဥပနိဿာယ**	အမှီပြု၍	
	ရာဂ- ရာဂပြဋ္ဌာန်းသော	**ပါဏာတိပါတာ**	ပါဏာတိပါတဖြစ်သော	ဒေါမူ,မောမူစိတ္တုပ္ပါဒ်
	လောဘမူစိတ္တုပါဒ်	**အဒိန္နာ အာဒိယတိ**	အဒိန္နာ ဖြစ်သော(ခိုး)	အကု ၁၂ စိတ္တုပ္ပါဒ်
	(လော ၈၊ စေ ၂၂) ↓	**မုသာ ဘဏတိ**	မုသာဝါဒဖြစ်သော(လိမ်)	အကု ၁၂ စိတ္တုပ္ပါဒ်
	(မိုမိ,သူတပါး ထံ၌	**ပိသုဏံ ဘဏတိ**	ချေဖြစ်သော(ကုံးချော)စကား)	။
	ဖြစ်သော ရာဂ နှစ်ပါး လုံး	**ဖရုသံ ဘဏတိ**	ဖရုသဝါစာ(ကြမ်းကြုတ်)	ဒေါမူ/မောမူစိတ္တုပ္ပါဒ်
	ယူနိုင်သည်။	**သမ္ဖံ ပလပတိ**	သမ္ဖပလာ(အကျိုးမရှိ)	အကု ၁၂ စိတ္တုပ္ပါဒ်
	မိမိသန္တာန် ၌ဖြစ်သော ↓	**သန္ဓိ ဆိန္ဒတိ**	အိမ်ခြံစပ်ကို ဖျက်ချိုခိုး	အကု ၁၂ စိတ္တုပ္ပါဒ်
	ရာဂအစွမ်းဖြင့်	**နိလ္လောပံ ဟရတိ**	ပုန်းကွယ်ပြီးခိုး	အကု ၁၂ စိတ္တုပ္ပါဒ်
	ပြုမူ ထင်ရှား၊)	**ကောဓိရိက် ကရောတိ**	တစ်အိမ်ထဲကိုခြံရံ(ဝိုင်း)	အကု ၁၂ စိတ္တုပ္ပါဒ်
		ပရိပန္ထေ တိဋ္ဌတိ	လမ်းဆုံ/မမျှလုပ်ပြီး လု/ခိုး	အကု ၁၂ စိတ္တုပ္ပါဒ်
	↓	**ပရဒါရံ ဂစ္ဆတိ**	ကာမေသု..ဖြစ်သော	လောမူ/မောမူစိတ္တုပ္ပါဒ်
		ဂါမဃာတံ် ကရောတိ	ရွာဖျက်ခြင်းဖြစ်သော	အကု ၁၂ စိတ္တုပ္ပါဒ်
	၁၃။	**နိဂမဃာတံ် ကရောတိ**	နိုဂုံးဖျက်ခြင်းဖြစ်သော	အကု ၁၂ စိတ္တုပ္ပါဒ်
	❹	**မာတရံ ဇီဝိတာ ဆါရောပေတိ**	အမိကိုသတ်	(မာတု ဂါတက)
				၄ ဒေါသမူစိတ္တုပ္ပါဒ်
		ပိတရံ ဇီဝိတာ ဆါရောပေတိ	အဖကိုသတ်	(ပိတုဂါတက) ။
		အရဟန္တံ ဇီဝိတာ ဆါရောပေတိ	ရဟန္တာကိုသတ်	(အရဟန္တဂါတက) ။
		ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ		
		ပြစ်မှားလိုသောစိတ်ဖြင့်မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊		
				(လောဟိတုပ္ပါဒက) ။
	၁၈။	**သံဃံ ဘိန္ဒတိ**	သံဃာကိုသင်းခွဲ	(သံဃဘေဒက) ။

စဉ်	ပစ္စည်း(အကု)ကတ္တား		သမ္ဗဒါန် (အကု)
၂။	**ဒေါသံ** ဒေါသပြဋ္ဌာန်းသော	ဒေါမူ စိတ်တုပ္ပါဒ်	ဥပနိဿယ အဓိပ္ပါ။ ။ ပါဏံဟနတိ ။ပ။ သံယံ ဘိန္ဒတိ၊
	မောဟံ မောဟပြဋ္ဌာန်းသော	အကု.၁၂ စိတ်တုပ္ပါဒ်	
	မာနံ မာနပြဋ္ဌာန်းသော	ဒိဝိပ် စိတ်တုပ္ပါဒ်	
	ဒိဋ္ဌိ ဒိဋ္ဌိပြဋ္ဌာန်းသော	ဒိသမ် စိတ်တုပ္ပါဒ်	
	ပတ္ထနံ ဘဝ,ဘောဂသမ္ပတ္တိ...	လောမူ စိတ်တုပ္ပါဒ်	
၃။	**ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ**		**ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ၊**
၄။	**ပါဏာတိပါတော သူ၏အသက်ကို သတ်ခြင်း**	**ပါဏာတိပါတဿ** သူ့အသက်သတ်ခြင်း	ဒေါမူ,မောမူစိတ်တုပ္ပါဒ်
		အဒိန္နာဒါနဿ သူ့ဥစ္စာကိုခိုးယူခြင်း	အကု ၁၂ စိတ်တုပ္ပါဒ်
3		**ကာမေသုမိစ္ဆာစာရဿ** ကာမဂုဏ်..မှားခြင်း	လောမူ,မောမူစိတ်တုပ္ပါဒ်
		မုသာဝါဒဿ မုသာဝါဒဖြစ်သော(လိမ်)	အကု ၁၂ စိတ်တုပ္ပါဒ်
		ပိသုဏာရ ဝါစာရ ချော်ဖြစ်သော(ကုံးချော)စကား) ။	
4		**ဖရုသာယ ဝါစာရ** ဖရုသဝါစာ(ကြမ်းကြုတ်)	ဒေါမူ,မောမူစိတ်တုပ္ပါဒ်
3		**သမ္ဖပ္ပလာပဿ** သမ္ဖပ္ပလာ(အကျိုးမရှိ)	အကု ၁၂ စိတ်တုပ္ပါဒ်
		အဘိဇ္ဈာယ သူတပါး:ပစ္စည်းမိမိပစ္စည်းဖြစ်လို၍	လောမူ စိတ်တုပ္ပါဒ်
		ဗျာပါဒဿ သူတပါး၏အကျိုးစီးပွားပျက်စေလို၍	ဒေါမူ စိတ်တုပ္ပါဒ်
		မိစ္ဆာဒိဋ္ဌိယာ ဟောက်ပြန်သောအားဖြင့်အယူမှားခြင်း	ဒိသမ် စိတ်တုပ္ပါဒ်
၅။	**အဒိန္နာဒါနံ**	**အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ (သံခိတ္တံ၊)**	
	မိစ္ဆာဒိဋ္ဌိယာ	**ပါဏာတိပါတဿ၊ (စက္ကံ ဗန္ဓိတဗ္ဗံ၊)**	
၆။	**ကာမေသုမိစ္ဆာစာရော**	**မုသာဝါဒေါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပေါ၊ အဘိဇ္ဈာ၊ ဗျာပါဒေါ၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ၊**	
	မိစ္ဆာဒိဋ္ဌိ	**ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာရ ဝါစာရ၊ ဖရုသာယ ဝါစာရ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊**	
၇။	**မာတုဃာတိကမ္မံ**	**မာတုဃာတိကမ္မဿ၊**	
		ပိတုဃာတိကမ္မဿ၊ ဉ..၊ပ။ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊	
၈။	**ပိတုဃာတိကမ္မံ**	**ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ၊***	

စဉ်	ပစ္စည်း(အကု)ကတ္တား	သမ္ဗဒါန် (အကု)
၉။	အရဟန္တယာတိကမ်ံ	အရဟန္တယာတိကမ္မဿ၊ ရဟိရပ္ပါဒကမ္မဿ၊ ပ။
၁၀။	ရဟိရပ္ပါဒကမ်ံ	ရဟိရပ္ပါဒကမ္မဿ၊ ပ။
၁၁။	သံဃဘေဒကမ်ံ	သံဃဘေဒကမ္မဿ၊ ပ။ နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ၊
၁၂။	နိယတမိစ္ဆာဒိဋ္ဌိ	မာတုယာတိကမ္မဿ၊ ဥ..၊ ပ။ အရဟန္တယာတိကမ္မဿ၊ ရဟိရပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ (စက္ကံ ကာတဗ္ဗံ၊)

? **အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ပကတ္တုပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊**

အကုသလော အကုသလဿ၌ အကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ အားတပ်သော ဗလဝဖြစ်သော အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ ပစ္စည်းတရား ရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ဗဒါန်**ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ဥပနိဿယပစ္စယေနဟူသော--**ကရိဏ်း**ပါဠ်၏ အရကား **ပကတ္တုပနိဿယသတ္တိသာ** ရ၏။

၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ၊

* ရေးရေးဖြစ်သော(ရာဂ)သည် နောက်နောက်ဖြစ်သော(ရာဂ)ကို ကျေးဇူးပြု၏။ ကြွင်းသော ဒေါသစသည်တို့ကိုလည်း ကျေးဇူးပြု၏။ ရေးရေး(ရာဂ)ကိုအကြောင်းပြု၍ နောက်နောက် ရာဂ၊ ဒေါသ၊ မောဟ၊ မာန...အစရှိသော အကု ၁၂ စိတ္တုပ္ပါဒ်သည် မဖြစ်နိုင်တာမရှိပါ။
* မိမိပစ္စည်းဥစ္စာကိုအကြောင်းပြုပြီး သူတစ်ပါးပစ္စည်းဥစ္စာကို လိုချင်တပ်မက်သည်။
* မိမိသိမ်းဆည်းထားသော ရွှေငွေပစ္စည်းအကြောင်းပြုပြီး သူတစ်ပါးသိမ်းဆည်းထားသော ဝတ္ထုများ ...စသည်ကိုလိုချင်သည်။

၇။	**မာတုယာတိကမ်ံ**	**မာတုယာတိကမ္မဿ၊**
		ပိတုယာတိကမ္မဿ၊ ဥ..၊ပ။ အရဟန္တယာတိကမ္မဿ၊ ရဟိရပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊

(၁)ဒြပ်ပြားသင်္ကာန်ပြားသော မာတုယာတိကံ၊ (၂)ရေးဘဝသတ်ခဲ့ဘူးသော မာတုယာတိကံ၊ (၃)ဤဘဝတွင် အဖန်တလဲလဲစေ့ဆော်သတ်စေသော မာတုယာတိကံ၊ (၄)နှစ်ကြိမ်စေ့ဆော်သတ်သော မာတုယာတိကံ၊ ဤကဲ့သို့အစွမ်းအားဖြင့်ဖြစ်သော မာတုယာတိကံက နောက်နောက်ဖြစ်သော မာတုယာတိကံအား ပကတ္တုပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပိတုယာတိကံကလည်း ကျေးဇူးပြုပါသည်။ ပ။ရဟန္တာကိုသတ်ခြင်း။ ပ။ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း။ ပ။ သံဃာကို သင်းခွဲခြင်း။ ပ။ နိယတမိစ္ဆာဒိဋ္ဌိ။ ပ။ (စသည်)

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၅။ (အကု-ကု) (ပါဠိတော်၊ တရား၊ အနက်)

၄၂၃။ **အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။**
အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၅။	**အကု**	**ကု**	ကတ္တား:	**ဗလဝ**ဖြစ်သော အကု ၁၂၊ စေ ၂၇၊	တပ်သော
			သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊	အား
			ကရိယာ:	ပကတူပနိဿယ၊	(၁)

အနုဝါဒပါဠိတော် 6/8

စဉ်	ပစ္စည်း(အကု) ကတ္တား	သမ္ပဒါန် (ကု)
၁။	ရာဂံ (ရာဂကိုအကြောင်းပြုပြီး၁ါန.. စသည့် ကုသိုလ်တွေလုပ်) ရာဂ-ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် (လော ၈၊ စေ ၂၂)	ဥပနိဿယ ဒါန် ဒေတိ၊ သီလံ သမာဒိယတိ၊ ဥဃေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊
၂။	ဒေါသံ၊ပ။ မောဟံ၊ပ။ မာနံ၊ပ။ ဒိဋ္ဌိံ၊ပ။ ပတ္ထနံ၊ပ။	။
၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ၊
၄။	ပါဏာတိပါတော တဿ သူ၏အသက်ကိုသတ်၍၊ ထိုစေတနာဝိပါက်အကျိုးကို ဒေါသမူစိတ္တုပ္ပါဒ် (ဒေါ ၂၊ စေ ၂၂)	ပဋိဃာတဋ္ဌာယ ပယ်ဖျောက်ခြင်းငှာ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥဃေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊
၅။	အဒိန္နံ အာဒိယိတွာ၊ပ။ မုသာ ဘဏိတွာ၊ပ။ ပိသုဏံ ဘဏိတွာ၊ပ။ ဖရုသံ ဘဏိတွာ၊ပ။ သမ္ဖံ ပလပိတွာ၊ပ။ သန္ဓိံ ဆိန္ဒိတွာ၊ပ။ နိလ္လောပံ ဟရိတွာ၊ ပ။ ဧကာဂါရိကံ ကရိတွာ၊ပ။ ပရိပန္ထေ ဋ္ဌတွာ၊ပ။ ပရဒါရံ ဂန္တွာ၊ပ။ ဂါမဃာတံ ကရိတွာ၊ပ။ နိဂမဃာတံ ကရိတွာ တဿ	။
၆။	မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ	ပဋိဃာတဋ္ဌာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥဃေါသထကမ္မံ ကရောတိ၊
	ပိတရံ ဇီဝိတာ ဝေါရောပေတွာ၊ပ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ၊ပ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ၊ပ။ သံဃံ ဘိန္ဒိတွာ တဿ	။

ပစ္စည်း ရာဂ,ဒေါသစသည်။ **ပစ္စယုပ္ပန်** ဒါနံ ဒေတိ, သီလံ.. ။ ပေယျာလ တွေထိုးထား။

? အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ပကတ္တူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊

အကုသလော ကုသလဿ၌ အကုသလော ဓမ္မောဟူသော **ကတ္တားပုဒ်**၏အရကား- ကုသိုလ်စိတ် ၈ကဒီသ၊ စေတသိက် အဋ္ဌတိံသ အားတပ်သော ဗလဝဖြစ်သော အကုသိုလ် စိတ် ၁၂ဒသ၊ စေတသိက် သတ္တဝီသ ပစ္စည်းတရား ရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္မဒါန်ပုဒ်**၏ အရကား အကုသိုလ်စိတ် ၁၂ဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ဥပနိဿယပစ္စယေနဟူသော-**ကရိဏ်းပါဠ်**၏အရကား ပကတ္တူပနိဿယသတ္တိသာ ရ၏။

ရေးဦးစွာ မိမိသန္တာန်မှာ ရာဂဆိုတဲ့ လောဘအကြောင်းပေါ်လာ.. နောက်တော့ ရာဂကို အကြောင်းပြုပြီး ကြည်ညိုမှုဖြစ်.. ဒါနပြု..။

၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ၊

? ပဋ္ဌာနန္တရိယကံ် တစ်ပါးပါးကိုကျူးလွန်မိသောသူသည် ယခုဘဝ၌ စျာန်တရား၊ မဂ်တရား ရနိုင်မည်၊ မရနိုင်မည်ကို ပဌာန်းပါဠိတော်ကိုကိုးကား၍ ဖြေဆိုပါ။

မရနိုင်ပါ။ မရနိုင်ကြောင်းကို ပဌာန်းပါဠိတော် ပကတ္တူပနိဿယပစ္စည်း၌ ဟောထား ပါသည်။ ပါဠိတော် "မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာ တတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံကရောတိ"ဟုသာ ဟောပါသည်။ "စျာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ" ဟူ၍ မဟောပါ။ ထို့ကြောင့် အမိသတ်သူ၊ အဖသတ်သူကဲ့သို့သော ပဋ္ဌာနန္တရိယကံ် တစ်ပါးပါးကို ကျူးလွန်မိသောသူသည် မိမိပြုခဲ့သော အကုသိုလ် ပယောက်စေရန် ကုစား သောအားဖြင့် ကုသိုလ်တရားကို ပွားများအားထုတ်သော်လည်း မဟာကုသိုလ်မျှသာ ဖြစ်နိုင်ပြီး စျာန်တရား၊ မဂ်တရားမရနိုင်ကြောင်း ပကတ္တူပနိဿယပစ္စည်း **အကုသလော ဓမ္မော ကုသလဿ** ဓမ္မသ၌ ဟောပါသည်။

အနန္တရိယကံ

* အနန္တရိယကံ်ပြုခဲ့ရင် ဓကန်ဂရဲကျ၏။ အဝီစိတိုင်အောင်ကျနိုင်တဲ့ သတ္တိအစွမ်းရှိပါသည်။ ဒီလိုဖြစ်လျက်သားနဲ့ ဒါတွေကိုဘယ်လို အကျိုးပေးခွင့်မရအောင်လုပ်ရပါမလဲ။ လုပ်လို့မရခဲ့ရင် ဘာကြောင့် မြတ်စွာဘုရားက ဒီလိုဟောထားသလဲဆိုတော့ သတ္တဝါတွေရဲ့ အဇ္ဈာသယ အားဖြင့် ဟောထားပါတယ်။ ဥပမာ- အဇာတသတ် အဖေသတ်အနန္တရိယကံ်ပြု။ ဘုရားထံ ချဉ်းကပ်... ဘုရားကသာမညဖလသုတ်... ကိုဟော... အပူငြိမ်း... ဘုရားကြည်ညိုတဲ့ နေရာမှာ ဓတဒဂ်ရ... အပယ်ကျသော်လည်း အဝီစိတိုင်အောင် မကျ၊ မဂ်တော့ မရပါ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၆။ (အကု-ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၂၃။ **အကုသလော ဓမ္မော အဗျာကတာသ ဓမ္မသ ဥပနိဿယပစ္စယေန ပစ္စယော။**
အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၆။	အကု	ဗျာ	ကတ္တား:	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊	တပ်သော အား (၂)
			သမ္မဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊	
			ကရိဏ်း:	ဥပနိဿယ၊ ကမ္မ၊	

အနုဝါဒပါဠိတော် 6/3

စဉ်	ပစ္စည်း(အကု) ကတ္တား:	သမ္မဒါန် (ဗျာ)
၁။	**ရာဂံ** လောဘမူစိတ္တုပ္ပါဒ် (လော ၈၊ စေ ၂၂)	**ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယိဋ္ဌမူလကံ ဒုက္ခံ ပစ္စနုဘောတိ။** ဒုက္ခသဟဂုတ်ကာယဝိညာဉ်
၂။	ဒေါသံ၊ပေ။ မောဟံ၊ပေ။ မာနံ၊ပေ။ ဒိဋ္ဌိ၊ပေ။ ပတ္ထနံ၊ပေ။	။။
၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	**ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလဿမာပတ္တိယာ** သုခ.ကာယဝိညာဉ်၊ ဒုက္ခ.ကာယဝိညာဉ်၊ ဖိုလ် ၄၊
၄	**အကုသလံ ကမ္မံ** ဗလဝဖြစ်သော အကုသိုလ်စေတနာ	**ဝိပါကဿ** အကုသလဝိပါက် ၇ ခု၊

? အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊

အကုသလော အဗျာကတဿဉ္စ အကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အားတဲ့ပ်သော ဗလဝ ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စည်းတရား ရ၏။
အဗျာကတဿ ဓမ္မဿဟူသော **သမ္မဒါန်**ပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ဥပနိဿယပစ္စယေနဟူသော-**ကရိဏ်း** ပါဠိ၏အရကား တပြိုင်နက် ယထာရဟာတတ်ကောင်းသော ဥပနိဿယ၊ ကမ္မ၊ ဤ(၂) ပစ္စယသတ္တိ တို့တွင် **ပကတူပနိဿယသတ္တိ** ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

? အကု-ဗျာ ကရိဏ်းပစ္စည်းရေ (အကြောင်းသွင်း၍ ရှင်းပြပါ။)

အကုသလော အဗျာကတဿဉ္စ "အကုသလံ ကမ္မံ ဝိပါကဿ"အရ အနန္တရကမ္မ မပါဝင်နိုင်သဖြင့် ပကတူပနိဿယနှင့် ဗလဝနာနာက္ခဏိကကမ္မ (တစ်နည်းအားဖြင့်) ဥပနိဿယနှင့် ကမ္မ (၂)ပစ္စည်းသာ ရပါသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ

ရာဂစသည်ကိုလွန်မြောက်ပြီး ကုသိုလ်ပြု၍ ရအပ်သောချမ်းသာအား ရာဂ၏အစွမ်းနှင့် အပြစ်မရှိမြင်ကာ ကာမဂုဏ်ကိုသုံးဆောင်ခြင်း၏အစွမ်းနှင့်ဖြစ်သော သုခအား ကျေးဇူးပြု၏။ ရာဂ၏အကြောင်းကြောင့် သတ်မှု၊ ညှင်းဆဲမှု၊ နှောင်ဖွဲ့မှုအစွမ်းနှင့်ဖြစ်သောဒုက္ခအား ကျေးဇူးပြု၏။

ရာဂစသည်တို့နှိပ်စက်၍ ရာဂစသည်ကို အကြွင်းမဲ့ပယ်သတ်ပြီး ဖလသမာပတ်ဝင်စားသောအခါ ဖလသမာပတ်ကို ကျေးဇူးပြု၏။

? အကုသလံကမ္မံ ဝိပါကဿ

ဗလဝဖြစ်သော အကုသိုလ်-၁၂ စေတနာ အကုဝိပါက်စိတ် ၇ ခု၊

* ဗလဝဖြစ်သော အကုသိုလ် ဒွါဒသ စေတနာသည် အကုသလဝိပါက် ၇ ခု အား ပကတ္တူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုပေသည်။

၇။ (ဗျာ-ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၂၃။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ပကတ္တူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

၇။	ဗျာ	ဗျာ	ကတ္တား:	ဗလဝဖြစ်သော ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ **ရုပ် ၂၈၊**
			သမ္ပဒါန်:	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
			ကရိဏ်း:	ပကတ္တူပနိဿယ၊ (၁)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	ကာယိက် သုခံ ကုယ၌ဖြစ်သောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ သုခ.ဝိညာဉ်.စိတ္တုပ္ပါဒ် ဒုက္ခ.ဝိညာဉ်.စိတ္တုပ္ပါဒ် ဖိုလ် ၄၊
၂။	ကာယိက် ဒုက္ခံ ဒုက္ခ.ဝိညာဉ်.စိတ္တုပ္ပါဒ်	〃
၃။	ဥတု/ဘောဇနံ/သေနာသနံ	〃
	ကာယိက် သုခံ၊ ကာယိက် ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ	〃
၄	ဖလသမာပတ္တိယာ	ကာယိကဿ သုခဿ

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ဗဒါန် (ဗျာ)
၅။	**အရဟာ ကာယိက် သုခံ** ရဟန္တာသန္တာန်၌ ကိုယ်၌မြဲသောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	**ဥပနိဿယ အနုပ္ပန်္နံ ကိရိယ သမာပတ္တိ် ဥပါဒေတိ၊ ဥပ္ပန်္နံ သမာပဇ္ဇတိ၊ သခ်ါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ၊** သခ်ါရ.ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု ဝိပဿနာရှုသော (မဟာကြိယာ)
၆။	**ကာယိက် ဒုက္ခံ ဥတု၊ ဟောဇနံ၊ သေနာသနံ**	။။

? **အဗျာကတမမ္မသည် အဗျာကတမမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊**

အဗျာကတော အဗျာကတသဒ္ဒ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား- ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဒီသ၊ စေတသိက် အဋ္ဌတိံသ အားတပ်သော ဗလဝ ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဒီသ၊ စေတသိက် အဋ္ဌတိံသ၊ **ရုပ် အဋ္ဌဝီသ** ပစ္စည်းတရား ရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ဗဒါန်**ပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဒီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။
ဥပနိဿယပစ္စယေနဟူသော-**ကရိဏ်း**ပါဠ်၏အရကား **ပကတူပနိဿယသတ္တိသာ** ရ၏။

* ချမ်းသာမှုဖြစ်လျှင် မိမိရအပ်သောချမ်းသာကိုသာယာပြီး အဖန်တလဲလဲထိုသုခကို ဖြည့်စွမ်းနိုင်သော သဘောရှိ၏။ ရှေးဖြစ်သောသုခက နောက်ဖြစ်သောသုခကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ချမ်းချိမီးလှံတာ၊ လိုတာထက်ပိုကြာလျှင် ပိုချဒုက္ခဖြစ်၊ ယခုပစ္စုပ္ပန်ကာယိကသုခက ငရဲမှာဖြစ်သော ကာယိက**ဒုက္ခ**အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အနာရောဂါကင်းချမ်းချမ်းသာသာဝင်စားသောပုဂ္ဂိုလ်၏ ကာယိကသုခသည် ဖလသမာပတ်အား ကျေးဇူးပြု၏။ အနာကိုခေါင်းပါးစေပြီး ဖလသမာပတ်ဝင်စားသည့် မြတ်စွာဘုရားကဲ့သို့ အနာတားမြစ်ပြီး ဖလသမာပတ်ဝင်စားခဲ့လျှင် ကာယိကဒုက္ခက ကာယိကသုခဖလသမာပတ်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ဥတု(ကောင်းသောဥတု/ မကောင်းသောဥတု)၊ **ဟောဇနံ**(သင့်လျောအစာအစာ/ မသင့်သောအစာအစာ)
သေနာသနံ(ကောင်းသောနေရာထိုင်ခင်း/ မကောင်းသောနေရာထိုင်ခင်း)

'အရဟာ ကာယိက် သုခံ ဥပနိဿယ အနုပ္ပန်္နံ ကိရိယ သမာပတ္တိ် ဥပါဒေတိ၊ ဥပ္ပန်္နံ သမာပဇ္ဇတိ၊ သခ်ါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ၊

ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်၌မြဲသော ချမ်းသာခြင်းကို အမှီပြု၍ မဖြစ်သေးသော ကြိယာသမာပတ်ကိုဖြစ်စေ၏။ ဖြစ်ပြီးသောကြိယာသမာပတ်ကို ဝင်စား၏။ သခ်ါရတရားတို့ကိုမမြဲခြင်းဟူ၍၎င်း၊ ဆင်းရဲခြင်းဟူ၍၎င်း၊ အစိုးမရခြင်းဟူ၍၎င်း၊ ဝိပဿနာရှု၏။

၈။ (ဗျာ–ကု) (ပါဠိတော်၊ တရား၊ အနုက်)

၄၂၃။ **အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။**
အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

၈။	ဗျာ	ကု	ကတ္တား:	ဗလဝဖြစ်သော **အရုဖိုလ်ကြဉ်** ဝိ ၃၅၊ ကြိ ၂၀၊ စေ ၃၈၊ ရပ် ၂၈၊
			သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊
			ကရိဏ်:	ပကတူပနိဿယ၊

အနုဝါဒပါဠိတော် 3/8

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (ကု)
၁။	**ကာယိက် သုခံ** ကိုယ်၌မြဲသောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	ဥပနိဿာယ ဒါန် ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာန် ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိ် ဥပ္ပါဒေတိ၊
၂။	**ကာယိက် ဒုက္ခံ၊ ဒုက္ခ.ကာဝိညာဉ်.ပ္ပါဒ်** **ဥတု၊ ဘောဇနံ၊ သေနာသနံ၊**	။။
၃။	**ကာယိက် သုခံ၊ ကာယိက် ဒုက္ခံ၊** **ဥတု၊ ဘောဇနံ၊ သေနာသနံ၊**	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ၊

? **အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊**

အဗျာကတော ကုသလဿဉ် အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား– ကုသိုလ်စိတ် ၈ကဝိဿ၊ စေတသိက် အဌတ်ံသ အားတပ်သော ဗလဝဖြစ်သော အရဟတ္တ–ဖိုလ်ကြဉ်သော ဝိပါက်စိတ် ပဉ္စတ်ံသ၊ ကြိယာစိတ် ဝိဿ၊ စေတသိက် အဌတ်ံသ၊ **ရုပ်အဋ္ဌဝိသ** ပစ္စည်းတရား ရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား ကုသိုလ်စိတ် ၈ကဝိဿ၊ စေတသိက် အဌတ်ံသ ပစ္စယုပ္ပန်တရား ရ၏။
ဥပနိဿယပစ္စယေနဟူသော–**ကရိဏ်း**ပါဠ်၏အရကား **ပကတူပနိဿယသတ္တိသာ** ရ၏။

ကာယိကသုခကို အမှီပြု၊အကြောင်းပြုပြီး ဒါနစသည်ကိုပြုပါသည်။ ငါရနေသောသုခမဆုတ်ယုတ်လျှင် ကောင်းလေစွဟု သုခကို မဆုတ်ယုတ်လို၍ ဒါနစသည်ကို ပြုသည်။ နောင်အခါမှာလည်း ဤကဲ့သို့ သုခရလျှင် ကောင်းမှာဘဲဟု၍ နောင် မရသေးသောသုခကို ဖြစ်စေလို၍ ဒါနစသည်ကိုပြုပါသည်။

ဒုက္ခမှာလည်း ငါ့အားဖြစ်နေသည့်ဒုက္ခ ဆုတ်ယုတ်အောင်၊ နောင်အခါ ဤကဲ့သို့ဒုက္ခမဖြစ်အောင် ဒါနစသည်ကိုပြုပါသည်။ ဥတု၊ ဘောဇဉ်၊ ကျောင်း,အိပ်ရာနေရာ၌လည်းနည်းတူ။

၉။ (ဗျာ–အက္ခ) (ပါဠိတော်၊ တရား၊ အနက်)

၄၂၃။ **အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။**

အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

၉။	ဗျာ	အက္ခ	ကတ္တား	ဗလဝဖြစ်သော လောကီဝိပါက် ၃၂၊ ကြိယာ ၂၀၊ စေ ၃၅၊ ရုပ် ၂၈၊
			သမ္မဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊
			ကရိဏ်း	ပကတူပနိဿယ၊ (၁)

အနုဝါဒပါဠိတော် 3/18

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္မဒါန် (အက္ခ)
၁။	**ကာယိက် သုခံ** ကိုယ်၌မြဲသောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်,စိတ္တုပ္ပါဒ်	ဥပနိဿာယ၊ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ သံဃံ ဘိန္ဒတိ၊
၂။	ကာယိက် ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ၊	။
၃။	ကာယိက် သုခံ၊ ကာယိက် ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ၊	ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ၊

* ပစ္စယုပ္ပန်က အကုသိုလ်ဖြစ်ခြင်းကြောင့် ပစ္စည်းတွင် လောကီဆိုင်ရာသာ ကောက်၏။

? အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ၊

အဗျာကတော အကုသလဿ၌ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား– အကုသိုလ်စိတ် ၁၂ဒသ၊ စေတသိက် သတ္တဝီသ အားတပ်သော ဗလဝဖြစ်သောလောကီဝိပါက်စိတ် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ပဉ္စတိံသ၊ **ရုပ် အဋ္ဌဝီသ** ပစ္စည်းတရား ရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္မဒါန်**ပုဒ်၏အရကား အကုသိုလ်စိတ် ၁၂ဒသ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။

ဥပနိဿယပစ္စယေနဟူသော–**ကရိဏ်း**ပါဠ်၏အရကား **ပကတူပနိဿယသတ္တိသာ** ရ၏။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

သတ္တဝါတွေမှာ ကာယိကသုခရှိသောအခါမှာ တောလိုက်ပြီး(မုဆိုးကဲ့သို့) သမင်စသည်တို့ကို သတ်၏။ ကာယိကသုခကိုမှီပြီး (အပျော်တမ်းသော်၎င်း)ခိုးတာတွေ၊ ကာယိကဒုက္ခကိုမှီပြီး (ဆင်းရဲသောကြောင့်သော်၎င်း) သူတပါးဥစ္စာကို ခိုး၏။ (သတ္တဝါများသည် များသောအားဖြင့် ကာယိကဒုက္ခကို မခံနိုင်(မခံလို)ကြပါ။

* ပကတူပနိဿယသည် အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟူသော ကာလသုံးပါးလုံး၌ ဖြစ်၏။
* အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် နှစ်ပါးလုံး၌ ဖြစ်၏။

ဥပါဒိတ၊ ဥပသေဝိတ၊

* ဥပါဒိတ- ရာဂ, ဒေါသ...စသည့် သဒ္ဓါစသည် မိမိတို့၏အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဥပါဒိတ ပစ္စည်းမျိုး ဖြစ်၏။
* ဥပသေဝိတ - ဥတု,ဘောဇန,သေနာသန စသည်တို့သည် မိမိ၏အပြင်ဗဟိဒ္ဓမှာဖြစ်၍ စားသောက်မှီဝဲခြင်း၊ တွေ့ထိခြင်းတို့ဖြင့် မှီဝဲဆည်းကပ်သော ဥပသေဝိတ ပစ္စည်းမျိုးဖြစ်၏။

နိဿယနှင့် ဥပနိဿယ အထူး

နိဿယလည်းမှီရာ၊ ဥပနိဿယလည်းမှီရာ ဆိုသော်လည်း နိဿယ=သာမညမှီရာ၊ ဥပနိဿယ=အားကြီးသောအရင်းခံပဓာနဖြစ်သောမှီရာ ဖြစ်ပါသည်။

* ဥပမာ- ထမင်းဖြစ်ဖို့ရာ ပဓာနမှီရာမှာ- စပါးမျိုးစေ့၊ လယ်၊ မိုးရေတို့ ဖြစ်ပါသည်။ ဤ(၃)ခုတို့သည် ထမင်းဖြစ်ဖို့ရာအတွက် အရင်းခံပဓာနဖြစ်သောမှီရာ(ဥပနိဿယ)များဖြစ်ကြပါသည်။ ထမင်းအိုး၊ မီး၊ ထင်း၊ ထမင်းချက်သူတို့သည် ထမင်းချက်ချိန်ရောက်မှ မကင်းရာမကင်းကြောင်းအနေနှင့် သာမညမှီရာ(နိဿယ)များဖြစ်ကြပါသည်။
* ဥပမာ- စက္ခုဝိညာဉ်ဝိပါက်စိတ်ဖြစ်ဖို့ရာ ကံသည်အားကြီးသောအရင်းခံပဓာန(ဥပနိဿယ)အကြောင်း၊ စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်ဖြစ်ပေါ်ချိန်မှ မကင်းရာမကင်းကြောင်း သာမညမှီရာ(နိဿယ)များဖြစ်ကြပါသည်။

ပကတူပနိဿယပစ္စည်း ဗုဒ္ဓတ်ဖွယ်

အကြင်သူသည် "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ"ဟူသော သူတော်ကောင်းတရား(၅)ပါး ရှိ၏။ သို့သော် ဆုတောင်းမရှိ။ ထိုပုဂ္ဂိုလ်၏ ဂတိသည် မမြဲပါ။ အကြင်သူသည် သူတော်ကောင်းတရား(၅)ပါးနှင့်တကွ ဆုတောင်းရော ရှိခဲ့လျှင် ထိုပုဂ္ဂိုလ်၏ ဂတိသည် မြဲ၏။ ဥပမာအားဖြင့် ကောင်းကင်ကို တုတ်နှင့် ပစ်တင်လိုက်သည့်အခါ ထိုတုတ်သည် အဖျားပိုင်းက ကျမည်လား၊ အရင်းပိုင်းကကျမည်လား၊ မမြဲသလို ထိုထိုသတ္တဝါတို့၏ နောက်ဘဝပဋိသန္ဓေနေမှုသည် မမြဲပါ။ ထို့ကြောင့် အဋ္ဌကထာက- ကုသိုလ်ကံပြုပြီးသည့်နောက် မိမိတို့ဖြစ်လိုသောဘုံဘဝတစ်နေရာရာ ဆုတောင်းသင့်ပါသည်ဟု ဩဝါဒ ပေးပါသည်။

လောကတ္တရာကိုးလီ၊ တရားမြို၊ ကုသိုလ်ဆိုသို့ သွားစေသော်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၂။ ဗလဝနာနာကွဏ်ကိကကမ္မ

ဗလဝနာနာကွဏ်ကိကကမ္မသည် ပကတူပမျိုးဖြစ်ခြင်းကြောင့် ပကတူပနိဿယထဲတွင် ရှာရပါသည်။ **ပကတူပကမ္မ**ကို 'ဗလဝနာနာကွဏ်ကိကကမ္မ'ဟုလည်း ခေါ်ပါသည်။

ဗလဝနာနာကွဏ်ကိကကမ္မအတွက် ပါဠိတော်သည် 'ကုသလံကမ္မံ ဝိပါကဿ'၊ 'အကုသလံကမ္မံ ဝိပါကဿ'ဟောရာ ဗလဝ ဒုဗ္ဗလနာနာကွဏ်ကိကကမ္မကျမှ ရောပြီးဟောပါသည်။ ပစ္စည်းတွင် 'ကုသလ/အကုသလ-ကမ္မံ'ဟု ဆိုသဖြင့် ကုသိုလ်/အကုသိုလ်၌ ရှိသော စေတနာ ဖြစ်ပါသည်။ ပစ္စယုပ္ပန်တွင် အဗျာကတသာဖြစ်သောကြောင့် ကု.အတွက် ကုသလဝိပါက် ၂၉၊ ရပြီး၊ အကု.အတွက် အကုသလဝိပါက် ၇ ခုရပါသည်။
သန်္ဓာအားဖြင့် **ကု-ဗျာ၊ အကု-ဗျာ** ရပါသည်။

၂။	ဗလဝနာနာကွဏ်ကိကကမ္မ	ဗလဝဖြစ်သော ကုသိုလ်, အကု စေတနာ	ဝိပါက်ဆတ္တိံသနာမက္ခန္ဓာ၊ ၂	၂ ဥ, ကံ

သုဒ္ဓသင်္ခ်ာဆိုရိုး။ ။ **ဗလဝနာနာကွဏ်ကိကကမ္မပစ္စည်း**၏ သုဒ္ဓသင်္ခ်ာဝါရ၌ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအားတပ်သော ဗလဝဖြစ်သော ကုသိုလ်,အကုသိုလ် စေတနာ ဤတရား တို့သည် ဗလဝနာနာကွဏ်ကိကကမ္မပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ခ်ာ ဒွေ။ ပစ္စည်း:ရေ(၂)ဟူသည်တည်း။ သင်္ခ်ာ ဒွေ ဟူသော်ကား-
ကုသလော အဗျာကတသ၊ အကုသလော အဗျာကတသ ဟူသည်တည်း။
ပစ္စည်းရေ ၂ ဟူသည်ကား ဥပနိဿယ၊ ကမ္မ ဟူသည်တည်း။

ဗလဝနာနာကွဏ်ကိကကမ္မ သရုပ်ခွဲ

၁။	၂(၂)ချုပ်	ကု	ဗျာ	ကတ္တား:	ဗလဝဖြစ်သော ကုသိုလ် ၂၁ ရှိ **စေတနာ** တပ်သော
				သမ္ပဒါန်:	ကုသလဝိပါက် ၂၉၊ အား
				ကရိဏ်း:	အနုန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ (၆)
၂။	၁ချုပ်	အကု	ဗျာ	ကတ္တား:	ဗလဝဖြစ်သော အကုသိုလ် ၁၂ ရှိ **စေတနာ**
				သမ္ပဒါန်:	အကုသလဝိပါက် ၇၊
				ကရိဏ်း:	ဥပနိဿယ၊ ကမ္မ၊ (၂)

ကရိဏ်းတွင် ပကတူပနည်းတူ
ကု-ဗျာအတွက် - အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ (၆) (စာနှာ-၂၃၉)
အကု-ဗျာအတွက်- ဥပနိဿယ၊ **ကမ္မ** (၂) (စာနှာ-၂၄၆)

နာနာကွဏိကကမ္မပစ္စည်း ၁။ (က္-ဗျာ) (ပါဠိတော်၊ တရား၊ အနက်)

၄၂၇။ **ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။** (တိဓပါဠိ)

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား **နာနာကွဏိကကမ္မသတ္တိဖြင့်** ကျေးဇူးပြု၏။

၁။	**က**	**ဗျာ**	ကတ္တား:	**ဗလဝ**ဖြစ်သော ကုသိုလ် ၂၁ ရှိ **စေတနာ**	**တပ်သော**
			သမ္ပဒါန်:	ကုသလဝိပါက် ၂၉၊	**အား**
			ကရိဏ်း:	အနုန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ	(၆)

အနုဝါဒပါဠိတော်

စဉ်	ပစ္စည်း(က္) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	**(နာနာကွဏိက) ကုသလံ ကမ္မံ ဗလဝဖြစ်သော ကုသိုလ် ၂၁ ရှိ စေတနာ**	**ဝိပါကဿ** ကုသလဝိပါက် ၂၉၊

(ပါဠိတော် ၄၂၇-မှ ဗလဝနာနာကွဏိကကမ္မကို ဟောဏ်။)

? ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဗလဝနာနာကွဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပုံ၊

* မနောဓာတ်(၃)ခု၏ အာရုံကို ပစ္စယနိဒ္ဒေသ၌သာ ဟောပါသည်။
* ပဉ္စာဝါရတို့တွင် မဟောပါ။

ပဉ္စာဝါရပါဠိတော်သည် **ဝိညာဏကာယဒေသနာ**ဖြစ်၍ မနောဓာတ်ကို မဟောပါ။ ပစ္စယနိဒ္ဒေသ၌ **ဓာတုဒေသနာ**ဖြစ်၍ မနောဓာတ်ကို ဟောပါသည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဟောပုံမှာ- "ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မပစ္စယေန ပစ္စယော"ဟု ဟောတော်မူပါသည်။

ကတ္တား = ပစ္စုပ္ပန် ပဉ္စာရုံ ပစ္စည်းတရားကို ပြတော်မူ၏။
သမ္ပဒါန် = မနောဓာတ်သုံးခု၊ ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော အညသမာန်း စေတသိက် တစ်ဆယ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။
ကရိဏ်း = တစ်ပြိုင်နက်တပ်ကောင်းသော အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ(၄)ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

? "ယံ ယံ ဓမ္မံ အာရဗ္ဘ၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်၏ အရကောက်ကို ကောက်ပြပါ။

"ယံ ယ ဓမ္မံ"ဟူသောပါဠ်ဖြင့် **အနိယမ**အားဖြင့် အာရုံ(၆)ပါး ပစ္စည်းတရားကို၊
"အာရဗ္ဘ" ဟူသောပါဠ်ဖြင့် **ကြိယာဝိသေသန**ကို၊
"ယေ ယေ ဓမ္မာ"ဟူသောပါဠ်ဖြင့် **အနိယမ**အားဖြင့် အာရမ္မဏိက ပစ္စယုပ္ပန်တရားကို၊
"ဥပ္ပဇ္ဇန္တိ"ဟူသောပါဠ်ဖြင့် "ယေ ယေ ဓမ္မာ"ဟူသော ကတ္တား၏ **ကြိယာဝိသေသန**ကို၊
"စိတ္တ စေတသိကာ ဓမ္မာ"ဟူသောပါဠ်ဖြင့် အာရမ္မဏိက ပစ္စယုပ္ပန်နာမက္ခန္ဓာသရုပ်ကို၊
"တေ တေ ဓမ္မာ"ဟူသောပါဠ်ဖြင့် **နိယမ**အားဖြင့် "ယံ ယံ ဓမ္မံ"ဟူသောပါဠ်ဖြင့် မှတ်သားပြီးသော အာရုံ(၆)ပါး ပစ္စည်းတရားကို ပြတော်မူ၏။
"တေသံ တေသံ ဓမ္မာနံ"ဟူသောပါဠ်ဖြင့် နိယမအားဖြင့် "ယေ ယေ ဓမ္မာ"ဟူသောပါဠ်ဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။
"အာရမ္မဏပစ္စယေန"ဟူသော ကရိဏ်းပါဠ်ဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၈)ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

–

–

၃။ အဓိပတိပစ္စည်း

အဓိပတိ = ပြုင်ဘက်မရှိ အကြီးအမှူးအားဖြင့် ကျေးဇူးပြုတတ်သောတရား။ စကြာဝဠာတွေးမင်းသည် လေးကျွန်းစလုံးကို ပြုင်ဘက်မရှိ တစ်ဦးတည်း ကြီးမှူး အုပ်စိုးသကဲ့သို့ ဖြစ်ပေါ်ဖြစ်ဘက် တရားတို့အပေါ် အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်သောတရားတို့သည် အဓိပတိပစ္စည်း မည်၏။

(က) သဟဇာတဓိပတိ

အတူတကွ ယှဉ်တွဲဖြစ်ပြီး ပြုင်ဘက်မရှိ အစိုးရအုပ်ချုပ်၍ ကျေးဇူးပြုတတ်သောတရား။

ပစ္စည်း = သာဓိပတိတရားကိုယ် ၅၂ ရှိ အဓိပတိတရားကိုယ် (၄) ပါးတို့တွင် တစ်ပါးပါး၊

ပစ္စယုပ္ပန် = အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ခု၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၅၁၊ သာဓိပတိစိတ္တဇရုပ် (ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ၊)

(ခ,ဂ) အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ

အလိုရှိအပ်သောအာရုံအပေါ်တွင် ပြုင်ဘက်မရှိ အစိုးရအုပ်ချုပ်၍ ကျေးဇူးပြုတတ်သောတရား။ (ပဥ္စဝါရ အာရမ္မဏမျိုးတွင် ဖေါ်ပြပြီး။)

သဟဇာတာဓိပတိပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိယာ) ၁၃
အဓိပတိတရားကိုယ် ၂ ပါး, ၄ ပါးတို့တွင် တစ်ပါးပါး၊	သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်	ဆန္ဒ (၉) = ကြီးလတ်+ဓိ ဝီရိယ(၁၁) = ကြီးလတ်+မိ် ဂျံ့ မဂ် စိတ္တ (၁၁) = ကြီးလတ်+ဓိ ဟာ ဂျံ့ ဝီမံသ(၁၂) = ကြီးလဟ်+ဟော မိ ဂျံ့ မဂ်

သဟဇာတာဓိပတိပစ္စည်း၏ သုဒ္ဓသချုံဝါရဉ်– သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိတရားကိုယ် ၂ ပါး, ၄ ပါးတို့တွင် တစ်ပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ(၁၃)ဟူသည်တည်း။ ပစ္စည်းရေ (၁၃)ဟူသော်ကား ဟေတု၊ အာဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ဟူသည်တည်း။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိဏ်း) ၃
အလေးအမြတ် ပြုအပ်သော ကုသိုလ်ဖြစ်သော နိပ္ပန္နရုပ် ၁၈၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြွေသောစိတ် ၈၄၊ ဒေါစတုက်, ဝိစိကြွေစေ ၄၇၊ **နိဗ္ဗာန်**၊	အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိုသံစိတ် ၄ ခု၊ လောကုတ္တရာစိတ် ၈ ခု၊	အာ၊ မိ၊ ဥ

အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယပစ္စည်း၏ သုဒ္ဓသချုံဝါရ်၌– အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ကုသိုလ်ဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြွေသောစိတ် ၈၄ ခု၊ ဒေါစတုက်, ဝိစိကြွေသော စေတသိက် ၄၇ ခု၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။

ပစ္စည်းရေ (၃) ဟူသည်တည်း။ ပစ္စည်းရေ (၃)ဟူသော်ကား အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ-ဟူသည်တည်း။

အဓိပတိပစ္စည်း အရကောက်

အဓိပတိ(၄)ပါးတွင် ဆန္ဒနှင့်ဝီရိယတို့သည် စေတသိက်ဖြစ်ပြီး သာဓိပတိဏော ၅၂ ခုမှာ ယှဉ်ပါသည်။ ဝီမံသ-သည် သာဓိပတိ တိဟိတ်ဏော ၃၄ ခုမှာ ယှဉ်ပါသည်။ စိတ္တ-သည် စိတ်ဖြစ်၍ သာဓိပတိဏော ၅၂ ခုဟု ပဋ္ဌမသရုပ် ခွဲထားရပါမည်။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိဏ်း)
ဆန္ဒာဓိပတိ	**ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	ပြိုင်,ယထာ ၉ ကြီး၊ လတ် ဝ
သာဓိပတိဏော ၅၂ ခုခ်ဳရှိသော ဆန္ဒာဓိပတိ	သာဓိပတိဏော ၅၂ ခု၊ ဆန္ဒ,ဝိစိကြွေစေ ၅၀၊ သာဓိပတိစိတ္တဇရုပ်၊	

'အဓိပတိပစ္စယောတိ'ဟူသောပါဠိဖြင့် **နိဒဿိတဗ္ဗကို** ပြတော်မူ၏။

'ဆန္ဒာဓိပတိ– အဓိပတိပစ္စယေန ပစ္စယော'ဟူသောပါဠိဖြင့် **နိဒဿနာကာရ** ပြတော်မူ၏။ (ဒိဌိယ,စိတ်,ဝီမံသာတို့၌လည်း နည်းတူ သိနိုင်ပါသည်။)

'ဆန္ဒာဓိပတိ'ဟူသော **ကတ္တား**ပါဠိဖြင့် သာဓိပတိဧော ၅၂ ခုဌိုသော ဆန္ဒာဓိပတိ ပစ္စည်း တရားကို ပြတော်မူ၏။

'ဆန္ဒသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် သာဓိပတိဧော ၅၂ ခု၊ ဆန္ဒ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အဓိပတိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
ဝီရိယာဓိပတိ	ဝီရိယသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	ပြိုင်,ယထာ ၁၁ ကြိမ်၊ လတ်မိ၊ ဣ၊ မဂ်
သာဓိပတိဧော ၅၂ ခုဌိုသော ဝီရိယာဓိပတိ	သာဓိပတိဧော ၅၂ ခု၊ ဝီရိယ,ဝိစိကြဉ် စေ ၅၀၊ သာဓိပတိစိတ္တဇရုပ်၊	

'ဝီရိယာဓိပတိ'ဟူသော **ကတ္တား**ပါဠိဖြင့် သာဓိပတိဧော ၅၂ ခုဌိုသော ဝီရိယာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။

'ဝီရိယသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် သာဓိပတိဧော ၅၂ ခု၊ ဝီရိယ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အဓိပတိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(စေတသိက်ယှဉ်➤➤➤ ပစ္စည်းက ဆန္ဒာဓိပတိဖြစ်ရင် ပစ္စယုပ္ပန်မှာ ဆန္ဒ အမြဲကြဉ်ရပါသည်။ ဆန္ဒ သည် ဆန္ဒနဲ့ မယှဉ်နိုင်ပါ။ မောဟမူဒွေနှင့်လည်း မဆိုင်၍ ဝိစိကိစ္ဆာကို အမြဲကြဉ်ပေးရပါသည်။)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
စိတ္တာဓိပတိ	စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	ပြိုင်,ယထာ ၁၁ ကြီး၊ လတ် ဓိ၊ ဟာ ကျံ၊
သာဓိပတိဏော ၅၂ ခုဠ်ရှိသော စိတ္တာဓိပတိ	ဝိဝိကိစ္ဆာကြဉ်သော စေတသိက် ၅၁၊ သာဓိပတိစိတ္တဇရုပ်၊	

'စိတ္တာဓိပတိ'ဟူသော **ကတ္တား**ပါဠ်ဖြင့် သာဓိပတိဏော ၅၂ ခုဠ်ရှိသော စိတ္တာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။

'စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသော **သမ္ပဒါန်**ပါဠ်ဖြင့် ဝိဝိကိစ္ဆာကြဉ်သော စေတသိက် ဇကပညာသ၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အဓိပတိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြေယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ဝီမံသာဓိပတိ	ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	ပြိုင်,ယထာ ၁၂ ကြီး၊ လတ် ဟော၊ ဓိ၊ ကျံ၊ မဂ်
သာဓိပတိတိဟိတ်ဏော ၃၄ ခုဠ်ရှိသော ဝီမံသာဓိပတိ	သာဓိပတိ တိဟိတ်ဏော ၃၄ ခု၊ ဝီမံသကြဉ်သော စေ ၃၇၊ သာဓိပတိစိတ္တဇရုပ်၊	

'ဝီမံသာဓိပတိ'ဟူသော **ကတ္တား**ပါဠ်ဖြင့် သာဓိပတိတိဟိတ်ဏော ၃၄ ခု ဠ်ရှိသော ဝီမံသာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။

'ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသော **သမ္ပဒါန်**ပါဠ်ဖြင့် သာဓိပတိတိဟိတ်ဏော ၃၄ ခု၊ ဝီမံသကြဉ်သော စေတသိက် သတ္တတိ၁သ၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အဓိပတိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိယာ)
ယံ ယံ ဓမ္မံ (ဂရုံ ကတ္တာ)	**ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တာစေတသိကာ ဓမ္မာ**	(ပြုင်,ယထာ) ၈ အာ၊ ဓိ၊ နှိ၊ ဥ၊ ပု၊ ဝိပ်၊ အတ်၊ အဝိ
အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော ကုသိုလ်ဖြစ်သော နိပ္ပန္နရုပ် ၁၈၊ ဒေါ ၂၊ မော ၂၊ ဒုက္ခ-ကာကြွေ စိတ် ၈၄ ခု၊ ဒေါ၄,ဝိစိကြွေစေ ၄၇၊ **နိဗ္ဗာန်**၊	အနိယမအားဖြင့်အလေးအမြတ်ပြုတတ်သော လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိုဉာဏ် ၄၊ လောကုတ် ၈ ခု၊ ဒေါ ၄,ဝိစိ,အပွကြွေ စေ ၄၅ ခု၊	
တေ တေ ဓမ္မာ	**တေသံ တေသံ ဓမ္မာနံ**	
နိယမအားဖြင့် 'ယံ ယံ ဓမ္မံ'ဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုအပ်သော အာရုံ ၆ ပါး၊	နိယမဖြင့် ယေ ယေ ဓမ္မာ ဟူသောဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက	

'ယံ ယံ ဓမ္မံ'ဟူသောပါဠိဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော ကုသိုလ်ဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြွေသော စိတ် ၈၄ ခု၊ ဒေါစတုက်,ဝိစိကိစ္ဆာကြွေသော စေတသိက် ၄၇ ခု၊ နိဗ္ဗာန် ပစ္စည်းတရားကို ပြတော်မူ၏။

'ဂရုံ ကတ္တာ'ဟူသော ပါဠိဖြင့် ကိရိယာဝိသောသနကို ပြတော်မူ၏။

'ယေ ယေ ဓမ္မာ'ဟူသော ပါဠိဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကိရိယာဉာဏသမ္ပယုတ်စိတ် ၄ ခု၊ လောကုတ္တရာစိတ် ၈ ခု၊ ဒေါစတုက်,ဝိစိကိစ္ဆာ,အပွမညာကြွေသော စေတသိက် ၄၅ ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဥပ္ပဇ္ဇန္တိ'ဟူသောပါဠိဖြင့် ယေ ယေ ဓမ္မာ ဟူသော ပုဒ်၏ကြိယာကို ပြတော်မူ၏။

'စိတ္တာစေတသိကာ ဓမ္မာ'ဟူသောပါဠိဖြင့် အလေးအမြတ်ပြုတတ်သော အာရမ္မဏိက ပစ္စယုပ္ပန် နာမက္ခန္ဓာ သရုပ်ကို ပြတော်မူသည်။

'တေ တေ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် နိယမအားဖြင့် 'ယံ ယံ ဓမ္မံ'ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုအပ်သော ကုသိုလ်ဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ဒွေ၊ မောဟမူ ဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြွေသော စိတ် ၈၄ ခု၊ ဒေါစတုတ်,ဝိစိကိစ္ဆာ ကြွေသော စေတသိက် ၄၇ ခု၊ နိဗ္ဗာန်ဟူဆိုအပ်သော အာရုံ ၆ ပါး ပစ္စည်း တရားကို ပြတော်မူ၏။

'တေသံ တေသံ ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် နိယမအားဖြင့် ယေ ယေ ဓမ္မာ ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ လောကုတ္တရာ စိတ် ၈ ခု၊ ဒေါစတုက် ဝိစိကိစ္ဆာ အပွဓညာကြဉ်သော စေတသိက် ၄၅ ခု အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အဓိပတိပစ္စယေန'ဟူသော**ကရိဏီး**ပါဠိဖြင့်တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိသဇ္ဇ၊ ဥပနိသဇ္ဇ၊ ပုရေဇာတ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ(၈)ပစ္စယ သတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

အဋ္ဌကထာဖွင့်ဆိုချက်များ

? "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု ဟောသကဲ့သို့ "အဓိပတိ အဓိပတိ-သမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု အဘယ်ကြောင့် မဟောပါသနည်း။

အဓိပတိပစ္စည်းများ၏ တစ်ပြိုင်နက်သောခဏမှာ နှစ်ပါး၊ သုံးပါးမဖြစ်နိုင်ကြ၍ ဆန္ဒာဓိပတိစသည် တစ်ခုစီ ဟောရပါသည်။ ဟေတုပစ္စည်းသည် (**မူလဋ္ဌ**)နှင့် ကျေးဇူးပြုမှုကို မစွန့်ဘဲ ဟိတ်နှစ်ပါးသုံးပါး တစ်ပြိုင်နက် ကျေးဇူးပြုနိုင်ပေမဲ့၊ အဓိပတိပစ္စည်း၌ (**ဇေဋ္ဌကဋ္ဌ**)အကြီးအမှူးအဖြစ် တစ်ပါးစီသာ ကျေးဇူးပြုပါသည်။

? "ဆန္ဒာဓိပတိ သမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု အဘယ်ကြောင့် မဟောသနည်း။

မူလဋ္ဌီကာဆရာကြီးက ဆန္ဒာဓိပတိ ပစ္စည်းတရားနှင့်ယှဉ်သောတရားများကိုသာ အလိုရှိသဖြင့် "ဆန္ဒသမ္ပယုတ္တကာနံ"ဟု ဟောရသည်ကို ဆိုလိုပါသည်။

သဟဇာတာဓိပတိ၌

တပ်ခိုက် = အဓိပတိကိစ္စတပ်လျှင် တပ်ခိုက်ဟု ခေါ်ပါသည်။
အဓိပတိပစ္စည်းကို ရသောအခါ- မဟာကု ၈၊ လောဘမူ ၈၊ ဒေါ ၂၊ မဟာကြို ၈ ပါး ကာမဇော ၂၆ ပါးရှိ ဇောများသည် အဓိပတိပစ္စည်း ရ၏။
မတပ်ခိုက် = အဓိပတိကိစ္စမတပ်သောအခါ မတပ်ခိုက်ဟု ခေါ်ပါသည်။
အဓိပတိပစ္စည်းကို မရသောအခါ- မဟာကု ၈၊ လောဘမူ ၈၊ ဒေါ ၂၊ မဟာကြို ၈ ပါး ကာမဇော ၂၆ ပါးရှိ ဇောများသည် အဓိပတိပစ္စည်း မရပါ။
∴ ကာမဇော ၂၆ ရှိ ပစ္စည်းများသည် အဓိပတိပစ္စည်းရ မရ ရှိ၍ **အနေကန်** ဖြစ်ပါသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

တပ်နေ = အဓိပတိဇကန်ရသော မဟဂ္ဂုတ်ကု ၉၊ မဟဂ္ဂုတ်ကြိ ၉၊ မဂ် ၄၊ ဖိုလ် ၄ ပါး အပွနာဧော ၂၆ ပါး တို့သည် **ဇကန်** အဓိပတိကိစ္စ တပ်မှဖြစ်နိုင်သည်။ ဇကန် အဓိပတိကိစ္စတပ်မှ ဖြစ်နိုင်၍ "တပ်နေ"ဟု ဆိုရပါသည်။

မတပ်နေ= အဓိပတိတရားကိုယ် ဇကန်မရသော မော ၂၊ အဟိတ်ကြိ ၃၊ ကိဝိပါက် ၃၂ ပါး ပေါင်း ၃၇ ပါးနှင့် ပဋိသန္ဓေ(ဝိပါက်)စိတ်တို့သည် မည်သည့်အခါမှ အဓိပတိကိစ္စ မတပ်နိုင်ကြ၍ "မတပ်နေ"ဟု ဆိုရပါသည်။

သာဓိပတိဧော (ဆန္ဒ၊ ဝီရိယ၊ စိတ္တ) ၅၂ ပါး

လောဘမူ ၈၊ ဒေါသမူ ၂၊ ကုသိုလ် ၂၁၊ ဟသိတုပ္ပါဒ်ကြဉ်ကြိယာဧော ၁၇၊ ဖိုလ် ၄ ပါး သာဓိပတိဧော ၅၂ ပါး။ **(ဧော ၅၅ မှ ဟသိန့်မော ၂ ကြဉ်ပါ။)**

သာဓိပတိဧော (ဝီမံသာဓိပတိ) ၃၄ ပါး

မဟာကု/ကြိ-ညာဏသမ္ပယုတ် ၈၊ မဟဂ္ဂုတ်ကု/ကြိ ၁၈၊ မဂ်, ဖိုလ် ၈ ပါးတို့သည် သာဓိပတိ**တိဟိတ်**ဧော ၃၄ ပါး၊

သဟဇယ် ၇ ပါး (ပစ္စည်းတရားကိုယ်များ) သဘာဂ(ကရိဏ်း) မှတ်ရန်

ဟေတု	အဓိပတိ	ကမ္မ	အာဟာရ	ဣန္ဒြိယ	ဈာန	မဂ္ဂ
အလောဘ	ဆန္ဒ	စေတနာ	ဖဿ	ဇီဝိတ	ဝိတက်	ပညာ
အဒေါသ	ဝီရိယ		စေတနာ	စိတ်	ဝိစာရ	ဝိတက်
အမောဟ	စိတ္တ		ဝိညာဉ်	ဝေဒနာ	ပီတိ	သမ္မာဝါစာ
လောဘ	ပညာ			သဒ္ဓါ	ဝေဒနာ	သမ္မာကမ္မန္တ
ဒေါသ				ဝီရိယ	ဧကဂ္ဂတာ	သမ္မာအာဇီဝ
မောဟ				သတိ		ဝီရိယ
				ဧကဂ္ဂတာ		သတိ
				ပညာ		ဧကဂ္ဂတာ
						ဒိဋ္ဌိ

ဆန္ဒ – ကြိ: ၄+လတ် ၄+ ဝ = ၉

ဝီရိယ – ကြိ: ၄+လတ် ၄+ ဝ + ကွဲ + ဗဂ္ဂ = ၁၁

စိတ္တ – ကြိ: ၄+လတ် ၄+ ဝ + ကွဲ + ဟာ = ၁၁

ဝီမံသာ = ကြိ: ၄+လတ် ၄+ ဝ + ကွဲ + ဃော + ဗဂ္ဂ = ၁၂

? "ဝိမံသာဓိပတိ ဝိမံသ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"ဟူသော ပစ္စယနိဒ္ဒေသပါဠိတော်အရကောက်ကို ကောက်ပြ၍ ကရိဏ်းကောက်ကို တစ်ပြိုင်နက်၊ ယထာရဟရပုံကိုလည်း ရှင်းလင်း ရေးပြပါ။

'ဝိမံသာဓိပတိ'ဟူသော **ကတ္တား**ပါဠ်ဖြင့် သာဓိပတိတိဟိတ်ဓော ၃၄ ခုဌ်ရှိသော ဝိမံသာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။

'ဝိမံသသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသောဟူသော **သမ္မဒါန်** ပါဠ်ဖြင့် သာဓိပတိတိဟိတ်ဓော ၃၄ ခု၊ ဝိမံသကြဉ်စေတသိက် ၃၇၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အဓိပတိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၂)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤ ၈ ပစ္စည်းသည် တစ်ပြိုင်နက်ဖြစ်၍ ကျန် ၄ ပစ္စည်းသည် ယထာရဟ ဖြစ်ပါသည်။

(ဝိမံသာသည် **ပညာ** ဖြစ်သည်။ ဟေတုဌ် အမောဟ ရှိ၏။ ထို့အတူ ဣန္ဒြိယ၊ မဂ္ဂ တို့ဌ်လည်း ပညာ ရှိ၏။ ထို့ကြောင့် အဓိပတိ၊ ဟေတု၊ ဣန္ဒြိယ၊ မဂ္ဂနှင့် သဟဇာတကြီး-၄ ပစ္စည်းပေါင်း ၈ ပစ္စည်းသည် တစ်ပြိုင်နက်ဖြစ်၍ သဟဇာတအလတ်-၄ ပစ္စည်းမှာ ယထာရဟ ဖြစ်၏။)

? "ယံ ယံ ဓမ္မာ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေနပစ္စယော" ဌ် ကရိဏ်းပါဠ်ကို တစ်နည်းကားဖြင့် ကောက်ပြပါ။

'အဓိပတိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ် ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၈) ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သောသတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

တစ်နည်းကား-

(၁) အလုံးစုံသော အာရမ္မဏအဓိပတိပစ္စည်းဖြစ်အံ့- အဓိပတိ၊ အာရမ္မဏ၊ ဥပနိဿယ ဤ ၃ ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သောသတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(၂) အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု အားတပ်သော အလေးအမြတ်ပြုအပ်သော ကုဋ္ဌဖြစ်သော နိပ္ပန္နရုပ် ၁၈ ဟုဆိုအပ်သော အာရမ္မဏပုရေဇာတပစ္စည်းဖြစ်အံ့ - အဓိပတိ၊ အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ ၆ ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သောသတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(၃) အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅ ချက်အားတပ်သော စုတိစိတ်မှပြန်၍ရသော် ၁၇ ချက် မြောက်သောစိတ်နှင့်အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏပစ္စည်းဖြစ်အံ့ - အဓိပတိ၊ အာရမ္မဏ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၈ ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သောသတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

? အဓိပတိပစ္စည်း (က) ဝိမံသာဓိပတိ တိဟိတ်ဇော ၃၄ ခုကို သိရုံသာ ရေတွက်ပြ၍၊ (ခ) ကရိဏ်းပါဠိကို ကောက်ပြပါ။

(က) **သာဓိပတိဇော (ဝီမံသာဓိပတိ) ၃၄ ပါး**

မဟာကုသိုလ်, ကိရိယာညာဏသမ္ပယုတ် **၈** ပါး၊ မဟဂ္ဂုတ်ကုသိုလ်,ကြိယာ **၁၈** ပါး၊ မဂ် **၄** ပါး၊ ဖိုလ် **၄** ပါးအားဖြင့် သာဓိပတိတိဟိတ်ဇော **၃၄** ပါး ဖြစ်ပါသည်။

(ခ) **ကရိဏ်း**ပါဠိမှာ -"အဓိပတိပစ္စယေန" ဟူသော ကရိဏ်းပါဠိဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ကမ္မဿိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၂ ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မဿိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤ ၈ ပစ္စည်းသည် တစ်ပြိုင်နက်ဖြစ်၍ ကျန် ၄ ပစ္စည်းသည် ယထာရဟ ဖြစ်ပါသည်။

? အဓိပတိပစ္စည်း၌ တပ်ခိုက်၊ မတပ်ခိုက်။ တပ်နေ၊ မတပ်နေဆိုသော စကားများ၏ အဓိပ္ပာယ်ကို ရှင်းလင်းရေးသားပြပြီး အဘယ်စိတ်တို့သည် တပ်ခိုက်၊ မတပ်ခိုက်နှင့် တပ်နေ၊ မတပ်နေ ဖြစ်ကြသနည်း။

? "ဝိမံသာဓိပတိ ဝိမံသသမ္ပယုတ္တကာနံမဗွာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော" ဟူသော ပစ္စယနိဒ္ဒေသပါဠိတော်၏ အရကောက်ကိုကောက်ပြ၍ ကရိဏ်းကောက်၌တစ်ပြိုင်နက် ယထာရဟရုပ်ကို လည်း ရှင်းလင်းရေးပြပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၄။ **အနန္တရပစ္စည်း**၊ ၅။ **သမနန္တရပစ္စည်း**

အနန္တရ – အခြားမရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။
သမနန္တရ – ကောင်းစွာ အခြားမရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ခမည်းတော်မင်းကြီး နတ်ရွာစံခြင်းသည် သားတော်အိမ်ရှေ့မင်း၏ နန်းတက်ခြင်းအား အခြားမရှိ, ဆက်တိုက်ဖြစ်စေသကဲ့သို့ မိမိ၏အခြားမဲ့၌ သင့်လျော်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေသော ရှေးရှေးသောစိတ်,စေတသိက်တို့သည် အနန္တရပစ္စည်း မည်၏။ သမနန္တရပစ္စည်းလည်း မည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ် ၈၉၊ စေ ၅၂၊ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ(၄)ပါး၊	ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ၊ (နောက်နောက်သော စိတ် ၈၉၊ စေ ၅၂၊)	ပဋ္ဌဝိညာဉ်(ပြိုင်-၅) နံ၊သနံ၊ ဥ၊နတ်၊ဝိ * မနောဓာတ်(ပြိုင်-၅) ..။.. * ကု-ကု(ပြိုင်-၆) နံ၊သနံ၊ ဥ၊**သေ**၊နတ်၊ဝိ ကု-ဗျာ(ပြိုင်.ယ-၆) နံ၊သနံ၊ ဥ၊**ကံ**၊နတ်၊ဝိ အကု-အကု(ပြိုင်-၆) =ကု-ကု အကု-ဗျာ(ပြိုင်-၅) နံ၊သနံ၊ ဥ၊နတ်၊ဝိ * ဗျာ-ဗျာ(ပြိုင်.ယ-၆) နံ၊သနံ၊ ဥ၊**သေ**၊နတ်၊ဝိ ဗျာ-ကု(ပြိုင်-၅) = ဗျာ-အကု(ပြိုင်-၅)= * ယေသံ ယေသံ ဓမ္မာနံ(ပြိုင်.ယ-၇) နံ၊သနံ၊ ဥ၊**သေ၊ကံ**၊နတ်၊ဝိ

ပစ္စည်း = ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂၊ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊

ပစ္စယုပ္ပန် = ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ၊ နောက်နောက်သော စိတ် ၈၉၊ စေတသိက် ၅၂၊

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ၌– ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော၊ ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၅)ဟူသည်တည်း။ (၅)ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

အနန္တရ(သ မနန္တရ)ပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ)
စက္ခုဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	ပြိုင် ၅ နံ၊သန်၊ ဥ၊နုတ်၊ဝိ
စက္ခုဝိညာဉ် ဒွေ၊ သဗ္ဗစိတ္တသာဓာရဏာစေ ၇၊	သမ္ပဋိစ္ဆိုင်းဒွေ-ဟုဆိုအပ်သောမနောဓာတ်၊ ဆန္ဒ,ပီတိ,ဝီရိယကြဉ် အညစေ ၁၀	
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ	မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	
သမ္ပဋိစ္ဆိုင်းဒွေ(မနောဓာတ်) ဆန္ဒ,ပီ,ဝီရိယကြဉ် အညစေ ၁၀	သန္တီရဏစိတ် ၃(မနောဝိညာဏာဓာတ်) ဆန္ဒ,ဝီရိယကြဉ် အညသမာန်းစေ ၁၁ ခု၊	

'စက္ခုဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏာစေတသိက် ၇ ခု ပစ္စည်းတရားကို ပြတော်မူ၏။

'မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် သမ္ပဋိစ္ဆိုင်းဒွေ ဟုဆိုအပ်သော မနောဓာတ်၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိယာ**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤ(၅)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

'မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် သမ္ပဋိစ္ဆိုင်း ဒွေ-ဟုဆိုအပ်သော မနောဓာတ်၊ ဆန္ဒ,ပီတိ.ဝီရိယကြဉ်သောအညသမာန်း စေတသိက် ၁၀ ခု ပစ္စည်းတရားကို ပြတော်မူ၏။

'မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် သန္တီရဏစိတ် ၃ ခုဟု ဆိုအပ်သော မနောဝိညာဏာဓာတ်၊ ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် **၁၁** ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိယာ**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤ (၅)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ထိုနည်းတူစွာ ကြင်း သော, ဃာ, ဓိ, ကာယဝိညာဏာဓာတု မှာကို သိနိုင်ပါသည်။)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ်း)
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ**	ပြိုင် ၆
အဆုံးဇောကြဉ် ရှေးရှေးသော လောကီကုသိုလ် သတ္တရသ	ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ဇော ဇကဝိသ	နံ၊ သနံ၊ ဉ၊ **သေ**၊ နတ်၊ ဝိ
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ**	(ပြိုင်,ယထာ) ၆
လောကီကုသိုလ် သတ္တရသ၏ အဆုံးဇော၊ မဂ်လေးခု	တဒါရုံ ဇကာဒသ၊ မဟဂ္ဂုတ်ဝိပါက် ၉ ခု၊ ဖိုလ်လေးခု	နံ၊ သနံ၊ ဉ၊ **ကံ**၊ နတ်၊ ဝိ

'ပုရိမာ ပုရိမာ ကုသလာ ဓမ္မော'ဟူသော **ကတ္တား**ပါဠိဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ-ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ဇော ဇကဝိသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန**၊ နတ္ထိ၊ ဝိဂတ၊ ဤ(ဖ)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

'ပုရိမာ ပုရိမာ ကုသလာ ဓမ္မော'ဟူသော **ကတ္တား**ပါဠိဖြင့် လောကီကုသိုလ် သတ္တရသ အဆုံးဇော၊ မဂ်လေးခု ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် တဒါရုံ ဇကာဒသ၊ မဟဂ္ဂုတ်ဝိပါက် ၉ ခု၊ ဖိုလ်လေးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်,ယထာရဟ တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ၊ ဤ (ဖ)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ပုရိမာပုရိမာအကုသလာဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ**	ပြိုင် ၆
အဆုံးဇောကြဉ် ရှေးရှေးသော အကုသိုလ် ဒွါဒသ	ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ် ဒွါဒသ	နံ၊ သနံ၊ ဉ၊ **သေ**၊ နတ်၊ ဝိ
ပုရိမာပုရိမာအကုသလာဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ**	ပြိုင် ၅
အကုသိုလ် ဒွါဒသ အဆုံးဇော	တဒါရုံ ဇကာဒသ၊ မဟဂ္ဂုတ်ဝိပါက် ၉ ခု၊	နံ၊သနံ၊ ဉ၊ နတ်၊ဝိ

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် အဆုံးဓောကြဉ်သော ရှေးရှေးသော အကုသိုလ် ဒွါဒသ ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် ပထမဓောကြဉ်သော နောက်နောက်သော အကုသိုလ် ဒွါဒသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန**၊ နတ္ထိ၊ ဝိဂတ၊ ဉာ (၆) ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် အကုသိုလ် ဒွါဒသ အဆုံးဓော ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် တဒါရုံ ဧကာဒသ၊ မဟဂ္ဂုတ်ဝိပါက် ၉ ခု ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဉာ(၅)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာ ဓမ္မာနံ**	(ပြိုင်,ယထာ) ၆ နံ၊ သနံ၊ ဉ၊ **သေ**၊ နတ်၊ ဝိ
ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသောဝိပါက်စိတ် ၃၆၊ ကိရိယာစိတ် ၂၀၊	ရဟန္တာတို့ စုတိနှင့်တကွနောက်နောက်သော ဝိပါက်စိတ် ဆယ့်သုံး၊ ကိရိယာ ဝိသ	
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ**	ပြိုင် ၅ နံ၊သနံ၊ ဉ၊ နတ်၊ ဝိ
ဝုဋ္ဌော=မနောဒွါရဝဇ္ဇန်း	မဟာကုသိုလ် ပထမဇော	
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ**	
ဝုဋ္ဌော=မနောဒွါရာဝဇ္ဇန်း	အကုသိုလ် ဒွါဒသ ပထမဇော	

'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်စိတ် ၃၆၊ ကိရိယာစိတ် ၂၀ ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်စိတ် ၃၆၊ ကိရိယာစိတ် ၂၀ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် ယတောရဟတပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန**၊ နတ္ထိ၊ ဝိဂတ၊ ဤ(၆)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြု ဟန်ကို ပြတော်မူ၏။

'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် ဝုဋ္ဌောဓနောဒ္ဓါရဝုဋ္ဌန်း ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် မဟာကုသိုလ် ပထမဇော ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် (အာသေဝန၊ ကမ္မ တို့နှင့်မဆိုင်ပါ။) တစ်ပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ။ နတ္ထိ၊ ဝိဂတ၊ ဤ (၅) ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ'ဟူသော ကတ္တားပါဠိဖြင့် ဝုဋ္ဌောဓနောဒ္ဓါရာဝဇ္ဇန်း ပစ္စည်းတရားကို ပြတော်မူ၏။

'ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် အကုသိုလ် ဒွါဒသ၊ ပထမဇော ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤ(၅)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ယေသံ ယေသံ ဓမ္မာနံ အနန္တရာ(သမနန္တရာ)	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တာစေတသိကာ ဓမ္မာ	(ပြိုင်,ယထာ) ၇
အနိယမအားဖြင့် ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသောစိတ် ၈၉၊ စေ ၅၂၊	အနိယမအားဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ် ၈၉၊ စေ ၅၂။	နံ၊ သနံ၊ ဉ၊ သော၊ ကံ၊ နတ်၊ ဝိ၊
တေ တေ ဓမ္မာ	တေသံ တေသံ ဓမ္မာနံ	
နိယမအားဖြင့် ယေ...ဖြင့် မှတ်..ရဟန္တာ.စုတိကြဉ် ။	နိယမအားဖြင့် ယေ...ဖြင့် မှတ်အပ်ပြီးသော ။	

'ယေသံ ယေသံ ဓမ္မာနံ'ဟူသော ပါဠိဖြင့် **အနိယမ**အားဖြင့် ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ **ပစ္စည်း**တရားကို ပြတော်မူ၏။

'အနန္တရာ'ဟူသောပါဠိဖြင့် ပစ္စယုပ္ပန် တရားတို့အား ပစ္စည်းတရားတို့၏ ကျေးဇူး ပြုရာ **ဌာန ကာလ**ကို ပြတော်မူ၏။

'ယေ ယေ ဓမ္မာ'ဟူသောပါဠိဖြင့် **အနိယမ**အားဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဥပ္ပဇ္ဇန္တိ'ဟူသောပါဠိဖြင့် ယေ ယေ ဓမ္မာဟူသောပါဠိ၏ **ကြိယာ**ကို ပြတော်မူ၏။

'စိတ္တာစေတသိကာ ဓမ္မာ'ဟူသော ပါဠိဖြင့် အနန္တရပစ္စယုပ္ပန် နာမက္ခန္ဓာ**သရုပ်**ကို ပြတော်မူ၏။

'တေ တေ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် နိယမအားဖြင့် ယေသံ ယေသံ ဓမ္မာနံ-ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေး သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

'တေသံ တေသံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် နိယမအားဖြင့် 'ယေ ယေ ဓမ္မာ'ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အနန္တရပစ္စယေန'ဟူသော **ကရိယား**ပါဠိဖြင့် တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန**၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ၊ ဤ(၇)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အနန္တရ အရကောက် စီစဉ်ချက်များ

က-က ကတ္တားအရတွင် အဆုံးဇောသည် တဒါရုံတည်းဟူသော (ဗျာ)တရားအား ကျေးဇူးပြုခြင်းကြောင့် ကြဉ်ရပါသည်။ သမ္ပဒါန်၌ ပထမဇောအား ဝုဋ္ဌောတည်းဟူသော (ဗျာ)တရားကကျေးဇူးပြု၍ (*ဤနေရာ၌ က-ကုချင်းမဟုတ်၍) ကြဉ်ရသည်။ ဤနည်းတူ က-ဗျာ, အက-အက, အက-ဗျာ တို့၌ ကောက်နိုင်သည်။

ဗျာ-ဗျာ ကတ္တားအရတွင် ရဟန္တာတို့စုတိသည် (သမ္ပဒါန်)နောက်ဘဝ ပဋိသန္ဓေ မရှိ၍ ကြဉ်ရသည်။ (အာသေဝနတွင် ဇောတ်တူဇောချင်းသာ အာသေဝန တပ်၏။)

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဤ အနန္တရမျိုးဌိ ရှေးရှေးစိတ်သည် အကြောင်းပစ္စည်း၊ နောက်နောက်စိတ်သည် အကျိုးပစ္စယုပ္ပန် ဖြစ်သည်။ ထိုသို့ နာမ်တရားတို့ ရှေ့နောက် စဉ်ဆက်အခြားမရှိ ကျေးဇူးပြုခြင်း သဘောသတ္တိသည် **အနန္တရသတ္တိ**ပင်ဖြစ်သည်။

ထိုသို့ စိတ္တက္ခဏမခြားမူ၍သာ ကျေးဇူးပြုသော်လည်း ရုပ်တရားများခြားနားရာ၌ကား ကျေးဇူးပြုနိုင်ပါသည်။(နိရောဓသမာပတ်)။ အကြောင်းကား ရုပ်အစဉ်အဆက်နှင့် နာမ်အစဉ်အဆက်တို့သည် ပင်ကိုယ်ကပင် ခြားနားလျက် ရှိကြသည်။ ထို့ကြောင့် ရုပ်တရားတို့သည် နာမ်တရားတို့၏ အစဉ်အဆက်၌ ဝင်ရောက်ခြားနားခြင်းငှာ မတတ်နိုင်ပါ။ ထို့ကြောင့် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

(သမ္မ, အာသေ၊ ဝိဂတေ နှင့် နတ္ထိ, အနန်, သမနန် - နာမ်သည် နာမ်အား ခြောက်။)

သမနန္တရ

သမနန္တရသည် အနန္တရနှင့် ပါဠိ တူပါတယ်။ အနန္တရာနေရာတွင် သမနန္တရာဟု ဆိုရုံ ဖြစ်ပါသည်။ အဋ္ဌကထာကလဲ အနန္တရနဲ့လုံးဝတူပြီလို့ မိန့်ဆိုပါသည်။

အဋ္ဌကထာဖွင့်ဆိုချက်များ

3 ပါဠိတော်တွင် "မနောဓာတုယာ"ဟု ဆိုသော်လည်း မနောဓာတ် ၃ ပါးစလုံး မယူရပါ။ ဝီထိအားလျော်စွာ ယူရပါသည်။ စက္ခုဝိညာဏ်၏နောက်မှ သမ္ပဋိစ္ဆိုင်းကိုသာ ယူရပါသည်။ မနောဝိညာဏဓာတုယာ အရ သမ္ပဋိစ္ဆိုင်းနောက်မှဖြစ်သော သန္တီရဏကိစ္စတပ်သော အဟိတ်ဝိပါက်၊ ထို့နောက် ဝုဋ္ဌောစ္စသော မနောဝိညာဏဓာတ်များကို ဝီထိစဉ်အတိုင်း ယူရပါမည်။

မူလဋီကာဆရာကြီးက အနန္တရ၊ သမနန္တရပစ္စည်းကို ဟောရခြင်းသည် စိတ္တနိယာမ သဘောကို ပြရန်ဟောခြင်းဖြစ် သည်ဟု ဆိုပါသည်။

နောက်စိတ်ကို ဥပါဒ်ခွင့်ပြုရန် ရှေ့စိတ်ချုပ်ခြင်း 'ဘင်' ဖြင့်ကျေးဇူးပြုခြင်းသည် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတတရားတို့ဖြင့် ကျေးဇူးပြုသည်မည်၏။ စက္ခုဝိညာဏ်၏ချုပ်ခြင်း'ဘင်'သည် သမ္ပဋိစ္ဆိုင်း၏'ဥပါဒ်' ဖြစ်ဖို့ရာ အတွက် အနန္တရ၊ သမနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ရှေ့စိတ်က နောက်စိတ်ကို အနန္တရ၊ သမနန္တရ ပစ္စည်းဖြင့် ကျေးဇူးပြုခြင်းပင်ဖြစ်၏။ ထိုဘက်ဘဝက စုတိ၏'ဘင်'သည် ဒီဘက်ဘဝ ပဋိသန္ဓေ၏'ဥပါဒ်'ကို အနန္တရ၊ သမနန္တရ ပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။ ရဟန္တာတို့၏ စုတိနောက်မှာ စိတ်, ဓေတသိက်, ရုပ်တို့ မရှိကြ၍ ရဟန္တာတို့၏စုတိသည် ပစ္စည်းတရား မဖြစ်ကြပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

? စကျွဝိညာဏ်စိတ်အား (က) အာရမ္မဏသတ္တိ (ခ) အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံ ပါဠိတော် ရေးပြပါ။ (ဂ) အနန္တရ ပစ္စည်းပါဠိ၏ ကတ္တား၊ သမ္မဒါန်နှင့်ကရိဏ်းသတ္တိ ကိုလည်း ဖြေဆိုပါ။

(က) အာရမ္မဏသတ္တိ ➤➤➤ "ရူပါယတနံ စကျွဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မပစ္စယေန ပစ္စယော"

(ခ) အနန္တရသတ္တိ ➤➤➤ "စကျွဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"

(ဂ) အနန္တရပစ္စည်း ပါဠိ၏ ကတ္တား၊ သမ္မဒါန်နှင့် ကရိဏ်းသတ္တိ-

"စကျွဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာနံ"ဟူသော **ကတ္တား**ပါဠိဖြင့် စကျွဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု ပစ္စည်းတရားကို ပြတော်မူ၏။

"မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ"ဟူသော **သမ္မဒါန်**ပါဠိဖြင့် သမ္မဋ္ဌဆိုင်းဒွေဟု ဆိုအပ်သော မနောဓာတ်၊ ဆန္ဒ၊ ပီတိ၊ ဝီရိယ ကြဉ်သော အညသမန်း စေတသိက် ၁၀ ပါး ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အနန္တရပစ္စယေန"ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ(၅)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆို အပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကိုပြတော်မူ၏။

? အောက်ပါတို့ကို ပြည့်စုံအောင် ဖြေဆိုပါ။

(က) "ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တာ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"၏ ကရိဏ်းပါဠိ၏ တစ်နည်းကား၏အကောက် ပစ္စည်းရေမျှကိုသာ ဖော်ပြပါ။

(ခ) အနန္တရပစ္စည်း အဗျာကတော အဗျာကတသ၏ သမ္မဒါန်။

(က) အနန္တရပစ္စယေနဟူသော ကရိဏ်းပါဠိ၌ တစ်နည်းကားအကောက် ပစ္စည်းရေမှာ

(၁) အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ

(၂) အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန**၊ နတ္ထိ၊ ဝိဂတ

(၃) အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ

(ခ) အနန္တရပစ္စည်း အဗျာကတော အဗျာကတသ သမ္မဒါန်မှာ -

"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္မဒါန်**ပါဠိဖြင့် ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကိရိယာစိတ် ဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

၆။ သဟဇာတပစ္စည်း

သဟဇာတ= မိမိဖြစ်ပေါ်ဆဲပင်လျှင် ပစ္စယုပ္ပန်တရားတို့ကို မိမိနှင့်တကွ တစ်ပေါင်းတည်း ပြုံ့ပုံ့ ဖြစ်ပေါ်စေသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဥပမာ- **ဆီမီး**သည် ဖြစ်ပေါ်ဆဲ၌ပင်လျှင် အလင်းရောင်ကို အတူတကွ ပြုံ့ပုံ့ ဖြစ်ပေါ်စေသကဲ့သို့ ပစ္စယုပ္ပန် ရုပ်,နာမ်တရားတို့ကို မိမိနှင့်အတူတကွ ဖြစ်ပေါ်စေတတ်သော နာမ်ခန္ဓာလေးပါး, မဟာဘုတ်လေးပါးစသော တရားတို့သည် သဟဇာတပစ္စည်း မည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိဏ်း)
အလုံးစုံသောပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။	အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ,စိတ္တဇရုပ်၊	၁။(ပြုံ့.ယ.၇)ကြီး ညဝိဿံ ၂။(ပြုံ့.၅) ကြီး ည ၃။(ပြုံ့.၆) ကြီး ညဝိပ် ၄။(ပြုံ့.၅) ကြီး ဝိပ် ၅။(ပြုံ့.၄) ကြီး ၆။ကိဉ္စိ.သဟ=ပဋိသန္ဓေအခါပြု ကိဉ္စိ.န.သဟ=ပဝတ္တိအခါ မပြု
အလုံးစုံသော မဟာဘုတ် ၄ ပါး။	အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ် အားလည်းကောင်း၊	
ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။။	အချင်းချင်း	

ပစ္စည်း = စိတ် ၈၉၊ စေတသိက် ၅၁၊ စတုဇမဟာဘုတ် (၄)ပါး၊ ပဋ္ဌဝေါကာလ ပဋိသန္ဓေ ၁၅ ခု နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု။

ပစ္စယုပ္ပန် = စိတ် ၈၉၊ စေတသိက် ၅၁၊ စတုဇရုပ်အားလုံး၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ ၁၅ ခု နှင့် ဟဒယဝတ္ထု။

သဟဇာတပစ္စည်း၏ သုဒ္ဓသင်္ခေါဝါရ်- အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း တပ်သော အလုံးစုံသော ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော အလုံးစုံသော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။

ပစ္စည်းရေ (၄)ဟူသည်တည်း။ ပစ္စည်းရေ (၄)ဟူ သော်ကား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ - ဟူသည်တည်း။

သဟဇာတပစ္စည်း အရုံကောက်

ပစ္စည်း(ကတ္တား)		ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
၁။	**စတ္တာရော ခန္ဓာ အရူပိနော**	**အညမညံ**	(ပြိုင်,ယထာ) ၇ ကြီး ၄ ည၊ ဝိ၊ သံ၊
	တစ်ပါး:တစ်ပါး:သော နာမက္ခန္ဓာ	သုံး:ပါး:သုံး:ပါး:သော နာမက္ခန္ဓာ	
	သုံး:ပါး:သုံး:ပါး:သော နာမက္ခန္ဓာ	တစ်ပါး:တစ်ပါး:သော နာမက္ခန္ဓာ	
	နှစ်ပါး:နှစ်ပါး:သော နာမက္ခန္ဓာ	နှစ်ပါး:နှစ်ပါး:သော နာမက္ခန္ဓာ	
၂။	**စတ္တာရော မဟာဘူတာ**	**အညမညံ**	(ပြိုင်) ၅ ကြီး ၄၊ ည၊
	တစ်ပါး:တစ်ပါး:သော မဟာဘုတ်	သုံး:ပါး:သုံး:ပါး:သော မဟာဘုတ်	
	သုံး:ပါး:သုံး:ပါး:သော မဟာဘုတ်	တစ်ပါး:တစ်ပါး:သော မဟာဘုတ်	
	နှစ်ပါး:နှစ်ပါး:သော မဟာဘုတ်	နှစ်ပါး:နှစ်ပါး:သော မဟာဘုတ်	
၃။	**ဩက္ကန္တိကွဇော နာမရူပံ**	**အညမညံ**	(ပြိုင်) ၆ ကြီး ၄၊ ည၊ ဝိပ်
	ပဋ္ဌဝေါ-ပဋိသန္ဓေနာမက္ခန္ဓာ၊	ပဋ္ဌဝေါ-ပဋိသန္ဓေနာမက္ခန္ဓာ၊	
	ဟဒယဝတ္ထု၊	ဟဒယဝတ္ထု၊	
၄။	**စိတ္တာဓေတသိကာ ဓမ္မာ**	**စိတ္တသမုဋ္ဌာနာနံ ရူပါနံ**	(ပြိုင်) ၅ ကြီး ၄၊ ဝိပ်၊
	ပဋ္ဌဝေါဘုံ..အရူပဝိ ၄၊ ဒွေပဋ္ဌ ၁၀၊	စိတ္တဇရုပ်	
	ရဟန္တာစုတိကြဉ်စိတ် ၇၅၊ ဓေ ၅၂		
၅။	**မဟာဘူတာ**	**ဥပါဒါ ရူပါနံ**	(ပြိုင်) ၄ ကြီး ၄
	မဟာဘုတ် ၄ ပါး	ဥပါဒါရုပ် ၂၄ ပါး	
၆။	**ရူပိနော ဓမ္မာ**	**အရူပိနံ ဓမ္မာနံ (ကိဉ္စိ)**	ကိဉ္စိ.=ပဋိသန္ဓေအခါ ပြု ကိဉ္စိ.နှ.=ပဝတ္တိအခါ မပြု
	ဟဒယဝတ္ထု၊	ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ	

၁။ 'စတ္တာရော ခန္ဓာ အရူပိနော'ဟူသော **ကတ္တား**ပါဠိဖြင့် သုံး:ပါး:သုံး:ပါး:သော နာမက္ခန္ဓာ အားတပ်သော တစ်ပါး:တစ်ပါး:သော နာမက္ခန္ဓာ။ တစ်ပါး:တစ်ပါး:သော နာမက္ခန္ဓာအား တပ်သော သုံး:ပါး:သုံး:ပါး:သောနာမက္ခန္ဓာ။ နှစ်ပါး:နှစ်ပါး:သောနာမက္ခန္ဓာအား တပ်သော နှစ်ပါး:နှစ်ပါး:သော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် သုံး:ပါး:သုံး:ပါး:သောနာမက္ခန္ဓာ၊ တစ်ပါး:တစ်ပါး:သော နာမက္ခန္ဓာ၊ နှစ်ပါး:နှစ်ပါး:သော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'သဟဇာတပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၇) ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၂။ 'စတ္တာရော မဟာဘူတာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ် အားတပ်သော တစ်ပါးတစ်ပါးသော မဟာဘုတ်။ တစ်ပါးတစ်ပါးသော မဟာဘုတ်အား တပ်သော သုံးပါးသုံးပါးသော မဟာဘုတ်။ နှစ်ပါးနှစ်ပါးသော မဟာဘုတ်အားတပ် သော နှစ်ပါးနှစ်ပါးသော မဟာဘုတ်ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်၊ တစ်ပါး-တစ်ပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'သဟဇာတ ပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ (၅) ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၃။ **သြက္ကန္တိက္ခဏော**'ဟူသောပါဌ်ဖြင့် ပစ္စယုပ္ပန်တရားတို့အားကျေးဇူးပြုသော ပစ္စည်းတရား တို့၏ ဌာန, ကာလကို ပြတော်မူ၏။

'နာမရူပံ'ဟူသော **ကတ္တား**ပါဌ်ဖြင့် ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားကို ပြတော် မူ၏။

'သဟဇာတပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၆)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၄။ 'စိတ္တ စေတသိကာ ဓမ္မာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် ပဋိသန္ဓေနာမက္ခန္ဓာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဋိသန္ဓေဉာဏ်တဆယ်၊ ရဟန္တာစုတိကြဉ်သော စိတ် ၇၅ ခု၊ စေတသိက် ၃၂ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

'စိတ္တသမုဋ္ဌာနာနံ ရူပါနံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'သဟဇာတပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၅) ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၅။ 'မဟာဘူတာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် မဟာဘုတ်လေးပါး ပစ္စည်းတရားကို ပြတော်မူ၏။

'ဥပါဒါရူပါနံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် ဥပါဒါရုပ် ၂၄ ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'သဟဇာတပစ္စယေန'ဟူသော **ကရိတ္ထား**ပါဠိဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ (၄)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၆။ 'ရူပိနော ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။
'အရူပိနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

❖ **'ကိဉ္စိကာလေ** သဟဇာတပစ္စယေန'ဟူသော **ကရိတ္ထား**ပါဠိဖြင့်-
ပဋိသန္ဓေအခါ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

❖ **'ကိဉ္စိကာလေ နံ** သဟဇာတပစ္စယေန'ဟူသော **ကရိတ္ထား**ပါဠိဖြင့်-
ပဝတ္တိအခါ သဟဇာတသတ္တိဖြင့် ကျေးဇူး**မပြု**ဟန်ကို ပြတော်မူ၏။

သဟဇာတပစ္စည်း ၆ ချက်

* ပဌမဆုံးအချက်က အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတယ်။
နောက်ဆုံးအချက်က အပြန်အလှန် ကျေးဇူးမပြုဘူး။
* ပဌမအချက်က - နာမ်တရား ပစ္စည်း ပစ္စယုပ္ပန် ဖြစ်တယ်။
ဒုတိယအချက်က - ရုပ်တရား ပစ္စည်း ပစ္စယုပ္ပန် ဖြစ်တယ်။
တတိယအချက်က - နာမ် ရုပ် ပစ္စည်း ပစ္စယုပ္ပန် ဖြစ်တယ်။
ပဉ္စမအချက်က - ရုပ်တရား ပစ္စည်း ပစ္စယုပ္ပန် ဖြစ်တယ်။
* စတုတ္ထအချက်က ပစ္စည်း နာမ်၊ ပစ္စယုပ္ပန် ရုပ် ဖြစ်တယ်။
* ဆဋ္ဌအချက်က ပစ္စည်း ရုပ်၊ ပစ္စယုပ္ပန် နာမ် ဖြစ်တယ်။

? သဟဇာတ၌ ရုပ်တရား နာမ်တရားတို့ကျေးဇူးပြုပုံ စီစဉ်ထားမှုကို ပါဠိတော်အစဉ် အတိုင်း ဖော်ပြပါ။

သဟဇာတပစ္စည်း ဟောပုံ ၆ ချက် -
၁။ နာမ်ကနာမ်ကို အချင်းချင်းအပြန်အလှန် ကျေးဇူးပြုပုံ၊
၂။ ရုပ်ကရုပ်ကို အချင်းချင်းအပြန်အလှန် ကျေးဇူးပြုပုံ၊
၃။ နာမ်နှင့်ရုပ် အချင်းချင်းအပြန်အလှန် ကျေးဇူးပြုပုံ၊
၄။ နာမ်ကရုပ်ကို ကျေးဇူးပြုပုံ၊ (အပြန်အလှန် ကျေးဇူးမပြု၊)
၅။ ရုပ်ကရုပ်ကို ကျေးဇူးပြုပုံ၊ (အပြန်အလှန် ကျေးဇူးမပြု၊)
၆။ ရုပ်ကနာမ်ကို ပဋိသန္ဓေအခါသာကျေးဇူးပြုပုံ၊ (ပဝတ္တိအခါ ကျေးဇူးမပြု၊)

အဋ္ဌကထာဖွင့်ဆိုချက်များ

? သဟဇာတပစ္စည်း ပစ္စယနိဒ္ဒေသ သုဒ္ဓသချိ်ာ၌ ပဉ္စဝေါရနှင့် မတူပုံကိုဖော်ပြ၍၊ ပါဠိတော်၌ မည်သို့ဟောသဖြင့် ကွာခြားရပါသနည်း။

"စိတ္တ စေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ"အရ စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရတုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခု၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့ စုတိကြဉ်သော စိတ် ၇၅ ခု၊ စေတသိက် ၅၂၊ ပဝတ္တိ–ပဋိသန္ဓေနာမက္ခန္ဓာ(၄)ပါး ရ၏။

ထို့ကြောင့် သုဒ္ဓသချိ်ာ၌ "အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်းတပ်သော ပဝတ္တိ–ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။

ပဉ္စဝေါရ၌ ပါသကဲ့သို့ **ပဋိသန္ဓေကမ္မဇရုပ်**သည် ပစ္စယုပ္ပန်၌ မပါပါ။ ဤသို့ ကွာခြားမှုရှိပါသည်။

? သဟဇာတပစ္စည်း ပစ္စယနိဒ္ဒေသ ပါဠိတော်၌ "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ နု သဟဇာတပစ္စယေန ပစ္စယော"ဟု အဘယ်ကြောင့် ဟောပါသနည်း။

ဩကန္တိကဓမ္မဏောမှာ ဟဒယဝတ္ထုက ပဉ္စဝေါကာရ ပဋိသန္ဓေအား ကျေးဇူးပြုရာတွင် ပဋိသန္ဓေအခါသာရပြီး ပဝတ္တိအခါ မရကြောင်းပြရန် ဟောပါသည်။ ရုပ်သည်နာမ်ကို ကျေးဇူးပြုမှု ဖော်ပြရန်အတွက် ဖြစ်ပါသည်။
(**ဩကန္တိကဓမ္မဏော**– ပဉ္စဝေါကာရတုံ ပဋိသန္ဓေခဏ ဖြစ်ပါတယ်။)

? သုံးပါးသုံးပါးသော နာမက္ခန္ဓာအားတပ်သောစသည်ဖြင့် အဘယ်ကြောင့် ၂ ကြိမ် ဆိုရပါသနည်း။

သုံးပါးသုံးပါးသော နာမက္ခန္ဓာအားတပ်သောစသည်ဖြင့် ၂ ကြိမ် ဆိုရခြင်းမှာ –
ပစ္စည်းက ဝေဒနာ တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန် နာမက္ခန္ဓာ (၃) ပါး၊
ပစ္စည်းက သညာ တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန် နာမက္ခန္ဓာ (၃) ပါး၊
ပစ္စည်းက သင်္ခါရ တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန် နာမက္ခန္ဓာ (၃) ပါး၊
ပစ္စည်းက ဝိညာဉ် တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန် နာမက္ခန္ဓာ (၃) ပါး၊
ဟူ၍ လေးမျိုး ဖြစ်နိုင်သဖြင့် အားလုံးနှံ့ပြီးသွားအောင် **ဝိစ္ဆာ**သဘောဖြင့် ဆိုရခြင်း ဖြစ်ပါသည်။ (**ဝိစ္ဆာ** = အနက်အဓိပ္ပါယ် ပြန့်နှံ့စေရန် စကားအထပ်ထပ် ဆိုခြင်း၊)

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

? "သြက္ကန္တိက္ခဏော နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။" ကရိဏ်း ကောက်ရာ၌ ဝိပါက ပါသင့်/မပါသင့် ဝေဖန်ပါ။

အရကောက်၌ ဝိပါကပါသော်လည်း ဝိပါကပစ္စည်း၏ ပါဠိတော်၌ "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော"ဟူ၍သာ ဟောပါသည်။ ပဉ္စာဝါရ ဟောပုံနှင့် မတူပါ။ ပစ္စယုပ္ပန်၌ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်များ မပါသဖြင့် သြက္ကန္တိက္ခဏေအတွက် ကရိဏ်းကောက်ရာ၌ ဝိပါက မရသင့်ပါ။
(ထို့အတူ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ၌လည်း ဝိပါက မရသင့်ပါ။)

? "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ"၌ "စိတ္တသမုဋ္ဌာနံ ရူပါနံ"၏ အရကောက်ကို အဋ္ဌကထာနည်း၊ ဆရာနည်းတို့ကိုဖော်ပြ၍၊ သာဝသေသဒေသနာ၌ ရသင့်ပုံကို အခြား ပစ္စည်း၌ ဟောသောပါဠိ၌ နှိုင်းယှဉ်ဝေဖန်ပါ။

"စိတ္တသမုဋ္ဌာနာနံ ရူပါနံ"၏အရကောက်ကို အဋ္ဌကထာနည်း၌ စိတ္တဇရုပ်ကိုသာ ကောက် ယူ၍၊ ဆရာနည်း၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့အား ပဉ္စာဝါရကို ရည်ညွှန်း၍ ကောက်ယူပြ၏။

သာဝသေသဒေသနာ (မကျဉ်းမကျယ်ဟောသော ပစ္စယနိဒ္ဒေသ)၌ အဋ္ဌကထာနည်း အတိုင်း စိတ္တဇရုပ်ကိုသာ ယူသင့်ပါသည်။ ပဋိသန္ဓေကမ္မဇရုပ်ကို ပါယူလိုလျှင် ဟေတုစသည့်ပစ္စည်းများ၌ ဟောသကဲ့သို့ "တံ သမုဋ္ဌာနံ ရူပါနံ"ဟု ဟောရမည်ဖြစ်ပါသည်။ "စိတ္တသမုဋ္ဌာနံ ရူပါနံ"ဟုဟောသဖြင့် ပဋိသန္ဓေကမ္မဇရုပ် မပါသင့်ပါ။

? "သြက္ကန္တိက္ခဏော နာမရူပံ အညမညံ သဟဇာတပစ္စယေနပစ္စယော"ဟူသော ပါဠိအရ ပစ္စည်းရေနှင့်တကွ သုဒ္ဓသင်္ချာပြုလုပ်ပြပါ။

အခြင်းခြင်းအားတပ်သော ပဋ္ဌာဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ ပစ္စည်းရေ ၆ ဟူသည်တည်း။ ပစ္စည်းရေ (၆)ဟူသော်ကား– သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

? "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်၏ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်းကို ကောက်ပြပြီး၊ "စိတ္တသမုဋ္ဌာနံ ရူပါနံ"အရ အဋ္ဌကထာနည်း ဆရာနည်း အသီးသီးရေးပြပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

"စိတ္တစေတသိကာ ဓမ္မာ"ဟူသော **ကတ္တား**ပါဒ်ဖြင့် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဋ္ဌဝိညာဏ် ၁၀၊ "ရဟန္တာတို့စုတိကြဉ်သော စိတ် ၇၅ ခု၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

"စိတ္တသမုဋ္ဌာနံ ရူပါနံ"ဟူသော **သမ္ပဒါန်**ပါဒ်ဖြင့် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"သဟဇာတပစ္စယေန"ဟူသော **ကရိဏ်း**ပါဒ်ဖြင့် သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၅)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"စိတ္တသမုဋ္ဌာနံ ရူပါနံ"အရ **အဋ္ဌကထာ**နည်းအရ စိတ္တဇရုပ်ကိုသာ ယူရပါသည်။ **ဆရာနည်း**တူ **အရကောက်ဆရာ**တော်က ထပ်မံပြုဘွဲ့ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ဟု ကောက်ပြရပါသည်။ ဆရာနည်းမှာ ပဉ္စဝေါရကိုရည်ညွှန်းခြင်း ဖြစ်ပါသည်။ ပစ္စယနိဒ္ဒေသ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် (၂)မျိုးလုံးကို ဟောပါသည်။

? "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေနပစ္စယော" ဟူသော နိဒဿနာကာရပါဠိ၏ အရကောက်ကို ပြည့်စုံစွာရေးပါ။

"စတ္တာရော ခန္ဓာ အရူပိနော"ဟူသော **ကတ္တား**ပါဒ်ဖြင့်-
သုံးပါးသုံးပါးသော နာမက္ခန္ဓာအားတပ်သော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာအားတပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊
နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအာတပ်သော နှစ်ပါး နှစ်ပါးသော နာမက္ခန္ဓာ၊
ပစ္စည်းတရားကို ပြတော်မူ၏။

"အညမညံ"ဟူသော **သမ္ပဒါန်**ပါဒ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကု ပြတော်မူ၏။

"သဟဇာတပစ္စယေန"ဟူသော **ကရိဏ်း**ပါဒ်ဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော သဟဇာတ၊ အညမညံ၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၇)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

တစ်ပြိုင်နက် = သဟဇာတ၊ အညမညံ၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ
ယထာရဟ = ဝိပါက

? အရကောက်၌ သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာဟု အဘယ်ကြောင့် ဆိုသည်ကို ရှင်းလင်းခဲ့ပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

သုံးပါးသုံးပါးသော နာမကွန္ဓာ၊ တစ်ပါးတစ်ပါးသော နာမကွန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမကွန္ဓာဟု ဝိစ္ဆာဖြင့်(၂)ကြိမ် ဆိုပါသည်။ သုံးပါးသုံးပါးသော နာမကွန္ဓာအားတပ်သော တစ်ပါးသော နာမကွန္ဓာဟု မဆိုပါ။ အကြောင်းမှာ– ပစ္စည်း၊ ပစ္စယုပ္ပန် အကုန်လုံးနှံ့ပြီးသွားအောင် ဝိစ္ဆာသဘောဖြင့် ဆိုခြင်းဖြစ်ပါသည်။

ခန္ဓာဝါရဖွဲ့ဆိုရာ၌ ဝေဒနာကွန္ဓာတစ်ပါးကို ပစ္စည်းယူလျှင် ကျန်သုံးပါးကို ပစ္စယုပ္ပန်၊ သညာကွန္ဓာတစ်ပါးကို ပစ္စည်းယူလျှင် ကျန်သုံးပါးကို ပစ္စယုပ္ပန်၊ သင်္ခါရကွန္ဓာတစ်ပါးကို ပစ္စည်းယူလျှင် ကျန်သုံးပါးကို ပစ္စယုပ္ပန်၊ ဝိညာဏ်ကွန္ဓာ တစ်ပါးကို ပစ္စည်းယူလျှင် ကျန်သုံးပါးကို ပစ္စယုပ္ပန်အစရှိသည်အားဖြင့် ခန္ဓာအားလုံးနှံ့အောင် ယူပြခြင်းဖြစ်ပါသည်။

? အောက်ပါတို့ကို ရှင်းလင်းဖြေဆိုပါ။

(က) ပဋ္ဌာန်းဒေသနာတော်၌ ဟောကြားသော မဟာဘုတ်များနှင့် ဥပါဒါရုပ်များသည် အဘယ်နည်း။ (သဟဇာတရုပ်ဟူသည်အဘယ်နည်း။)

(ခ) ပဝတ္တိအခါ ကမ္မဇရုပ်တို့အား သဟဇာတပစ္စည်း အဘယ်ကြောင့်မတပ်သနည်း။

(က) ပဋ္ဌာန်းဒေသနာတော်၌ ဟောကြားသော မဟာဘုတ်များနှင့် ဥပါဒါရုပ်များမှာ

၁။ စိတ္တဇမဟာဘုတ်၊	စိတ္တဇဥပါဒါရုပ်၊	**စိတ်**
၂။ ပဋိသန္ဓေကမ္မဇမဟာဘုတ်၊	ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊	**ပဋိ**
၃။ ဗာဟိရမဟာဘုတ်၊	ဗာဟိရဥပါဒါရုပ်၊	**ဗ**
၄။ အာဟာရဇမဟာဘုတ်၊	အာဟာရဇဥပါဒါရုပ်၊	**ဟာ**
၅။ ဥတုဇမဟာဘုတ်၊	ဥတုဇဥပါဒါရုပ်၊	**ဥ**
၆။ အသညသတ်ကမ္မဇမဟာဘုတ်၊	အသညသတ်ကမ္မဇဥပါဒါရုပ်၊	**ညွ**
၇။ ပဝတ္တိကမ္မဇမဟာဘုတ်၊	ပဝတ္တိကမ္မဇဥပါဒါရုပ်၊	**ဝတ်**

(ခ) ပဋ္ဌဓေါကာရဘုံသားတို့သည် ပဋိသန္ဓေအခါ ပဋိသန္ဓေနာမကွန္ဓာမှ ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတသတ္တိနှင့် ကျေးဇူးပြုသော်လည်း၊ ပဋိသန္ဓေဌိကာလမှစ၍ ပဝတ္တိအခါ ခဏတိုင်းခဏတိုင်းဖြစ်သည့် ပဝတ္တိကမ္မဇရုပ်သည် စိတ်နှင့်မစပ်တော့သဖြင့် သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်ခြင်းကြောင့် သဟဇာတပစ္စည်း မတပ်ခြင်းဖြစ်ပါသည်။

? ယဒယဝတ္ထုရုပ်သည် နာမကွန္ဓာတို့အား ဘယ်အခါသဟဇာတပစ္စည်းတပ်၍ ဘယ်အခါ ပုရေဇာတပစ္စည်း တပ်သနည်း၊ ပစ္စယနိဒ္ဒေသပါဠိတော် ကိုထုတ်ပြဖြေဆိုပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၇။ အညမညပစ္စည်း

အညမည = အချင်းချင်း အပြန်အလှန်ဖြစ်စေတတ် ထောက်ပံ့တတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။
အချင်းချင်းမှီ၍ ထောင်ထားသော သစ်သားသုံးချောင်းထောက်ကဲ့သို့ အချင်းချင်း အပြန်အလှန် ထောက်ပံ့နေသော နာမ်ခန္ဓာလေးပါး၊ မဟာဘုတ်လေးပါး၊ ပဋ္ဌဆေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့သည် အညမည ပစ္စည်းမည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
အလုံးစုံသောပဝတ္ထိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။	အချင်းချင်း၊	၁။(ပြိုင်.ယ.၇)ကြီး ညဲ၊ဝိ၊သံ
မဟာဘုတ် ၄ ပါး။	အချင်းချင်း၊	၂။(ပြိုင်.၅) ကြီး ညဲ
ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။	အချင်းချင်း	၃။(ပြိုင်.၆) ကြီး ညဲ၊ ဝိပ်

ပစ္စည်း = စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ်လေးပါး၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့်ဟဒယဝတ္ထု။
ပစ္စယုပ္ပန် = စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ်လေးပါး၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့်ဟဒယဝတ္ထု။

အညမညပစ္စည်း၏ သုဒ္ဓသင်္ခါဝါရဋ္ဌ -- အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္ထိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။
ပစ္စည်းရေ(၅)ဟူသည်တည်း။ ပစ္စည်းရေ(၅)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အညမညပစ္စည်း အရကောက်

သဟဇာတပစ္စည်းအရကောက် ရှေ့ဆုံး(၃)ပိုဒ်တွင် (သဟဇာတ)အစား၊ (အညမည) ပြောင်းထည့်၍ ဆိုရပါသည်။

အဋ္ဌကထာဖွင့်ဆိုချက်များ

"သြက္ကန္တိက္ခဏော နာမရူပံ"ကောက်ယူရာ၌ မူလဋီကာဆရာက မည်သို့ ဆိုပါသနည်း။ အဘယ်ကြောင့် ထိုအဆိုပြုချက်အတိုင်း မကောက်ယူပါသနည်း။ ?

ပစ္စည်းတရားက ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထု ဖြစ်သဖြင့် မူလဋီကာဆရာကြီးက "သြက္ကန္တိက္ခဏော နာမရူပံ"အရ ပဋ္ဌာဝါရ ဝိပါကတိတ်၌-"ဧကော ခန္ဓော စ ဝတ္ထုစ တိဏ္ဏာနံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော"ဟု ဟောသကဲ့သို့ ပစ္စည်း 'နာမ်ခန္ဓာ ဟဒယဝတ္ထု'က ပစ္စယုပ္ပန် 'နာမ်ခန္ဓာ'အား ကျေးဇူးပြုနိုင်သည်ဟုဆို၏။ သို့သော်လည်း "ရူပီနော ဓမ္မာ အရူပိနံ ဓမ္မာနံ"ဟု သဟဇာတ၌ ဟောထားသောကြောင့် နာမ် မရှောသည့် ဟဒယဝတ္ထုကသာ နာမ်အားကျေးဇူးပြုသည်ဟု ယူရမည်ဖြစ်ပါသည်။

သဟဇာတ ပါဠိတော်

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား	
စတ္တာရော ခန္ဓာ အရူပိနော		အညမညံ	
စတ္တာရော မဟာဘူတာ	သြက္ကန္တိက္ခဏော နာမရူပံ	အညမညံ၂	
စိတ္တ စေတသိကာဓမ္မာ	မဟာဘူတာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ဥပါဒါရူပါနံ
အရူပိနော ဓမ္မာ		အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ	ကိဉ္စိကာလေ နု

အညမည ပါဠိတော်

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား
စတ္တာရော ခန္ဓာ အရူပိနော		အညမည
စတ္တာရော မဟာဘူတာ	သြက္ကန္တိက္ခဏော နာမရူပံ	အညမညံ၂

နိဿယ ပါဠိတော်

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား	
စတ္တာရော ခန္ဓာ အရူပိနော		အညမညံ	
စတ္တာရော မဟာဘူတာ	သြက္ကန္တိက္ခဏော နာမရူပံ	အညမညံ၂	
စိတ္တ စေတသိကာဓမ္မာ	မဟာဘူတာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ဥပါဒါရူပါနံ
စက္ခာယတန်း . . .(ပ) ကာယာယတန်း		စက္ခုပိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ (ပ) ကာယ၊	
ယံ ရူပံ နိဿာယ		မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန်၊ (×)	
တံ ရူပံ		မနောဓာတုယာစ၊ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	

၈။ နိဿယပစ္စည်း

နိဿယ = တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

– မြေကြီးသည် သစ်ပင်တို့၏ တည်ရာဖြစ်သကဲ့သို့လည်းကောင်း၊
– အဝတ်စပိတ်ကားတို့သည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့လည်းကောင်း၊
ပစ္စယုပ္ပန် ရုပ်,နာမ်တရားတို့အား တည်ရာ, မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော နာမ်ခန္ဓာလေးပါး၊ မဟာဘုတ်လေးပါးစသောတရားတို့သည် နိဿယပစ္စည်း မည်၏။

➤➤ နိဿယပစ္စည်းမှာ သဟဇာတနိဿယ၊ ပုရေဇာတနိဿယဟူ၍ နှစ်မျိုး ရှိပါသည်။

သဟဇာတနိဿယ ➤ သဟဇာတအတိုင်း (**သဟဇာတ** အစဦး ၅ ချက်နှင့်တူ၏။)
အတူတကွဖြစ်ပြီး၊ တည်ရာ, မှီရာဖြစ်သောတရား၊ (∴ သဟဇာတနှင့်တူ၊)

ပုရေဇာတနိဿယ ➤➤ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ ဟူ၍ နှစ်မျိုး ရှိပါသည်။

ဝတ္ထုပုရေဇာတနိဿယ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ဆဝတ္ထု	ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခုကြဉ်သော သတ္တဝိညာဏဓာတ်	ပဉ္စဝတ္ထု(ပြုင်.၆) နိ,ပု,ဣ် ဝိပ်,အတ်,အဝိ ယံ ရူပံ (ပြုင်.ယ ၈) အာ,ဓိ,နိ,ဉ,ပု ဝိပ်,အတ်,အဝိ

ပစ္စည်း = ဝတ္ထုရုပ် ၆ ပါး(ဆဝတ္ထု)၊
ပစ္စယုပ္ပန် = ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော စိတ် ၈၅ ခု၊ စေတသိက် ၃၈ ပညာသ၊ (သတ္တဝိညာဏဓာတ်)
နိဿယပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ် – ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ် အားတပ်သော ဆဝတ္ထု။ ဤတရား တို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။
ပစ္စည်းရေ(၅)ဟူသည်တည်း။ ပစ္စည်းရေ(၅)ဟူသော်ကား နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ– ဟူသည်တည်း။

ဝတ္ထုပုရေဏာတနိသယ

စက္ခုဝတ္ထု,သော,ဃာ,ဃာ,ဇိ,ကာယဝတ္ထု,ဟဒယဝတ္ထုဟူသော ဆဝတ္ထုတို့သည် ရှေ့က ဖြစ်နှင့်၍ မှီရာ,တည်ရာအဖြစ် သတ္တဝါတို့အသက်ရှင်ဆဲပဝတ္တိကာလတွင် ဝိညာဏဓာတ် (၇)ပါးတို့အား ဝတ္ထုပုရေဏာတနိသယပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။
(**ဝတ္ထု** = စိတ်,စေတသိက်တို့၏ ဖြစ်ပေါ်ရာ, အခြေခံဖြစ်ခြင်းကြောင့် ဝတ္ထုဟုခေါ်၏။)

ဝတ္ထုပုရေဏာတနိသယ အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
စက္ခာယတန်	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မမ္မာန်	(ပြိုင်) ၆ နှံ, ပု, ဣ ဝိပ်, အတ်, အဝိ
မဒ္ဒိမာယုကဖြစ်၍အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နအခါစုတိစိတ်မှပြန်၍ ရသော်(၁၇)ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထု။	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေ ၇ ခု	
**** သော၊ ဃာ၊ ဇိ၊ 'ကာယာယတန်' ဆိုင်ရာတို့.ကို နည်းမှီ၍ သိနိုင်ပါသည်။		

'စက္ခာယတန်'ဟူသော **ကတ္တား**ပါဌ်ဖြင့် မဒ္ဒိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် ၁၇ ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

'စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မမ္မာန်'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'နိသယပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော နိသယ၊ ပုရေဏာတ၊ ဣန္ဒြေယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ- ဤ (၆)ပစ္စယသတ္တိတို့တွင် နိသယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

>>>> (သောတာယတန်'၊ 'ဃာနာယတန်'၊ 'ဇိဝှါယတန်'၊ 'ကာယာယတန်' ဆိုင်ရာတို့.ကို နည်းမှီ၍ သိနိုင်ပါသည်။)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိယာ)
ယံ ရူပံ	နိသာယ မနောမာတု စ၊ မနောဝိညာဏမာတု စ ဝတ္တာနီ၊	(ပြိုင်.ယ ၈)
'ယံ ရူပံ'ဖြင့်.အနိယမအားဖြင့် ပဋိသန္ဓေအစရှိသောရွေးရွေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ...	နိသ.ဝတ္တာနီ-ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄ ကြဉ်သောပဌမဘဝင်အစရှိသော မနောမာတ် ၃၊ မနောဝိညာဏမာတ် ၇၂ စေ ၅၂	အာ, ဓိ, နိ, ဥ, ပု ဝိပ်, အတ်, အဝိ
တံ ရူပံ	မနောမာတုယာ စ မနောဝိညာဏ-မာတုယာ စ တံသမ္ပယုတ္တာကာနဉ္စ မမ္မာနံ	
'တံ ရူပံ'ဖြင့်. နိယမအားဖြင့် ယံ ရူပံဖြင့်မှတ်အပ်ပြီးသော ပဋိသန္ဓေအစ.. ဟဒယဝတ္ထု။	မနောမာတုယာ စ ဓမ္မာနံဖြင့်... မနောမာတ် ၃၊ အရူပဝိ ၄ ကြဉ်..... မနောဝိညာဏမာတ် ၇၂ စေ ၅၂	

'ယံ ရူပံ'ဟူသော ပါဠိဖြင့် **အနိယမအား**ဖြင့်

* ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော မနောမာတ်သုံးခု၊ မနောဝိညာဏမာတ် ၇၂ ခု၊ စေတသိက် ၅၂ အားတပ်သော ပဋိသန္ဓေအစရှိသော ရွေးရွေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊
* နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အားတပ်သော ရွေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**။
* မရဏာသန္နအခါ ပဋ္ဌဝေါကာရဘဝင် ၁၅ ခု၊ အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃ ခု၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊ စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊

ပစ္စည်းတရားကို ပြတော်မူ၏။

'နိသာယ'ဟူသော ပါဠိဖြင့် **ကြိယာဝိသေသန**ကို ပြတော်မူ၏။

'မနောမာတု စ၊ မနောဝိညာဏမာတု စ'ဟူသောပါဠိဖြင့် ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော မနောမာတ် သုံးခု၊ မနောဝိညာဏမာတ် ၇၂ ခု၊ စေတသိက် ၅၂ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဝတ္တာနီ'ဟူသော ပါဠိဖြင့် မနောမာတ်၊ မနောဝိညာဏမာတ်တို့၏ **ကြိယာ**ကို ပြတော်မူ၏။

'တံ ရုပ်'ဟူသော ပါဠိဖြင့် **နိယမ**အားဖြင့် 'ယံ ရုပ်'ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ပဋ္ဌဝေါကာရဘုံဠိဖြစ်သောအခါ အရုပဝိပါက်လေးခုကြဉ်သော ပဋ္ဌမဘဝင် အစရှိသော မနောဓာတ် သုံးခု၊ မနောဝိညာဏဓာတ် ၇၂ ခု၊ စေတသိက် ၅၂ ခု အားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အားတပ်သော ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလဠဖြစ်သော **ဟဒယဝတ္ထု**။ မရဏာသန္နအခါ ပဋ္ဌဝေါကာရဘဝင် ၁၅ ချက်၊ အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃ ခု၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊ စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ရသည် ရှိသော် ၁၇ ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော **ဟဒယဝတ္ထု** ပစ္စည်းတရားကို ပြတော်မူ၏။

'မနောဓာတုယာ . စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ' ဟူသော **သမ္ပဒါန်**ပါဠိဖြင့် မနောဓာတ် သုံးခု၊ အရုပဝိပါက်လေးခုကြဉ်သော မနော-ဝိညာဏဓာတ် ၇၂ ခု၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

'နိဿယပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ- ဤ(၈)ပစ္စယသတ္တိတို့တွင် နိဿယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

အဋ္ဌကထာဖွင့်ဆိုချက်များ

? သဟဇာတနိဿယသည် သဟဇာတနှင့်တူသည်ဟုဆိုလျှင်-
အဘယ်ကြောင့် "ရုပီနော ဓမ္မာ အရုပီနံ ဓမ္မာနံ"ဟု မဟောသနည်း။

သဟဇာတ၌ ပစ္စည်း ရုပ်၊ ပစ္စယုပ္ပန် နာမ်အတွက် သီးခြားမရှိသဖြင့် "ရုပီနော ဓမ္မာ အရုပီနံ ဓမ္မာနံ"စသည်ကို ပဋိသန္ဓေအခါ ဟဒယဝတ္ထုက ပဋိသန္ဓေစိတ်,စေတသိက်ကို ကျေးဇူးပြုကြောင်း "သြက္ကန္တိက္ခဏေ"၌ ပါပြီးသည်ကို ထပ်၍ဟောခြင်း ဖြစ်ပါသည်။

? **မူလဋီကာဆရာကြီးက** ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်း၌ နာမ်သက်သက်ဟောမှုကို မည်သို့ ဖွင့်ဆိုပါသနည်း။

မူလဋီကာဆရာကြီးက ဝိပါက်နာမ်သက်သက် ကျေးဇူးပြုမှုသည် ဇကန်ကျေးဇူးပြုမှုဖြစ်သဖြင့် "နယဒဿန" နည်းညွှန်ပြခြင်းဖြစ်ကြောင်း၊ အရူပဘုံများ၌ ကာမ,ရူပဘုံကဲ့သို့ ဝိပါက်များက ရုပ်ကိုကျေးဇူးမပြုသဖြင့် ရုပ်ကို ကျေးဇူးပြုမှုသည် ဇကန်မဟုတ်ကြောင်း ဖွင့်ဆိုပါသည်။

? ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်းပါဠိတော်အရ သုဒ္ဓသချိုာ မည်သို့ပြုလုပ်ရမည်နည်း။ စိတ္တဇရုပ်နှင့်ပဋိသန္ဓေ ကမ္မဇရုပ်တို့အား အဘယ်ကြောင့် မဟောသနည်း။

ဝိပါကပစ္စည်း၏ သုဒ္ဓသချိုာဝါရ၌ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ ပစ္စည်းရေ (၇)ဟူသည်တည်း။ ပစ္စည်းရေ (၇)ဟူ သည်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

မကျဉ်းမကျယ်ပြတော်မူသော **သာဝသေသဒေသနာ**ဖြစ်၍ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား မဟောပါ။

—

—

—

—

၁၅။ **အာဟာရပစ္စည်း**

အာဟာရ = ထောက်ပံ့ခိုင် စေတတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဒေါက်တိုင်သည် အိမ်အို၊ ကျောင်းအိုတို့အား ထောက်ပံ့သကဲ့သို့ ပစ္စယုပ္ပန်ရုပ်,နာမ်တို့အား ထောက်ပံ့တတ်သော ရုပ်အာဟာရ၊ နာမ်အာဟာရတို့သည် အာဟာရပစ္စည်းမည်၏။

* ရုပ်အာဟာရ၊ နာမ်အာဟာရ ဟူ၍ ၂ မျိုး ရှိပါသည်။

(က) **ရုပ်အာဟာရပစ္စည်း**

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဘဒါန်)	သဘာဂ(ကရိဏ်း)
စတုသမုဋ္ဌာနိကဩဇာ	ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	(၁) ရုပ်အာဟာရသတ္တိဖြင့်သာ

ပစ္စည်း = ကဗဠီကာရာအာဟာရ၌တည်သော ဗဟိဒ္ဓဩဇာ၊

ပစ္စယုပ္ပန် = စတုသမုဋ္ဌာနိကရုပ်၊

ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ – ကလာပ်တူဩဇာကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် အားတပ်သော စတုသမုဋ္ဌာနိကဩဇာ။
ဤ တရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။
ပစ္စည်းရေ (၁)ဟူသည်တည်း။ ပစ္စည်းရေ (၁)ဟူသော်ကား ရုပ်အာဟာရဟူသည်တည်း။

(ခ) **နာမ်အာဟာရပစ္စည်း**

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဘဒါန်)	သဘာဂ(ကရိဏ်း)
ဖဿ, စေတနာ, ဝိညာဉ် ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်သုံးပါး။	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.၁၂) ကြီး၊ လတ် မိ,ကံ, ဟာ,ဣ

ပစ္စည်း = ဖဿ၊ စေတနာ၊ ဝိညာဉ် ဟူသော နာမ်အာဟာရတရားကိုယ် (၃)ပါး၊
ပစ္စယုပ္ပန် = စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊

နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသခ်ိုက်ဝါရဋ္ဌ် - သမ္မယုတ္တာခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဖဿ, စေတနာ, ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ်သုံးပါး။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၁၂)ဟူသည်တည်း။ ပစ္စည်းရေ (၁၂)ဟူသော်ကား အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဟူသည်တည်း။

အာဟာရပစ္စည်း အရကောက် - ရုပ်အာဟာရ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
ကဗဠီကာရော အာဟာရော	ဣမဿ ကာယဿ	၁ ရုပ်အာဟာရသတ္တိဖြင့်သာ
စတုသမုဋ္ဌာနိကသြဇာ	ကလာပ်တို့ သြဇာကြဉ်သော ကလာပ်တို့ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	

'ကဗဠီကာရော အာဟာရော'ဟူသော **ကတ္တား**ပါဌ်ဖြင့် စတုသမုဋ္ဌာနိကသြဇာပစ္စည်း တရားကို ပြတော်မူ၏။

'ဣမဿ ကာယဿ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် ကလာပ်တို့ သြဇာကြဉ်သော ကလာပ်တို့ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အာဟာရပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် ရုပ်အာဟာရသတ္တိဖြင့်သာ ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

နာမ်အာဟာရ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
အရူပိနော အာဟာရာ	သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ.၁၂) ကြီး၊ လတ် မိ,ကံ, ဟာ,ကံ့
ဖဿ၊ စေတနာ၊ ဝိညာဏ် နာမ်အာဟာရ ၃-ပါး	စိတ် ၈၉၊ စေတသိက် ၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	

'အရူပိနော အာဟာရာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် ဖဿ၊ စေတနာ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် သုံးပါး ပစ္စည်းတရားကို ပြတော်မူ၏။

'သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အာဟာရပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် ယထာရုဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၂)ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အဋ္ဌကထာဖွင့်ဆိုချက်များ

? "ကဗဠီကာရော အာဟာရော"ဟုဟောရာ မည်သည့်ရပ်ကို ကောက်ယူရမည်နည်း။
မည်သည့်အခါ အာဟာရကိစ္စ ပြီးပါသနည်း။

စတုသမုဋ္ဌာနိကဩဇာသည် အာဟာရ မည်ပါသည်။ စတုသမုဋ္ဌာနိကဩဇာသည် အလုတ်အလွေးပြု၍မျိုအပ်သည့် ခဲတွယ်ဘောဇဉ်လျှင် တည်ရာရှိသဖြင့် "ကဗဠီကာရာဟာရ" အရ စတုသမုဋ္ဌာနိကဩဇာကို ကောက်ယူ ရပါသည်။
အလုတ်အလွေးပြုပြီး မျိုမှသာ အာဟာရကိစ္စ ပြီးစေအပ်ပါသည်။

? ရုပ်အာဟာရအတွက် ပဥ္စာဝါရဋ္ဌကရိဏ်းပစ္စည်းနှင့် ပစ္စယနိဒ္ဒေသပစ္စည်းရေ တူပါသလား။ အဘယ်ကြောင့်နည်း။

မတူပါ။ ပစ္စယနိဒ္ဒေသ အတ္ထိ၊ အဝိဂတတွင် ရုပ်အာဟာရကို မဟောသဖြင့်၊ ပဥ္စာဝါရဋ္ဌ အာဟာရ၊ အတ္ထိ၊ အဝိဂတ (၃)ပစ္စည်း ရသော်လည်း၊ ပစ္စယနိဒ္ဒေသဋ္ဌ အာဟာရ (၁)ပစ္စည်းသာ ရပါသည်။

? (က) အာဟာရ ဆိုရာတွင် မည်သည်ကို အာဟာရဟု ခေါ်သနည်း။
(ခ) "ကဗဠီကာရော အာဟာရော"၏ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကို ပြည့်စုံစွာ ကောက်ပြပါ။

(က) အာဟာရဆိုရာတွင် စတုသမုဋ္ဌာနိကဩဇာသည် အာဟာရ မည်ပါသည်။
စတုသမုဋ္ဌာနိကဩဇာသည် အလုတ်အလွေးပြု၍ မျိုအပ်သည့် ခဲတွယ်ဘောဇဉ်သည် တည်ရာဖြစ်သဖြင့် "ကဗဠီကာရော အာဟာရော"အရကို စတုသမုဋ္ဌာနိကဩဇာကို ကောက်ယူရပါသည်။ အလုတ်အလွေးပြုပြီးမျိုမှသာ အာဟာရကိစ္စ ပြီးစေအပ်ပါသည်။

(ခ) "ကဗဠီကာရော အာဟာရော"ဟူသော **ကတ္တား**ပါဠိဖြင့် စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားကို ပြတော်မူ၏။

"ဣမဿ ကာယဿ"ဟူသော **သမ္မဒါန်**ပါဠိဖြင့် ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အာဟာရပစ္စယေန"ဟူသော **ကရိဏ်း**ပါဠိဖြင့် ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူး ပြုဟန်ကို ပြတော်မူ၏။

? "အရူပိနော အာဟာရာ သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော"ဟူသော ပါဠိ၏ (က) ကတ္တား၊ (ခ) သမ္မဒါန်၊ (ဂ) ကရိဏ်းတို့ကိုကောက်ပြပြီး တစ်ပြိုင်နက်ပစ္စည်း၊ ယထာရဟပစ္စည်းများကို ဖော်ပြပါ။

"အရူပိနော အာဟာရာ"ဟူသော **ကတ္တား**ပါဠိဖြင့် ဖဿ၊ စေတနာ၊ ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် (၃)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

"သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော **သမ္မဒါန်**ပါဠိဖြင့် စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အာဟာရပစ္စယေနပစ္စယော"ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်၊ ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂) ပစ္စယသတ္တိ တို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

? အရူပိနော အာဟာရာ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံအာဟာရ ပစ္စယေန ပစ္စယောဟူသော နိဒဿနာကာရပါဠိဒ္ဝိ (က) ကတ္တား၊သမ္မဒါန်၊ကရိဏ်းတို့ကို ကောက်ပြ၍ (ခ) တစ်ပြိုင်နက်ပစ္စည်းများ ယထာရဟပစ္စည်းများနှင့် ယထာရဟဖြစ်ပုံကိုရှင်းလင်းရေးသားပြပါ။

? ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော ဟူသော နိဒဿနာကာရပါဠိ၏ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကို ကောက်ပြ၍ ရုပ်အာဟာရပစ္စည်းသည်မည်သည့်ရုပ်တို့အား မည်သည့်သတ္တိဖြင့် ကျေးဇူးပြုသနည်း။

? (က) ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခါကို ပစ္စည်းရေနှင့်တကွ ရေးပြ၍၊
(တစ်နည်းကားကောက်ပုံအရ) စက္ခုဒသကကလာပ်အတွက် ကောက်ပြခဲ့ပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၁၆။ ကွန်ဒိုယပစ္စည်း

ကွန်ဒိုယ = ပစ္စယုပ္ပန်တရားတို့ကို မိမိသို့အစဉ်လိုက်စေခြင်းဟုဆိုအပ်သော အစိုးရသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

စစ်သူကြီးသည် စစ်တပ်ကိုအစိုးရသကဲ့သို့၊ ဆိုင်ရာ ရုပ်,နာမ်တို့အား အစိုးရသော ရုပ်ကွန်ဒြေ၊ နာမ်ကွန်ဒြေတို့သည် ကွန်ဒိုယပစ္စည်း မည်၏။

ကွန်ဒိုယပစ္စည်းမှာ-
(၁) ဝတ္ထုပုရေဇာတိဒ္ဒိုယပစ္စည်း၊ (၂) ရူပဓိဝိတိဒ္ဒိုယပစ္စည်း၊ (၃) သဟဇာတ်ဒ္ဒိုယပစ္စည်း ဟူ၍ ၃ မျိုး ရှိပါသည်။

ဝတ္ထုပုရေဇာတိဒ္ဒိုယ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
မဒ္ဓိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋိန္ဒြေ	ဒွေပဉ္စဝိညာဏ် ၁၀	ပြိုင်. ၆ - နိ, ပု, ဣ, ဝိပ်, အတ်, အဝိ

ဝတ္ထုပုရေဇာတိဒ္ဒိုယပစ္စည်း၏ သုဒ္ဓသင်္ခါဝါရဋ္ဌ - ဒွေပဉ္စဝိညာဉ် တစ်ဆယ်အား တပ်သော မဒ္ဓိမာယုကဖြစ်၍ အတိတဘဝင်နှင့်ဥပါဒ်ပြိုင်သော ပဋိန္ဒြေ။ ဤတရားတို့သည် ဝတ္ထုပုရေဇာတိဒ္ဒိုယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၆) ဟူသည်တည်း။ ပစ္စည်းရေ (၆)ဟူသည်ကား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြေယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ရူပဓိဝိတိဒ္ဒိုယ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
ရုပ်ဓိဝိတိန္ဒြေ၊	ရုပ်ဓိဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်(၉)ခု၊	(၁) ရုပ်ဓိဝိတိန္ဒြေ

ရူပဓိဝိတိဒ္ဒိုယပစ္စည်း၏ သုဒ္ဓသင်္ခါဝါရဋ္ဌ - ရုပ်ဓိဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်(၉)ခုအားတပ်သော ရုပ်ဓိဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဓိဝိတိဒ္ဒိုယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၁)ဟူသည်တည်း။
ပစ္စည်းရေ (၁)ဟူသည်ကား ရုပ်ဓိဝိတိန္ဒြေ ဟူသည်တည်း။

—

သဟဇာတိဩဇဋ္ဌိယ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ဓိဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဒါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူဆိုအပ်သော နာမ်ကွန်ဒြေတရားကိုယ် (၈) ပါး	စိတ် ၈၉၊ စေ ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယ.၁၄) ကြီး၊ လတ် ဟေ,ဓိ,ဟာ, ဈာ,မဂ်

သဟဇာတိဩဇဋ္ဌိယပစ္စည်း၏ သုဒ္ဓသင်္ခေပဝါရဋ္ဌ – သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဓိဝိတ စိတ် ဝေဒနာ သဒ္ဒါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟူဆိုအပ်သော နာမ်ကွန်ဒြေတရားကိုယ် (၈)ပါး၊ ဤတရားတို့သည် သဟဇာတိဩဇဋ္ဌိယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၁၄)ဟူသည်တည်း။ ပစ္စည်းရေ (၁၄)ဟူသည်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြေယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ– ဟူသည်တည်း။

ဣန္ဒြေယပစ္စည်းအရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
စက္ခုန္ဒြေယ် ။(ပ)။	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မမ္မာနံ	(ပြိုင်. ၆) နိ, ပု, ဣ, ဝိပ်, အတ်, အဝိ
မဒ္ဒိမာယုကဖြစ်၍အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ၊ မရဏာသန္နအခါစုတိစိတ်မှပြန်၍ ရသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော စက္ခုန္ဒြေ	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တ-သာမာရဏဓာစေ ၇ ခု၊	
(သော, ဃာ, ဇိ, ကာယတန် တို့ကို နည်းမှီ၍ သိနိုင်ပါသည်။)		
ရူပဇီဝိတိန္ဒြေယ်	**ကဋတ္တာရူပါနံ**	**ရူပ်ဇီဝိတိန္ဒြေယသတ္တိ**
ရုပ်ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခု	
အရူပီနော ဣန္ဒြေယာ	**သမ္ပယုတ္တကာနံ စမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	(ပြိုင်.ယ.၁၄) ကြီး၊ လတ် ဟေ,ဓိ,ဟာ, ဣ,ဈာ,မဂ်
ဓိဝိတ စိတ် ဝေဒနာ သဒ္ဒါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟူဆိုအပ်သောနာမ်ကွန်ဒြေတရားကိုယ် ၈ ပါး	စိတ် ၈၉၊ စေ ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	

'စက္ခုန္ဒြိယံ'ဟူသော **ကတ္တား**ပါဌ်ဖြင့် မန္ဒိုမာယုကဖြစ်၍ အတိတကဝင်နှင့် ဥပါဒ်ပြုဝင်သော စက္ခုန္ဒြေ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုန္ဒြေ ပစ္စည်းတရားကို ပြတော်မူ၏။

'စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် စက္ခုဝိညဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဣန္ဒြိယပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော နိုသယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ– ဤ (၆)ပစ္စယသတ္တိတို့တွင် ဝတ္ထုပုရေဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(သောတိန္ဒြိယံစသည် ဆိုင်ရာတို့.ကို နည်းမှီ၍ သိနိုင်ပါသည်။)

'ရူပဇီဝိတိန္ဒြိယံ'ဟူသော **ကတ္တား**ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားကို ပြတော်မူ၏။

'ကဋတ္တာရူပါနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဣန္ဒြိယပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

'အရူပီနော ဣန္ဒြိယာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး ပစ္စည်းတရားကို ပြတော်မူ၏။

'သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဣန္ဒြိယပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိသယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ – ဤ (၁၄)ပစ္စယသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အဋ္ဌကထာဖွင့်ဆိုချက်များ

ဝတ္ထုပုရေဏတိန္ဒြိယ

ဝတ္ထုရုပ် (၅)ပါး ရှေ့ကဖြစ်နှင့်ပြီး ပစ္စယုပ္ပန် ဝိညာဏဓာတ် (၅)ပါးကို ဥပါဒ်မှ ဘင်တိုင်အောင် ကွန်ဒြိယသတ်တိုဖြင့် ကျေးဇူးပြုသည်ဟုဆိုရာတွင် "ဘင်တိုင်အောင်"အရ ဘင်ကိုမယူဘဲ **ဌီ**'ကိုသာ ယူရပါသည်။ ဘင်ခဏ၌ ပစ္စယုပ္ပန်တရားများတို့ ချုပ်နေသဖြင့် ကျေးဇူးမပြုနိုင်ပါ။

ရူပဇီဝိတိန္ဒြိယ

ကရိဏ်းပစ္စည်းရေ (၃)ဟု အရကောက်ကျမ်း၌ ပြထားသော်လည်း ပစ္စယနိဒ္ဒေသ၌ အတ္ထိ၊ အဝိဂတသည် ရုပ်ဇီဝိတိန္ဒြေကို မဟောသဖြင့် ကွန်ဒြိယ (၁)ပစ္စည်းသာ ရပါသည်။

(တစ်နည်းကားကောက်ပုံ– ကမ္မဇကလာပ် ၉ စည်းတို့တွင် ဇီဝိတနဝကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တို့ကမ္မဇရုပ် ၈ ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ..စသည်)

သဟဇာတိန္ဒြိယ

နာမ်ကွန်ဒြေတရားကိုယ် (၈)ပါး ပစ္စည်းတရားတွင် နာမ်ဇီဝိတိန္ဒြေပါဝင်၍ ဘာဝိန္ဒြေ (၂)ပါးကို မဟောပါ။

(ကလလရေကြည်ဟုဆိုအပ်သော ပဋိသန္ဓေတည်စဉ် ကွတ်ထိလိင်စသည် မထင်ရှား၍ မဟောပါ။)

? အောက်ပါတို့၏ ကတ္တားပါဌ်၊ ကရိဏ်းကောက်များကို မှန်ကန်စွာကောက်ပြခဲ့ပါ။

– အရူပိနော ကွန်ဒြိယာ ---။

ကွန်ဒြိယပစ္စည်း (ဝတ္ထုပုရေဏတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ, သဟဇာတိန္ဒြိယ)

- ပသာဒရုပ် ၅ ပါး၊ပစ္စည်းတရားတို့သည်၊ ဒွေပဉ္စဝိညာဏ်စိတ် ၁၀ ပါး, သဗ္ဗစိတ္တစေတသိက် ၇ ပါး၊ ပစ္စယုပ္ပန်တရားတို့အား **ဝတ္ထုပုရေဏတိန္ဒြိယ**ပစ္စယသတ်တိုဖြင့် ကျေးဇူးပြုပါသည်။
- ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့သည်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ်၊ ပစ္စယုပ္ပန်တရားတို့အား **ရူပဇီဝိတိန္ဒြိယ**ပစ္စယသတ်တိုဖြင့် ကျေးဇူးပြုပါသည်။
- နာမ်ကွန်ဒြေတရားကိုယ် ၈ ပါး ပစ္စည်းတရားတို့သည်၊ တကွဖြစ်သော စိတ်,စေ,ရုပ်၊ ပစ္စယုပ္ပန်တရားတို့အား **သဟဇာတိန္ဒြိယ**ပစ္စယသတ်တိုဖြင့် ကျေးဇူးပြုပါသည်။

၁၇။ စျာနုပစ္စည်း

စျာန = အာရုံကို ကပ်၍ရှုခြင်း၊ စူးစူးစိုက်စိုက်ရှုခြင်းသဘောအားဖြင့် ကျေးဇူးပြုတတ်သောတရား။

မုဆိုးသည် မိမိပစ်လိုသော သားကောင်ကို စူးစူးစိုက်စိုက်ချိန်ရွယ်ပစ်မှ ထိမှန်သကဲ့သို့ ကသိုဏ်းစသောအာရုံ၊ တေဘူမက ရုပ်,နာမ်သင်္ခါရအာရုံတို့သို့ ကပ်၍ကြံစည်တတ်ကုန်သော ဝိတက်စသောတရားတို့သည် စျာနပစ္စည်းမည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူဆိုအပ်သော စျာနင်္တရားကိုယ် ၅ ပါး	ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ် စိတ် ၇၉ ခု၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊	(ပြုင်.ယ. ၁၁) လတ်+ကြီး ကွ, စျာ, မဂ်

ပစ္စည်း = ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူဆိုအပ်သော စျာနင်္တရားကိုယ် ၅ ပါး

ပစ္စယုပ္ပန် = ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ် စိတ် ၇၉ ခု၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊

စျာနပစ္စည်း၏သုဒ္ဓသင်္ခ်ာဝါရ၌ - သမ္မယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟူဆိုအပ်သော စျာနင်္တရားကိုယ် ငါးပါး၊ ဤတရားတို့သည် စျာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၁၁)ဟူသည်တည်း။ ပစ္စည်းရေ (၁၁)ဟူသည်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ကွန်ဒြိယ၊ စျာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဟူသည်တည်း။

စျာနပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
စျာနဂ်ါနိ	**စျာနသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	(ပြုင်.ယ. ၁၁)
ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူဆိုအပ်သော စျာနင်္တရားကိုယ် ၅ ပါး	ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ် စိတ် ၇၉ ခု၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊	လတ်+ကြီး ကွ, စျာ, မဂ်

ဦးတင်ဝင်း (ဒိုက်ဦး-သံးခွ)

'စျာနဂါနိ' ဟူသော **ကတ္တား**ပါဠိဖြင့် ဝိကက် ဝိစာရ ပီတိ ဒေနာ ဧကဂ္ဂတာ ဟုဆိုအပ်သော စျာနင်တရားကိုယ် ငါးပါး ပစ္စည်းတရားကို ပြတော်မူ၏။

'စျာနသမ္မယုတ္တကာနံ ဓမ္မာနံ' တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဟူသော **သမ္မဒါန်**ပါဠိဖြင့် ဒွေပဉ္စဝိညာဉ်တစ်ဆယ် ကြဉ်သော စိတ် ၇၉ ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'စျာနုပစ္စယေန' ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်ယထာရဟတပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ စျာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ- ဤ (၁၁)ပစ္စယသတ္တိတို့တွင် စျာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

အဌကထာဖွင့်ဆိုချက်များ

? အဟိတ်စိတ်များ၌ စျာနင်ရအပ်၊ မရအပ် အဌကထာနှင့် မူလဋ္ဌီကာဆရာတို့ မည်သို့ ဖွင့်ဆိုကြသနည်း။ လိုရင်းမျှဖော်ပြပါ။

အဌကထာက >>> ဒွေပဉ္စဝိညာဏ် တစ်ဆယ်သည် ရူပါရုံစသည်၌ ရှေးရှုကျကာမျှ ဖြစ်၍ ကသိုဏ်းစသည့် အာရုံကိုကပ်၍ရှုခြင်း၊ ကြံခြင်းကဲ့သို့ ဝိတက်၊ ဝိစာရ မရှိသဖြင့် စျာနင်မထိုက်၊ ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည် စျာနင်မရ၍ ကြွင်းအဟိတ်စိတ်များ၌လည်း စျာနင် မရအပ်ဟု ဆိုပါသည်။

မူလဋ္ဌီကာက >>> ကြွင်းအဟိတ်စိတ် ၈ ခု၌ စျာနင် ရသင့်ပါသည်။ ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍ၌ ဟောသည့်အတိုင်း ပဌာန်း၌လည်း ယူသင့်ပါသည်ဟု ဆိုပါသည်။

စျာနနှင့်မဂ္ဂအထူး

* စျာန်သည် အာရုံ၌မြဲအောင်,ဖြောင့်အောင် ပြုလုပ်သည့်အပြင် အပွနာသို့ရောက်အောင်လည်း ပြုလုပ်ပါသည်။
* မဂ်သည် သံသရာခရီးလမ်းမှာ စေတနာကံကိုငင်း၊ သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ခရီးမှာ ဘာဝနာကံကိုငင်း၊ ဖြောင့်အောင်,ခိုင်မြဲအောင် ပြုလုပ်ပါသည်။ ကမ္မပထ မြောက်အောင် ကြီးပွားစည်ပင်အောင် ဘုံအထူးသို့ရောက်အောင်လည်း ပြုလုပ်ပါသည်။ ဤသို့ထူးကြပါသည်။

၁၈။ မဂ္ဂပစ္ခဉ်း

မဂ္ဂ = အမှန်နှင့်အမှား တစ်ပါးပါးအားဖြင့် ထွက်မြောက်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

လော၊ သင်္ဘောတို့သည် စီးနင်းလိုက်ပါသူတို့အား တစ်ဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်တတ်သကဲ့သို့ သုဂတိဘဝမှလည်းကောင်း၊ ကောင်းမှုမှလည်းကောင်း၊ ဒုဂ္ဂတိ ဘဝမှလည်းကောင်း၊ မကောင်းမှုမှလည်းကောင်း၊ ထွက်မြောက်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ကုသိုလ်မဂ္ဂင်၊ အကုသိုလ်မဂ္ဂင်တို့သည် မဂ္ဂပစ္ခဉ်းမည်၏။

ပစ္ခဉ်း(ကတ္တား)	ပစ္ခယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိဏ်း)
ပညာ၊ ဝီတက်၊ ဝိရတိ ၃၊ ဒီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး၊	သမ္မယုတ္တန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယ. ၁၃) လတ်+ကြီး ဟေ,ဓိ, ဣ,စ္ဆာ,မဂ်

ပစ္ခဉ်း = ပညာ၊ ဝီတက်၊ ဝိရတိ ၃၊ ဒီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင် တရားကိုယ်(၉)ပါး၊

ပစ္ခယုပ္ပန် = သဟိတ်စိတ် ၇၁ ခု၊ စေတသိက် ၅၂၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊

မဂ္ဂပစ္ခဉ်း၏ သုဒ္ဓသင်္ခါဝါရဥ် - သမ္မယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်-ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော 'ပညာ ဝီတက် ဝိရတိ ၃-ခု ဒီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ'ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး။ ဤတရားတို့သည် မဂ္ဂပစ္ခဉ်းတပ်သော တရားတို့ မည်ကုန်၏။ ပစ္ခဉ်းရေ (၁၃)ဟူသည်တည်း။ ပစ္ခဉ်းရေ (၁၃) ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြေယ၊ စ္ဆာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဟူသည်တည်း။

မဂ္ဂပစ္ခဉ်းအရကောက်

ပစ္ခဉ်း(ကတ္တား)	ပစ္ခယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိဏ်း)
မဂ္ဂင်္ဂါနိ	မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ. ၁၃)
ပညာ၊ ဝီတက်၊ ဝိရတိ ၃၊ ဒီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး၊	သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	လတ်+ကြီး ဟေ,ဓိ, ဣ,စ္ဆာ,မဂ်

'မဂ္ဂင်္ဂါနိ' ဟူသော **ကတ္တား**ပါဠိဖြင့် ပညာ ဝိကက် ဝိရတီ ၃-ခု ဒီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ ဟူဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

'မဂ္ဂသမ္မယုတ္တကာနံ မမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဟူသော **သမ္မဒါန်**ပါဠိဖြင့် သဟိတ်စိတ် ဧကသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဧရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဧရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'မဂ္ဂပစ္စယေန' ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်ယထာရဟတပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ကွန်ဒြိယ၊ စျာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ – ဤ (၁၃)ပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိဟူဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အဋ္ဌကထာဖွင့်ဆိုချက်များ

မဂ္ဂ = လမ်းဟု အဓိပ္ပာယ်ရသည်။ လမ်းဆိုရာ၌ ဒုဂ္ဂတိခေါ်သောအပါယ်လေးပါးဘုံသို့ ရောက်စေနိုင်သောလမ်းဖြစ်သကဲ့သို့ နိဗ္ဗာန်သို့လည်း ရောက်စေတတ်သောလမ်း ဖြစ်နိုင်ပါသည်။

* မဂ္ဂပစ္စည်းသည် ဟေတုပစ္စည်း၏နောက်လိုက်ဖြစ်၍–
အဟိတ်စိတ်များသည် မဂ္ဂင်မထိုက်၊ မဂ္ဂပစ္စည်း မဟုတ်ပါ။

* **အဋ္ဌကထာက** သဟိတ်စိတ်များရှိ သမ္မာမဂ္ဂင် ရှစ်ပါးနှင့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ ပေါင်း မဂ္ဂင်(၁၂)ပါးဟု ပြဆိုသည်။ **မူလဋ္ဌီကာကမူ** မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတို့၏ တရားကိုယ်များသည် အကုသိုလ် စေတနာဖြစ်သဖြင့် မဂ္ဂင်မထိုက် ဆိုပါသည်။

? မဂ္ဂပစ္စည်း၏ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းပါဠိတို့ကို ကောက်ပြပြီး၊ တစ်ပြိုင်နက်ပစ္စည်း၊ ယထာရဟပစ္စည်းများကို ဖော်ပြပါ။

တစ်ပြိုင်နက်ပစ္စည်းများမှာ – သဟဇာတ၊ နိဿယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဖြစ်ပြီး၊
ယထာရဟပစ္စည်းများမှာ – ဟေတု၊ အဓိပတိ၊ အညမည၊ ဝိပါက၊ ကွန်ဒြိယ၊ စျာန၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ တို့ဖြစ်ပါသည်။

? မဂ္ဂပစ္စည်း၏ မဂ္ဂင်တရားကိုယ်ကို ဖော်ပြပါ။

မဂ္ဂပစ္စည်း၏ မဂ္ဂင်တရားကိုယ်များမှာ – ပညာ၊ ဝိတက်၊ ဝိရတီ –၃၊ ဒီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟူဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး ဖြစ်ပါသည်။

၁၉။ သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တ = ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာတို့ဖြင့် ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

ပျားရည်၊ ထောပတ်၊ သကာ၊ ဆီဟူသော စတုမဓူ(အချိုလေးမျိုး)သည် အချင်းချင်း ခွဲခြားမရအောင် ပေါင်းစပ်ယှဉ်တွဲနေသကဲ့သို့ ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာ တို့ဖြင့် ယှဉ်တွဲလျက် အပြန်အလှန်ကျေးဇူးပြုနေသော နာမ်ခန္ဓာ လေးပါးတို့သည် သမ္ပယုတ္တပစ္စည်းမည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
အလုံးစုံသော ပဝတ္ထိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊	အချင်းချင်း	(ပြိုင်.ယ. ၇) ကြီး ၄+ ည,ဝိ,သံ

ပစ္စည်း = အလုံးစုံသော ပဝတ္ထိ–ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊
ပစ္စယုပ္ပန် = အလုံးစုံသော ပဝတ္ထိ--ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊
သမ္ပယုတ္တပစ္စည်း၏ သဒ္ဒသင်္ခေါဝါရဏ် – အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္ထိ–ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ ပစ္စည်းရေ (၆)ဟူသည်တည်း။ ပစ္စည်းရေ (၆)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ **ဝိပါက**၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။ (ပစ္စည်းရေ (၆)က တစ်ပြိုင်နက်ဖြစ်ပါတယ်။)

သမ္ပယုတ္တပစ္စည်းအရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
စတ္တာရော ခန္ဓာ အရူပိနော	အညမညံ	(ပြိုင်,ယထာ) ၇ ကြီး ၄ ည၊ ဝိ၊ သံ၊
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ	
သုံးပါးသုံးပါးသော နာမက္ခန္ဓာ	တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ	
နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	

'စတ္တာရော ခန္ဓာ အရူပိနော'ဟူသော **ကတ္တား**ပါဠိဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ အားတပ်သော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္ဗဒါန်**ပါဠိဖြင့် သုံးပါးသုံးပါးသော နာမကွဲန္ဓာ၊ တစ်ပါးတစ်ပါးသော နာမကွဲန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမကွဲန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'သမ္မယုတ္တပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်ယထာရဟတပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္မယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၇)ပစ္စယသတ္တိတို့တွင် သမ္မယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြု ဟန်ကို ပြတော်မူ၏။

၂၀။ ဝိပွယုတ္တပစ္စည်း

ဝိပွယုတ္တ = သမ္မယောဂလက္ခဏာအားဖြင့် မယှဉ်သောကြောင့် မနှီးနှောသောအားဖြင့် ထူးခြားစွာကျေးဇူးပြုတတ်သောတရား၊

'ချို့၊ ချဉ်၊ စပ်၊ ဖန်၊ ငံ၊ ခါး'ဟူသော အရသာ (၆)ပါးသည် အတူတကွ ပေါင်းစပ်တည်နေသော်လည်း အရသာချင်း မရောနှောသကဲ့သို့ပင်၊ အတူတကွ ပေါင်းစပ်တည်နေပြီး မရောနှောဘဲ အပြန်အလှန်ကျေးဇူးပြုတတ်သော ရုပ်တရားနှင့်နာမ်တရားတို့သည် ဝိပွယုတ္တပစ္စည်းမည်၏။

ဝိပွယုတ္တပစ္စည်းသည်- (၁) သဟဇာတဝိပွယုတ္တ၊ (၂) ဝတ္ထုပုရေဇာတဝိပွယုတ္တ၊
(၃) ပစ္ဆာဇာတဝိပွယုတ္တ ဟူ၍ သုံးမျိုး ရှိပါသည်။

(၁) သဟဇာတဝိပွယုတ္တ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
ပဋိစ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပိ ၄၊ ဒွေပဋိ ၁၀၊ ရဟန္တာတို့စုတိကြွင်းသော ပဝတ္တိ၊ပဋိသန္ဓေနာမကွဲန္ဓာ(၄)ပါး၊	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	၁။သဟဝိပ်(ပြိုင်.ယ. ၆) ကြီး ၄+ ည၊ ဝိပ် ၂။ပုရေဝိပ်(ပြိုင်.ယ. ၉) အာ၊ ဓိ၊ နံ၊ ဉ၊ ပုံ၊ ဣံ၊ ဝိပ်၊ အတ်၊ အဝိ၊
ပဋိစ္စဝေါကာရ ပဋိသန္ဓေနာမကွဲန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း	၁။သဟဝိပ်(ပြိုင်.ယ. ၆) ကြီး ၄+ ည၊ ဝိပ် ၂။ပစ္ဆာဝိပ် (ပြိုင်.၂) **ပစ်, ဝိပ်**

(၂) **ပစ္ဆာဇာတဝိပွယုတ္တ** = ပစ္ဆာဇာတနှင့်တူ၏။ (နောက်မှဖြစ်၍ ကျေးဇူးပြု၏။)
(၃) **ပုရေဇာတဝိပွယုတ္တ** = ဝတ္ထုပုရေဇာတနှင့်တူ၏။
(ရှေးကလည်းဖြစ်၊ မှီရာလည်းဖြစ်၍ ကျေးဇူးပြု၏။)

(၁) သဟဇာတဝိပ္ပယုတ္တ

ပစ္စည်း = ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်(၄)ခု၊ ဒွေပဋ္ဌဝိညာဏ် ၁၀၊ ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ(၄)ပါး၊

ပစ္စယုပ္ပန် = စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်

ပစ္စည်း = ပဋိသန္ဓေအခါ ဟဒယဝတ္ထု၊

ပစ္စယုပ္ပန် = ပဋိသန္ဓေ နာမက္ခန္ဓာ၊

သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ သဒ္ဒသချိုဝါရ်- စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဋ္ဌဝိညာဏ် ၁၀၊ ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၅)ဟူသည် တည်း။ ပစ္စည်းရေ (၅)ဟူ သော်ကား သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဝိပ္ပယုတ္တပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
သဟဇာတဝိပ္ပယုတ္တ ဖြစ်အံ့ –		
ရူပိနော မဟာ	အရူပိနော ဓမ္မာနံ	(ပြိုင် ၆) ကြီး ၄ + ည, ဝိပ်
ပဋ္ဌဝေါကာရ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ စေတသိက် ပဋ္ဌတိ်သ	
ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ဖြစ်အံ့ –		
ဆဝတ္ထု	အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏမာတ်၊ စေတသိက် ဒွေပညာသ	(ပြိုင်.ယ. ၉) အာ, ဓိ, နီ, ဥ၊ ပု, ကွံ, ဝိပ်, အတ်, အဝိ၊
အရူပိနော ဓမ္မာ	ရူပိနော ဓမ္မာနံ	
သဟဇာတဝိပ္ပယုတ္တ ဖြစ်အံ့		
ပဋ္ဌဝေါဘုံ၌ အရူဝိ ၄၊ ဒွေပဋ္ဌ ၁၀၊ ရဟန္တာတို့စုတိကြဉ် ၇၅၊ ၅၂	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	(ပြိုင် ၆) ကြီး ၄ + ည, ဝိပ်
ပစ္ဆာဇာတဝိပ္ပယုတ္တ ဖြစ်အံ့ –		
ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူဝိ ၄ ကြဉ်သော ပဌမဘဝင် အစရှိသော နောက် ၈၅၊ ၁၂၊	ပဋိသန္ဓေအစ..ရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဦသို့ရောက်သော ဇ၊ ဌိ၊ တိ၊ ဘင်တုံကာယ	(ပြိုင်.၂) **ပစ္ဆာဇာတ, ဝိပ္ပယုတ္တ**

သဟဇာတဝိပွယုတ္တ ဖြစ်ခဲ့ –

'**ရူပီနော ဓမ္မာ**'ဟူသော **ကတ္တား**ပါဌ်ဖြင့် ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပြစ္စည်းတရားကို ပြတော်မူ၏။

'အရူပီနော ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ၊ စေတသိက် ပဋ္ဌတိ်သ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

'ဝိပွယုတ္တာပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၆) ပစ္စယသတ္တိ တို့တွင် သဟဇာတဝိပွယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဝတ္ထုပုရေဇာတဝိပွယုတ္တပစ္စည်းဖြစ်ခဲ့ –

'ရူပီနော ဓမ္မာ'ဟူသော **ကတ္တား**ပါဌ်ဖြင့် ဆဝတ္ထုပြစ္စည်းတရားကို ပြတော်မူ၏။

'အရူပီနော ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏာဓာတ်၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဝိပွယုတ္တာပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက်ယထာရဟတပ်ကောင်းသော အာရုံမဏ္ဍာ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ကမ္မနိ္တ်ယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၉)ပစ္စယသတ္တိတို့တွင် ဝတ္ထုပုရေဇာတဝိပွယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူး ပြုဟန်ကို ပြတော်မူ၏။

သဟဇာတဝိပွယုတ္တဖြစ်ခဲ့ –

'**အရူပီနော ဓမ္မာ**'ဟူသော **ကတ္တား**ပါဌ်ဖြင့် ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဋ္ဌဝိညာဏ် တစ်ဆယ် ရဟန္တာတို့စုတိကြဉ်သော စိတ် ၇၅ ခု၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

'ရူပီနော ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဌ်ဖြင့် စိတ္တရုပ်၊ ပဋ္ဌိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

'ဝိပွယုတ္တာပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက်ယထရဟတပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၆) ပစ္စယသတ္တိတို့တွင် သဟဇာတဝိပွယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္ဆာဇာတဝိပွယုတ္တပစ္စည်းဖြစ်အံ့ –

'အရူပီနော ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် ပဋ္ဌဝေါကာရဘုံဌ် ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော စိတ် ၈၅၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

'ရူပီနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရပ်၏ငဋိသို့ ရောက်သော ဓကဓကာယ၊ ဒွိဓကာယ၊ တိဓကာယ၊ စတုဓကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဝိပွယုတ္တပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော ပစ္ဆာဇာတ၊ ဝိပွယုတ္တ ဤ(၂)ပစ္စယသတ္တိတို့တွင် ပစ္ဆာဇာတဝိပွယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(၂) **ပစ္ဆာဇာတဝိပွယုတ္တ** = ပစ္ဆာဇာတနှင့်တူ၏။
(နောက်မှဖြစ်၍ ကျေးဇူးပြု၏။)

(၃) **ပုရေဇာတဝိပွယုတ္တ** = ဝတ္ထုပုရေဇာတနှင့်တူ၏။
(ရှေးကလည်းဖြစ်၊ မှီရာလည်းဖြစ်၍ ကျေးဇူးပြု၏။)

အဋ္ဌကထာဖွင့်ဆိုချက်များ

? ရူပါရုံစသော ရုပ်တရားတို့က ဝိညာဏဓာတ် နာမ်တရားတို့အား ကျေးဇူးပြုမှုကို ဝိပွယုတ္တပစ္စည်း၌သာ ဟောပါသလား။ ဝတ္ထုရုပ်များက နာမ်တရားတို့အားကျေးဇူးပြုမှုကို ဝိပွယုတ္တပစ္စည်း၌ ဟောပါသလား။ ရှင်းပြပါ။

ရူပါရုံစသော အာရုံရုပ်တရားများက ဆိုင်ရာအာရမ္မဏိက နာမ်တရားတို့ကို ကျေးဇူးပြုမှုသည် ဓကန်ဝိပွယုတ္တဖြစ်သဖြင့် သမ္ပယုတ္တများဖြစ်မလားဟု ယုံမှားစရာ မရှိသောကြောင့် ဝိပွယုတ္တပစ္စည်း၌ မဟောပါ။

နာမကွန္ဓာလေးပါးဖြစ်သော နာမ်တရားများသည် စကွဒ္ဓသောရုပ်များ၏အတွင်းမှ ထွက်လာသကဲ့သို့ဖြစ်၍ ဝတ္ထုရုပ် (၆)ပါးနှင့် နာမကွန္ဓာတရားများသည် သမ္ပယုတ္တ ဖြစ်မလားဟု ယုံမှားဖွယ်ရှိ၍ ဝတ္ထုပုရေဇာတဝိပွယုတ္တကို ဟောရပါသည်။
(စင်စစ်အမှန်မှာ ဟဒယဝတ္ထုသည်သာ ဝိပွယုတ္တပစ္စည်းဖြစ်ကြောင်း "ဝတ္ထု ကုသလာနံ ခန္ဓာနံ ဝိပွယုတ္တပစ္စယေန ပစ္စယော"စသည်ဖြင့် ပဋ္ဌာဝါရကိုကိုးကားလျက် အဋ္ဌကထာဆရာက မိန့်ဆိုပါသည်။)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

? နိဗ္ဗာန်သည် နာမ်ဟုရောက်ဖြစ်၍ "အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ"အရ ရုပ်တရားတို့ကို ဝိပွယုတ္တာသတ်တိဖြင့် ကျေးဇူးပြုပါသလော။

နိဗ္ဗာန်သည် ရုပ်တို့ကို ဝိပွယုတ္တာသတ်တိဖြင့် ကျေးဇူးမပြုပါ။ ဓာတုကထာ၌ - သမွယုတ်(၄)ပါး၊ ဝိပွယုတ်(၄)ပါး၊ 'စတုဟိ သမွယောဂေါ၊' 'စတုဟိ ဝိပွယောဂေါ'ဟု ဟောရာ နာမ်ခန္ဓာလေးပါး အချင်းချင်း သမွယုတ်။

နာမ်နှင့်ရုပ်, နာမ်နှင့်နိဗ္ဗာန်တို့သည် ဝိပွယုတ်။

ရုပ်နှင့် နိဗ္ဗာန်ကို့သည် သမွယုတ်၊ ဝိပွယုတ် မဟုတ်ဟု ဟောပါသည်။

? သဟဇာတဝိပွယုတ္တာ သုဒ္ဓသင်္ခါရ(၂)ချက်ရှိသော်လည်း အဘယ်ကြောင့် "အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ"အရကောက်ရာ၌ တစ်ချက်သာကောက်ရပါသနည်း။

"အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ"အရ နာမ်ကရုပ်ကို ကျေးဇူးပြုခြင်းဖြစ်ရာ သဟဇာတဝိပွယုတ္တာ သုဒ္ဓသင်္ခါရဒုတိယအချက်ဖြစ်သော ပဋိဝေါကာရပဋိသန္ဓေနာမက္ခန္ဓာက ဟဒယဝတ္ထုကို ကျေးဇူးပြုမှုသည့် ပထမအချက်ဖြစ်သော ပဋိဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် ၄ ခု၊ ဒွေပဋိဝိညာဏ် ၁၀၊ ရဟန္တာတို့စုတိကြဉ်သော အဖလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာ(၄)ပါးက စိတ္တရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား ကျေးဇူးပြုမှု၌ အပါအဝင်ဖြစ်သဖြင့် ဒုတိယအချက်အား မကောက်ဘဲ ပထမအချက်ကိုသာ ကောက်ယူခြင်း ဖြစ်ပါသည်။

? သဟဇာတဝိပွယုတ္တပစ္စည်း၏ "ရူပိနော ဓမ္မာ"ဟူသော ကတ္တားပါဠိနှင့် ကရိဏ်းပါဠိ၊ ပစ္ဆာဇာတဝိပွယုတ္တပစ္စည်း၏ "အရူပိနော ဓမ္မာ"ဟူသော ကတ္တားပါဠိနှင့် ကရိဏ်းပါဠိတို့ကို ကောက်ပြပါ။

? ဝိပွယုတ္တပစ္စည်း 'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ'အရ ဝိပွယုတ္တပစ္စည်းသုံးမျိုးအနက် မဟောသော ဝိပွယုတ္တပစ္စည်း၊ ဟောသောဝိပွယုတ္တာများကိုဖော်ပြ၍ နောက်ဆုံးတစ်ခုကိုသာ ကတ္တား၊ သမွဒါန်၊ ကရိဏ်းကောက်ပြခဲ့ပါ။

(မှတ်ရန်)

* ကရိဏ်းကောက်ရာ၌ သဟကြိုး ၄ ရမှုမှာ-- ဝိပွယုတ္တ သုဒ္ဓသင်္ခါရ(၂)ချက်အနက် ပထမအချက်အရ စိတ္တဇရုပ်အတွက်သာရသည်။ ပဋိသန္ဓေကမ္မဇရုပ်အတွက် မရပါ။ သဟကြိုး၌ 'စိတ္တဇေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ'ဟူ၍ ဟောမှုအတွက် ဖြစ်ပါသည်။ 'သြက္ကန္တိက္ခဏေ နာမရူပံ' ဟောမှုအတွက် သဟဝိပ်သုဒ္ဓသင်္ခါရ ဒု-အချက် ဟဒယဝတ္ထုသာ ရ၏။ ပဋိသန္ဓေကမ္မဇရုပ်အာလုံး မရ။

* ဝိပါကပစ္စည်း- ပစ္စယနိဒ္ဒေသ၌ နာမ်အချင်းချင်းသာဟောသဖြင့်၊ နာမ်နှင့်ရုပ်ကျေးဇူးပြုသော ဝိပွယုတ္တပစ္စည်းနှင့် မဆိုင်။ အရကောက်ကျမ်း၌ ပဉ္စဝါရအတိုင်း ထည့်ထားခြင်းဖြစ်သည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၂၁။ အတ္ထိပစ္စည်း

အတ္ထိ = ထင်ရှားရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဟိမဝန္တာတောင်ကြီးသည် ထင်ရှားရှိနေပြီး တော, တောင်, ရေ, မြေ, သမုဒ္ဒရာတို့အား ကျေးဇူးပြုသကဲ့သို့ မိမိထင်ရှားရှိနေဆဲဌိပင် ထင်ရှားရှိနေဆဲသော ပစ္စယုပ္ပန်တရား တို့ကို ထောက်ပံ့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ရုပ်တရား၊ နာမ်တရားတို့သည် အတ္ထိပစ္စည်း မည်၏။

ပဋ္ဌာဝါရ၌ အတ္ထိ(၉)မျိုးဟောသော်လည်း ပစ္စယနိဒ္ဒေသ၌ မကျဉ်းမကျယ်ဟောသော **သာဝဒေသဒေသနာ** ဖြစ်သဖြင့် သုံးမျိုးသာ ဖြစ်ပါသည်။

(သာဝသေသ = အကြွင်းရှိသည်။)

ဌင်းတို့မှာ - **သဟဇာတတ္ထိ** = (သဟဇာတအတိုင်း၊)

ဝတ္ထုပုရေဇာတတ္ထိ = (ဝတ္ထုပုရေဇာတနိဿယအတိုင်း၊)

အာရမ္မဏပုရေဇာတတ္ထိ = (အာရမ္မဏပုရေဇာတအတိုင်း၊)

အညမညနှင့်စပ်၍ အတ္ထိပစ္စည်း ဟောမှု (၂)မျိုး

အတ္ထိပစ္စည်းတွင် အညမညနှင့် နအညမညဟု နှစ်မျိုးသာ ဟောပါသည်။

အညမညအတ္ထိ-

စတ္တာရော ခန္ဓာ အရူပိနော = နာမ်အချင်းချင်း ကျေးဇူးပြုပါသည်။

စတ္တာရော မဟာဘူတာ = မဟာဘုတ်(၄)ပါး ရုပ်အချင်းချင်း ကျေးဇူးပြုပါသည်။

သြက္ကန္တိက္ခဏေ နာမရူပံ = ရုပ်၊ နာမ် အချင်းချင်း ကျေးဇူးပြုပါသည်။

နအညမညအတ္ထိ-

စိတ္တစေတသိကာ ဓမ္မာ .. ရူပါနံ = နာမ်ကရုပ် ကျေးဇူးပြုပါသည်။ (ပဋ္ဌဝေါဘုံ)

မဟာဘူတာ ဥပါဒါရူပါနံ = ရုပ်ကရုပ် အချင်းချင်း ကျေးဇူးပြုပါသည်။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ = ရုပ်က နာမ် ကျေးဇူးပြုပါသည်။

(တနည်း) အတ္ထိပစ္စည်းသည် အကျဉ်းအားဖြင့် ခဏသုံးပါးသို့ရောက်သည့် နာမ်,ရုပ် တရား ဖြစ်ပါသည်။ ဖြစ်ဆဲ ခန္ဓာငါးပါး ဟုလည်း ဆိုနိုင်ပါသည်။

အတ္ထိပစ္စည်းအရကောက် သဟဇာတတ္ထိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
စတ္တာရော ခန္ဓာ အရူပိနော	**အညမညံ**	(ပြိုင်,ယထာ) ၇ ကြီး ၄ ည၊ ဝိ၊ သံ၊
တစ်ပါး၊တစ်ပါး၊သော နာမက္ခန္ဓာ သုံး၊ပါး၊သုံး၊ပါး၊သော နာမက္ခန္ဓာ နှစ်ပါး၊နှစ်ပါး၊သော နာမက္ခန္ဓာ	သုံး၊ပါး၊သုံး၊ပါး၊သော နာမက္ခန္ဓာ တစ်ပါး၊တစ်ပါး၊သော နာမက္ခန္ဓာ နှစ်ပါး၊နှစ်ပါး၊သော နာမက္ခန္ဓာ	
စတ္တာရော မဟာဘူတာ	**အညမညံ**	(ပြိုင်) ၅ ကြီး ၄၊ ည၊
တစ်ပါး၊တစ်ပါး၊သော မဟာဘုတ် သုံး၊ပါး၊သုံး၊ပါး၊သော မဟာဘုတ် နှစ်ပါး၊နှစ်ပါး၊သော မဟာဘုတ်	သုံး၊ပါး၊သုံး၊ပါး၊သော မဟာဘုတ် တစ်ပါး၊တစ်ပါး၊သော မဟာဘုတ် နှစ်ပါး၊နှစ်ပါး၊သော မဟာဘုတ်	
သြက္ကန္တိက္ခဏော နာမရုပ်	**အညမညံ**	(ပြိုင်) ၆ ကြီး ၄၊ ည၊ ဝိပ်
ပဋ္ဌဝေါကာရ- ပဋိသန္ဓေနာမက္ခန္ဓာ၊ဟဒယဝတ္ထု၊	ပဋ္ဌဝေါကာရ- ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	
စိတ္တာစေတသိကာ ဓမ္မာ	**စိတ္တာသမုဋ္ဌာနာနံ ရူပါနံ**	(ပြိုင်) ၅ ကြီး ၄၊ ဝိပ်၊
ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိ ၄ ၊ ဒွေပဋ္ဌ ၁၀၊ ရဟန္တာစုတိကြဉ်စိတ် ၇၅၊ စေ ၅၂	စိတ္တဇရုပ်	
မဟာဘူတာ	**ဥပါဒါ ရူပါနံ**	(ပြိုင်) ၄ ကြီး ၄
မဟာဘုတ် ၄ ပါး	ဥပါဒါရုပ် ၂၄ ပါး	

၁။ 'စတ္တာရော ခန္ဓာ အရူပိနော'ဟူသော **ကတ္တား**ပါဠိဖြင့် သုံးပါး၊သုံးပါး၊သော နာမက္ခန္ဓာ အားတပ်သော တစ်ပါး၊တစ်ပါး၊သော နာမက္ခန္ဓာ။ တစ်ပါး၊တစ်ပါး၊သော နာမက္ခန္ဓာအား တပ်သော သုံးပါး၊သုံးပါး၊သောနာမက္ခန္ဓာ။ နှစ်ပါး၊နှစ်ပါး၊သောနာမက္ခန္ဓာအား တပ်သော နှစ်ပါး၊နှစ်ပါး၊သော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် သုံးပါး၊သုံးပါး၊သောနာမက္ခန္ဓာ၊ တစ်ပါး၊တစ်ပါး၊သော နာမက္ခန္ဓာ၊ နှစ်ပါး၊နှစ်ပါး၊သော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၇) ပစ္စယသတ္တိတို့တွင် **သဟဇာတတ္ထိသတ္တိ**ဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၂။ 'စတ္တာရော မဟာဘူတာ'ဟူသော **ကတ္တား**ပါဠ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ် အားတပ်သော တစ်ပါးတစ်ပါးသော မဟာဘုတ်။ တစ်ပါးတစ်ပါးသော မဟာဘုတ်အား တပ်သော သုံးပါးသုံးပါးသော မဟာဘုတ်။ နှစ်ပါးနှစ်ပါးသော မဟာဘုတ်အားတပ် သော နှစ်ပါးနှစ်ပါးသော မဟာဘုတ်ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္မဒါန်**ပါဠ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်၊ တစ်ပါး-တစ်ပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ (၅) ပစ္စယသတ္တိတို့တွင် **သဟဇာတတ္ထိသတ္တိ**ဟုဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၃။ **ဩက္ကန္တိက္ခဏော**'ဟူသောပါဠ်ဖြင့် ပစ္စယုပ္ပန်တရားတို့အားကျေးဇူးပြုသော ပစ္စည်းတရား တို့၏ ဌာန, ကာလကို ပြတော်မူ၏။

'နာမရူပံ'ဟူသော **ကတ္တား**ပါဠ်ဖြင့် ပဋိသန္ဓေနာမကွန်ရာ, ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

'အညမညံ'ဟူသော **သမ္မဒါန်**ပါဠ်ဖြင့် ပဋိသန္ဓေနာမကွန်ရာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားကို ပြတော် မူ၏။

'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၆)ပစ္စယသတ္တိတို့တွင် **သဟဇာတတ္ထိသတ္တိ**ဟုဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၄။ 'စိတ္တစေတသိကာ ဓမ္မာ'ဟူသော **ကတ္တား**ပါဠ်ဖြင့် ပဋိသန္ဓေကာရဘုံ၌ဖြစ်သော အခါ အရူပဝိပါက်လေးခု၊ ဒွေပဋိသန္ဓေဉာဉ်တဆယ်၊ ရဟန္တာစုတိကြဉ်သောစိတ် ၇၅ ခု၊ စေတသိက် ၅၂ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

'စိတ္တသမုဋ္ဌာနာနံ ရူပါနံ'ဟူသော **သမ္မဒါန်**ပါဠ်ဖြင့် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၅) ပစ္စယသတ္တိတို့တွင် **သဟဇာတတ္ထိသတ္တိ**ဟုဆိုအပ်သော သတ္တိဝေသဖြင့် ကျေးဇူးပြုဟန်ကိုပြတော်မူ၏။

၅။ 'မဟာဘူတာ'ဟူသော **ကတ္တား**ပါဠိဖြင့် မဟာဘုတ်လေးပါး ပစ္စည်းတရားကို ပြတော်မူ၏။

'ဥပါဒါရူပါနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် ဥပါဒါရုပ် ၂၄ ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ (၄)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဝတ္ထုပုရေဇာတတ္ထိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
စက္ခာယတနံ	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	(ပြိုင်) ၆
မဒ္ဓိမာယုကဖြစ်၍အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နအခါစုတိစိတ်မှပြန်၍ ရသော်(၁၇)ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထု။	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေ ၇ ခု	နံ, ပ, ဉာံ ဝိပ်, အတ်, အဝိ
**** သော၊ ဃာ၊ ဇိ၊ 'ကာယာယတနံ' ဆိုင်ရာတို့ကို နည်းမှီ၍ သိနိုင်ပါသည်။		

* 'စက္ခာယတနံ'ဟူသော **ကတ္တား**ပါဠိဖြင့် မဒ္ဓိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

'စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'ဟူသော **သမ္မဒါန်**ပါဠိဖြင့် စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု၊ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်တပ်ကောင်းသော နိဿယ၊ ပုရေဇာတ၊ ဣန္ဒြေယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ – ဤ(၆)ပစ္စယသတ္တိတို့တွင် **ဝတ္ထုပုရေဇာတတ္ထိသတ္တိ** ဟုဆိုအပ်သောသတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

➢➢➢➢ (သောတာယတနံ'၊ 'ဃာနာယတနံ'၊ 'ဇိဝှါယတနံ'၊ 'ကာယာယတနံ' ဆိုင်ရာတို့ကို နည်းမှီ၍ သိနိုင်ပါသည်။)

အာရမ္မဏာပုရေဇာတတ္ထိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ရူပါယတနံ ။ပ။ ဖော	စက္ခုဝိညာဏ မာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ။ပ။	၄ တစ်ပြိုင်နက်- အာ, ပု, အတ်, အဝိ
ပစ္စုပ္ပန် ရူပါရုံ ။ပ။ ပ,တော,ဝါ	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာ.. စေ ၇ ။ပ။	

* ရူပါယတနံဟူသော **ကတ္တား**ပါဌ်ဖြင့် ပစ္စုပ္ပန်ရူပါရုံပစ္စည်းတရားကို ပြတော်မူ၏။
'စက္ခုဝိညာဏမာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။
'အတ္ထိပစ္စယေန' ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အာရမ္မဏာ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ (၄)ပစ္စယသတ္တိတို့တွင် **အာရမ္မဏာ-ပုရေဇာတတ္ထိသတ္တိ**ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြု ဟန်ကိုပြတော်မူ၏။

>>>> (ထိုနည်းတူစွာ ကြင်း သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗအာရုံမျှားကို နည်းမြို့၍ သိနိုင်ပါသည်။)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	၄ တစ်ပြိုင်နက်- အာ, ပု, အတ်, အဝိ
ပစ္စုပ္ပန် ပဉ္စာရုံ	မနောဓာတ် ၃ ခု၊ ဆန္ဒ၊ ပီတိ၊ ဝီရိယ ကြဉ်သော အညသမာန်း စေ ၁၀	

* 'ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ' ဟူသော **ကတ္တား**ပါဌ်ဖြင့် ပစ္စုပ္ပန်ပဉ္စာရုံ ပစ္စည်းတရားကို ပြတော်မူ၏။
'မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် မနောဓာတ် (၃)ခု၊ ဆန္ဒ, ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀၊ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။
'အတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက် တပ်ကောင်းသော အာရမ္မဏာ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ (၄)ပစ္စယသတ္တိတို့တွင် **အာရမ္မဏာ-ပုရေဇာတတ္ထိသတ္တိ**ဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗန္ဓါန်)	သဘာဂ(ကရိယာ)
ယံ ရူပံ	နိသာယ မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊	(ပြုင်.ယ ၈)
'ယံ ရူပံ'ဖြင့်.အနိယမအား-ဖြင့် ပဋိသန္ဓေအစ .. အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ...	နိဿ.ဝတ္တန္တိ-ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄ ကြဉ်သောပဌမဘဝင်အစရှိသော မနောဓာတ် ၃၊ မနောဝိညာဏဓာတ် ၇၂၊ စေ ၅၂	အာ, ဓိ, နိ, ဥ, ပ ဝိပ်, အတ်, အဝိ
တံ ရူပံ	မနောဓာတုယာ စ မနောဝိညာဏ-ဓာတုယာ စ တံသမ္ပယုတ္တာကာနဉ္စ ဓမ္မာနံ	
'တံ ရူပံ'ဖြင့်. နိယမအား-ဖြင့် ယံ ရူပံဖြင့်မှတ်အပ်ပြီးသော ပဋိသန္ဓေအစ.. ဟဒယဝတ္ထု။	မနောဓာတုယာ စ ဓမ္မာနံဖြင့်... မနောဓာတ် ၃၊ အရူပဝိ ၄ ကြဉ်..... မနောဝိညာဏဓာတ် ၇၂၊ စေ ၅၂	

'ယံ ရူပံ'ဟူသော ပါဠိဖြင့် **အနိယ**မအားဖြင့်

* ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော မနောဓာတ်သုံးခု၊ မနောဝိညာဏဓာတ် ၇၂ ခု၊ စေတသိက် ၅၂ အားတပ်သော ပဋိသန္ဓေအစရှိသော ရွေးရွေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**။
* နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အားတပ်သော ရွေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**။
* မရဏာသန္နအခါ ပဋ္ဌဝေါကာရဘဝင် ၁၅ ခု၊ အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃ ခု၊ ဥဒ္ဒေါ၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊ စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**။

ပစ္စည်းတရားကို ပြတော်မူ၏။

'နိသာယ'ဟူသော ပါဠိဖြင့် **ကြိယာဝိသေသန**ကို ပြတော်မူ၏။

'မနောဓာတု စ၊ မနောဝိညာဏဓာတု စ'ဟူသောပါဠိဖြင့် ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော မနောဓာတ် သုံးခု၊ မနောဝိညာဏဓာတ် ၇၂ ခု၊ စေတသိက် ၅၂ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'ဝတ္တန္တိ'ဟူသော ပါဠိဖြင့် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ **ကြိယာ**ကို ပြတော်မူ၏။

'တံ ရူပံ'ဟူသော ပါဠိဖြင့် **နိယမ**အားဖြင့် 'ယံ ရူပံ'ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်

အစရှိသော မနောဓာတ် သုံးခု၊ မနောဝိညာဏဓာတ် ၇၂ ခု၊ စေတသိက် ၅၂ ခု အားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူညပါဒ်သော **ဟဒယဝတ္ထု**။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အားတပ်သော ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလဌိတ်ဖြစ်သော **ဟဒယဝတ္ထု**။ မရဏာသန္နအခါ ပဉ္စဝေါကာရဘဝင် ၁၅ ချက်၊ အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃ ခု၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊ စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ရသည် ရှိသော် ၁၇ ချက် မြောက်သော စိတ်နှင့်အတူ ညပါဒ်သော **ဟဒယဝတ္ထု** ပစ္စည်းတရားကို ပြတော်မူ၏။

'မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ' ဟူသော **သမ္မဒါန်**ပါဠိဖြင့် မနောဓာတ် သုံးခု၊ အရူပဝိပါက်လေးခုကြဉ်သော မနော-ဝိညာဏဓာတ် ၇၂ ခု၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

'အတ္ထိပစ္စယေန' ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်တပ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ –ဤ(၈) ပစ္စယသတ္တိတို့တွင် အတ္ထိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အဋ္ဌကထာဖွင့်ဆိုချက်များ

အတ္ထိပစ္စည်း၏ဧနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိဟု နှစ်မျိုးရှိရာ ဥပါဒ်အခိုက်၊ ဘင်အခိုက်၌ ပစ္စည်းထင်ရှားရှိသော်လည်း ဖြစ်နေခိုက်၊ ပျက်နေခိုက်ဖြစ်၍ မထင်ရှားဘဲ ဌီအခိုက်၌သာ ပို၍ထင်ရှားသဖြင့် ဧနကသတ္တိရှိသော်လည်း ဥပထမ္ဘကသတ္တိက ပြဋ္ဌာန်းသည်ဟု အဋ္ဌကထာ၊ ဋီကာများက ဆိုကြပါသည်။

? အတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံကို သိနားလည်ပြီး လောဘစသည်ကင်းပျောက်အောင် မည်သို့ဆင်ခြင်သင့်ပါသနည်း။

ရုပ်နာမ်တရားတို့သည် ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိဆဲ၌ တခုနှင့်တခုဖွဲ့စပ်၍ ကျေးဇူးပြုထားခြင်းကြောင့် အထူးထူးသောနိမိတ်သဏ္ဌာန် ဟန်ပန်ပုံပန်း အဆန်းတကျယ် ဖြစ်နေကြ၏။ ထိုရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်နေသော သန္တတိ၊ သမူဟ၊ သဏ္ဌာန၊ ပညတ်သုံးပါးတို့၏အစွမ်းဖြင့် နိမိတ်ရှိနေလျှင် "ထိုဝတ္ထုသည် တင့်တယ်၏၊ မင်္ဂလာရှိ၏၊ ကောင်းမြတ်၏၊ ချစ်ခင်ဘွယ် ရှိ၏။" စသည်ဖြင့် **လောဘ**တရားများ ပွားများကြ၏။ မူလဖြစ်သောနိမိတ်မရှိလျှင် လောဘလည်း မရှိနိုင်။ အတ္ထိပစ္စည်းဖြင့် ရုပ်နာမ်အချင်းချင်း ကျေးဇူးပြုပုံကို အထင်အရှားမြင်လျှင် နိမိတ်လည်းမရှိတော့သည့်အတွက် လောဘစသည် တရားများလည်း ကင်းပျောက်နိုင်ပါသည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

? အတ္ထိ(၅)မျိုး၏ ကျေးဇူးပြုပုံအရ အတ္တာ၊ ဇီဝ၊ စသောအယူ ကင်းပျောက်အောင် မည်သို့ဆင်ခြင်သင့်ပါသနည်း။

ရုပ်နာမ်တရားတို့၏ ပစ္စုပ္ပန်၌ထင်ရှားမရှိဘဲ အတ္ထိပစ္စည်း၏သတ္တိဖြင့် ဖွဲ့စပ်ကျေးဇူးပြုထားသဖြင့် ထိုရုပ်နာမ်တို့၏ အစဉ်ဖြစ်သော သန္ဓတိ၊ သမူဟ၊ သက္ကာန၊ ပညတ်သုံးပါးတို့၏အစွမ်းဖြင့် ပုံသက္ကာန်စသော နိမိတ်အမျိုးမျိုးကိုစွဲလျက် ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမစသည်ဖြင့် အတ္တာ, ဇီဝစသည်အယူများတို့ ဖြစ်ပေါ်ခြင်းဖြစ်၏။

(၁) အာရုမ္မဏာပုရေစာတတ္ထိသတ္တိကြောင့် မြင်ခြင်း စက္ခုဝိညာဉ် ဖြစ်၏။ အကြောင်းကိုစွဲ၍ အကျိုးတရားဖြစ်မှုသာ ဖြစ်၏။ ငါမြင်တာ မဟုတ်ဟု ဆင်ခြင် ရပါမည်။

(၂) သဟဇာတတ္ထိသတ္တိကြောင့် ရုပ်နာမ်အစဉ်ဖြစ်နေခြင်း ဖြစ်၏။
ငါဖြစ်နေတာ မဟုတ်ဟု ဆင်ခြင်ရပါမည်။

(၃) ပစ္ဆာဇာတတ္ထိ နာမ်တရားတို့ကြောင့် စတုသမုဋ္ဌာနိကရုပ်တရားတို့တည်နေခြင်း ဖြစ်၏။
ငါတည်နေတာ မဟုတ်ဟု ဆင်ခြင်ရပါမည်။

(၄) ရုပ်အာဟာရတ္ထိဩဇာကြောင့် စတုသမုဋ္ဌာနိကရုပ်တရားတို့ အင်အားပြည့်ဝ, ရွင်လန်းလတ်ဆတ်နေကြ၏။ ငါအင်အားပြည့်ဝလတ်ဆတ်နေတာ မဟုတ်ဟု ဆင်ခြင်ရပါမည်။

(၅) ရူပဇီဝိတိန္ဒြိယသတ္တိကြောင့် ကမ္မဇရုပါတို့မပျက်ပြားဘဲရှည်ကြာစွာ အသက်ရှိသည့်အသွင်ဖြင့် တည်နေနိုင်ခြင်းဖြစ်၏။ ငါတည်နေနိုင်တာမဟုတ်ဟု ဆင်ခြင်ရပါမည်။
ဤသို့, အတ္ထိသတ္တိဖြင့် ရုပ်တရားနာမ်တရားတို့၏ ကျေးဇူးပြုပုံကို ဆင်ခြင်၍ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တာ၊ ဇီဝရှိသည်ဟု ယုံမှားမှုများကင်းပျောက် နိုင်ပါသည်။

နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပုံ၊ နတ္ထိပစ္စည်းမထိုက်ပုံ

နိဗ္ဗာန်သည် မဂ်ဖိုလ်စသည်တို့၏ အာရုံအားဖြင့် အသစ်တတရား၊ အမြဲနိစ္စထင်ရှားရှိနေသောတရား ဖြစ်၏။ ဥပါဒ် ဌီ ဘင်မှကင်းသဖြင့် ကာလဝိမုတ်တရား ဖြစ်၏။
အတ္ထိပစ္စည်းသည် ထင်ရှားရှိဆဲ ကျေးဇူးပြုသည်ဆိုရာ၌ ပစ္စယုပ္ပန်အား ထင်ရှားရှိဆဲသာဖြစ်ပြီး ဖြစ်မှုချုပ်မှုနှင့်ဆက်စပ်နေသော အနိစ္စတရား၊ သစ်တတရား၊ သပ္ပစ္စယတရားသာဖြစ်ပါသည်။ နိဗ္ဗာန်သည် ဖြစ်မှုချုပ်မှုမရှိပဲ အမြဲထာဝရရှိနေသောတရားဖြစ်၍ **အတ္ထိပစ္စည်း မထိုက်ပါ**။

နတ္ထိပစ္စည်းသည် ဖြစ်မှုချုပ်မှုနှင့်စပ်၍ ချုပ်သည့်အခါမှ မရှိသည်ဖြစ်၍ ပစ္စယုပ္ပန်နာမ်တရားကို့ကို ကျေးဇူးပြုခြင်းဖြစ်ရာ နိဗ္ဗာန်သည် အမြဲနိစ္စရှိ၍ ချုပ်မှုမရှိသောတရားဖြစ်သဖြင့် **နတ္ထိပစ္စည်းလည်း မထိုက်ပါ**။

၂၂။ နတ္ထိပစ္စည်း

နတ္ထိ = ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုသောတရား။

ဆီမီးငြိမ်းခြင်းသည် အမှောင်ဖြစ်စေရန် ကျေးဇူးပြုသကဲ့သို့၊ မိမိတည်ရှိနေခြင်းကြောင့် ဖြစ်ခွင့်မရကုန်သော မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်တို့အား ဖြစ်ခွင့်ပေးသည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်သော၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်, စေတသိက်တရားတို့သည် နတ္ထိပစ္စည်း မည်ကုန်၏။

(သုဒ္ဓသန်ျာ = အနန္တရနှင့် တူ၏။)

နတ္ထိပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိဏ်း)
သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ	**ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ**	(ပြိုင်.ယ. ၇) နံ၊သနံ၊ ဥ၊**သေ၊ကံ**၊ နတ်၊ ဝိဂ
ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသောစိတ် ၈၉၊ စေ ၅၂	ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ် ၈၉၊ စေ ၅၂	

'သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ'ဟူသော **ကတ္တား**ပါဠိဖြင့် ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသောစိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

'ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် ရဟန္တာတို့စုတိနှင့် တကွ နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'နတ္ထိပစ္စယေန'ဟူသော **ကရိဏ်း**ပါဠိဖြင့် တစ်ပြိုင်နက်၊ယထာရဟတပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤ(၇) ပစ္စယသတ္တိတို့တွင် နတ္ထိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကိုပြ တော်မူ၏။ (အာသေဝန, ကမ္မက သည် ယထာရဟ ဖြစ်ပါတယ်။ ကျန်သည့် အနန္တရ(၅)မျိုးတို့သည် တစ်ပြိုင်နက်။)

အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း အဏူး

အတ္ထိ **ပစ္စည်း** = ခဏသုံးပါးသို့ ရောက်သောရုပ်,နာမ်တရား၊
ပစ္စယုပ္ပန် = ဖြစ်ဆဲ ခန္ဓာငါးပါး၊

နတ္ထိ **ပစ္စည်း** = ရှေ့စိတ်ချုပ်ခြင်းဖြင့် နောက်စိတ်ကို ဖြစ်ခွင့်ပေးခြင်း၊
ပစ္စယုပ္ပန် = ထိုထိုအကြောင်းကိုစွဲ၍ ခဏသုံးပါးသို့ရောက်ဆဲဖြစ်သော ပစ္စုပ္ပန် ခန္ဓာငါးပါး၊

**(ပစ္စယုပ္ပန်မှန်သမျှ ပစ္စုပ္ပန်--ဧကန် ရုပ်,နာမ်တို့သာ ဖြစ်သည်။)

* အတ္ထိပစ္စည်းဌိ ပစ္စည်းရော၊ ပစ္စယုပ္ပန်ပါ ရှိနေဆဲ မချုပ်သေးမီ ကျေးဇူးပြု၏။ (ဥပါဒ်, ဌီ, ဘင် မကင်း၊)
* နတ္ထိပစ္စည်းဌိ ပစ္စည်းတရားချုပ်၍ မရှိတော့မှသာ ပစ္စယုပ္ပန်တရားဖြစ်ရခြင်းဖြင့် ကျေးဇူးပြု၏။ (ဥပါဒ်, ဌီ, ဘင် ကင်း၏၊)

၂၃။ **ဝိဂတပစ္စည်း**

ဝိဂတ = ကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

နေဝင်ခြင်းသည် လထွက်ခြင်းကို ကျေးဇူးပြုသကဲ့သို့၊ နောက်ဖြစ်သော စိတ်, စေတသိက်တို့အား ကင်းကွာသည်အဖြစ်ကျေးဇူးပြုတတ်သော ရှေ့ဖြစ်သော (ချုပ်ကုန်ပြီးသော) စိတ်, စေတသိက်တို့သည် ဝိဂတပစ္စည်း မည်၏။

(**တစ်နည်း**-- မိမိသဘောကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော **နတ္ထိပစ္စည်းတရား**တို့သည်ပင် ဝိဂတပစ္စည်း မည်၏။)

(**သုဒ္ဓသင်္ခ်ာ = နတ္ထိနှင့် တူ၏။**)

(**ဝိဂတပစ္စည်းအရကောက်သည် နတ္ထိနှင့် တူပါသည်။**) (ဤ(၇) ပစ္စယသတ္တိတို့တွင် **ဝိဂတသတ္တိ**ဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြု ဟန်ကို ပြတော်မူ၏။)

* သမနန္တရဝိဂတဆိုသည်မှာ ကောင်းစွာအခြားမဲ့ဌိသာ ကင်းကုန်သော ဖြစ်ပါသည်။
* ပါဠိအရ ဝိဂတပစ္စည်း၏ ကင်းသည့်သဘောဖြင့် ကျေးဇူးပြုသည်ကို ပြပါသည်။
* နတ္ထိနှင့် ဝိဂတသည် သဒ္ဒါသာထူးပြီး ပစ္စည်း ပစ္စယုပ္ပန်နှင့် အနက် မထူး။ (အနည်းငယ်ထူးကြောင်းကို ပဉ္စာဝါရက ပြောခဲ့ပြီး။)

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၂၄။ အဝိဂတပစ္စည်း

အဝိဂတ = မကင်းကွာသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

သမုဒ္ဒရာသည် မြစ်ချောင်းတို့အား မကင်းကွာသောသဘောဖြင့် ကျေးဇူးပြုသကဲ့သို့၊ ဖြစ်ပေါ်ဖြစ်ဘက်တရားတို့အား မကင်းကွာသည်ဖြစ်၍ ကျေးဇူးပြုတတ်သော ရုပ်,နာမ်တရားတို့သည် အဝိဂတပစ္စည်း မည်၏။

(**တစ်နည်း**) ချုပ်ခြင်းသို့ မရောက်သည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်သော အတ္ထိပစ္စည်းတရားတို့သည်ပင် အဝိဂတပစ္စည်း မည်၏။

(သုဒ္ဓသင်္ခ်ာ – အတ္ထိနှင့် တူ၏။)

* ပါဠိတော်က အားလုံး အတ္ထိပစ္စည်းအတိုင်း၊
* အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် သဒ္ဒါသာထူးပြီး ပစ္စည်း ပစ္စယုပ္ပန်နှင့် အနက် မထူး။
  (နဲနဲထူးပုံကို ပဥ္စဝါရ၌ ပြောခဲ့ပြီးဖြစ်ပါသည်။)

(အဝိဂတပစ္စည်း အရကောက်သည် အတ္ထိပစ္စည်းနှင့် တူပါသည်။)

အတ္ထိနှင့် အဝိဂတ အထူး

* ပရမတ္ထသဘာဝ ခဏိက ပစ္စုပ္ပန် မဖေါက်မပြန် မိမိသဘောထင်ရှားရှိနေမှုသည် အတ္ထိပစ္စည်း၏ သတ္တိဖြစ်ပါသည်။
* ပရမတ္ထသဘာဝ မကင်းသေး ချုပ်ခြင်းသို့မရောက် သေးသောသဘောသည် အဝိဂတပစ္စည်း၏ သတ္တိဖြစ်၏။ ဤသို့ထူးပါသည်။

ပစ္စယနိဒ္ဒေသ၌ အထွေထွေ မှတ်ရန်

? အောက်ပါပါဠိတော်ကောက်နုတ်ချက်များ၌ မည်သည့်ရုပ်များကို ကောက်ယူရမည်နည်း၊ ပစ္စယုပ္ပန် ရုပ်ကိုသာ ကောက်ပြပါ။

(က) ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ။

(ခ) ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ။

(ဂ) အရူပိနော အာဟာရာ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ။

(ဃ) စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။

(င) ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတသ ဣမသ ကာယသ။

(က) ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်။
(ခ) ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉)ခု။
(ဂ) စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။
(ဃ) စိတ္တဇရုပ်။
(င) ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဦးသို့ ရောက်သော ဇကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ။

? မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေပြောင်းသော်လည်း နာမ်တရားသည် တည်မြဲသည်ဟုယူသည့် သဿတဒိဋ္ဌိ ဖြစ်စေသော သန္ဓတိသညာကိုပယ်ရှား၍၊ အယူမှန် စေရန် ပဋ္ဌာန်း၌ မည်သည့်ပစ္စည်းများဖြင့် ဟောပါသနည်း။ သုဒ္ဓသခ်ိုအရ ပစ္စည်း၊ ပစ္စယုပ္ပန်တို့ကိုဖော်ပြ၍ ပစ္စည်းရေကိုလည်း တစ်ပြိုင်နက်၊ ယထာရဟ ခွဲခြားဖော်ပြပါ။

သဿတဒိဋ္ဌိဖြစ်စေသော သန္ဓတိသညာဖြင့် နာမ်တရားတို့သည် မြစ်၊ဟု ယူမှုကို ပယ်ရှားရန်အတွက် ပဋ္ဌာန်း၌ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ – ပစ္စည်းများဖြင့် ဟောတော်မူပါသည်။

ပစ္စည်းတရားကား "ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ လေးပါး" ဖြစ်၍၊
ပစ္စယုပ္ပန်တရားကား "ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမကွန္ဓာလေးပါး" ဖြစ်ပါသည်။
တစ်ပြိုင်နက်ပစ္စည်းရေမှာ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ (၅)ပစ္စည်းဖြစ်၍၊
ယထာရဟအားဖြင့် အာသေဝနနှင့် အနန္တရကမ္မ (၂)ပစ္စည်း၊
ပေါင်း (၇) ပစ္စည်း ဖြစ်ပါသည်။

(သုဒ္ဓသခ်ိုာ – **အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ ပစ္စည်း၏ သုဒ္ဓသခ်ိုာဝါရ၌** "ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမကွန္ဓာလေးပါး" အားတပ်သော "ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ လေးပါး" ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ ပစ္စည်းရေ (၅)ဟူသည်တည်း။ (၅)ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

? အောက်ပါ သန်တတရားများသည် အဘယ်သတ္တိပစ္စည်းရေများကြောင့် ဖြစ်ပေါ်တည်ရှိနေပါသနည်း။

(က) သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်(၆)ပါးဖြစ်အံ့။

(ခ) သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သောဟိတ်(၆)ပါးဖြစ်အံ့။

(ဂ) သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သောဝိပါက်ဟိတ်(၃)ပါး ဖြစ်အံ့။

? အောက်ပါတို့၏အဓိပ္ပါယ်များကို ပေါ်လွင်အောင် ပါဠိနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

(က) ကိဉ္စိကာလေ (ခ) ကေသဉ္စိ

? ပဋ္ဌာန်းတရားတော်ကြီး၏ အကြောင်းတရား၊ အကျိုးတရားတို့ ဆက်စပ်ဖြစ်ပေါ်နေပုံကို (၂၄)ပစ္စည်းတို့ဖြင့် ဝေဘန်ဟောကြားတော်မူသော တရားတော်ကြီးဖြစ်၏ ဟူရာဝယ် **ကုသိုလ်စိတ်အကျိုးတရား**တစ်ခုဖြစ်ပေါ်ဥပါဒ်ရန် ပစ္စည်းပေါင်းမည်မျှဖြင့် ကျေးဇူးပြု သည်ကို အာစရိယနိသျည်းအရ ပစ္စည်းရေမျှကိုသာဖော်ပြပါ။

? သင်၏သန္တာန်၌ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်အား ဟေတုပစ္စည်း တပ်ပုံကို ပဋ္ဌာန်းပါဠိတော်နှင့်တကွ ကိုးကားဖြေပါ။

? ပဋ္ဌာန်းတရားတော်ကြီးသည် အကြောင်းတရား၊ အကျိုးတရားတို့ ဖြစ်ပေါ်နေပုံကို (၂၄)ပစ္စည်းတို့ဖြင့် ဝေဘန်ဟောကြား တော်မူသောပဋ္ဌာန်းတရားတော်ကြီးဝယ်၊ **လောဘစေတသိက်** အကျိုးတရားတစ်ခု ဖြစ်ပေါ်ဥပါဒ်ရန် ပစ္စည်းပေါင်းမည်မျှဖြင့် ကျေးဇူးပြုသည်ကို အာစရိယနိသျည်းအရ ပစ္စည်းရေမည်မျှကိုသာ ရေးသားဖော်ပြပါ။

? **မဂ်သည်နိဗ္ဗာန်သည် အကြောင်းလော။ နိဗ္ဗာန်၏အကြောင်းတရားကား အဘယ်နည်း။**

နိဗ္ဗာန်သည် အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သော အသင်္ခတတရား ဖြစ်ပါသည်။ မိမိကိုပြီးစေတတ်သော တစုံတခုသောအကြောင်း မရှိသည့် အပစ္စယတရား ဖြစ်ပါသည်။ မဂ်တရားများသည် နိဗ္ဗာန်ကိုပြီးစေတတ်သော အကြောင်း မဟုတ်ပါ။ **နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သာ** ဖြစ်ပါသည်။

နိဗ္ဗာန်

? နိဗ္ဗာန်သည် ပရမတ္ထတရား။

* နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိသော လောကုတ္တရာတရားဖြစ်၏။
* ဂေါတြဘူ၊ ဝေါဒါန်၊ မဂ်၊ ဖိုလ်၊ မနောဒွါရာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာဇောတို့၏ အာရုံဖြစ်၏။
* အာရမ္မဏ (အရိယာ)နိဗ္ဗာနံ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ဂေါတြဘုဿ၊ ဝေါဒါနဿ၊ မဂ္ဂဿ၊ ဖလဿ၊ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။

? လောကမှလွန်မြောက်သောတရား။

ပဒုမ္မာကြာပန်းသည် ရွှံ့နှစ်စသည် မလိမ်းကျံဘဲ ရေပေါ်၌စွင့်စွင့်မြင့်၍ တည်နေသကဲ့သို့ နိဗ္ဗာန်သည် ဥပါဒါနက္ခန္ဓာဟူသော လောကမှလွန်မြောက်၍ တည်နေသဖြင့် လောကုတ္တရာတရားဟု ဆိုအပ်ပါသည်။

လောကီတရား = ကီ-၈၁၊ စေ-၅၂၊ ရပ်-၂၈ = ဒုက္ခသစ္စာ (ဥပါဒါနက္ခန္ဓာ)

လောကုတ္တရာ = ကုတ်-၈၊ စေ-၃၆၊ နိဗ္ဗာန်

လောကီမဟုတ် လောကုတ္တရာမဟုတ်တရား = နိရောဓသမာပတ် = အဘာဝပညတ်

? နိရောဓသမာပတ်သည် နိဗ္ဗာန် မဟုတ်။

နိရောဓသမာပတ်သည် သမာဓိ၊ ဝိပဿနာ ဘာဝနာနှစ်ပါး၏ အစွမ်းဖြင့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ချုပ်ငြိမ်းခြင်းဖြစ်သည်။ လောကီတရားလည်း မဟုတ်၊ လောကုတ္တရာတရားလည်း မဟုတ်ဟု ဝိနည်းအဋ္ဌကထာကာ မိန့်ဆိုပါသည်။

ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်များ ဖြစ်ပျက်နေဆဲဖြစ်ပါသည်။ (ဒုက္ခသစ္စာ)။

ရာဂစသော မီး(၁၁)ပါး ငြိမ်းခြင်းမျှ အဘာဝမတ္ထဆသည်လည်း နိဗ္ဗာန် မဟုတ်ပါ။ မဂ်ဖိုလ်တရားများကဲ့သို့ လောကကိုလွန်မြောက်၍ တည်တတ်သောတရားအထူးသာ **နိဗ္ဗာန်** မည်ပါသည်။

? နိဗ္ဗာန်ကို မြင်နိုင်ပါသလား။

နိဗ္ဗာန်ကို လူသာမာန်တို့ မဆိုထားဘိ စကြာမင်းကြီး ဗြဟ္မာမင်းကြီးများပင် ပင်ကိုပညာမျက်စိဖြင့် မမြင်နိုင်ကြပါ။ အရိယာများသာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လဝန်း၊ နေဝန်းကြီးကို ထင်ထင်ရှားရှားမြင်နိုင်သကဲ့သို့၊ မျက်မှောက်ပြုနိုင်ကြပါသည်။

ပုထုဇဉ်တို့ သောတာပတ္တိမဂ်၏ ရှေးဂေါတြဘူစိတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ (နိဗ္ဗာနံ ဂေါတြဘုဿ) (သောတာပတ္တိဂ်စိတ် မတိုင်မီ ဖြစ်သောကြောင့် = ပုထုဇဉ်)

? ကလျာဏပုထုဇဉ်များ နိဗ္ဗာန်ကိုမည်သို့သိနိုင်ပါသနည်း။

အကြားအမြင်များပြီး ဆင်ခြင်တတ်သော ကလျာဏပုထုဇဉ်များသည် မှန်းဆသည့် **အနုမာနသိဒ္ဓိ** အားဖြင့် နိဗ္ဗာန်ကို ရှိသည်ဟု သိနိုင်ကြပါသည်။

(၁) **သုတမယ အနုမာနသိဒ္ဓ** – တရားတော်ကို နာကြားပြီး စိစစ်ဆင်ခြင်သော ကလျာဏပုထုဇဉ်များသည် နိဗ္ဗာန်တရား၏ ထင်ရှားသောအဖြစ်ကို သိကြပါသည်။

(၂) **စိန္တာမယ အနုမာနသိဒ္ဓိ** – သုမေဓာပညာရှိသည် ဒုက္ခရှိလျှင် သုခ ရှိရမည်။ ဘဝသုံးပါးသံသရာရှိလျှင် ဘဝသုံးပါးမှ တပါးဖြစ်သော နိဗ္ဗာန် ရှိရမည်။ ဇာတိ၊ ဇရာ၊ မရဏမီးသုံးပါးရှိလျှင် ထိုမီးသုံးပါး၏ငြိမ်းရာ နိဗ္ဗာန်လည်း ထင်ရှားရှိရမည်ဟု ကြံဆ၍သိပါသည်။

(၃) **ဘာဝနာမယ အနုမာနသိဒ္ဓိ** – ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်၏။ ဥပါဒါနက္ခန္ဓာငါးပါးမှာ စွဲလမ်းကပ်ငြိသော တဏှာသည် သမုဒယသစ္စာဖြစ်၏။ ဒုက္ခ၊ သမုဒယနှစ်ပါး မရှိရာ အမြဲကင်းနိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၏။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားကိုယ်(၈)ပါးသည် မဂ္ဂသစ္စာဖြစ်သည်ဟူ၍ စတုသစ္စကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီများသည် သစ္စာသုံးပါးထင်ရှားရှိသကဲ့သို့ နိရောဓသစ္စာလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိမှုကို ဆင်ခြင်၍ သိနိုင်ပါသည်။

? ရာဂစသည်ကုန်ရာသည် နိဗ္ဗာန်ဟူ၍ငင်း၊ အရဟတ္တဖိုလ်ဟူ၍ငင်း ဟောတော်မူရာဝယ် နိဗ္ဗာန်နှင့် အရဟတ္တဖိုလ် တူပါသလား ဆရာကြီးများ၏ မိန့်ဆိုချက်ကို လိုရင်းမျှထုတ်ပြပါ။

(၁) နိဗ္ဗာန်နှင့် အရဟတ္တဖိုလ် မတူပါ။

* နိဗ္ဗာန်သည် ဓမ္မာယတန,ဓမ္မဓာတ်၌ အကျုံးဝင်သော အသင်္ခတတရားထူး ဖြစ်ပါသည်။
* အရဟတ္တဖိုလ်သည် နာမက္ခန္ဓာ(၄)ပါး၌ အကျုံးဝင်သော သင်္ခတတရားဖြစ်ပါသည်။

(၂) ရာဂစသည် ကုန်ရာဟု ဟောတော်မူအပ်သော အရဟတ္တဖိုလ်ကို "ရာဂစသည်တို့ကုန်ခြင်းမျှသာ"ဟု တိုက်ရိုက်ယူသောအနက် နိတတ္ထအားဖြင့် မယူရပါ။ "ရာဂစသည်တို့၏ အဆုံးဌဖြစ်သော တရားထူး"ဟု ဆောင်၍ယူသောအနက် (နေယျတ္ထ)အားဖြင့် ယူရန် ဆရာကြီးများ မိန့်ဆိုကြပါသည်။ ရာဂစသောကိလေသာတို့သည် အရဟတ္တမဂ်ဓာဌ်ကုန်ကြပြီး **"အရဟတ္တဖိုလ် ဖြစ်ပေါ်လာရသဖြင့် အရဟတ္တဖိုလ်သည် ရာဂစသောကိလေသာတို့၏ အဆုံးဌဖြစ်သော တရားထူး"** ဖြစ်ပါသည်။

(၃) နိဗ္ဗာန်ကို "ရာဂစသည်ကုန်ခြင်းမျှ"ဟု တိုက်ရိုက် နိကဋ္ဌအားဖြင့် မယူရပါ။ "ရာဂစသည်တို့၏ ကုန်ကြောင်းတရား"ဟူ၍ ဆောင်ယူသောအနက် နေယျတ္ထအားဖြင့် ယူရန် ဆရာကြီးများမိန့်ဆိုကြပါသည်။ မဂ်တရားတို့သည် နိဗ္ဗာန်ဟူသော အာရုံအကြောင်းတရားကိုရမှသာ ရာဂစသောကိလေသာကို ပယ်သတ်နိုင်သဖြင့် **"နိဗ္ဗာန်သည် ရာဂစသော ကိလေသာတို့၏ ကုန်ကြောင်းတရားထူး"** ဖြစ်ပါသည်။

? ပရိနိဗ္ဗာန်သည် နိဗ္ဗာန်လား။

ပရိနိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်ပါ။

* နိဗ္ဗာန်သည် စိတ်၊ စေတသိက်၊ ရုပ်တရားများကဲ့သို့ တရားကိုယ်ရကောင်းသော ပရမတ္ထတရားအစစ် ဖြစ်ပါသည်။ အမြဲထင်ရှားရှိသောတရား ဖြစ်ပါသည်။
* ပရိနိဗ္ဗာန်သည် ခန္ဓာကမ္မဇရုပ်တို့၏ အကြွင်းမဲ့ချုပ်ခြင်း မရှိခြင်းဟူသော ပရမတ္ထမွေ မရကောင်းသော ပညတ်တရား ဖြစ်ပါသည်။

? ဆီမီးငြိမ်းသလို မီး(၁၁)ပါး ငြိမ်းခြင်းသည် နိဗ္ဗာန်လား။

* ရာဂစသော မီး(၁၁)ပါးတို့ ငြိမ်းခြင်းမျှသည် နိဗ္ဗာန်မဟုတ်ပါ။
* ပရိနိဗ္ဗာန်ပြုခြင်းသည်လည်း ခန္ဓာချုပ်ခြင်းမျှ ဖြစ်၍ နိဗ္ဗာန်မဟုတ်ပါ။

နိဗ္ဗာန်သည် ရဟန္တာတို့၏ ပရိနိဗ္ဗာနစုတိနောင် ဘဝအသစ်မဖြစ်တော့တဲ့ အပြီးသတ် ငြိမ်းခြင်းသို့ရောက်ရှိပြီးဖြစ်ရာ ဆီမီးငြိမ်းရာ၌ မီးဘယ်သို့ရောက်သွားသည်ဟု ဆိုရန်မရှိ။ မီးငြိမ်းသည်ဟုသာ ဆိုရသကဲ့သို့ နိဗ္ဗာန်ဘယ်မှာလဲပြောရန် မရှိပါ။ အငြိမ်းဓာတ်သို့ အပြီးသတ်ရောက်ရှိသည်ဟုသာ ဆိုရမည်ဖြစ်ပါသည်။

(မိလိန္ဒပဉှ - နိဗ္ဗာန်တည်ရာ အရပ်မရှိ။ ထင်းနှစ်ခု ပွတ်၍ မီးရသကဲ့သို့ ကောင်းစွာကျင့်ခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။)

? နိဗ္ဗာန်ချမ်းသာကို သိလွယ်အောင် ဥပမာပေး၍ ရှင်းပြပါ။

ဥပမာအားဖြင့် အသက်အန္တရာယ်၊ စည်းစိမ်အန္တရာယ်၊ သားမယားအန္တရာယ်တို့ ကြုံတွေ့နေရ၍ ပြင်းပြစွာစိုးရိမ် ကြောင့်ကြနေသူအား အန္တရယ်အပေါင်းမှ လွတ်ငြိမ်း ချမ်းသာခွင့်ရသည့်အခါ အလွန်ကြီးစွာသော စိတ်သက်သာရာ ရကြပါသည်။ ထို့အတူ ဘုံသုံးပါးတွင် အဖန်ဖန် အို၊ နာ၊ သေဘေးတို့၏ ကင်းကွာရာ ချမ်းသာစစ် ချမ်းသာမှန် ဖြစ်သော နိဗ္ဗာန်တရားကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ရအပ် သိမြင်အပ်သောအခါ လွန်စွာစိတ်သက် သာရာရပြီး နိဗ္ဗာန်ကို လွန်စွာရှိသေလေးမြတ် ကြပါသည်။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

? ခန္ဓာ၌ နိဗ္ဗာန်ရှိပါသလား ခန္ဓာကိုရှာ၍ နိဗ္ဗာန်ကို သိမြင်နိုင်ပါမည်လား။

နိဗ္ဗာန်သည် ခန္ဓာ၌မရှိပါ။ နိဗ္ဗာန်သည် ဗဟိဒ္ဓတရား၊ ခန္ဓဝိမုတ်တရား ဖြစ်ပါသည်။ ဗဟိဒ္ဓ၌ အမြဲတည်ရှိနေသော နိစ္စတရား ဖြစ်ပါသည်။ နိဗ္ဗာန်သည် ခန္ဓာ၊ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုမရှိသော ချုပ်ငြိမ်းမှုသဘောဖြစ်၍ ခန္ဓာ၏အဆုံး၌ရှိသော ဗဟိဒ္ဓတရားဖြစ်ရာ ခန္ဓာနှင့်စပ်၍သာ နိဗ္ဗာန်ကို သိမြင်နိုင်၏။ ထို့ကြောင့် ခန္ဓာကိုရှု၍ နိဗ္ဗာန်ကို သိမြင်နိုင်ပါသည်။ ရုပ်နာမ်များ၏ ဖြစ်ပျက်မှုကို ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်၏စိတ်သည် ထိုရုပ်နာမ်ဖြစ်ပျက်မှုများကို မြင်နေရာမှ ဖြစ်ပျက်မှုမရှိ ချုပ်ငြိမ်းနေသော နိဗ္ဗာနအငြိမ်းဓာတ်ကို တွေ့မြင်ရောက်ရှိသွားခြင်းဖြစ်သဖြင့် ခန္ဓာကိုယ်မှာရှိနေသကဲ့သို့ တင်စား၍ ဟောကြားခြင်းသာ ဖြစ်ပါသည်။

ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်ကြီး၏ ပဓာနနာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဝနေ ဆရာတော်ကြီး၏
ပဋ္ဌာန်း ဆုဒေတာင်း ပဏ္ဍိတာလင်္ကာ

သိမ်မွေ့နက်ဝှမ်း၊ ပဋ္ဌာန်းကျမ်းကို၊ ကြိုးပန်းသိကာ၊ ပူဇော်ပါရ၊ ဤပုညကြောင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊ ပညာသိပ်သည်း၊ နိဿည်းနှင့်၊ ပစ္စည်းပစ္စယုပ်၊ ကြောင်းကျိုးဟုတ်ကို၊ ထိမ်းချုပ်ပြန်လှန်၊ ပဋ္ဌာန်းဉာဏ်ဖြင့်၊ အမှန်ထိုးထွင်း၊ အရဏ်ချဉ်း၍၊ ပယ်ရှင်းအမိုက်၊ ဝဋ်မှောင်တိုက်ဝယ်၊ လောင်မြိုက်ကိလေ၊ သုတ်သင်ချေလျက်၊ မင်္ဂလာဖိုလ်လှမ်း၊ နိဗ္ဗာန်နန်းသို့၊ တက်လှမ်းရည်စူး၊ အာရုံမြူးသည်၊ ကြည်နူး ဆန္ဒာဓိပတိ ပစ္စယောပါဘုရား။

ပဋ္ဌာန်းဂမ္ဘီ၊ ကျမ်းအဆိတ်ကို၊ ရွှင်ကြည်ပျပျ၊ ရွတ်ဆိုရသည့်၊ ပုညကုသိုလ်၊ အဖိုးကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဉာတကာစ၊ သတ္တဝါအများ၊ နတ်တို့အားလည်း၊ ရင်ြားပါစေ၊ အမျှဝေသည်၊ ကောင်းထွေ သာဓု၊ ခေါ်စေသော်။

သာဓု၊ သာဓု၊ သာဓု

+

ဦးတင်ဝင်း (ဒုံကွီး-သုံးခွ)

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၃)ကြိမ်မြောက်(၁၃၆၂)
ပဥ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ အောက်ပါတို့ကို ရှင်းလင်းဖြေဆိုပါ။
(က) ပဋ္ဌာန်းဒေသနာတော်၌ဟောကြားသော မဟာဘုတ်များနှင့် ဥပါဒါရုပ်များသည် အဘယ်နည်း။
(ခ)ပဝတ္တိအခါ ကမ္မဇရုပ်တို့အား သဟဇာတပစ္စည်း အဘယ်ကြောင့် မတပ်သနည်း။
(ဂ) သဗ္ဗေမမ္မာ မနောဝိညာဏဓာတုဟာ။ပ။ပစ္စယော တိုင်အောင်သောပါဠိတို့ဖြင့် အာရုံအာရမ္မဏိက အဖြစ်သည် ပြီးပြီးပါလျက် အဘယ်ကြောင့် ယံ ယံ ဓမ္မံ အစရှိသည်ကို ဟောတော်မူပြန်ပါသနည်း။
(ဃ) အဓိပတိ သမ္မယုတ္တကာနံ ဟူ၍ဟောတော်မမူဘဲ အဘယ်ကြောင့် ဆန္ဒာဓိပတိ စသည်ဖြင့် အသီးသီးဟောတော်မူပါသနည်း။

၂။ ဝီမံသာဓိပတိ- 'ဝီမံသသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော'ဟူသော ပစ္စယနိဒ္ဒေသပါဠိတော်၏ အရကောက်ကိုကောက်ပြ၍ ကရိဏ်းကောက်၌ တစ်ပြိုင်နက် ယထာရဟရုပ်ကိုလည်း ရှင်းလင်းရေးပြပါ။

၃။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော ဟူသောပါဠိအရ ပြည့်စုံစွာကောက်ပြပါ။

၄။(က) 'ဒါနံ ဒတ္တွာ တံ ပစ္စဝေက္ခတိ'ဟူ၍ ဟောတော်မူရာဝယ် ကုသိုလ်ဖြစ်အောင် လျှဒါန်းပြပါ။
(ခ) ၎င်းဒါနတရားကိုပြုရာတွင် ဝိန္ဒာတရားဖြစ်အောင် မည်သို့ပြုမည်နည်း။
(ဂ) ၎င်းဒါနပြုမှုကို ပြုသောသူသည် အဘယ်အခါ၌ အကုသိုလ်ဖြစ်ပါသနည်း။

၅။ ဆဝါရနှင့်ပဥ္စာဝါရတို့ဟောကြားပုံ မည်သို့ထူးခြားကြပါသနည်း၊ အချက်(၅)ချက်မျှ ဖော်ပြပါ။

၆။ အောက်ပါတို့ကို မှတ်ချက်အကျဉ်းမျှရေးသားခဲ့ပါ။
(က) ဝိပါကပစ္စည်း ပါဠိတော်၌ ဝတ္ထုခန္ဓာနံ မရခြင်း။
(ခ) သမ္မယုတ္တပစ္စည်း ပါဠိတော်၌ ခန္ဓာဝတ္ထုဿ မရခြင်း။
(ဂ) ကမ္မပစ္စည်း ပဋိသန္ဓေအခါ ပါဠိတော်၌နောက်ဆုံးအဖျားသတ်တွင် 'စေတနာ ဝတ္ထုဿ'ဟု ထည့်၍ ဆိုရခြင်း။
(ဃ) ဟေတုပစ္စည်း၏ သမ္မယုတ္တခန္ဓာဆိုသည်မှာ အဘယ်နည်း။
(င) မဂ္ဂပစ္စည်း၏ မဂ္ဂင်တရားကိုယ်ကို ဖော်ပြပါ။

(၃၃)ကြိမ် ပဥ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတရားသည် အဘယ်ပစ္စည်း၏ အစိတ်တရားနည်း၊ ၎င်းပစ္စည်းသည် ပဝတ္တိအခါ၌လည်း ရနိုင်၏ဟူသော ဝါဒကိုရှင်းလင်းခဲ့ပါ။

၂။ (က) အနန္တရူပမျိုးဌ် ကရိဏ်းကောက်ပုံကို နည်းပေးခဲ့ပါ။
(ခ) အနန္တရူပနိသယပစ္စည်း အကု-ဗျာ၏ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းကို(တနည်းကားမပါ) ကောက်ပြပါ။
(ဂ)အနန္တရုပစ္စည်း ကု--ကု ဌ် ဘုံတူ ဘုံပြားဟောတော်မူပုံကို ရှင်းလင်းခဲ့ပါ။

၃။ (က) အာသေဝနပစ္စည်း အဗျာကတော အဗျာကတသ နှင့် (ခ) အနန္တရကမ္မပစ္စည်း ကုသလောအဗျာကတသတို့၏ ကတ္တား၊ သမ္မဒါန်(တနည်းကားမပါ)နှင့် ကရိဏ်းကောက်များကို ဖြေဆိုပါ။

၄။ အောက်ပါတို့ကို ရှင်းလင်းဖြေဆိုပါ။
(က) ပဋိသန္ဓေအခါ 'ကဋတ္တာစရူပံ'ဟု ဟောတော်မူရာဝယ် ဟဒယဝတ္ထုသည်လည်း ကဋတ္တာရုပ်ဖြစ်၍ ပြီးကောင်းပါလျက် 'စေတနာ ဝတ္ထုသ'ဟူ၍ အဘယ်ကြောင့်အထူးပြု၍ ဟောတော်မူပြန်ပါသနည်း။
(ခ) အာပေါအစရှိသည်တို့လည်း ပုရေဇာတပစ္စည်းဖြစ်လျက် မဟောမူ၍ အဘယ်ကြောင့် စက္ခုံ အနိစ္စတော ဟူ၍သာ ဟောတော်မူပါသနည်း။
(ဂ) ဝိပါက်သည် ဝိပါက်အား အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်သနည်း။
(ဃ) ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့သည် ဣန္ဒြေငယ်များဖြစ်လျက် အဘယ်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါသနည်း။

၅။ အောက်ပါတို့ကို မှန်ကန်စွာ ဖြေဆိုခဲ့ပါ။
(က) သဟ-ပုရေ မိဿကပစ္စည်း အကုဗျာ-အကု ၏ ကတ္တား၊သမ္မဒါန်၊ကရိဏ်း။
(ခ) ပစ္ဆာ-ဟာ မိဿကပစ္စည်း ကုဗျာ-ဗျာ ၏ ကတ္တား။
(ဂ) ပစ္ဆာ-ဣံ မိဿကပစ္စည်း အကုဗျာ-ဗျာ ၏ သမ္မဒါန်နှင့်ကရိဏ်း။

၆။ အောက်ပါ ပစ္စည်းတို့၌ ခန္ဓာဝါရ အဘယ်မျှရသနည်း၊ သင်္ချာမျှ ရေးပြပါ။
(က) ဟေတုပစ္စည်း ကုသလော ကုသလာဗျာကတသ
(ခ) သဟဇာတာဓိပတိပစ္စည်း ကုသလော အဗျာကတသ
(ဂ) ဈာနပစ္စည်း အကုသလော အဗျာကတသ
(ဃ) ရုပ်အာဟာရ
(င) ရူပဇီဝိတိန္ဒြိယ

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၄)ကြိမ်မြောက်(၁၃၆၃)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။(က) အရူပကုသိုလ်၊ ကြိယာဌ်ရှိသော ဟိတ်(၃)ပါးတို့သည် စိတ္တဇရုပ်အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသလော၊ အကြောင်းပြဖြေဆိုပါ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

(ခ) ဟေတုပစ္စည်း၏ ကျေးဇူးအပြုခံရသော တရားတို့ကိုဖော်ပြ၍ ၎င်းတရားတို့သည် ဟေတုပစ္စည်း၏ ကျေးဇူးအပြုကိုခံရသဖြင့် အဘယ်အကျိုးတရားများရရှိပြီး၊ ဟေတုပစ္စည်း၏ ကျေးဇူးအပြုကိုမခံရကုန်သောတရားတို့မှာ အဘယ်ကဲ့သို့ ဖြစ်နိုင်ပါသနည်း။

၂။ 'ယံ ယံ ဓမ္မံ ဂရုံ ကတွာ------ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေနပစ္စယော' ဌ် ကရိဏ်းပါဠိကို (တစ်နည်းကား)နှင့်တကွ ကောက်ပြပါ။

၃။ အောက်ပါတို့ကို ပြည့်စုံအောင်ဖြေဆိုပါ။

(က) 'ယေသံ ယေသံ ဓမ္မာနံ အနန္တရာ---အနန္တရပစ္စယေန ပစ္စယော'၏ ကရိဏ်းပါဠိကို တစ်နည်းကား၏ အကောက်ပစ္စည်းရေမျှကိုသာ ဖော်ပြပါ။

(ခ) အနန္တရပစ္စည်း အဗျာကတောအဗျာကတသဏ္ဌာန်။

၄။ ပုရေဇာတဝိပွယုတ္တ၏ ကရိဏ်းပါဠိကို ကောက်ပြပြီးလျှင်(တစ်နည်းကား)မှ (က)ဝတ္ထာရမ္မဏနှင့် (ခ)ဝတ္ထာရမ္မဏပုရေဇာတတို့၏ ကရိဏ်းပါဠိများကိုလည်း ကောက်ပြပါ။

၅။ ပဋ္ဌာန်းတရားတော်ကြီး၏ အကြောင်းတရား၊ အကျိုးတရားတို့ ဆက်စပ်ဖြစ်ပေါ်နေပုံကို (၂၄)ပစ္စည်းတို့ဖြင့်ဝေဘန်ဟောကြားတော်မူသောတရားတော်ကြီးဖြစ်၏ဟူရာဝယ် ကုသိုလ်စိတ် အကျိုးတရားတစ်ခုဖြစ်ပေါ်ဥပါဒ်ရန် ပစ္စည်းပေါင်းမည်မျှဖြင့် ကျေးဇူးပြုသည်ကို အာစရိယ နိသျည်းအရ ပစ္စည်းရေမျှကိုသာဖော်ပြပါ။

၆။ ဟိတ်(၆)ပါးနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို အသံဖမ်းပို့ချစဉ်အရ မကျဉ်းမကျယ် ဖြေဆိုပါ။

(၃၄)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ်(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က) သောဘာပတ္တိမဂ္ဂဝီထိတွင် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ် ဟုပါရှိရာ ဂေါတြဘူသည် အဘယ်ကိုအာရုံပြုသည်ကို ပါဠိတော်ကို ကိုးကား၍ဖြေပါ။

(ခ) ဖလသမာပတ္တိဝီထိတွင် အနုလုံ အနုလုံ အနုလုံ အနုလုံ ဖိုလ် ဖိုလ်များစွာ ဟုရှိရာတွင် ဖိုလ်စိတ်ရှေ့၌ကပ်နေသော အနုလုံသည် ဂေါတြဘူကဲ့သို့ အဘယ်ကြောင့်နိဗ္ဗာန်ကို အာရုံမပြုပါသနည်း။

၂။ အောက်ပါတို့၏ ကရိဏ်းသတ္တိများကို ကောက်ပြပြီးလျှင် တစ်ပြိုင်နက် ယထာရဟ ရုပ်ကိုလည်း ရှင်းပြပါ။ (က) နာမ်အာဟာရပစ္စည်း ဗျာ-ဗျာ (ပဝတ္တိ)

(ခ) သဟဇာတိန္ဒြိယပစ္စည်း ဗျာ-ဗျာ (ပဝတ္တိ)

၃။ ပဉ္စာဝါရ- အာရမ္မဏပုရေဇာတ၌ ပစ္စည်းတရားသည် နိပ္ပန္နရုပ်များ ဖြစ်၏၊ ၎င်း နိပ္ပန္နရုပ်သည် ပုရေဇာတဖြစ်သော နိပ္ပန္နရုပ်များသာမဟုတ်ဘဲ သဟဇာတနိပ္ပန္နရုပ်လည်း ဖြစ်နိုင်သဖြင့်၊ အာရမ္မဏပုရေဇာတသာမဟုတ်၊ အာရမ္မဏသဟဇာတလည်းဖြစ်နိုင်ကြောင်းကို ဆရာကြီးများ မိန့်ဆိုပုံကို မှတ်သားဖွယ်ရာ ဖြေဆိုပါ။

၄။ အောက်ပါတို့ကို ရှင်းလင်းဖြေဆိုပါ။
(က) နိဿယနှင့် ဥပနိဿယအထူး၊ (ခ) အဓိပတိနှင့် ဣန္ဒြိယအထူး၊
(ဂ) စျာနနှင့် မဂ္ဂအထူး၊

၅။(က)သေက္ခပုဂ္ဂိုလ်များ မပယ်အပ်သောကိလေသာများကို ပါဠိကိုပါဟော၍ အနုဝါဒဆိုရိုးအရ ဖော်ပြပါ။
(ခ)ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၏။ အကုသိုလ်ကြောင့် ကုသိုလ်လည်းဖြစ်နိုင်ပုံကို အဘယ်ပစ္စည်းများကိုထောက်၍ သိနိုင်ပါသနည်း။ (၁) အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယိဋ္ဌမူလကံ ဒုက္ခံ ပစ္စနုဘောတိနှင့် (၂) သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ တို့၏ အနုဝါဒအဓိပ္ပါယ်မျှကို ဖော်ပြပါ။

၆။ (က) ပဉ္စာဝါရ၌ မိဿက ဘယ်နှစ်မျိုး ဟောသည်ကို ရေတွက်ပြ၍၊
ငင်းတို့ အသီးသီး ရသောခန္ဓာဝါရများကိုလည်း ဖြေဆိုပါ။
(ခ) သဟ-ပုရေ မိဿက၏ ပထမ၊ဒုတိယ နှစ်ဝါရကို ဖွဲ့ပြခဲ့ပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၅)ကြိမ်မြောက်(၁၃၆၄)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ ကမ္မဇရုပ်သည် ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အားဖြင့် နှစ်မျိုးရှိရာ မည်သည့်ကမ္မဇရုပ်ကို ဟေတုပစ္စယသတ္တိဖြင့်၊ မည်သည့်ကမ္မဇရုပ်ကို ကျေးဇူးပြုနိုင်၍ မည်သည့်ကမ္မဇရုပ်ကို ကျေးဇူးမပြုနိုင်သည်ကို ရှင်းလင်းရေးသားခဲ့ပါ။

၂။ "ဝိရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော"ဟူသော ပစ္စယနိဒ္ဒေသပါဠိတော်၏ အရကောက်ကိုကောက်ပြပြီး၊ ကရိဏ်းသတ္တိ၌ အဘယ်ပစ္စည်းများသည် တစ်ပြိုင်နက်ယထာရဟဖြစ်သည်ကို ဖော်ပြပါ။

၃။ "တံ ရူပံ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နု ပုရေဇာတပစ္စယေန ပစ္စယော"ဟူသော နိဒ္ဒေသနာကာရပါဠိ ကောက်ပြပါ။

၄။ ဥပနိဿယပစ္စည်း၏ ကုသလောကုသလသဿ ဟူသောပါဠိအရ ပြည့်စုံစွာကောက်ပြပြီး 'ကေသဉ္စိ' သဒ္ဒါအရ အဘယ်ပစ္စည်းတရား မရသည်ကို ပြဆိုသနည်း။

၅။ 'အရူပိနော အာဟာရာ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံအာဟာရ ပစ္စယေန ပစ္စယော'ဟူသောပါဠိ၏ (က)ကတ္တား (ခ)သမ္ပဒါန် (ဂ)ကရိဏ်းတို့ကို ကောက်ပြပြီး တစ်ပြိုင်နက်ပစ္စည်း၊ ယထာရဟပစ္စည်းများကို ဖော်ပြပါ။

၆။ လောကုတ္တရာ မဂ်ဇော၊ ဖိုလ်ဇောတို့၌ အာသေဝနပစ္စည်းမရသည်ကို ပြဆိုလျက် ဘုံချင်းမတူသည့် အာသေဝနပစ္စည်းတပ်သော တရားတို့ကို ထုတ်ပြခဲ့ပါ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

(၃၅)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ လောကီစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုနိုင်, မပြုနိုင် ပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။

၂။ အောက်ပါပစ္စည်းများ၏ ထူးခြားချက်များကို ဖြေဆိုပါ။
(က) ဝိပါက်နှင့် အခြားစိတ်များအထူး၊
(ခ) သမ္မယုတ္တနှင့် ဝိပ္ပယုတ္တ၊

၃။ သင်၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်အား ဟေတုပစ္စည်း တပ်ပုံကို ပဋ္ဌာန်းပါဠိတော်နှင့်တကွ ကိုးကားဖြေပါ။

၄။ ပဉ္စာဝါရဝိဘင်္ဂ ပါဠိတော်များမှာဟောကြားသည့် ကမ္မပစ္စည်း(၄)မျိုးကို သင်သိသမျှ ရှင်းလင်းဖြေဆိုပါ။

၅။ (က) ပဉ္စာဝါရဝိဘင်္ဂ ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ခါကို ဆိုရိုးကျဖော်ပြ၍ ရရှိသည့် သဘာဂ ပစ္စည်းရေတို့ကိုလည်း ဖြေဆိုပါ။
(ခ) ပစ္ဆာဇာတပစ္စည်း၏ကျေးဇူးပြုပုံ သဘောသဘာဝကို ဥပမာနှစ်ခုမျှပြ၍ ဖော်ညွှန်းပါ။

၆။ (က) နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပုံ နှင့်
(ခ) အတ္ထိပစ္စည်း၌ နှလုံးသွင်းဆင်ခြင်ဖွယ်များကို မကျဉ်းမကျယ်ဖြေဆိုခဲ့ပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၆)ကြိမ်မြောက်(၁၃၆၅)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ စက္ခုဒ္ဒါရဝီထိ၌ ပဋ္ဌဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ ဟုဝီထိစိတ်အစဉ်ဖြစ်ရာ ထိုစိတ်တို့၏အာရုံကို ပဋ္ဌာန်းဒေသနာတော်အရ ရေးပြခဲ့ပါ။

၂။ ယဒယဝတ္ထုရုပ်သည် နာမက္ခန္ဓာတို့အား ဘယ်အခါ သဟဇာတပစ္စည်းတပ်၍၊ ဘယ်အခါ ပုရေဇာတပစ္စည်းသနည်း။ ပစ္စယနိဒ္ဒေသပါဠိတော်ကို ထုတ်ပြဖြေဆိုပါ။

၃။ ပစ္စယနိဒ္ဒေသ သဟဇာတာဓိပတိပစ္စည်း၌ အဓိပတိလေးပါးကို အဘယ်ကြောင့် ဆန္ဒာဓိပတိ အစရှိသဖြင့် အသီးသီးဟောပါသနည်း။ ထိုသို့ဟောမှုအတွက် ကရိဏီးပစ္စည်းရေ အသီးသီး ရှိရာ ၎င်းတို့ကိုရေးပြခဲ့ပါ။

၄။ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော"ဟူသော နိဒဿနာကာရပါဠိ၏ အရကောက်ကိုပြည့်စုံစွာရေးပြပြီး တစ်ပြိုင်နက်ယထာရဟ ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။

၅။ သင်၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်အား ဟေတုပစ္စည်းတပ်ပုံကို ပဋ္ဌာန်းပါဠိတော်နှင့်တကွ ကိုးကားဖြေပါ။

၆။ အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့် တူ၏ဟုဆိုရာ ထိုပစ္စည်းတို့သည် တစ်စုံတစ်ရာအထူးမရှိကြပြီလော။ ထူး၏ဟုဆိုသော် မည်ကဲ့သို့ထူးကြပါသနည်း။

(၃၆)ကြိမ် ပဉ္စာဝါရဝိဘင်္(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ ပဉ္စာဝါရဝိဘင်္ သဟဇာတာဓိပတိပစ္စည်း ကရိဏ်းကောက်များ၌ သာမညအားဖြင့် 'သဟဇာတာဓိပတိသတ္တိသာရ၏'ဟု အရကောက်ဆရာတော်ကြီး ကောက်ပြတော်မူခြင်းသည် သင့်-မသင့် ဝေဖန်ပြပါ။

၂။ အောက်ဖော်ပြပါပစ္စည်းများ၏ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်းများကို ကောက်ပြပါ။
(က) မဂ္ဂပစ္စည်း အကုသလော အကုသလဿ၊ (ခ) ဝိပါကပစ္စည်း ဗျာ-ဗျာ ပဋိသန္ဓေအခါ

၃။ လောကုတ္တရာ မဂ်ဇော, ဖိုလ်ဇောတို့၌ အာသေဝနပစ္စည်းမရသည်ကိုပြဆိုလျက် ဘုံချင်းမတူသည့် အာသေဝနပစ္စည်းတပ်သော တရားတို့ကို ထုတ်ပြခဲ့ပါ။

၄။ လောကီစိတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုနိုင်ကြောင်း ပဉ္စာဝါရ အာရမ္မဏပစ္စည်း ပါဠိတော်မှ ကောက်နှုတ်ဖြေဆိုပါ။

၅။ ပဋ္ဌာနန္တရိယကံကို ကျူးလွန်မိသောသူသည် ယခုဘဝ၌ စျာန်တရား, မဂ်တရား ရနိုင်မည်၊ မရနိုင်မည်ကို ပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။

၆။ သဟဇာတပုရေဇာတမိဿကပစ္စည်း ကုသလာဗျာကတော ကုသလဿ၏ အဓိပ္ပါယ်ကို ဝိထိပုံစံနှင့်တကွ ရှင်းလင်းပြ၍ တစ်ပြိုင်နက်ပစ္စည်း မည်မျှရပါသနည်း။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၇)ကြိမ်မြောက်(၁၃၆၆)
ပဉ္စာဝါရဝိဘင်္(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော'ဟူသော နိဒဿနာကာရပါဠိ၏ အရကောက်ကို ပြည့်စုံစွာရေးပြပါ။

၂။ သဟဇာတာဓိပတိပစ္စည်း၌ တပ်ခိုက်၊ မတပ်ခိုက်၊ တပ်နေ၊ မတပ်နေ ဟူသော အသုံးအနှုံးကို သင်မည်သို့နားလည်သနည်း။ ရှင်းလင်းဖော်ပြပါ။

၃။ စက္ခုဝိညာဉ်အား (က)အာရမ္မဏသတ္တိ (ခ)အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ပစ္စယနိဒ္ဒေသ ပါဠိတော်အရရေးပြပြီး၊ (ဂ) အနန္တရပစ္စည်းပါဠိတော်၏ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်း၊ သတ္တိ ကိုလည်းဖြေဆိုပါ။

၄။ အာသေဝနပစ္စည်း ဗျာ-ဗျာ အတွက် နိဒဿနာကာရပါဠိကိုဟောပြပြီး အရကောက်ကိုလည်း ပြည့်စုံစွာ ကောက်ပြခဲ့ပါ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၅။ ပဋ္ဌာန်းတရားတော်ကြီးသည် အကြောင်းတရား၊ အကျိုးတရားတို့ ဖြစ်ပေါ်နေပုံကို (၂၄)ပစ္စည်းတို့ဖြင့် ဝေဘန်ဟောကြားတော်မူသော ပဋ္ဌာန်းတရားတော်ကြီးဝယ်၊ လောဘစေတသိက် အကျိုးတရားတစ်ခုဖြစ်ပေါ်ဉပါဒ်ရန် ပစ္စည်းပေါင်းမည်မျှဖြင့် ကျေးဇူးပြုသည်ကို အာစရိယနိသျည်း အရ ပစ္စည်းရေမည်မျှကိုသာ ရေးသားဖော်ပြပါ။

၆။ ရုပ်ပွားတော်၏အဆင်းကို အလေးအမြတ်အာရုံပြုသောသူသည် မဟာကုသိုလ်စိတ် ဖြစ်နိုင်မဖြစ်နိုင်အကြောင်းပြဖြေဆို၍ မည်သည့်စိတ်ဖြစ်ကြောင်းနှင့် မည်သည့်ပစ္စည်းတပ်ကြောင်း ပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍ ရှင်းလင်းရေးပြပါ။

(၃၇)ကြိမ် ပဋ္ဌာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ အာရမ္မဏပစ္စည်း အကု-ကု နှင့် အကု-ဗျာ တို့၌ဟောကြားသောပါဠိတော်ကို ကိုးကား၍ သေက္ခပုဂ္ဂိုလ်တို့ မိမိတို့ဆိုင်ရာပယ်သတ်သည့် ကိလေသာနှင့် ကျန်သည့်ကိလေသာ၊ ရဟန္တာပယ်သည့် ကိလေသာတို့ကို ဖော်ပြပါ။

၂။ အောက်ပါတို့ကို အထူးကို ရှင်းလင်းဖြေဆိုပါ။
(က) အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယ (ခ) အဓိပတိ နှင့် ဣန္ဒြိယ
(ဂ) နိဗ္ဗာန်နှင့် ပညတ်၊

၃။ ပဋ္ဌာဝါရဝိဘင်္ဂ သဟဇာတာဓိပတိပစ္စည်း(၄)ပစ္စည်း၊ ကရိဏ်းကောက်များ၌ သာမညအားဖြင့် 'သဟဇာတာဓိပတိသတ္တိသာရဏ၏'ဟု အရကောက်ဆရာတော် ကောက်ပြခြင်း အကြောင်းကို သေချာစွာရှင်းပြပါ။

၄။ အောက်ပါပဋ္ဌာဝါရ ပါဠိတော်များကို ကောက်ပြပါ။
(က) ကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မသ္မိံ ကမ္မပစ္စယေန ပစ္စယော နာနာက္ခဏိကာ ကုသလာစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
(ခ) အဗျာကတော ဓမ္မော အဗျာကတသ္မိံ ဓမ္မသ္မိံ အာဟာရပစ္စယေန ပစ္စယော ကဗဠီကာရော အာဟာရော ဣမသ္မိံ ကာယသ္မိံ အာဟာရပစ္စယေန ပစ္စယော။

၅။ ပဋ္ဌာဝါရဝိဘင်္ဂ ဟေတုပစ္စည်း အကုသလောအကုသလသဒ္ဒါ ခန္ဓာဝါရအဘယ်မျှ ရသနည်း၊ ခန္ဓာဝါရဖွဲ့ပြပါ။

၆။ ပဋ္ဌာဝါရဝိဘင်္ဂ ကုသလတိက်-မိဿကပစ္စည်းတစ်ခုမှ အကုသိုလ်အဗျာကတ တရားများသည် အဗျာကတတရားအား ကျေးဇူးပြုပုံကို ပါဠိတော်နှင့်တကွ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်း ကောက်ပါ ကောက်ပြပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၈)ကြိမ်မြောက်(၁၃၆၇)
ပဥ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ သင်၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်အား ဟေတုပစ္စည်းတပ်ပုံကို ပဋ္ဌာန်းပစ္စယနိဒ္ဒေသနှင့် ပဥ္စာဝါရဝိဘင်္ဂ ပါဠိတော်တို့ကို ကိုးကားဖြေပါ။

၂။ ပစ္စယနိဒ္ဒေသ သဟဇာတာဓိပတိပစ္စည်း၌ အဓိပတိလေးပါးကို အဘယ်ကြောင့် ဆန္ဒာဓိပတိအစရှိသဖြင့် အသီးသီးဟောပါသနည်း။ ဆန္ဒာဓိပတိအတွက် ကရိဏ်းပစ္စည်းရေကိုတွက် ပြခဲ့ပါ။

၃။ ယဒယဝတ္ထုရုပ်သည် နာမက္ခန္ဓာတို့အား ဘယ်အခါသဟဇာတပစ္စည်းတပ်၍ ဘယ်အခါ ပုရေဇာတပစ္စည်းသနည်း။ ပစ္စယနိဒ္ဒေသပါဠိတော်ကို ထုတ်ပြဖြေဆိုပါ။

၄။ ပစ္စယနိဒ္ဒေသ ဥပနိဿယပစ္စည်း၏ ကုသလောကုသလသဿ အရဟပါဠိကို အာရမ္မဏူပနိဿယ အတွက် ပြည့်စုံစွာကောက်ပြပြီး ကေသဉ္စိသဒ္ဒါအရ အဘယ်ပစ္စည်းတရား မရသည်ကို ပြဆိုသနည်း။ အဘယ်ပဒတို့၌ ဟောပါသနည်း။

၅။ လောကုတ္တရာ မဂ်ဇော, ဖိုလ်ဇောတို့၌ အဘယ်ကြောင့် အာသေဝနပစ္စည်းမရသည်ကို ပြဆိုလျက်၊ ဘုံချင်းမတူသည့် အာသေဝနပစ္စည်းတပ်သော တရားတို့ကို ထုတ်ပြခဲ့ပါ။

၆။ 'အရူပိနော အာဟာရာ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော'ဟူသောပါဠိ၏ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကို ကောက်ပြပြီး တစ်ပြိုင်နက် ယထာရဟပစ္စည်းများကို ဖော်ပြပါ။

(၃၈)ကြိမ် ပဥ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ လောကီစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုနိုင်၊ မပြုနိုင် ပဋ္ဌာန်းပါဠိတော်ကိုကိုးကား၍ ဖြေဆိုပါ။

၂။ မဂ္ဂပစ္စည်း အကုသလောအကုသလသဿ အတွက် ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကို ကောက်ပြပါ။

၃။ ပဋ္ဌာနန္တရိယကံကို ကျူးလွန်မိသောသူသည် ယခုဘဝ၌ စျာန်တရား၊ မဂ်တရား ရနိုင်မည်၊ မရနိုင်မည်ကို ပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။

၄။ သမ္မယုတ္တနှင့် ဝိပ္ပယုတ္တပစ္စည်းတို့၏ ထူးခြားချက်များကို ဥပမာများပေး၍ ဖြေဆိုပါ။

၅။ ပဥ္စာဝါရဝိဘင်္ဂ ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ခါကို ဆိုရိုးကျရေးပြ၍ ရရှိသည့် သဘာဂ ပစ္စည်းရေတို့ကိုလည်း ဖြေဆိုပါ။

၆။ သဟဇာတပုရေဇာတမိဿကပစ္စည်း ကုသလာဗျာကတော ကုသလဿ၏ အဓိပ္ပါယ်ကို ဝိထိပုံစံနှင့်တကွ ရှင်းလင်းပြ၍ တစ်ပြိုင်ပစ္စည်း မည်မျှရပါသနည်း။ ရေတွက်ပြခဲ့ပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၃၉)ကြိမ်မြောက်(၁၃၆၈)
ပဉ္စာဝါရဝိဘင်္ဂ်(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ ဟေတုပစ္စည်းတရားတို့သည် ရုပ်တရားတို့ကိုကျေးဇူးပြုရာ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်နှင့် ပဝတ္တိကမ္မဇရုပ်တို့ကို ကျေးဇူးပြု-မပြု ဝေဖန်ရေးသားခဲ့ပါ။

၂။ ပစ္ဈယနိဒ္ဒေသ သဟဇာတပစ္စည်း၌ဟောသော်လည်း နိဿယပစ္စည်း၌မဟောသော ပါဠိကို ထုတ်ပြ၍ အဘယ်ကြောင့် မဟောရကြောင်းကို ရှင်းပြပါ။

၃။ (က) ပကတူပနိဿယပစ္စည်း၏ သုဒ္ဓသင်္ခါအရ ပစ္စည်း၊ ပစ္စယုပ္ပန်နှင့် ပစ္စည်းရေတို့ကို ဖော်ပြပါ။
(ခ) 'ဥပနိဿယပစ္စည်း ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ'၏ အရကို ဥပနိဿယသုံးမျိုးအနက်၊ မဟောသော ဥပနိဿယပစ္စည်း၊ ဟောသော ဥပနိဿယပစ္စည်းတို့ကို အမည်မျှဖော်ပြ၍ နောက်ဆုံးတစ်ခုကိုသာ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်း ကောက်ပြခဲ့ပါ။

၄။ ပုရေဇာတပစ္စည်း၌ 'ယံ ရူပံ ဖြင့် ဟောအပ်သောတရား၊ 'တံ ရူပံ ဖြင့်ဟောအပ်သော တရား တို့ကိုဖော်ပြ၍ 'ကိဉ္စိကာလေ'ဟောရခြင်းအကြောင်းကို ရှင်းပြပါ။

၅။ အာသေဝနပစ္စည်းကျေးဇူးပြုပုံ အဓိပ္ပါယ်ရှင်းပြ၍ (၁) ကုသိုလ်က မိမိကြောင့်ဖြစ်သော ဝိပါက်ကို (၂) ကုသိုလ်က အခြားမဲ့ဖြစ်သော ဝိပါက်ကို (၃) ဝိပါက်က အခြားမဲ့ဖြစ်သော ဝိပါက်ကို အာသေဝနဖြစ်-မဖြစ် အကြောင်းပြရှင်းပြီး ဘုံ၊ အာရုံပြားသော်လည်း အာသေဝန ဖြစ်သော တရားတို့ကို အကျဉ်းမျှဖော်ပြပါ။

၆။(က) ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခါကို ပစ္စည်းရေနှင့်တကွ ရေးပြ၍ (တစ်နည်းကား ကောက်ပုံအရ) စက္ခုဒသကကလာပ်အတွက် ကောက်ပြခဲ့ပါ။
(ခ) ဝိပ္ပယုတ္တပစ္စည်း 'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ' အရ ဝိပ္ပယုတ္တပစ္စည်းသုံးမျိုးအနက် မဟောသော ဝိပ္ပယုတ္တပစ္စည်း၊ ဟောသောဝိပ္ပယုတ္တများကိုဖော်ပြ၍ နောက်ဆုံးတစ်ခုကိုသာ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်း ကောက်ပြခဲ့ပါ။

(၃၉)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ်(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က) အဘိဓမ္မာစာပြန်ပွဲ၌ သန့်ရှင်းကြည်လင်စွာဖြေဆိုခဲ့ပုံကို အမှတ်ရဆင်ခြင်ပြီး ကုသိုလ်တရားဖြစ်ပွားပုံကို ပဉ္စာန်းပဉ္စာဝါရကို ကိုးကား၍ ပါဠို၊ သမ္မဒါန်၊ ကရိဏ်း၊ သတ္တိတို့ကို ထိုတရားအတွက်မျှသာ ကောက်ပြခဲ့ပါ။
(ခ) ဝတ္ထာရမ္မဏာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ခါအရ ရသင့်သောပစ္စည်း၊ ပစ္စယုပ္ပန်နှင့် ပစ္စည်းရေတို့ကို ဖော်ပြပါ။

၂။ 'ခန္ဓာဝတ္ထုဩ ဝတ္ထုခန္ဓာနံ'ဟူ၍ဟောတော်မူရာဝယ် မည်သည့်တရားက မည်သည့်တရားကို မည်သည့်အခါ၌ မည်သို့ကျေးဇူးပြုပါသနည်း။ ဘုံ၊ ပုဂ္ဂိုလ်အလိုက် ရသင့်သမျှ သရုပ်ထုတ်ပြဖြေဆို၍ မည်သည့်ပဋ္ဌာန်းပစ္စည်းတို့၌ ရသည်ကိုလည်း ဖော်ပြခဲ့ပါ။

၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သူများ တရားအားထုတ်၍ သောတာပန်ဖြစ်နိုင်ပါသလား၊ ဣန္ဒြေယ ပစ္စည်းပါဠိတော်ကို ကိုးကားဖြေဆို၍၊ ကုသလော ကုသလဿ အတွက် ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကိုကောက်ပြပြီး သောတာပန်ဖြစ်ရန် မရှိမဖြစ်လိုအပ်သောတရားတို့ကို ထုတ်နုတ်ပြပါ။

၄။ (က) အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ တို့၏အထူးကို ဥပမာများပေး၍ ရှင်းပြပါ။
(ခ) နာနာက္ခဏိကကမ္မ၏ အဓိပ္ပါယ်ကို ဥပမာများဖြင့် ရှင်းပြပါ။

၅။ ပစ္ဆာဇာတိန္ဒြေယမိဿကပစ္စည်း၏ ပါဠိတော်ကိုထုတ်ပြပြီး၊ ကျေးဇူးပြုပုံကို ဝိထိပုံစံဖြင့် ရှင်းပြပါ။

၆။ အောက်ပါတို့၏ ခန္ဓာဝါရ ရပုံကို ရေတွက်ပြခဲ့ပါ။
(က) ကမ္မပစ္စည်း (ကုသလော ကုသလဿ) (ခ) ရူပဇီဝိတိန္ဒြေယပစ္စည်း

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၀)ကြိမ်မြောက်(၁၃၆၉)
ပဉ္စာဝါရဝိဘင်္ဂ(**ပထမပိုင်း**) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က) ဟေတုပစ္စည်း၌ အဘယ်ကြောင့် 'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'ဟူ၍ မဟောဘဲ 'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'ဟူ၍ ဟောတော်မူပါသနည်း။
(ခ) အဓိပတိပစ္စည်း၌ 'ယံ ယံ ဓမ္မံ'ဖြင့် ဟောအပ်သောတရားမျှကိုသာ တိကျစွာကောက်ပြပါ။

၂။ မျက်စိကိုအမှီပြု၍ မြင်သိစိတ်ဖြစ်ပုံကို ပစ္စယနိဒ္ဒေသနိဿယပစ္စည်း၌ မည်သို့ဟောပါသနည်း။ ပါဠိထုတ်ပြ၍ ထိုနိဒ္ဒေသနာကာရပါဌ်အတွက် ဆိုရိုးကျကောက်ပြပါ။

၃။ အောက်ပါပါဠိတော်ကောက်နုတ်ချက်များ၌ မည်သည့်ရပ်များကိုကောက်ယူရမည်နည်း။ ပစ္စယုပ္ပန်ရုပ်ကိုသာ ကောက်ပြပါ။
(က) ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ။
(ခ) ရူပဇီဝိတိန္ဒြေယံ ကဋတ္တာရူပါနံ။
(ဂ) အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ။
(ဃ) စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။
(င) ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ။

၄။ မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေပြောင်းသော်လည်း နာမ်တရားကတည်မြဲသည်ဟုယူသည့် သဿတဒိဋ္ဌိဖြစ်စေသော သန္တတိသညာကိုပယ်ရှား၍ အယူမှန်ရစေရန် ပဋ္ဌာန်း၌ မည်သည့်ပစ္စည်းများဖြင့် ဟောသနည်း။ သုဒ္ဓသန်္ဂဟအရ ပစ္စည်း ပစ္စယုပ္ပန်တို့ကို ဖော်ပြ၍ ပစ္စည်းရေကိုလည်း တစ်ပြိုင်နက် ယထာရဟ ခွဲပြပါ။

၅။ နိသယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၌ 'တံ ရူပံ'ဟောပုံနှင့် ပုရေဇာတပစ္စည်း၌ 'တံ ရူပံ' ဟောပုံ အဘယ်ကြောင့် မတူပါသနည်း။ ရှင်းပြပါ။

၆။ (က) အဟိတ်စိတ်များ၌ စျာနင် ရအပ်-မရအပ် အင်္ဂကထာနှင့် မူလဋ္ဌီကာဆရာတို့က မည်သို့ ဖွင့်ဆိုကြပါသနည်း။ လိုရင်းမျှ ဖော်ပြပါ။

(ခ) ပစ္စယနိဒ္ဒေသ၌ အတ္ထိ ဘယ်နှစ်မျိုး ဟောပါသနည်း။ တိကျစွာဖော်ပြပါ။ အဘယ်ကြောင့် အားလုံးကုန် မဟောပါသနည်း။

(၄၀)ကြိမ် ပဋ္ဌာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ မင်္ဂဖိုလ်ရရုန် ဝိပဿနာရှုရာဝယ် အဘယ်တရားကိုအာရုံပြု၍ အဘယ်သို့ရှုရပါမည်နည်း။ ပဋ္ဌာဝါရပါဠိတော်ကို ကိုးကားဖြေဆိုပါ။

၂။ "မောင်တော်ဘုရား မြန်မြန်ပြန်လာခဲ့ပါ"ဟု အော်ငြောလိုက်သော ဇနပဒကလျာဏီ၏ စကားသံ၌ စွဲယောင်တမ်းတလျက် လှည့်ပြန်ချင်စိတ်ဖြစ်နေသော နန္ဒမင်းသား၏ သန္တာန်၌ ဖြစ်သင့်သောစိတ်အား အမိပတိတပ်ပုံကို ပဋ္ဌာဝါရပါဠိတော်ကို ကိုးကားဖြေဆို၍၊ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်း ကောက်ပြပါ။

၃။(က) 'မဟာဘူတာ စိတ္တာသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ'နှင့် 'အသညသတ္တာနံ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ' ဟူသောပုဒ်တို့တွင် မည်သည့်တရားက မည်သည့်တရားကို မည်သည့်သတ္တိဖြင့် ကျေးဇူးပြုသနည်း။

(ခ) ဝိပါကပစ္စည်း၌ ဝိပါက်စိတ်များ၏ ကျေးဇူးပြုပုံကိုဟောရာ၊ ဝိပါက်စိတ်များနှင့် အခြားစိတ်များ ထူးပုံကို ဖော်ပြပါ။

၄။ ပကတူပနိဿယပစ္စည်း၏အဓိပ္ပါယ်ကို ဥပမာနှင့်တကွရှင်းပြ၍ ကုသလောအဗျာကတသနှင့် အကုသလော အဗျာကတသတို့၌ ကရိဏ်းပစ္စည်းရေမတူရပုံကို အကြောင်းသွင်း၍ ရှင်းပြပါ။

၅။ (က) ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း၏ ကုသလောအဗျာကတသအတွက် ကတ္တားပုဒ် မျှကိုသာ ကောက်ပြပါ။ (တစ်နည်းကားမလို)

(ခ) (၁) ကုသိုလ်၊အကုသိုလ်တို့၌ အဓိပတိဇကန်၊အနေကန်တရားများကို ဖော်ပြ၍

(၂) အကုသိုလ်အတွက် အဓိပတိဇကန်ရှိပါသလော၊ အင်္ဂကထာ၊ မူလဋ္ဌီကာတို့၏ ဖွင့်ဆိုချက်အရ ရှိလျှင် ဖော်ပြပေးပါ။

(၃) ထိုတရားတို့ကို ပဋ္ဌာန်းပဋ္ဌာဝါရ၌ မည်သည့်ပစ္စည်းတွင် ဟောပါသနည်း၊ အမည်မျှ ဖော်ပြပါ။

၆။(က)နိဗ္ဗာန်သည်မပျက်မစီး အမြဲတည်ရှိသောတရားဖြစ်၍ အတ္ထိပစ္စည်းဖြစ်ပါသလော၊ (သို့မဟုတ်) ရပ်နာမ်တို့မရှိသည်ဖြစ်၍ နတ္ထိပစ္စည်းဖြစ်ပါသလော၊ ရှင်းပြပါ။

(ခ)မင်္ဂသည်နိဗ္ဗာန်၏အကြောင်းလော၊ မင်္ဂသည်နိဗ္ဗာန်၏အကြောင်း ဟုတ်-မဟုတ် စိစစ်ပြပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၁)ကြိမ်မြောက်(၂၀၀၈)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

ပစ္စယနိဒ္ဒေသ

၁။ (က) အရူပကုသိုလ်၊ ကြိယာဌ်ရှိသော ဟိတ်သုံးပါးတို့သည် စိတ္တဇရုပ်အား ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသလော၊ အကြောင်းပြဖြေဆိုပါ။
(ခ) ဟေတုပစ္စည်း၏ ကျေးဇူးအပြုခံရသောတရားတို့ကိုဖေါ်ပြ၍ ၎င်းတရားတို့သည် ဟေတုပစ္စည်း၏ကျေးဇူးပြုခံရသဖြင့် အဘယ်အကျိုးတရားများရရှိပြီး၊ ဟေတုပစ္စည်း၏ ကျေးဇူးအပြုကို မခံရကုန်သောတရားတို့မှာ အဘယ်ကဲ့သို့ ဖြစ်နိုင်ပါသနည်း။

၂။ အဓိပတိပစ္စည်း (က) ဝီမံသာအဓိပတိ တိဟိတ်ဇော ၃၄ ခုကိုရေတွက်ပြပါ။
(ခ) ကရိဏ်းကိုကောက်ပြပြီး တပြိုက်နက် ယထာရဟရုပ်ကိုလည်းရှင်းပြပါ။

၃။ (က) ပစ္စယနိဒ္ဒေသ ပုရေဇာတပစ္စည်း၌ အာရမ္မဏပုရေဇာတပစ္စည်းတွင် အဘယ်တရားကိုသာ ဟောသနည်း။ သုဒ္ဓသခ်ိဳကဲ့ပြုလုပ်ပြပါ။
(ခ) မနောဝိညာဏဓာတ်အား ဝတ္ထုပုရေဇာတပစ္စည်းတပ်ပုံကို "ကိဉ္စိကာလေ"ပါဠိဖြင့်ဟောရာ ကိဉ္စိကာလေပါဠိအရ ရှင်းလင်းရေးသားပြပါ။

၄။ သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ "ရူပီနောဓမ္မာ"ဟူသောကတ္တားပါဠိနှင့် ကရိဏ်းပါဠိ၊ ပစ္ဆာဇာတ-ဝိပ္ပယုတ္တပစ္စည်း၏ "အရူပီနောဓမ္မာ"ဟူသော ကတ္တားပါဠိနှင့်ကရိဏ်းပါဠိ တို့ကိုကောက်ပြပါ။

ပဉ္စာဝါရ

၅။ လောကီစိတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုနိုင် မပြုနိုင် ပဌာန်းပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။

၆။ ဟိတ်(၆)ပါးနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို အသံဖန်းပို့ချစဉ်အရ မကျဉ်းမကျယ်ဖြေဆိုပါ။

(၄၁)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က) သောတာပတ္တိမဂ္ဂဇိဏ်တွင် "ပရိဂ်ံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်"ဟူရှိရာ ဂေါတြဘူသည် အဘယ်ကိုအာရုံပြုသည်ကို ပါဠိတော်ကိုးကားဖြေဆိုပါ။
(ခ) ဖလသမာပတ္တိဝီထိတွင် " အနုလုံ၊ အနုလုံ၊ အနုလုံ၊ အနုလုံ၊ ဖိုလ်၊ ဖိုလ်များစွာ" ဟူရှိရာတွင် ဖိုလ်စိတ်ရှေ့၌ကပ်နေသောအနုလုံသည် ဂေါတြဘူကဲ့သို့ အဘယ်ကြောင့် နိဗ္ဗာန်ကို အာရုံမပြုပါသနည်း။

၂။ အောက်ပါတို့၏ ကရိဏ်းသတ္တိကို ကောက်ပြပြီးလျှင် တပြိုင်နက် ယထာရဟရုပ်ကိုလည်း ရှင်းပြပါ။
(က) နာမ်အဟာရပစ္စည်း ဗျာ-ဗျာ(ပဝတ္တိ)၊ (ခ) သဟဇာတိန္ဒြိယပစ္စည်း ဗျာ-ဗျာ(ပဝတ္တိ)။

၃။ ပဥ္စာဝါရဝိဘင်္ဂပိဋကတ်မှာဟောကြားသည့် ကမ္မပစ္စည်း(၄)မျိုးကို သင်သိသမျှရှင်းပြပါ။

၄။ အောက်ပါတို့.ကိုမှန်ကန်စွာကောက်ပြပါ။
(က) သဟ-ပုရေမိဿကပစ္စည်း "အကုဗျာ-အကု"၏ ကတ္တား၊ သမ္မဒါန်၊ ကရိယာ်း၊
(ခ) ပစ္ဆာ-ဟာ မိဿကပစ္စည်း "ကုဗျာ-ဗျာ"၏ ကတ္တား၊
(ဂ) ပစ္ဆာ-ကံ မိဿကပစ္စည်း "အကုဗျာ-ဗျာ"၏ သမ္မဒါန်နှင့် ကရိဏ်း၊

၅။ (က) ပဥ္စာဝါရဝိဘင်္ဂ ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ခါကို ဆိုရိုးကျဖေါ်ပြ၍ ရရှိသည့် သဘာဂပစ္စည်းရေတို့.ကိုလည်း ဖြေဆိုပါ။
(ခ) ပစ္ဆာဇာတပစ္စည်း၏ ကျေးဇူးပြုပုံသဘောသဘာဝကို ဥပမာနှစ်ခုမျှပြ၍ ဖော်ညွှန်းပါ။

၆။ အောက်ပါပစ္စည်းများ၏ ထူးခြားချက်များကို ဖြေဆိုပါ။
(က) ဝိပါက်နှင့် အခြားစိတ်များအထူး၊ (ခ) သမ္မယုတ္တ နှင့် ဝိပ္ပယုတ္တ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၂)ကြိမ်မြောက်(၂၀၀၉)
ပဥ္စာဝါရဝိဘင်္ဂ**(ပထမပိုင်း)** (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (၈၀)

ပစ္စယနိဒ္ဒေသ

၁။ စက္ခုဒ္ဒါရဝီထိဌိ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံဟု ဝီထိအစဉ်ဖြစ်ရာ ထိုစိတ်တို့.၏အာရုံကို ပဋ္ဌာန်းဒေသနာအရ ရေးပြပါ။

၂။ မျက်စိကို အမှီပြု၍ မြင်သိစိတ်ဖြစ်ပုံကို နိဿယပစ္စည်း၌မည်သို့ ဟောပါသနည်း။ ပါဠိကို ထုတ်ပြ၍ ထိုနိဒဿနာကာရပါဌ်အတွက် ဆိုရိုးကျကောက်ပြပါ။

၃။ ဥပနိဿယပစ္စည်း အကုသလောအဗျာကတသည်၌ အာရမ္မဏူပနိဿယ အဘယ်ကြောင့် မရကြောင်း သိသာအောင်ရှင်းလင်းဖြေဆို၍ "ကေသဉ္စိ"သဒ္ဒါဖြင့် အဘယ်ကြောင့် မဟောသနည်း။

၄။ အောက်ပါတို့.ကို အပြည့်အစုံ ရှင်းလင်းဖြေဆိုပါ။
(က) "ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နော သဟဇာတပစ္စယေန ပစ္စယော"
(ခ) "ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နော ပုရေဇာတပစ္စယေန ပစ္စယော"

၅။ ပဥ္စာဝါရဝိဘင်္ဂ ဟေတုပစ္စည်း အဗျာကတော အဗျာကတသ ပဝတ္တိအခါ၌ ကရိဏ်းပါဌ်ကိုကောက်ပြပြီး အဘယ်ပစ္စည်းတို့.သည် တပြိုင်နက်ဖြစ်၍ အဘယ်ပစ္စည်းတို့.သည် ယထာရဟဖြစ်သည်ကို အကြောင်းပြချက်နှင့်တကွ ရေးပြပါ။

၆။ (က)ပစ္ဆာဇာတပစ္စည်းမှ ဇာဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့.၏ အဓိပ္ပာယ်ကို ရေးပြ၍၊
(ခ)ထိုရုပ်အသီးသီးအား ပစ္ဆာဇာတသတ္တိဖြင့် ပစ္စည်းတပ်ပုံကို ရှင်းလင်းရေးသားပြပါ။

(၄၂)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ အောက်ပါမေးခွန်းများ၏ အနုဝါဒဆိုရိုးကို ရေးပြခဲ့ပါ။
(က) ကုသလာ ခန္ဓာ ကုဒ္ဒိဝိညာဏသ အာရမ္မဏပစ္စယေန ပစ္စယော။
(ခ)အနုလောမံ ဂေါတြဘုသ အနန္တရပစ္စယေန ပစ္စယော။

၂။ ပဋ္ဌနန္တရိယကံ တစ်ပါးပါးကို ကျူးလွန်မိသောသူသည် ယခုဘဝ၌ စျာန်တရား၊ မဂ်တရား ရနိုင်မည်၊ မရနိုင်မည်ကို ပဌာန်းပါဠိတော်ကို ကိုးကား၍ ဖြေဆိုပါ။

၃။ အာသေဝနပစ္စည်း၏ အဓိပ္ပါယ်ကိုပေါ်လွင်အောင်ရှင်းပြ၍၊ ဇောစိတ်(၅၅)ခုတွင် အဘယ်ဇော စိတ်များသည် အာသေဝနပစ္စည်းမရကြောင်း ပဉ္စာဝါရပါဠိတော်ဖြင့် ကိုးကားဖြေဆိုပါ။

၄။ အာဟာရပစ္စည်း အဗျာကတော အဗျာကတသအရ ကတ္တားသမ္မဒါန်ကရိဏ်းတို့ကို ပြည့်စုံစွာ ကောက်ပြပါ။

၅။ မဂ္ဂပစ္စည်း အကုသလော အကုသလသဒ္ဒါ ခန္ဓာဝါရအရ အဘယ်မျှရသနည်း။ ဧကက၊ ဒုကစသည်ရပုံ အရေအတွက်မျှ ဖော်ပြ၍ ဒုကမျှသာ ခန္ဓာဝါရ ဖွဲ့ခဲ့ပါ။

၆။ ပစ္ဆာဇာတိန္ဒြိယမိဿကပစ္စည်း ကုသလာ ဗျာကတော အဗျာကတသအရ ပစ္စည်းတပ်ပုံကို ဝိထိပုံစံနှင့် တကွရှင်းလင်းဖြေဆိုပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၃)ကြိမ်မြောက်(၁၃၇၂)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ ပစ္စယနိဒ္ဒေသ ဟေတုပစ္စည်း ကရိဏ်းကောက်ရာ၌ "တစ်ပြိုင်နက် ယထာရဟာတတ်ကောင်းသော..
(၁၂)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏ "ဟုဆိုရာဝယ်
(က) တစ်ပြိုင်နက် ပစ္စည်းများ၊ (ခ) ယထာရဟာပစ္စည်းများနှင့် ယထာရဟာဖြစ်ပုံ၊ (ဂ) ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏ဟူသောစကား၏အဓိပ္ပါယ်ကို ရှင်းလင်းရေးသားပြပါ။

၂။ "ယဲယံ ဓမ္မံ ဂရုံကတွာ ... တေသံတေသံ ဓမ္မာနံ" အဓိပတိ ပစ္စယေန ပစ္စယောဌ်
ကရိဏ်းကို တနည်းကားနှင့်တကွ ကောက်ပြပါ။

၃။ ဥပနိဿယပစ္စည်း၏ "ကုသလောကုသညဿ"ဟူသော ပါဠိအရ ပြည့်စုံစွာ ကောက်ပြပြီး ကေသဉ်ဿဒ္ဒါအရ အဘယ်ပစ္စည်းတရား မရသည်ကို ပြဆိုသနည်း။

၄။ မနောဓာတ်(၃)ခု၏အာရုံကို ပစ္စယနိဒ္ဒေသနှင့် ပဉ္စာဝါရတို့တွင် ဟောမဟော အကြောင်းပြ ဖြေဆို၍ဟောလျှင် ပါဠိတော်နှင့်တကွ ကတ္တား၊ သမ္မဒါန် ကရိဏ်းတို့ကိုပါ ကောက်ပြပါ။

၅။ လောကီစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုနိုင်/မပြုနိုင် ပဌာန်းပါဠိတော်ကို ကိုးကား၍ ဖြေဆိုပါ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၆။ အောက်ပါတို့ကို မှတ်ချက်အကျဉ်းမျှ ရေးသားခဲ့ပါ။
(က)ဝိပါကပစ္စည်း ပါဠိတော်၌ "ဝတ္ထုခန္ဓာနံ" မရခြင်း။ (ခ) သမ္ပယုတ္တပစ္စည်း ပါဠိတော်၌ "ခန္ဓာဝတ္ထုဿ" မရခြင်း။ (ဂ) ကမ္မပစ္စည်း ပဋိသန္ဓေအခါ ပါဠိတော်၌ နောက်ဆုံးတွင် "စေတနာဝတ္ထုဿ" ထည့်ဆို၍ ရခြင်း။ (ဃ) ဟေတုပစ္စည်း၏ သမ္ပယုတ္တခန္ဓာဆိုသည်မှာ အဘယ်နည်း။ (င) မဂ္ဂပစ္စည်း၏ မဂ္ဂင်တရားကိုယ်ကိုဖေါ်ပြပါ။

(၄၃)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က) နိဿယပစ္စည်း ကုသလာအဗျာကတောကုသလဿ၏ ပါဠိတော်၊ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်းတို့ကို ရေးပြ၍ ထိုမိဿကပစ္စည်းတပ်ပုံကိုလည်း ရှင်းလင်းဖြေဆိုပါ။

၂။ အောက်ပါတို့၏ ကရိဏ်းသတ္တိကို ကောက်ပြပြီးလျှင် တပြိုင်နက် ရထာရဟရပုံကိုလည်း ရှင်းလင်းပြပါ။ (က) နာမ်အာဟာရပစ္စည်း၊ ဗျာ-ဗျာ (ပဝတ္တိ)
(ခ) သဟဇာတိန္ဒြိယပစ္စည်း၊ ဗျာ-ဗျာ (ပဝတ္တိ)

၃။ အောက်ပါပစ္စည်းတို့၌ ခန္ဓာဝါရ အဘယ်မျှရသနည်း။ သမ်္ပာမျှ ရေးပြပါ။
(က) ဟေတုပစ္စည်း "ကုသလောကုသလာအဗျာကတာသ"
(ခ) သဟဇာတာအဓိပတိပစ္စည်း "ကုသလောအဗျာကတာသ"
(ဂ) ဈာနပစ္စည်း "အကုသလောအဗျာကတာသ"၊ (ဃ) ရုပ်အာဟာရ (င) ရူပဇီဝိတိန္ဒြိယ

၄။ အောက်ပါတို့ကို ရှင်းလင်းဖြေဆိုပါ။
(က) နိဿယနှင့် ဥပနိဿယအထူး၊ (ခ) အဓိပတိနှင့် ဣန္ဒြိယအထူး၊
(ဂ) ဈာနနှင့် မဂ္ဂအထူး

၅။ (က)နိဗ္ဗာန်သည် အတ္ထိပစ္စည်း မထိုက်ပုံနှင့်
(ခ) အတ္ထိပစ္စည်း၌ နှလုံးသွင်းဆင်ခြင်ဖွယ်ရာများကို မကျဉ်းမကျယ် ဖြေဆိုပါ။

၆။ ကုသိုလ်ဈေဝိထိတစ်ခု၌ ပစ္ဆာဇာတာဟာရမိဿကပစ္စည်းဖြင့်ကျေးဇူးပြုပုံကို နားလည်အောင် ဝိထိပုံစံနှင့်တကွ ရှင်းလင်းရေးသားပြ၍ "ကာလတူတပြိုင်နက်တတ်ကောင်းသော"ဟူသော စကားရပ်ကိုပါ ရှင်းပြပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၄)ကြိမ်မြောက်(၁၃၇၃)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ သောတဝိညာဉ်အား (က)အာရမ္မဏသတ္တိ (ခ)အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ပစ္စယနိဒ္ဒေသ ပါဠိတော်ရေးပြပြီး၊ (ဂ) အနန္တရပစ္စည်းပါဠိတော်၏ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်းသတ္တိကိုလည်း ဖြေဆိုပါ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

၂။ (က) ပဌာန်းဒေသနာဌ္ဌဟောကြားသော မဟာဘုတ်များနှင့် ဥပါဒါရုပ်များသည် အဘယ်နည်း။
(ခ) သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ.....အာရမ္မဏာပစ္စယေန ပစ္စယော တိုင်အောင်သော ပါဠိဖြင့် အာရုံ(၆)ပါးလုံး ဟောပြီးပါလျက် အဘယ်ကြောင့် "ယံ ယံ ဓမ္မံ" အစရှိသည်ကို ဟောတော်မူပါသနည်း။ (ဂ) "အဓိပတိ..အဓိပတိသမွယုတ္တကာနံ"ဟူ၍ ဟောတော်မမူဘဲ အဘယ်ကြောင့် "ဆန္ဒာဓိပတိ"စသည်ဖြင့် အသီးသီး ဟောတော်မူပါသနည်း။

၃။ မျက်စိကိုအမှီပြု၍ မြင်သိစိတ်ဖြစ်ပုံကို နိဿယပစ္စည်း၌ မည်သို့ဟောပါသနည်း။ ဝိဘင်းထုတ်၍ ဆိုရိုးကျကောက်ပြပါ။

၄။ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၌ "တံ ရူပံ"ဟောပုံနှင့် ပုရေဇာတပစ္စည်း၌ "တံ ရူပံ" ဟောပုံ အဘယ်ကြောင့်မတူပါသနည်း။ ရှင်းပြပါ။

၅။ ပုဂ္ဂိုလ်တစ်ယောက်သည် ဒါနကုသိုလ်ပြုပြီးနောက် ထိုဒါနကုသိုလ်ကို အကြောင်းခံ၍ အဘယ်အခါ အကုသိုလ်ဖြစ်သည်ကို အဓိပ္ပါယ်ပေါ်လွင်အောင် ပဌာန်းဒေသနာတော်အရ ဖြေဆိုပါ။

၆။ ပညာကိုအကြောင်းခံ၍ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဖြစ်ပုံကို ပကတူပနိဿယပစ္စည်း၌ အဘယ်ကဲ့သို့ ဟောသနည်း။ မည်သည့်ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ ဖြစ်ကြသနည်း။ အဗျာကတဖြစ်ပုံကို ဥပမာတစ်ခုဆောင်၍ ရေးပြပါ။

(၄၄)ကြိမ် ပဌာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ၅ပုဒ်သာဖြေပါ။) (မေး+ဖြေ)

၁။ သင်၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်ဉာဏသမွယုတ်စိတ်အား ဟေတုပစ္စည်းတပ်ပုံကို ပဌာန်းပါဠိတော်နှင့်တကွ ကိုးကားဖြေဆိုပါ။

၂။ လောကုတ္တရာမဂ်ဇော၊ ဖိုလ်ဇောတို့သည် အဘယ်ကြောင့် အာသေဝနပစ္စည်းမရသည်ကို ပြဆိုလျက် ဘုံချင်းမတူသော်လည်း အာသေဝနပစ္စည်းတပ်သော တရားတို့ကို ထုတ်ပြခဲ့ပါ။

၃။ မဂ္ဂပစ္စည်း အကုသလော အကုသလသဿ၌ ခန္ဓာဝါရ အဘယ်မျှရသနည်း။ ဧကကစသည်၌ အဘယ်မျှစီရသနည်း။ ဒုကအတွက် ဆိုရိုးနှင့်တကွ ခန္ဓာဝါရဖွဲ့ပြပါ။

၄။ (က) အနန္တရူပမျိုး၌ ကရိဏ်းကောက်ပုံကို နည်းပေးခဲ့ပါ။
(ခ) အာပေါအစရှိသည်တို့သည် ပုရေဇာတပစ္စည်းဖြစ်လျက် မဟောမူ၍ အဘယ်ကြောင့် "စက္ခုံ အနိစ္စတော"ဟူ၍သာ ဟောတော်မူပါသနည်း။
(ဂ) ကွတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့သည် ကွန္ဒြေငယ်များဖြစ်လျက် အဘယ်ကြောင့် ကွန္ဒြိယပစ္စည်း မတတ်ပါသနည်း။

၅။ ဝတ္ထုပုရေဇာတပစ္စည်း၌ ဟဒယဝတ္ထု၏ ကျေးဇူးပြုပုံကိုဖေါ်ပြ၍ မည်သည့်အခါ မည်သည့်စိတ်တို့က ဟဒယဝတ္ထုကိုမှီကြောင်း ရှင်းပြပါ။

၆။ ပစ္ဆာဇာတိန္ဒြိယမိဿကပစ္စည်း၏ ကုသလာဗျာကတော အဗျာကတသအရ ပစ္စည်းတပ်ပုံကို ဝိထိပုံစံနှင့် တကွ ရှင်းလင်းရေးသားပြပါ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၅)ကြိမ်မြောက်(၁၃၇၄)
ပဉ္စာဝါရဝိဘင်္ဂ(**ပထမပိုင်း**) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

မေး(၁) ပစ္စယနိဒ္ဒေသ ဟေတုပစ္စည်း ကရိဏ်းကောက်၌ "တစ်ပြိုင်နက်၊ ယထာရဟတပ်ကောင်းသော ၁၂ ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏"ဟုဆိုရာ (က) တစ်ပြိုင်နက်ပစ္စည်းများ၊ (ခ) ယထာရဟပစ္စည်းများနှင့် ယထာရဟဖြစ်ပုံ (ဂ) "ဃာတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏"ဟူသောစကား၏အဓိပ္ပာယ်တို့ကို ရှင်းလင်းရေးသားပြပါ။

မေး(၂) "ဝိမံသာဓိပတိ ဝီမံသသမ္မယုတ္တာကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"ဟူသော ပစ္စယနိဒ္ဒေသပါဠိတော်အရကောက်ကို ကောက်ပြ၍ ကရိဏ်းကောက်ကို တစ်ပြိုင်နက်၊ ယထာရဟရုံကိုလည်း ရှင်းလင်းရေးပြပါ။

မေး(၃) (က) "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေနပစ္စယော"ဟူသော နိဒဿနာကာရပါဠိ၏အရကောက်ကို ပြည့်စုံစွာရေးပါ။ (ခ) အရကောက်၌ သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာဟု အဘယ်ကြောင့်ဆိုသည်ကို ရှင်းလင်းခဲ့ပါ။

မေး(၄) ဝိထိစိတ်အစဉ်၌ စက္ခုဝိညာဉ်စိတ်ဖြစ်ပြီးနောက် သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်၏။ သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ပြီးနောက် သန္တီရဏစိတ် ဖြစ်၏ဟုဆိုရာဝယ် ပဋ္ဌာန်းပါဠိတော်ဖြင့်ကို ကိုးကားဖြေဆိုပါ။

ပဉ္စာဝါရ-

မေး(၅)။ အောက်ပါ ပါဠိတော်များ၏ အနုဝါဒဆိုရိုးကို ရေးပြပါ။

(က) ကုသလာခန္ဓာ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။

(ခ) ဘဝင်္ဂံ အာဝဇ္ဇနာယ အနန္တရပစ္စယေန ပစ္စယော။

မေး(၆)။ အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့်တူ၏ဟုဆိုရာ ထိုပစ္စည်းတို့သည် တစ်စုံတစ်ရာအထူး မရှိကြပြီလော။ ထူး၏ဟုဆိုသော်မည်ကဲ့သို့ ထူးကြပါသနည်း။

(၄၅)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(**ဒုတိယပိုင်း**) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

မေး(၁)။ စျာနပစ္စည်း၏ အဗျာကတော အဗျာကတသ(ပဝတ္တိ)အတွက် ပါဠိတော်နှင့်တကွ အရကောက်ကို ရေးပြပါ။ ကရိဏ်းသတ္တိတွင် အဘယ်ပစ္စည်းတို့သည် တပြိုင်နက်၊ အဘယ်ပစ္စည်းတို့သည် အဘယ်ကြောင့် ယထာရဟ ဖြစ်သည်ကိုလည်းရှင်းလင်းပြပါ။

မေး(၂)။ ဣန္ဒြိယပစ္စည်း အကုသလော အကုသလသဿ၌ **ခန္ဓာဝါရ** အဘယ်မျှ ရသနည်း။ ဧကက,ဒုကစသည်ရပုံ အရေအတွက်မျှသာဖေါ်ပြ၍၊ စတုက္ကမျှသာ ခန္ဓာဝါရဖွဲ့ခဲ့ပါ။

မေး(၃)။ (က) အနန္တရပစ္စည်း ကုသလော အဗျာကတသ၊

(ခ) အာသေဝနပစ္စည်း အဗျာကတော အဗျာကတသဿ တို့၏ ကတ္တား၊ သမ္မဒါန် (တစ်နည်းကားမပါ)နှင့် ကရိဏ်းကောက်မျှားကို ဖြေဆိုပါ။

မေး(၄)။ ပကတူပနိဿယ ဗလဝနာနာကွဏ်ကိကကမ္မပစ္စည်း၏ အကုသလော အဗျာကတသဿ ပါဠိတော်ဖေါ်ပြ၍ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကိုလည်း ကောက်ပြပါ။

မေး(၅)။ ဝတ္တုပုရေဇာတပစ္စည်း **အဗျာကတော အဗျာကတသဿ**၏ (ကတ္တားပုဒ်မပါ) သမ္မဒါန်နှင့် ကရိဏ်းကိုသာ ကောက်ပြ၍၊ ကရိဏ်းသတ္တိ၌ တပြိုင်နက်ရသောပစ္စည်း၊ ယထာရဟသော ပစ္စည်းနှင့် ယထာရဟရုပ်ကို ရှင်းလင်းရေးပြပါ။

မေး(၆)။ (က) ပဉ္စာဝါရဝိဘင်္ဂ ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ခါကို ဆိုရိုးကျဖေါ်ပြ၍ ရရှိသည့် သဘာဂပစ္စည်းရေတို့ကိုလည်း ဖြေဆိုပါ။ (ခ) ပစ္ဆာဇာတပစ္စည်း၏ ကျေးဇူးပြုပုံသဘော သဘာဝကို ဥပမာနှစ်ခုမျှပြ၍ ဖော်ညွှန်းပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၆)ကြိမ်မြောက်(၁၃၇၄)
ပဉ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ ပဋိသန္ဓေကမ္မဇရုပ်တို့အား အဘယ်ကြောင့် ဟေတုပစ္စည်းတပ်၍၊ ပဝတ္တိကမ္မဇရုပ်တို့အား အဘယ်ကြောင့် ဟေတုပစ္စည်း မတပ်သည်ကို ရှင်းလင်းရေးသားပါ။

၂။ 'ဝီရိယာဓိပတိ၊ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ကောက်ကို ကောက်ပြပြီး၊ ကရိဏ်းသတ္တိ၌ အဘယ်ပစ္စည်းများသည် တစ်ပြိုင်နက်၊ ယထာရဟဖြစ်သည်ကို ဖြေဆိုပါ။

၃။ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဟူသော နိဒဿနာကာရပါဠိ၏ အရကောက်ကို ပြည့်စုံစွာရေးပြပြီး၊ တစ်ပြိုင်နက်၊ ယထာရဟ ပစ္စည်းများကိုလည်းဖေါ်ပြခဲ့ပါ။

၄။ စက္ခဒ္ဒါရဝီထိ၌ ပဉ္စဒ္ဒါရဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံဟု ဝီထိစိတ်အစဉ်ဖြစ်ရာ ထိုစိတ်တို့၏အာရုံကို ပဋ္ဌာန်းဒေသနာအရ ရေးပြပါ။

၅။ အောက်ပါ ပါဠိတော်များ၏ အနုဝါဒဆိုရိုးကို ရေးပြခဲ့ပါ။
(က) ဒါနံ ဒတ္တာ တံ ပစ္စဝေက္ခတိ။ (ခ) ပဉ်း ဥပနိဿာယ မာနံ ဇပေတိ။

၆။ (က) အာရမ္မဏပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ခါကို ဆိုရိုးကျဖေါ်ပြ၍ သင်္ခါ၊ သဘာဂ ပစ္စည်းရေတို့ကိုဖေါ်ပြခဲ့ပါ။ (ခ) ယင်းပစ္စည်း အဗျာကတော အကုသလသတ္တိ ကတ္တား၊သမ္မဒါန်တို့ကို ကောက်ပြခဲ့ပါ။

(၄၆)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ အညမညပစ္စည်း ပဋိသန္ဓေအခါ၏ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကို ကောက်ပြပါ။

၂။ နာမ် အာဟာရပစ္စည်း ကုသလော ကုသလသဒ္ဒါ ခန္ဓာဝါရ အာဘယ်မျှရသနည်း။ ဒုကအရ ခန္ဓာဝါရဖွဲ့ပြပါ။

၃။ ပကတူပနိဿယပစ္စည်းဌာ ကုသလော အဗျာကတသနှင့် အကုသလော အဗျာကတသ တို့ကို အသီးသီးပြည့်စုံစွာ ကောက်ပြပြီးလျှင် တပြိုင်နက်၊ ယထာရဟပစ္စည်းများကိုလည်း ခွဲခြားပြခဲ့ပါ။

၄။ (က) အာဘယ်လောကုတ္တရာစိတ်များကို အာသေဝနပစ္စည်းတပ်သနည်း။ ပဌာန်းပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။ (ခ) အာသေဝနပစ္စည်း အဗျာကတော အဗျာကတသ၏ အရကောက်ကို (တစ်နည်းကားမပါ)နှင့် ကောက်ပြပါ။

၅။ ကုသိုလ်ဇောဝိထိတစ်ခုဌ် ပစ္ဆာဇောတာဟာရမိသကပစ္စည်းဖြင့် ကျေးဇူးပြုပုံကို နားလည်အောင် ဝီထိပုံစံနှင့်တကွ ရှင်းလင်းရေးသားပြ၍ "ကာလတူတပြိုင်နက်တတ်ကောင်းသော"ဟူသော စကားရပ်ကိုပါ ရှင်းပြပါ။

၆။ (က) နိဗ္ဗာန်သည်မပျက်မစီး အမြဲတည်ရှိသောတရားဖြစ်၍ အတ္ထိပစ္စည်းဖြစ်ပါသလော၊ (သို့မဟုတ်) ရုပ်နာမ်တို့မရှိသည်ဖြစ်၍ နတ္ထိပစ္စည်း ဖြစ်ပါသလော၊ ရှင်းပြပါ။
(ခ)မဂ်သည်နိဗ္ဗာန်၏အကြောင်းလော၊ မဂ်သည်နိဗ္ဗာန်၏အကြောင်း ဟုတ်-မဟုတ် စိစစ်ပြပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၇)ကြိမ်မြောက်(၁၃၇၄)
ပဥ္စာဝါရဝိဘင်္ဂ(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က)"ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟူသော နိဒဿနာကာရပါဠိ၏ အရကောက်ကို ပြည့်စုံစွာရေးပြပါ။
(ခ) အထက်(က)ပါ ပါဠိတော်တွင် "ဟေတူ ဟေတုသမ္ပယုတ္တကာနံ"ဟု နှစ်ကြိမ်ဟောခြင်း ဖြစ်ကြောင်း အဋ္ဌကထာ၏စီစစ်ချက်ကို ရှင်းလင်းဖေါ်ပြပါ။

၂။ အဓိပတိပစ္စည်းဌာ 'တပ်ခိုက်၊ မတပ်ခိုက်၊' 'တပ်နေ၊ မတပ်နေ'ဆိုသော စကားများ၏ အဓိပ္ပာယ်ကို ရှင်းလင်းရေးသားပြပြီး၊ အဘယ်စိတ်တို့သည် 'တပ်ခိုက်၊ မတပ်ခိုက်'နှင့် 'တပ်နေ၊ မတပ်နေ' ဖြစ်ကြသနည်း။

၃။ "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော"ဟူသော နိဒဿနာကာရ ပါဠိ ၏ အရကောက်ကို ပြည့်စုံစွာရေးပြပါ။

၄။ စက္ခုဝိညာဏ်စိတ်အား (က) အာရမ္မဏသတ္တိ (ခ) အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိတော် ရေးပြပါ။ (ဂ) အနန္တရပစ္စည်းပါဠိ၏ ကတ္တား၊ သမ္ပဒါန်နှင့်ကရိဏ်းသတ္တိကိုလည်း ဖြေဆိုပါ။

၅။ အောက်ပါ ပါဠိတော်များ၏ အနုဝါဒဆိုရိုးကို ရေးပြခဲ့ပါ။
(က) ကုသလာခန္ဓာ ကွဒ္ဓိဝိညာဏသ အာရမ္မဏပစ္စယေန ပစ္စယော။
(ခ) ကိရိယံဝုဋ္ဌာနသ အနန္တရပစ္စယေန ပစ္စယော၊

၆။ မဂ်,ဖိုလ်ရရန် ဝိပဿနာရှုရာဝယ် အဘယ်တရားကိုအာရုံပြု၍ အဘယ်သို့ရှုရပါမည်နည်း။ ပဋ္ဌာဝါရပါဠိတော်ကို ကိုးကားဖြေဆိုပါ။

ဦးတင်ဝင်း(ဒုံကွင်း-သုံးခွ)

(၄၇)ကြိမ် ပဉ္စာဝါရဝိဘင်္(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ အာဟာရပစ္စည်း အဗျာကတော အဗျာကတသဿရ ကတ္တားသမ္မဒါန်ကရိဏ်းတို့ကို ပြည့်စုံစွာ ကောက်ပြပါ။

၂။ အဓိပတိပစ္စည်း ကုသလော ကုသလသဿ်၌ ခန္ဓာဝါရဖွဲ့ပြပါ။ ထိုခန္ဓာဝါရအရ ကရိဏ်း ကောက်ပုံကိုအရကောက် ဆရာတော်ကြီး၏အာဘောဂကိုလည်း ရှင်းလင်းခဲ့ပါ။

၃။ အကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော'ပ္ပဟူသော ဝိဓိ ပါဠိတော်၌ ကတ္တား၊ သမ္မဒါန်၊ ကရိဏ်းတို့ကို တနည်းကားနှင့်တကွ ကောက်ပြပါ။

၄။ အောက်ပါ ပဉ္စာဝါရများကို ကောက်ပြပါ။
(က) ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ ကုသလာစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ ၈ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
(ခ) အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမသ ကာယသ အာဟာရပစ္စယေန ပစ္စယော။

၅။ ပဉ္စာဝါရဝိဘင်္ ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရကို ဆိုရိုးကျဖေါ်ပြ၍၊ ပစ္ဆာဇာတပစ္စည်း၏ ကုသလော အဗျာကတသကို အရကောက်ပြပါ။

၆။ သဟဇာတပုရေဇာတမိဿကပစ္စည်း ကုသလာဗျာကတော ကုသလသဿ်၌ ပစ္စည်းတပ်ပုံကို ဝိထိပုံစံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (၄၈)ကြိမ်မြောက်(၁၃၇၄)
ပဉ္စာဝါရဝိဘင်္(ပထမပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)
(ပစ္စယနိဒ္ဒေသ)

၁။ (က) အရူပကုသိုလ်၊ ကြိယာ၌ရှိသော ဟိတ်(၃)ပါးတို့သည် စိတ္တဇရုပ်အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသလော။ အကြောင်းပြဖြေဆိုပါ။
(ခ) ဟေတုပစ္စည်း၏ ကျေးဇူးအပြုခံရသောတရားတို့ကိုဖော်ပြ၍ ၎င်းတို့သည် ဟေတုပစ္စည်း၏ ကျေးဇူးပြုခြင်းကို ခံရသဖြင့် အဘယ်အကျိုးများရရှိပြီး ဟေတုပစ္စည်း၏ကျေးဇူးအပြုကို မခံရ ကုန်သောတရားတို့မှာ အဘယ်ကဲ့သို့ ဖြစ်နိုင်ပါသနည်း။

၂။ အဓိပတိပစ္စည်း (က) ဝီမံသာဓိပတိ တိဟိတ်ဧော ၃၄-ခုကို သိရုံသာ ရေတွက်ပြ၍၊
(ခ) ကရိဏ်းပါဠိကို ကောက်ပြပါ။

၃။ (က) သဟဇာတပစ္စည်းနှင့် သဟဇာတနိဿယပစ္စည်းတို့တူသည်ဟုဆိုလျှင် အဘယ်ကြောင့် "ရူပီနော ဓမ္မာ၊ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊" ဟု မဟောပါသနည်း။
(ခ) "စိတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော၊"၏ ကရိဏ်းပါဠိမျှကိုကောက်ပြပါ။

၄။ (က) အနန္တရပစ္စည်း၌ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"ဟူသောပါဠိတော်၏ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်းတို့ကို (တစ်နည်းကားမပါ)ကောက်ပြပါ။

(ခ) ဝိပါက်စိတ်သည် ဝိပါက်စိတ်အား အာသေဝနပစ္စည်းတပ်ပါသလား၊ အကြောင်းပြဖြေဆိုပါ။

(ပဉ္စာဝါရ)

၅။ အောက်ပါ ပါဠိတော်များ၏ အနုဝါဒဆိုရိုးကို ရေးပြခဲ့ပါ။

(က) အနုလောမံ ဂေါတြဘုသ အနန္တရပစ္စယေန ပစ္စယော။ (ခ) သဒ္ဓံ ဉပနိဿာယ ဒါနံဒေတိ၊

၆။ နိဗ္ဗာန်ကို မည်သည့်စိတ်များက အာရုံပြုနိုင်သည်ကို ပဉ္စာဝါရဝိဘင်္ဂ-အာရမ္မဏာပစ္စည်း ပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။

(၄၈)ကြိမ် ပဉ္စာဝါရဝိဘင်္ဂ(ဒုတိယပိုင်း) (နှစ်သာရာ ၅ ပုဒ်သာဖြေပါ။) (မေး)

၁။ (က) "မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ" နှင့် "အသညသတ္တာနံ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ"ဟူသောပုဒ်တို့တွင် မည်သည့်တရားက မည်သည့်တရားကို မည်သည့်သတ္တိဖြင့် ကျေးဇူးပြုသနည်း။

(ခ) ဝိပါကပစ္စည်း၌ ဝိပါက်စိတ်များ၏ကျေးဇူးပြုပုံကိုဟောရာ ဝိပါက်စိတ်နှင့် အခြားစိတ်များ ထူးပုံကို ဖေါ်ပြပါ။

၂။ ဟေတုပစ္စည်း ကု-ကု ၌ တိဟိတ်ဖြစ်အံ့ ခန္ဓာဝါရ မည်မျှရသနည်း။ ဖွဲ့ပြပါ။

၃။ ဥပါဒ် ဌီ ဘင်, ဥပါဒ် ဌီ ဘင်အားဖြင့် စိတ်ပရမတ္ထတရားများသည် ပရိနိဗ္ဗန္ဓစုတိသို့ မရောက်မချင်း ရှေ့စိတ်ချုပ် နောက်စိတ်ဖြစ်စသည်ဖြင့် ဖြစ်ပေါ်နေရန် မည်သည့်ပစ္စည်းများက ကျေးဇူးပြုပါသနည်း။ ၎င်းပစ္စည်း ကုသလော ကုသလသဘ်ကို တနည်းကားနှင့်တကွ ပြည့်စုံစွာ ကောက်ပြပါ။

၄။ "အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူသော ပဉ္စာဝါရပါဠိတော်ကို ပြည့်စုံစွာကောက်ပြပါ။

၅။ (က) ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသခ်ိုဟ်ကို ဆိုရိုးကျ ဖေါ်ပြခဲ့ပါ။

(ခ) ရုပ်အာဟာရပစ္စည်း၏ စတုသမုဋ္ဌာနိကရုပ်တို့အား ကျေးဇူးပြုပုံသည် မည်ကဲ့သို့ထူးကြပါသနည်း။

၆။ (က) ပဋ္ဌာန်းဒေသနာတော်ကြီး ကုသလတိက်ရှိ မိဿကပစ္စည်း မည်မျှဟောတော်မူသည်ကို ရေတွက်ပြပါ။ (ခ) ခန္ဓာသက်သက်လည်းမဟုတ်၊ ဝတ္ထုသက်သက်လည်းမဟုတ် ဟူသည်မှာ အဘယ် မိဿကပါနည်း။ ၎င်းမိဿကမှ ကုသိုလ်ဗျာကတတရားသည် ကုသိုလ်တရားအား ကျေးဇူးပြုပုံကို ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်း ကောက်ပြပါ။

—

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

ပဋ္ဌာန်း(၂၄)ပစ္စည်း ဆုတောင်း တရားတော်
ပဋ္ဌာန်း–မင်္ဂလာမေတ္တာ ဒေသနာတော် အထိမ်းအမှတ်

၁။	ဟေတု ပစ္စယော	ကောင်းသော အကြောင်းတရား၊ ကုသိုလ်များ၊ တိုးပွားကြရပါစေသော်။
၂။	အာရမ္မဏ ပစ္စယော	ကောင်းသော အာရုံ၊ မြတ်တွေ့ကြုံ၊ အစဉ်ဆုံစည်းရပါစေသော်။
၃။	အဓိပတိ ပစ္စယော	ဆန္ဒနှင့်ဇဲ့၊ စိတ်ဉာဏ်တွဲ၊ ကြီးကဲ ဖြစ်ရပါစေသော်။
၄။	အနန္တရ ပစ္စယော	ကုသိုလ်ဘေးမှာ၊ ကုသိုလ်သာ၊ ဆက်ကာဆက်ကာ ဖြစ်ရပါစေသော်။
၅။	သမနန္တရ ပစ္စယော	ကောင်းမှုဘေးမှာ၊ ကောင်းမှုသာ၊ ဆက်ကာဆက်ကာ ဖြစ်ရပါစေသော်။
၆။	သဟဇာတ ပစ္စယော	အတူတကွ၊ မြတ်ပုည၊ သုခ ပွားရပါစေသော်။
၇။	အညမည ပစ္စယော	လူအချင်းချင်း၊ မေတ္တာနှင်း၊ ချစ်ခြင်း ပွားရပါစေသော်။
၈။	နိဿယ ပစ္စယော	သုံးပါးရတနာ၊ မိုခိုကာ၊ ကြည်သာ ရွှင်ပြ ရစေသော်။
၉။	ဥပနိဿယ ပစ္စယော	လောကဥတ္တရာကိုးလိ၊ တရားမြိ၊ ကုသိုလ်ဆီသို့ သွားစေသော်။
၁၀။	ပုရေဇာတ ပစ္စယော	ရှေ့ကသုိလ်၊ နောက်နောက်ကို၊ မိုခိုကောင်းကျိုး ပေးစေသော်။
၁၁။	ပစ္ဆာဇာတ ပစ္စယော	နောက်ကကုသိုလ်၊ ရှေ့ရှေ့ကို၊ မိုခို ကောင်းကျိုး ပေးစေသော်။
၁၂။	အာသေဝန ပစ္စယော	ပါရမီအစုံစုံ၊ ပွားကြည်ယုံ၊ အထုံ မြဲရပါစေသော်။
၁၃။	ကမ္မ ပစ္စယော	ကောင်းကျိုး ပွားရန်၊ ကောင်းသော ကံ၊ မြဲမြံ ပြုရပါစေသော်။
၁၄။	ဝိပါက ပစ္စယော	ကောင်းမှု တိုးပွား၊ ချမ်းသာမျိုး၊ အကျိုး ကိုယ်မှာ မြဲစေသော်။
၁၅။	အာဟာရ ပစ္စယော	ကိုယ် စိတ် အာဟာရ၊ လွန်ပြည့်ဝ၊ သုခ ပွားရန်ဖြစ်စေသော်။
၁၆။	ဣန္ဒြိယ ပစ္စယော	စိတ်ကို စိုးပိုင်၊ အမြဲနိုင်၊ ကြံ့ခိုင် သန်စွမ်းပါစေသော်။
၁၇။	ဈာန ပစ္စယော	ဘေးကင်းဘို့ရန်၊ မေတ္တာစျာန်၊ ရှင်သန် အေးချမ်းပါစေသော်။
၁၈။	မဂ္ဂ ပစ္စယော	နိဗ္ဗာန်ရည်မှန်း၊ မဂ္ဂင်လမ်း၊ လျှောက်လှမ်းနိုင်ရပါစေသော်။
၁၉။	သမ္ပယုတ္တ ပစ္စယော	သူတော်ကောင်းဓာတ်၊ ပေါင်းယှဉ်စပ်၊ သူမြတ်နှင့်သာတွေ့စေသော်။
၂၀။	ဝိပ္ပယုတ္တ ပစ္စယော	မကောင်းမှုများ၊ ပယ်ကာရှား၊ သူတော်ကောင်းတရား ပွားစေသော်။
၂၁။	အတ္ထိ ပစ္စယော	ကောင်းရာသုဂတိ၊ လားရာရှိ၊ ပျော်သည့်စိတ်ဓာတ် ရှိစေသော်။
၂၂။	နတ္ထိ ပစ္စယော	အပါယ် ဒုဂ္ဂတိ၊ မရောက်ရှိ၊ ဝေးသည့်ကိုယ်သာ ဖြစ်စေသော်။
၂၃။	ဝိဂတ ပစ္စယော	ကိုယ်စိတ်ဆင်းရဲ၊ ဝေးကွာရှဲ၊ အမြဲ ချမ်းသာရစေသော်။
၂၄။	အဝိဂတ ပစ္စယော	ကိုယ်စိတ်နှစ်ဖြာ၊ လွန်ချမ်းသာ၊ မကွေမကွာ ဖြစ်စေသော်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ TwNan

ဦးစာဥဝင်း (ဒိုက်ဦး-သုံးခွ)